www.burmeseclassic.com

ကံမြင့် ကံဖွင့် ကံပွင့်စေမည့်

# ယတြာများ

BURMESE CLASSIC

သုတေသီ ဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ စာရေးသူ၏ စကားဦး — က
၂။ ကံလည်းကောင်းစေ အောင်မြင်စေ — ၁
၃။ ကံကောင်းစေသည့် အရောင်များ — ၃
၄။ ကံကြမ္မာရှယ်ရည် ရွှေကြေးစည် — ၅
၅။ ကိုးနဝင်းသစ်ပင် ရောင်စေချင် — ၁၀
၆။ ကန်တော့ပွဲ ဘယ်လို ထိုးမလဲ — ၁၃
၇။ ကြံစည်သမျှ ပြေလည်အောင်
ကြီးလေးကြီးစမကို ဆောင် — ၁၉
၈။ ကိုယ့်အိမ်သားချင်း ရန်ရှောင်ကွင်းစေ — ၂၁
၉။ ကောသာဆံဖြတ် ရှောင်တတ်ကြပါစေ — ၂၅
၁၀။ ကောသာဆီလူး ရွေးချယ်ဦး — ၂၉
၁၁။ ကျောက်မျက်ရတနာတို့၏ အစွမ်းသတ္တိများ — ၃၁
၁၂။ ကျန်းမာဖို့ရာ လုပ်ဆောင်ပါ — ၃၇
၁၃။ ကြက်နိမိတ်ကို ကောက်ကြည့်ပါ — ၃၉
၁၄။ ကြွေးပုကိစ္စ အေးငြိမ်းရအောင် — ၄၃
၁၅။ ခမည်းဘယ်လို ပေးမလဲ — ၄၆


www.burmeseclassic.com

www.burmeseclassic.com


၁၆။ ခေါင်းလောင်းသံလွင် ငွေလာဘ်ရွှင် ၄၈
၁၇။ ဂြိုဟ်ဆိုးဘေးရန် ကင်းစေဖို့ ၅၄
၁၈။ ဂုဏ်တော်ရွတ်၍ လိုရာဆွတ်ပါ ၅၇
၁၉။ ငလျင်လှုပ်မည့် အကြိုနိမိတ်များ ၆၂
၂၀။ စီးပွားရေးအတွက် လက်တွဲဖော် ၆၄
၂၁။ ဆင်ခြင်ရွက်ဆောင် ဓာတ်အမှောင် ၆၆
၂၂။ ဆင်ခြင်သတိပြုစရာ နေအိမ်ဆောက်သောအခါ ၆၈
၂၃။ ဆီမီးထွန်း၍ မင်္ဂလာယူပါ ၇၂
၂၄။ ဆိုးသမျှကံ ကောင်းစေရန် ၇၄
၂၅။ ထွက်လိုက်ကြစမ်း စနေနံ ၇၇
၂၆။ ဒီယတြာနှင့် ကံဖွင့်ပါ ၈၀
၂၇။ နံသင့်အပင်မှာ ဆုတောင်းပါ ၈၄
၂၈။ နေ့သားအလိုက် အောင်မြင်စေသော အရောင်များ ၈၈
၂၉။ နိမိတ်ပြမည့် ဖယောင်းတိုင် ၉၀
၃၀။ ပြန်လည်ဆုံစည်းကြစေသတည်း ၉၄
၃၁။ ပူဖောင်းယတြာ လုပ်ကြည့်ပါ ၁၀၀
၃၂။ ပြန်လာစေချင် သည်ဓာတ်ဆင် ၁၀၂
၃၃။ ပိတုန်းရုပ်ကောင် ဆောင်ကြလျှင် ၁၀၅
၃၄။ ပစ္စည်းပျောက်တာ သည်လိုရှာ ၁၀၈
၃၅။ ဘယ်နေ့တွေမှာ ဘယ်ရတနာ
ဝတ်ဆင်သင့်သနည်း ၁၁၂
၃၆။ ဘာဖြစ်လို့ စိုက်မှာလဲ ၁၁၄


www.burmeseclassic.com

www.burmeseclassic.com


၃၇။ ဘယ်မှာနေဖို့ သင့်မလဲ ၁၁၈

၃၈။ ဘယ်အချိန်မှာ ယတြာပြုလုပ်သင့်သနည်း ၁၂၃

၃၉။ ဘုရားထု၍ ကိုးကွယ်မှ အသက်ခန္ဓာရှည်ဖို့ရာ ၁၂၇

၄၀။ ဘုရားလေးဆူ အောင်ဓာတ်ယူ ၁၂၉

၄၁။ ဘယ်မြေခံကို ရွေးမှာလဲ ၁၃၂

၄၂။ ဘယ်အချိန်မှာ ဘယ်ဂဏန်း အကျိုးပေးမလဲ ၁၃၉

၄၃။ မစိုက်အပ် ဓာတ်ခိုက်တဲ့အပင်တွေ ၁၄၈

၄၄။ မြေကွက်ရောင်းမည်ဆိုပါလျှင် ၁၅၃

၄၅။ မီးဘေးကင်းအောင် ငုံးရုပ်ဆောင် ၁၅၅

၄၆။ မြေဝယ်တော့မည် ဆိုပါလျှင် ၁၅၉

၄၇။ ယာဉ်ဝယ်မှာလား ရောင်းမှာလား ၁၆၃

၄၈။ ရောက်ရှိအသက် တွက်ကာချက် အလှူဒါနဆက် ၁၆၆

၄၉။ ရိုးရာနတ်နှင့် စားတော်ပွဲ ၁၆၈

၅၀။ ရှောင်ကြဉ်သင့်စွာ ရက်ယုတ်မာ ၁၇၂

၅၁။ ရှောင်ကြဉ်ကြပါ ရှမ်းရက်မှာ ၁၇၆

၅၂။ ရက်ရာဇာကို ရွေးရအောင် ၁၇၈

၅၃။ ရောင်းကောင်းဖို့ရာ အဆောင်ယတြာ ၁၈၁

၅၄။ ရွှေကျီးရယ်သာ... ဘယ်မှာ ဘာတွေဖြစ်ပါလိမ့် ၁၈၄

၅၅။ ရွှေလာ ငွေလာ ဓာတ်ဖွင့်ပါ ၁၈၇

၅၆။ ရွှေတိဂုံနှင့် စဓဗဝ ၁၈၉

၅၇။ လန်းဖြာလို့ ကျန်းမာရလေအောင် ၁၉၀

၅၈။ လောကီရေးရာ မှတ်စရာ ၁၉၃


www.burmeseclassic.com

www.burmeseclassic.com


၅၉။ လာဘ်မိုးတွေရွာရအောင်
ပစ်တိုင်းထောင်စမကိုဆောင် ၁၉၅

၆၀။ လာဘ်ရှင်စေသည့် ရုပ်တုတော် ၁၉၈

၆၁။ လူတိုင်းချစ်အောင် စတုရန်းကိုဆောင် ၂၀၀

၆၂။ လာဘ်ရှင် ရန်အောင် လောကနတ်ကိုဆောင် ၂၀၃

၆၃။ လာဘ်မပိတ်အောင် ဒါတွေရှောင် ၂၀၆

၆၄။ လူ့ဘုံဘဝ အမှုကြုံရလျှင် ၂၁၁

၆၅။ ဝေဒနာမတိုးအောင် ဒါတွေရှောင် ၂၁၃

၆၆။ သင်ဘာဓာတ်တွေ ပျက်နေသလဲ ၂၁၆

၆၇။ သက်ကြီးရွယ်အို ကျန်းမာလိုသော် ၂၁၈

၆၈။ အထက်တန်းကျ၍ မျက်နှာပန်းလှပါစေ ၂၂၂

၆၉။ အခါမပေးသင့်သည့် ရက်ဆိုးများ ၂၂၅

၇၀။ အမုန်းစိတ်ကင်းစင် ချစ်စိတ်ဝင်ဖို့ ၂၂၇

၇၁။ အမှုကိစ္စ ကြုံတွေ့ရသော် ၂၂၉

၇၂။ အိမ်ဆောက်လနှင့် ကောင်းသောရက် ၂၃၂

၇၃။ အိမ်မဆောက်ကောင်းသော သစ်များ ၂၃၅

၇၄။ အိမ်ခန်းကို သည်လို ဖွဲ့စည်းပါ ၂၃၉

၇၅။ အခါရွေး၍ ယတြာချေပါ ဓာတ်ဆင်ပါ ၂၄၂

၇၆။ အခါရွေး၍ ဓာတ်စာပေးပါ ၂၄၈

၇၇။ အကူအညီပေးမည့် နေ့နံသားများ ၂၅၂

၇၈။ အိမ်ပေါ်သစ်ပင် ပိခဲ့လျှင် ၂၅၆

၇၉။ အောင်စေ ပိုင်စေ နိုင်ကြစေဖို့ ၂၅၈

၈၀။ ဣတ္ထိယတို့ လက္ခဏာ ၂၆၀


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ စကားဦး

လောကီလူသားမှန်သမျှ လောကီလူ့ဘောင်၌ နေထိုင်ရစဉ်ကာလအတွင်း အလုပ်အကိုင် အကြံအစည်မှန်သမျှ အောင်မြင်လိုကြသည်။ ကျန်းမာခြင်းသုခကို လိုလားတောင့်တကြသည်။ သွားလမ်းသာ၍ လာလမ်းဖြောင့်ကာ အမှောင့်ပယောဂများ၊ ဘေးအန္တရာယ်များ ကင်းပလိုကြသည်။ စီးပွားရေးကောင်းမွန်လိုကြသည်။ ရောင်းပန်းသာ၍ ဝယ်ပန်းလှစေချင်ကြသည်။ အမှုအခင်းများမှ ကင်းဝေးလိုကြသည်။ ကံဇာတာများ ပွင့်လန်းလိုကြသည်။

သည့်အတွက် လောကီပညာရပ်များ ပေါ်ထွန်းလာကြသည်။ အရေးကြီးသည်မှာ ယုံကြည်မှုပင် ဖြစ်၏။ ယုံမှသာ ကြည်ပေမည်။ ဤစာအုပ်ပါ အချက်အလက်များသည် လောကီပညာရှင်ကြီးများထံမှ လေ့လာစုဆောင်းထားခြင်းဖြစ်ပါသည်။ စာရေးသူ အနေဖြင့် ကလောင်ခွဲအမျိုးမျိုးဖြင့် မဂ္ဂဇင်းများ၊ ဂျာနယ်များ၌ ဖြန့်ကြက်ရေးသားထားသည်များထဲမှ သင့်နိုးရာရာကို ဆွဲထုတ်ပေါင်းစည်းထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာလျက် မိမိတို့တွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားနိုင်ဖို့ရာ အသုံးချခြင်းဖြင့် ကံများ ပွင့်လာနိုင်ပါစေသတည်း။

**သုတေသီဆရာငြိမ်း**

www.burmeseclassic.com

## ကံလည်းကောင်းစေ အောင်မြင်စေ

တဖြည်းဖြည်း အသက်အရွယ်တွေရ၊ ဘဝပေးအခြေအနေ အရ ကိုယ့်ဘဝခရီးကိုယ် ဆက်ကြရသည့်အခါဝယ် မိမိတို့မှာ လည်း အနေဝေးသွားကြပါသည်။ သို့ရာတွင် လုံးပန်းသော ကမ္ဘာမြေကြီးကြောင့် မမျှော်လင့်သည့် တစ်နေ့ ငယ်ပေါင်း ရောင်းရင်းလှဝင်းကို မမျှော်လင့်သောနေရာ၌ တကယ့် အချက် အချာကျသော အလုပ်တစ်နေရာတွင် အရေးပါ အရာရောက် သော အနေအထားဖြင့် တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။ သူသည် ကိုယ်ပိုင်လုပ်ငန်းခွင်၌အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်နေပါသည်။ သည့်အတွက် ငယ်သူငယ် ချင်းလှဝင်းအကြောင်း စကားစပ်မိတိုင်း ပြောရ ဆိုရလျှင် ကံအ ကောင်းသော၊ ဘာလုပ်လုပ် ဘာကိုင်ကိုင် အောင်မြင်မှုရှိသော ကံထူးအောင်မြင်ပုဂ္ဂိုလ်တစ်ဦးဟု ညွှန်းဆိုမိစမြဲ ဖြစ်ပါသည်။ သို့ရာတွင် ၎င်းသည် အောက်ခြေမလွတ်ပါ။ ဘဝင်မမြင့်ပါ။ စိတ်ထားမပြောင်းပါ။ ထိုမျှမက ၎င်း၏ ဘဝသောချက်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှင်းစွာ ပြောခဲ့ပါသေးသည်။ သူက ဝါးဖြင့်ထုလုပ်ထားသော ပူးရုပ်ကလေးကို ထုတ်ပြပါသည်။ သူ့ဘဝ၌ ထိုအရုပ်ကလေးကို အမြဲထာဝရ ဆောင်ခဲ့ပါသတဲ့။ အဆိုပါ အဆောင်ရုပ်ကို ၎င်း၏ ဘအွေးတော်သူ အင်္ဂဝိဇ္ဇာ ဗေဒင်ပညာရှင်တစ်ဦးမှ စီရင်ပေးခဲ့ပါ သတဲ့။

(၁) **တနင်္ဂနွေသား** အင်သားဖြင့် ထုလုပ်ထားသော ကျားရုပ်။

(၂) **တနင်္လာသား** ကံ့ကော်သားဖြင့် ထုလုပ်ထားသော ဆင်ရုပ်။

(၃) **အင်္ဂါသား** ဆီးသားဖြင့် ထုလုပ်ထားသော လိပ်ရုပ်။

(၄) **ဗုဒ္ဓဟူးသား** ဝါးသားဖြင့် ထုလုပ်ထားသော ပူးရုပ်။

(၅) **ကြာသာပတေးသား** ပျဉ်းမသားဖြင့် ထုလုပ်ထား သော သမင်ရုပ်။

(၆) **သောကြာသား** သီဟိုဠ်သားဖြင့် ထုလုပ်ထားသော နွားရုပ်။

(၇) **စနေသား** ထိန်သားဖြင့် ထုလုပ်ထားသော ဥသြရုပ်။

အဆိုပါ အရုပ်များကို ထုလုပ်ရာဝယ် အရွယ်အားဖြင့် တစ်လက်မထက်မငယ်၊ သုံးလက်မထက် မကြီးစေရဟု ဆိုပါ သည်။ ဘဝ၌ ကံကောင်းပြီး အောင်မြင်မှုတွေ အလီလီရရှိနိုင် စေဖို့ လောကီအစီအမံဖြစ်သော အဆောင်ရုပ်ကလေးများ ထုလုပ် ဆောင်နိုင်ကြစေရန် တင်ပြလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကံကောင်းစေသော အရောင်များ

အရောင်အသွေးဟူသည် သူငါသတ္တဝါတို့၏စိတ်ကို ဖမ်းစား ချုပ်ကိုင်ထားတတ်ကြပါသည်။ စိတ်ခာတ်ကို လေးလံထိုင်းမှိုင်းစေနိုင်သလို တက်ကြွလန်းဆန်းအောင်လည်း ဖန်တီးပေးနိုင်စွမ်းရှိချေ၏။ ဤသို့ မြန်မာ့ရိုးရာအယူအဆအရ ကံကောင်းခြင်းကို စွမ်းဆောင်ပေးနိုင်သော အရောင်းအသွေးတို့အကြောင်းကို တင်ပြပါမည်။

"တောင်းမှာ အကွပ်၊ လူမှာ အဝတ်" ဟူသည့် ဆိုစကားရှိ၏။

အဝတ်အစားဆင်ယင်ရာ၌ သူ့နေရာနှင့်သူ အရောင်တွေကို ရွေးချယ်ဝတ်ဆင်ပါလျှင် အလိုရှိရာအောင်မြင်နိုင်သကဲ့သို့ အညံ့အဆိုးများလည်း ကျော်လွှားပစ်နိုင်ပါသည်။ သို့ဖြစ်၍...

တနင်္ဂနွေနေ့၌ "အဝါရောင်" ကို ရွေးချယ်ဝတ်ဆင်ပါ။

တနင်္လာနေ့၌ "အဖြူရောင်" ကို ရွေးချယ်ဝတ်ဆင်ပါ။

အင်္ဂါနေ့၌ "အနီရောင်၊ ကြက်သွေးရောင်၊ ပန်းနုရောင်" တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့၌ "ငွေရောင်တောက်ပသောအရောင်" တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

ကြာသပတေးနေ့၌ "အပြာရောင်၊ ခရမ်းရောင်" တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

သောကြာနေ့၌ "အစိမ်းရောင်" ကို ရွေးချယ်ဝတ်ဆင်ပါ။

စနေနေ့၌ "အနက်ရောင် နက်ပြာရောင်" ကို ရွေးချယ် ဝတ်ဆင်ပါ။


ဖော်ပြထားသော နေ့ရက်များ၌ သက်ဆိုင်ရာအရောင်တို့ ပါဝင်သည့် အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ခြင်း၊ လက်ကိုင်ပဝါ၊ လက်ကိုင်အိတ်၊ လွယ်အိတ်၊ ဖဲကြိုး၊ ခေါင်းစည်းကြိုး၊ ဖိနပ် အစရှိသည့် အသုံးအဆောင်များကိုလည်း နေ့ရက် အလိုက် သတ်မှတ်ထားသောအရောင်များ ရွေးချယ်အသုံးပြုခြင်းအားဖြင့် အလုပ်အကိုင်များ အဆင်ပြေခြင်း၊ လူချစ်လူခင်များခြင်း၊ ကံစည်တိုင်းအောင်မြင်ခြင်း၊ အခက်အခဲများ ပြေလည်ခြင်း၊ လာဘ်လာဘဝင်ခြင်း၊ စန်းတက်ခြင်း အစရှိသည့်ကံများ အထူးပင် ကောင်းမွန်စေမည်ဖြစ်ရကား...

စာရှုသူတို့အနေဖြင့် ကံဆိုးကံညစ်များ ကွယ်ပျောက်လျက် အထူးပင်ကံကောင်းစေရန် ဆောင်ရွက်သင့်ပါကြောင်း စေတနာကောင်းကို အခြေပြုကာ တင်ပြတိုက်တွန်း လိုက်ရပါတော့၏။

□

www.burmeseclassic.com

www.burmeseclassic.com




# ကံကြမ္မာရှယ်ရည် ရွှေကြေးစည်

ကြေးစည်ဆိုသည်ကား ဗုဒ္ဓဘာသာဝင်တို့အတွက် သာမှု၊ နာမှု၊ ကိစ္စအဝဝ၌ အလေးထား အသုံးပြုသည့် အသုံးအဆောင် တစ်ခု ဖြစ်ကြသည်။ အများဝေနေယျာတို့ ကုသိုလ်ရေးနှိုးဆော်ဖို့ရာ၊ အမှုအဆာန်းဝေဖို့ရာတို့၌ အသုံးပြုလေ့ ရှိကြပါသည်။ ကြေးဖြင့်သွန်းလုပ်၍ ကြေးစည်ဟုဆိုသော်ငြား ကြေးစည်၏ ဂုဏ်ကို အမွမ်းတင်သည့်သဘောဖြင့် "ရွှေကြေးစည်"ဟု တင်စားသုံးနှုန်း ကြပါသည်။ သူ့ကိုရိုက်တော့ ချာချာလည်ပြီး အသံမှာ ဝေဝေစည်စည် ထွက်ပေါ်လာစမြဲပင်။

ဤဆောင်းပါး၌ လောကုတ္တရာထက်၊ လောကီအကျိုး နှယ်ယှက်ပြီး ကြေးစည်၏ရုပ်ပုံလွှာကို လက်ထောက်လျက် မိမိတို့၏ ကံကြမ္မာကို ဆန်းစစ်နိုင်ကြစေရန် "လက်ထောက် ကြေးစည်ဗေဒင်" ၏ ကဏ္ဍကလေးကို တင်ပြလိုက်ပါသည်။

ကြေးစည်ပုံ၌ ဂဏာန်းအရေအတွက် (၇) ခု ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) သည် ကြေးစည်၏ ကြိုးချည်ပေါက်နေရာ ဖြစ်ပါသည်။ (၂)မှာ ကြေးစည်၏ လည်တိုင်နေရာတွင် ဖြစ်ပါသည်။ (၃)မှာ ကြေးစည်၏ ဘယ်ပခုံးအစွန်းတွင် ဖြစ်ပါသည်။ (၄)မှာ ကြေးစည်၏ ညာပခုံးတွင် ဖြစ်ပါသည်။ (၅)မှာ ကြေးစည်၏ အလယ်ဗဟိုနေရာတွင် ရှိပါသည်။ (၆)မှာ ကြေးစည်၏အောက်ခြေ ဘယ်ဘက်စွန်းတွင်ရှိပြီး (၇)မှာ ကြေးစည်၏အောက်ခြေ ညာဘက်စွန်းတွင် ရှိပါသည်။ စာရှုသူအနေဖြင့် မိမိတို့ အာရုံရသည့်ဂဏန်းကို ထောက်လိုက်ပါ။ ထောက်မိသောဂဏန်း အပေါ်အခြေပြုလျက် မိမတို့၏ ကံကြမ္မာကို သိနိုင်ပါလိမ့်မည်။

## (၁) ဂဏန်းကို ထောက်မိပါက

ဘဝ၌ အထွတ်အထိပ်နေရာကို ရောက်ရှိနေတတ်ပါသည်။ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလေတိုင်း ထွက်ပေါက်ကို ရှာဖွေတတ်သူ ဖြစ်၏။ စိတ်ခါတိခိုင်ကျည်မှုရှိဖို့ အရေးကြီးပါသည်။ အရာရာကို ဦးဆောင်ရမည့်သူဖြစ်၍ ဖြောင့်သောလမ်းကို မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ အရေးကြီးပါသည်။ သို့မဟုတ်ပါက ကံဆိုးမိုးမှောင် ကျတတ်ပါသည်။

## (၂) ဂဏန်းကို ထောက်မိပါက

ဘဝ၌ အလယ်အလတ်မကျသော အဆင့်၌ ရပ်တည်ရတတ်ပါသည်။ လူရိုသေ၊ ရှင်ရိုသေအဖြစ်နှင့် နေထိုင်သွားရမည့်သူလည်း ဖြစ်ပါသည်။ မရှိသော်လည်း မရှားဆိုသည့် လူစားထဲ

www.burmeseclassic.com



၌ အကျိုးဝင်နေပါသည်။ စားဝတ်နေရေးကိစ္စ၌ အပန်းတကြီး ရှာဖွေရမည့်သူမျိုး မဟုတ်ပါ။

## (၃)ဂဏန်းကို ထောက်မိပါက

အနေအစား သန့်စင်ခဲ့ညားသူ ဖြစ်ပါသည်။ အထက်လူကြီးများက ညာလက်ရုံးသဖွယ် အားကိုးအားထားပြုလျက် သူကောင်းပြုခံရမည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ အရာရာ၌ မျက်နှာပွင့်လန်းမှုများနှင့် ကြုံတွေ့ရပါလိမ့်မည်။ ပညာရေး၌ ထူးချွန်သူဖြစ်တတ်ပါသည်။ အရာရာကို အမြင်ကြည်လင်စွာ ကြည့်မြင်သုံးသပ်တတ်သည်။ နောက်လိုက်ငယ်သားများအပေါ် သြဇာညောင်းပြီး ကိုးစားယုံကြည်မှုကို ခံရတတ်ပါသည်။ ဘယ်ဘဝ ဘယ်အခြေအနေမျိုးရောက်ရောက် အရောင်မမှိန်သော ပုလဲလို လူစားမျိုး ဖြစ်ပါသည်။

## (၄) ဂဏန်းကို ထောက်ဝမိပါက

ကာယ၊ ဉာဏပိုင်းဆိုင်ရာတို့၌ တုံ့တုံ့ဆိုင်းဆိုင်းရှိသူဖြစ်သည်။ သို့သော် အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်ရပါက စိတ်ဓာတ်မပျက်ပြားဘဲ ကျော်လွှားဖြတ်သန်းမည့်သူလည်း ဖြစ်ပါသည်။ ပညာရေး၊ စီးပွားရေးတို့၌ အကျိုးပေးသန်လှသူ မဟုတ်သော်ငြားလည်း မခံချင်စိတ်ကြောင့် အားလုံးအပေါ် ကျေးဇူးဖြတ်ရင်း အောင်မြင်မှုတံခွန် စိုက်ထူမည့်လူစားမျိုးလည်း ဖြစ်ပါသည်။ သာမန်အချိန်၌ သွေးအေးအေးဖြင့် နေတတ်သည်။ ကိုယ့်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စကို လွယ်လွယ်နှင့် ထုတ်မသုံးတတ်။ ဘဝ၌ မချမ်းသာသည့်တိုင် မဆင်းရဲသော ပုဂ္ဂိုလ်ဟု ဆိုနိုင်ပါသည်။

## (၅) ဂဏန်းကို ထောက်မိပါက

အများ၏ အာရုံစူးစိုက်မှုကို ခံရသူ ဖြစ်တတ်သည်။ ၎င်းလုပ်ဆောင်ရမည့် အလုပ်အပေါ်တွင်လည်း အများက စိတ်ဝင်စားနေတတ်သည်။ အားလုံးအပေါ် ကျေနပ်စေသည့် အလုပ်များကို လုပ်ဆောင်ရင်း အောင်မြင်မှုရရှိတတ်သည်။ ကုန်ပစ္စည်းတံဆိပ် ရေးဆွဲသည့်လုပ်ငန်း၊ အနုပညာဆိုင်ရာလုပ်ငန်းတို့၌ အကျိုးပေးတတ်ပါသည်။

## (၆) ဂဏန်းကို ထောက်မိပါက

လူအများနှင့် အုတ်ရောရော၊ ကျောက်ရောရော လုပ်ငန်းများ၌ စိတ်မဝင်စားတတ်ဘဲ အေးအေးလူလူ လုပ်ကိုင်ရသော အလုပ်များ၌သာ စိတ်ပါဝင်စားစွာ လုပ်ဆောင်တတ်သည်။ စီးပွားရေး၊ ကြီးပွားရေးကို အဓိကမထားသောသူလည်း ဖြစ်သည်။ လောကွတ်အလုပ်များကို ရှုံမုန်းပြီး သဘာဝကျကျ နေထိုင်ပြုမူပြောဆိုလိုသော လူဖြောင့်သမားဖြစ်သည်။ စိတ်ကူးကို ဓာစ်ကိုယ်တော် ပုံဖော်ချင်နေသူဖြစ်ပြီး တေးရေးခြင်း၊ စာပေရေးသားခြင်းတို့၌ မွေ့လျော်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၇) ဂဏန်းကို ထောက်မိပါက

အများတကာနှင့် အုတ်ရောရော၊ ကျောက်ရောရော နေလိုသူဖြစ်သည်။ လောကပရိယာယ်ကို နားလည်ပြီး ဘဝတက်လမ်းကို ရှာဖွေစာတတ်သည်။ လုပ်ဆောင်သမျှ ကိစ္စရပ်တိုင်း၌ ကံကြမ္မာကောင်းများက ဖေးကူနေတတ်သည်။ ကျော်ကြားမှုနှင့်ယှဉ်ပြီး အကျိုးကျေးဇူးများ ခံစားရတတ်သည်။ အနုပညာပိုင်းဆိုင်ရာလုပ်ငန်းများ၊ ကန်ထရိုက်လုပ်ငန်းများ အကျိုးပေးမည်။

ဤကား ရှေးကြေးစည်အပေါ်အခြေပြု၍ ဗေဒင်ပညာရှင်အချို့က ညွှန်းဆိုထားခြင်းဖြစ်လေရာ စာရှုသူတို့အနေဖြင့် မိမိတို့၏ ကံကြမ္မာ အဆိုးအကောင်းတို့အား ဗဟုသုတအဖြစ် လေ့လာနိုင်ကြပါစေကြောင်း တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ကိုးနဝင်းသစ်ပင် ရှောင်စေချင်

"ကိုးနဝင်းကျတဲ့ သစ်ပင်တွေကို အိမ်ဝင်းခြံထဲမှာ မစိုက်ကောင်းဘူး။ စိုက်ခဲ့သည်ရှိသော် စီးပွားပျက်မယ်။ ပူလောင်မယ်။ စိတ်ဆင်းရဲမယ်။ ဘေးဒုက္ခရန်စွယ်အမျိုးမျိုးနဲ့ ရင်ဆိုင်ရတတ်တယ်ဆိုတာ ဟုတ်သလားဆရာ"

"ဟုတ်တယ်လို့ ဆိုရမှာပဲ မောင်ကြည်သိန်း။ ဒါပေမဲ့လို့ တစ်ခုတော့ရှိသေးတယ်။ ထောင့်သချာနဲ့ သစ်ပင်၊ စိုက်မဲ့အပင်ရဲ့ အက္ခရာနံကို ပေါင်းလိုက်လို့ ၉ ဂဏန်းမကျရင် ခုတ်ခိုက်တာတွေ၊ စီးပွားပျက်တာတွေ၊ ပူလောင်တာတွေ၊ စိတ်ဆင်းရဲတာတွေ မကြုံရတတ်ပါဘူး"

"စိတ်ဝင်စားစရာပဲ။ ဒါပေမယ့် သိပ်မရှင်းဘူးဆရာ။ ဘယ်လိုမျိုးထောင့်သချာလဲဆိုတာ ရှင်းပါဦးဆရာ"

"သည်လိုရှိတယ် မောင်ကြည်သိန်းရယ်။ တနင်္ဂနွေထောင့်ဆိုပါတော့။ အဲသည်သဘောအရဆိုရင် ၁ ပေါ့။ တနင်္လာထောင့်ဆို ၂ ပေါ့။ အင်္ဂါထောင့်ဆို ၃ ပေါ့။ နောက်ဆုံး ဗုဒ္ဓဟူးထောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆို ၈ ပေါ့။ အေး... အဲသည် ထောင့်ဂဏန်းရယ်၊ စိုက်မယ့် သစ်ပင်ရဲ့ အက္ခရာနံ ပမာအားဖြင့် ရှားပင်ဆိုရင် ရာဟုနံ၊ ဂဏန်းအားဖြင့် ၈။ ဒါဆိုရင် တနင်္ဂနွေထောင့်မှာ သွားမစိုက်လေနဲ့။ ရှောင်ရမယ်လို့သာ မှတ်။ ဟုတ်ပလား"

"ဒါဆိုရင် ရှင်းသွားပြီဆရာ"

တကယ်လည်း ရှုပ်ထွေးစရာ မရှိပါ။ သို့ဖြစ်၍ လောကီပညာရပ်နှင့် စပ်လျဉ်း၍ အညွှန်းအရိုက်များ ကင်းဝေးစွာဖြင့် သစ်ပင်စိုက်ဝါသနာရှင်များအဖို့ ကိုးနဝင်းကျသော သစ်ပင်များ ရှောင်ရှားနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

တနင်္ဂနွေထောင့် ၁ ဖြစ်သော "အရှေ့မြောက်အရပ်"၌ ရာဟုနံကျသည့် ရှောက်၊ ဖရုံ၊ ရှား၊ သံပရာ၊ သရက်... စသည့်အပင်များကို မစိုက်သင့်ပါ။

တနလ်ာထောင့် ၂ ဖြစ်သော "အရှေ့အရပ်" ၌ စနေနံကျသည့် ထန်းပင်၊ တည်ပင်၊ နံ့နံ့ပင်၊ ပိတောက်ပင်... စသည့်တို့ကို မစိုက်သင့်ပါ။

အင်္ဂါထောင့် ၃ ဖြစ်သော "အရှေ့တောင်အရပ်" ၌ သောကြာနံကျသည့် ကသစ်၊ သီး၊ သန်း၊ ဒဟတ်... စသည်တို့ကို မစိုက်သင့်ပါ။

ဗုဒ္ဓဟူးထောင့် ၄ ဖြစ်သော "တောင်အရပ်" ၌ ကြာသပတေးနံ ကျသည့် ဘူး၊ ယင်းမာ၊ ပျဉ်းမတို့ကို မစိုက်သင့်ပါ။

ကြာသပတေးထောင့် ၅ ဖြစ်သော "အနောက်အရပ်" ၌ ဗုဒ္ဓဟူးနံကျသည့် ဝါ၊ ဝါး၊ ရဲယိုပင်တို့ကို မစိုက်သင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သောကြာထောင့် ဖြစ်သော "မြောက်အရပ်" ၌ အင်္ဂါနံကျသည့် ဆီး၊ စံပယ်၊ ခွန်ပန်းပင်တို့ကို မစိုက်သင့်ပါ။

စနေထောင့် ဂ ဖြစ်သော "အနောက်တောင်အရပ်" ၌ တနင်္လာနံကျသည့် ကြံ၊ ကုက္ကို၊ ကံ့ကော်၊ ကျွန်းပင်တို့ကို မစိုက်သင့်ပါ။

ရာဟုထောင့်ဖြစ်သော "အနောက်မြောက်အရပ်" ၌ တနင်္ဂနွေနံကျသည့် အုန်းပင်ကို မစိုက်သင့်ပါ။

ကိုးနဝင်းကျေသစ်ပင်တို့အား ဖော်ပြပါထောင့်သချာနှင့် မကင်းလွတ်သည့်နေရာ၌ စိုက်ပျိုးခြင်းမှ ရှောင်ရှားခဲ့ပါလျှင် အခိုက်ရန်စွယ်တို့ ကင်းဝေးလေသည့်အကြောင်း စာမျက်နှာထက်မှ တင်ပြလိုက်ရပါသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပွဲ ဘယ်လိုထိုးမလဲ

ဘာသာတရားအရသော်လည်းကောင်း၊ လောကီ အစီအရင်အရသော်လည်းကောင်း၊ ကန်တော့ပွဲထိုးသည့်အလေ့အထများသည် ရှေးမဆွမှစ၍ ယခုကာလတိုင် ရှိခဲ့ကြသည်။ ရှိနေကြသည်။ နောင်လည်း ရှိနေပေဦးမည်။ ကန်တော့ပွဲ အမျိုးအစားများကို လေ့လာကြည့်လျှင်...

**၁။ အနန္တောအနန္တ ငါးပါးပွဲ**

ကျေးဇူးရှင်အပေါင်းကို ရည်စူးပြီး လှူဒါန်းသော ကန်တော့ပွဲ ဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီးတစ်လုံး၊ ငှက်ပျောသီး ငါးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများပါဝင်၏။

**၂။ သာသနာပွဲ**

သာသနာကို စောင့်ရှောက်လျက်ရှိသည့် နတ်မင်းကြီးများကို ရည်စူးလှူဒါန်းသည့် ကန်တော့ပွဲ ဖြစ်ပါသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်ရပါသည်။

### ၃။ နတ်ကြီးပွဲ

ဓတရဋ္ဌအစရှိသော စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအား လှူဒါန်းသော ကန်တော့ပွဲ ဖြစ်ပါသည်။ ထို ကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော လေးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့်၊ အမွှေးနံ့သာများ ပါဝင်ရပါသည်။

### ၄။ သူရဿတီပွဲ

သူရဿတီ မယ်တော်အား လှူဒါန်းသော ကန်တော့ပွဲ ဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျောသီး သုံးဖီး၊ ပန်း၊ အမွှေးနံ့သာနှင့် ပဝါတစ်ပိုင်တို့ ပါဝင်ရပါသည်။

### ၅။ ဒါနပွဲ

အလှူအတန်းများ၌ လှူဒါန်းသော ကန်တော့ပွဲ ဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော သုံးဖီး၊ အမွှေးနံ့သာများ ပါဝင်သည်။

### ၆။ ရှင်ဥပဂုတ္တပွဲ

ရှင်ဥပဂုတ္တ ကိုယ်တော်မြတ်ကြီးအား လှူဒါန်းသည့်ပွဲ ဖြစ်ပါသည်။ ဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌ အစောင့်အယှက်

www.burmeseclassic.com

www.burmeseclassic.com



များ မတွေ့ကြုံရလေအောင် ကန်တော့ပွဲထိုးခြင်း ဖြစ်၏။ ထို ကန်တော့ပွဲ၌ အုန်းသီး တစ်လုံး၊ ငှက်ပျော သုံးဖီး၊ အမွှေးနံ့သာ၊ ပန်းများဖြင့် ကန်တော့ပွဲပြင်ပြီး ပွဲစသည်မှ ဆုံးသည့်အချိန်အထိ ဆီမီး၊ ဖယောင်းတိုင်များ၊ အဆက်မပြတ် ထွန်းညှိပေးထားရ၏။ ပွဲထိုးသူမှာ ရေမချိုးရပါ။ ပွဲသဘင် ပြီးသောအခါမှသာ ပွဲကိုစွန့်ပြီး ရေချိုးရပါသည်။

## ၇။ မင်္ဂလာကန်တော့ပွဲ

မင်္ဂလာဆောင်၌ နှစ်ဖက်သော မိဘများအား ကန်တော့ပွဲဖြင့် ကန်တော့ခြင်း ဖြစ်၏။ ထိုကန်တော့ပွဲကို နှစ်ပွဲပြင်ရပါသည်။ ကန်တော့ပွဲတစ်ခုစီတွင် အုန်းသီး တစ်လုံး၊ ငှက်ပျော သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ သပြေပန်း၊ သစ္စာပန်းများဖြင့် စီရင်ပြီး နှစ်ဖက်မိဘများ ရှေ့မှောက်ထားလျက် ကန်တော့ရပါသည်။

## ၈။ အစီအရင်ပွဲ

လောကီအတတ်ပညာများကို စီရင်သောအခါ၌ လှူရသော ကန်တော့ပွဲ ဖြစ်ပါသည်။ ထိုပွဲ၌ အထက်ပွဲနှင့် အောက်ပွဲဟူ၍ ပွဲနှစ်ပွဲ လုပ်ရပါသည်။ အထက်ပွဲသည် အနှောင့်အယှက်ကင်းအောင် လုပ်ဆောင်ရသော ပွဲဖြစ်၏။ ထိုပွဲတွင် ချင်ပြုန်းဖျင်နီ တို့ကိုခင်းလျက် အုန်းသီး တစ်လုံး၊ ငှက်ပျောသီး သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ထည့်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ပွဲသည် (၃၇) မင်းတို့ကို ရည်စူးလှူဒါန်းသည့်ပွဲ ဖြစ်၏။ အုန်းသီး တစ်လုံး၊ ငှက်ပျော သုံးဖီး၊ ဆိုင်ရာနတ်တို့အတွက် အစားအသောက် အဖျော်ယမကာများ ပါဝင်ရပ္ပါသည်။

## ၉။ လမိုင်းပွဲ

တော့လမိုင်း၊ တောင့်လမိုင်း၊ ကုန်းလမိုင်း၊ ရေလမိုင်း၊ ဒေသလမိုင်း စသည်ဖြင့် လမိုင်းများ ရှိကြ၏။ ဖျင်ဖြူ၊ ဖျင်နီ ခင်းပြီး အုန်းသီး တစ်လုံး၊ ငှက်ပျော နှစ်ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အမွေးနံ့သာနှင့် ဖယောင်းတိုင်များ ပါဝင်ရပါသည်။

## ၁၀။ အထက်ဆရာကြီးပွဲ

တရားကျင့်ကြံအားထုတ်ပြီး ထွက်ရပ်ပေါက်သွားသော သူတော်စင် ပုဂ္ဂိုလ်ကြီးများအား ရည်စူးလှူဒါန်းသည့်ပွဲ ဖြစ်၏။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျောသီး သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများ ပါဝင်ရပါသည်။

## ၁၁။ ရိုးရာပွဲ

မိမိတို့၏ ရိုးရာနတ်များကို ရည်စူး၍ လှူဒါန်းသော ကန်တော့ပွဲ ဖြစ်သည်။ ထိုကန်တော့ပွဲ၌ အုန်းသီး တစ်လုံး၊ ငှက်ပျောသုံးဖီး၊ ဆိုင်ရာစားသောက်ဖွယ်ရာများ ပါဝင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ အိမ်တွင်းပွဲ

အိမ်တွင်း မင်းမဟာဂီရိကို ရည်စူးပြီး လှူဒါန်းသောပွဲဖြစ်၏။ ဟိုကန်တော့ပွဲ၌ တချို့က ဖျင်ဖြူ၊ ဖျင်နီ ခင်းကြ၏။ တချို့ကလည်း အုန်းသီးပေါ်၌ ဖျင်ဖြူ၊ ဖျင်နီ၊ ပတ်ကြ၏။ အုန်းသီးတစ်လုံး၊ ငှက်ပျော နှစ်ဖီး(သို့မဟုတ်) သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် ယပ်တောင်တို့ ပါရ၏။ အချို့က အုန်းသီးကို အုန်းဆိုင်းနှင့် ချိတ်ဆွဲကြ၏။ တချို့ကလည်း ပွဲနှင့်ထားကြ၏။

ဤသို့ ကန်တော့ပွဲကို မည်သည့်ပွဲအတွက်ဖြစ်စေ ထိုးကြသည့်သကာလ အုန်းသီးကြွက်မြီးအား မည်သည့်ဘက်သို့ လှည့်ရမည်ကို မသိကြ။ ဝေဝေဝါးဝါး ဖြစ်ကြ၏။ မခက်ပါ။ အုန်းသီး၏ ကြွက်မြီးအား ကန်တော့ပွဲထိုးသူက မိမိ၏ မွေးနံကျရောက်သောအရပ်သို့ လှည့်ပေးရပါမည်။ ရှင်းစွာ ဆိုရလျှင်...

### တနင်္ဂနွေသားသမီး ကန်တော့ပွဲ ထိုးပါက

အုန်းသီး၏ ကြွက်မြီးအား "အရှေ့မြောက်အရပ်" သို့ လှည့်ပေးရပါမည်။

### တနင်္လာသားသမီး ကန်တော့ပွဲ ထိုးပါက

အုန်းသီး၏ ကြွက်မြီးအား "အရှေ့အရပ်" သို့ လှည့်ပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "အရှေ့တောင်အရပ်" သို့ လှည့်ပေးရပါမည်။

**ဗုဒ္ဓဟူးသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "တောင်အရပ်" သို့ လှည့်ပေးရပါမည်။

**ကြာသပတေးသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "အနောက်အရပ်" သို့ လှည့်ပေးရပါမည်။

**သောကြာသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "မြောက်အရပ်" သို့ လှည့်ပေးရပါမည်။

**စနေသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "အနောက်တောင်အရပ်" သို့ လှည့်ပေးရပါမည်။

**ရာဟုသားသမီး ကန်တော့ပွဲ ထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား "အနောက်မြောက်အရပ်" သို့ လှည့်ပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

# ကြံစည်သမျှ ပြေလည်အောင် ကြီးလေးကြီး စမကိုဆောင်

ကြီးလေးကြီး စမ ဆိုသည်မှာ အခြားမဟုတ်ပါ။

မြန်မာဗျည်း ၃၃ လုံးတွင်ရှိသော ကကြီး၊ ဃကြီး၊ ဏကြီး ဠကြီးဆိုသည့် ကြီးအက္ခရာလေးလုံးတို့အား တစ်ဆက်တည်း ဆိုသလို အသက်အောင့်၍ ရေးထိုးထားသော စမကို ဆိုလိုခြင်း ဖြစ်ပါသည်။

သည်ကြီးလေးကြီးစမကို ဆောင်လျှင်ဖြင့် ပီယသိဒ္ဓိအထူး စွမ်း၍ စီးပွား လာဘ်လာဘ တိုးတက်ကာ ကြံစည်သမျှ ပြေလည် အောင်မြင်နိုင်ပါလိမ့်မည်။ သို့သော် ကြီးလေးကြီးစမကို ရေးထိုး သူသည်လည်းကောင်း၊ ဆောင်ယူထားသူသည် လည်းကောင်း သီလရှိဖို့ လိုပါသည်။ ကိုယ်ကျင့်တရား ဖြူစင်ကောင်းမွန်ရပါ မည်။ အထူးသဖြင့် အမဲသားစားခြင်းကို ရှောင်ကြဉ်ရပါမည်။ အရက်သေစာ လုံးဝသောက်စားခြင်း မပြုရပါ။ ထို့ထက် ကာမေ

www.burmeseclassic.com

www.burmeseclassic.com



သုမိစ္ဆာစာရဟုဆိုအပ်သော သူတစ်ပါးအိမ်ရာ မှောက်မှားခြင်း အမှုကို လုံးဝရှောင်ကြဉ်ရပါသည်။

ကြီးလေးကြီးစမကို ရေးတော့မည်ဆိုလျှင် ဦးစွာ ဘုရားရှင်ထံ၌ သီလဆောက်တည်ခံယူပြီး အသင့်ဆောင်ထားသော လေးလက်မအရွယ်ကြေးပြားငယ်ပေါ်တွင် အသက်အောင့်ပြီး တစ်ဆက်တည်းဆိုသလို ရေးထိုးရပါမည်။ ရေးထိုးသည်နှင့် ဘေးပတ်လည်၌ (အရဟံ သိဒ္ဓိ) ဆိုသော စာသားကို ပတ်လည်ဝန်းရံရေးထိုးရပါမည်။

ထိုသို့ ပြီးစီးသွားပြီဆိုပါက ထိုစာလုံး၏ အလယ်၌ ၄ လက်မခန့်ရှိမည့် ဖယောင်းတိုင်လေးတိုင်ကို ထွန်းညှိကာဖယောင်းတိုင် မီးငြိမ်းသည့်အထိ (အရဟံ သိဒ္ဓိ) ကို ရွတ်ဖတ်လျက် စိတ်ကိုမပျံ့လွင့်စေဘဲ ပုတီးစိပ်နေရပါမည်။ မီးအားလုံး ငြိမ်းသွားမှ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းအမှုကို ရပ်တန့်ရပါသည်။

ဤသို့ ကြီးလေးကြီးစမကို အောင်မြင်စွာ ရေးထိုးပြီးပြီဆိုက ဆောင်ထား၍ ရပါသည်။ သို့ရာတွင် ထိုအဆောင်ဖြင့် မသန့်ရှင်းသောနေရာများ၊ အိမ်ရာများသို့ သွားရောက်ခြင်း၊ ပျော်ပါးမြူးတူးခြင်းအမှုများကို ရှောင်ကြဉ်ရပါမည်။ ထိုသို့ ရှောင်ကြဉ်နိုင်မည်၊ ထိန်းသိမ်းနိုင်မည်ဆိုလျှင်ဖြင့် ကြီးလေးကြီးစမက သင့်အား ကောင်းစွာ အကျိုးပြုပါတော့မည်။

□

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အိမ်သားချင်း ရန်ရှောင်ကွင်းစေ

တစ်စုံအူတုံဆင်း ညီရင်းအစ်ကို မောင်ရင်းနှစ်မတွေ ဖြစ်လင့်ကစား လက်ချောင်းကလေးတွေ မတူညီသလို စိတ်ဓာတ်တွေကလည်း ထပ်တူထပ်မျှမရှိ။ သည်ကြားထဲ အချိန်တန်အရွယ်ရောက်လာ၍ အသီးသီး အသကအသကဆိုသလို အိမ်ထောင်ရက်သားတွေကျသွားပြန်တော့ သူစိမ်းက ဖက်လာခဲ့ပြီ ဖြစ်၏။ စိတ်ဝမ်းတွေက ကွဲပြားလာကြသည်။ ဝေးတစ်သက်သက်ပင်မရှိတော့ဘဲ နီးတကျက်ကျက်ထုံးကို နှလုံးမူလာသည်။ ငွေကြေးဆိုင်ရာ အမွေကိန်းခန်းဆိုင်ရာတွေ နွယ်လာလျှင် ရပ်မိရပ်ဖတွေနားချဆုံးမသည်ကိုပင် အရေးတယူ အလေးမမူတော့ပဲ ထင်ရာစိုင်းလာကြတာ တွေ့ရှိသည်။

တချို့ ရုံးပြင်ကန္တားမှာ အမှုအခင်းတွေ ရင်ဆိုင်နေရသည်။ တချို့ဒေါသနောက် လက်ပါလာတာမျိုးတွေရှိ၍ အချုပ်ရောက်၊ ဂါတ်ရောက်ရတာမျိုးတွေ၊ ပါးကိုက်သဖြင့် နှပြန်ကိုက်သည်မျိုးကြုံရသည်။ မိသားစုအချင်းချင်း၊ ညီအစ်ကို မောင်နှမအချင်းချင်း စိတ်ဓာတ်တွေပြိုကွဲ ချစ်ခင်စည်းလုံးမှုမရှိဆိုတော့

www.burmeseclassic.com



ဘိုးဘွားမိဘတွေ လက်ထက်က အခြေတည်လာခဲ့သော အမွေအနှစ်တွေလည်း ပျက်စီးယိုယွင်းကာ ရင်နာစရာတွေကြုံရသည်မှာ ဒုနှင့်ဒေးပင်။

ယခုလည်း ကျွန်ုပ်၏တပည့်ကလေး မောင်သက်တင်ခများ ညီရင်းအစ်ကို မောင်းရင်နှစ်မတွေနှင့် ပတ်သက်နေသောဆွေးသူစိမ်းတွေ၏ မကောင်းကြံခြင်းကို ခံနေရရှာသည်။ သည်မိသားစုမှာ လူပျို့လူလွတ်၊ အလုပ်အကိုင် ကောင်းသည့်အတွက်မစားရ မနာလိုဖြစ်နေခြင်းလည်း အကြောင်းတစ်ချက်အဖြစ်ပါဝင်ပေလိမ့်မည်။ ကိုယ့်ဘက်က ကောင်းရာမွန်ရာ ဘာပဲလုပ်လုပ် အကောင်းဟူ၍ မမြင်တတ်တော့။ မျက်မှန်စိမ်းတပ်ဆင်ထားသူများအဖို့ အရာရာသည် စိမ်းနေမည်သာပင်။ ဝါသောလရောင်ကိုပင် စိမ်းသောလဟု ထင်မြင်ယူဆမည်မှာ ခမ္မတာ။

"ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်နဲ့တဲ့။ ပြီးတော့မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားတဲ့။ ကျွန်တော် မိသားစုညီအစ်ကို မောင်နှမတွေအပေါ် အဲသည်ဆောင်ပုဒ်တွေကို လက်ကိုင်ပြုပြီး ကျင့်ကြံနေထိုင်ပါတယ်ဆရာ။ ဒါပေမယ့် သူတို့အားလုံးမှာ တိမ်သလ္လာတွေ ဖုံးနေကြတယ်။ ပကတိအမှန်ကို မမြင်နိုင်ကြဘဲ ကိုယ့်ထက်သာရင် မနာလိုတတ်တဲ့ စိတ်တွေပဲ ပွားများနေကြတယ်ဆရာ။ ကျွန်တော်တော့ သည်းခံနိုင်သလောက် သည်းခံကြည့်ပြီး သည်းမခံနိုင်တဲ့အခါမှာတော့ အလုပ်ကို နယ်ပြောင်းလိုက်မယ်ဆရာ။ ဒါဆို ချက်စိအေးနားအေးပြီး စိတ်ချမ်းသာလိမ့်မယ်ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်းခံနိုင်သရွေ့တော့ သည်းခံပေဦးပေါ့ကွယ်။ ဆရာ့မှာ နည်းလမ်းလေးတစ်ခု ရှိပါတယ်။ ဗေဒင်ပညာရပ်နဲ့ စပ်လျဉ်းလို့ပေါ့။ လက်တွေ့ဆောင်ရွက်ကြည့်တော့လည်း အောင်မြင်မှုရတာ တွေ့ရတယ်။ ကိုယ့်အပေါ် အမြင်မကြည်သူတွေဟာ ကြည်လင်လာသလို ရန်သတ္တုပြုမှုတာမျိုးလည်း မရှိနိုင်တော့ပါဘူး။

"ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ ဆရာရယ်။ ကျွန်တော့်အနေနဲ့ မဖြစ်သာတဲ့အဆုံးမှာမှ မိသားစုနဲ့ ခွဲခွာရမှာပါ။ သည်လိုမျိုး ပြေလည်မှုသာ ရမယ်ဆိုလို့ကတော့ အတိုင်းထက် အလွန်၊ တံခွန်နဲ့ ကုက္ကားပဲပေါ့။ ကိုင်း... ကိုယ့်တပည့်အရင်းအချာအပေါ် မေတ္တာကရုဏာထားလို့ ချီးမြှင့်ပေးပါတော့ ဆရာ"

ထိုရောအခါဝယ် ကျွန်ုပ်လည်း လေ့လာဆည်းပူးခဲ့လေသော ပညာရပ်ထဲမှ အိမ်တွင်းရန်ကို ပြေလည်သွားစေနိုင်သည့် ယတြာလေးတစ်ခုကို စဉ်းစားလိုက်ပြီး ဖျတ်ခနဲ အာရုံထဲပေါ်လာသည်နှင့် တပည့်ကလေးအား မှတ်သားစေခဲ့ပါသတည်း။

၁။ **တနင်္ဂနွေသားသမီးများအနေဖြင့်**

ညောင်ပင်ကို ငွေရည်လောင်းပါ။ ကြံကို တောင်းဇာေ အဖြစ် လှူဒါန်းပါ။

၂။ **တနင်္လာသားသမီးများအနေနဲ့**

လမ်းခင်းပေးပါ။ လမ်းပြင်ပေးပါ။ တန်ဆောင်းကို တံမြက်စည်းလှဲ၍ သန့်ရှင်းရေးလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ **အင်္ဂါသားသမီးများအနေဖြင့်**

ဝိတာမင်းရမ်းစားသောက်သူ၊ မျက်မမြင်တို့အား စားစရာ ဒါနပြုပါ။

၄။ **ဗုဒ္ဓဟူးသားသမီးများအနေဖြင့်**

စာကလေးများကို အစာကျွေးပါ။ ကြံပင်ကို ရေရည် လောင်းပါ။ ချိုင့်ဖြစ်နေသော လမ်းများကို မြေဖို့ညှိပေးပါ။

၅။ **ကြာသပတေးသားသမီးများအနေဖြင့်**

ဆွမ်းဆန်စိမ်းလောင်းလှူပါ။ ကြက်၊ ခွေး စသည့် သတ္တဝါများကို အစာကျွေးပါ။ အိုးပျက်၊ အိမ်ပျက် အခြေ အနေ ပျက်ယွင်းသူများအား ဒါနပြုလိုက်ပါ။

၆။ **သောကြာသားသမီးများအနေဖြင့်**

ကျီးကို အစာကျွေးပါ။ ကြက်ကို ဘေးမဲ့လွှတ်ပေးပါ။ တံမြက်စည်းလှူပါ။ တံတားပြင်ပါ။

၇။ **စနေသားသမီးများအနေဖြင့်**

ကုဋီကို ရေဆေးပါ။ ရေဖြည့်ပါ။ လမ်းစကြံတို့ ခင်းပေး ပါ။

(မိသားစုအချင်းချင်း မသင့်မြတ်၍ စိတ်သောက ရောက် နေကြသူများအဖို့ အဆိုပါယတြာကို ယုံကြည်စွာ လုပ်ဆောင် ကြည့်စေချင်ပါကြောင်း။)

❒

www.burmeseclassic.com

www.burmeseclassic.com

## ကောသာဆံဖြတ် ရှောင်တတ်ကြပါစေ

"မွေးနေ့၊ သောကြာ၊ တနင်္လာ ကောသာဆံဖြတ် မပြုအပ်" ဟူသော စကားတစ်ရပ်ကို ငယ်စဉ်ကတည်းက ကြားခဲ့ဖူးပါသည်။ သည်စကားအရ မိမိ၏ ဆံကေသာကို တနင်္လာနေ့၊ သောကြာနေ့များတွင် ညှပ်ခြင်း၊ ဖြတ်ခြင်း မလုပ်ရဟုလည်း သဘောပေါက်ထားပါသည်။ သည့်အတွက် ရှေးသုံးကို ကြွယ်မိချင်ချင်ဖြစ်သော်ငြား၊ ရှေးထုံးကို မပယ်ရဲသည်မို့ အသက်အရွယ်အတော်ရောက်သည့်အထိ ဆံညှပ်တော့မည်ဆိုလျှင် တနင်္လာနေ့နှင့် သောကြာနေ့တို့ကို ရှောင်ကြဉ်ခဲ့ပါသည်။ သို့ဆိုလျှင် အစိုးရဝန်ထမ်းများ၊ တစ်ပတ်တွင် ရုံးနှစ်ရက်ပိတ်သကဲ့သို့ ဆံသဆရာတွေလည်း တစ်ပတ်၌ တနင်္လာ၊ သောကြာနေ့များကို အလုပ်ပိတ်သည်ဟု သတ်မှတ်ထားလေသလား။

"မောင်ရင့်အတွေးတွေ မှားနေပြီ။ အဲဒီရက်တွေဆိုတာ ဗေဒင်သဘောအရ တွက်ချက်ပြီး ရှောင်ကြတာကွယ့်။ ဆံပင်ညှပ်ဆရာတွေအနေနဲ့ ကိုယ်ပိတ်ချင်တဲ့ရက် ပိတ်တာပဲ။ ရှောင်

www.burmeseclassic.com



ရတယ်ဆိုတာက ဆံပင်ညှပ်မယ့်သူအဖို့ ကိုယ့်မွေးနံနဲ့ 'ဆပွတ်ကျတဲ့ ရက်' ရယ်၊ အညွန့်ကျတဲ့ရက် ကို ရှောင်ကြဉ်ရတာပါ။ ဒါထက် မောင်ရင် ဘယ်နေ့သားလဲ"

"တနင်္ဂနွေ"

"ဟုတ်ပြီ။ ဒ ဒီတော့ မောင်ရင့်ရဲ့ ဆပွတ်ကျတဲ့ရက်က သောကြာ၊ အညွန့်ကျတဲ့ရက်က တနင်္လာ။ ဒီတော့ သောကြာနဲ့ တနင်္လာကို ဆံပင်ညှပ်မယ့်ကိစ္စကို ရှောင်ပေါ့။ စောစောက လင်္ကာနဲ့လည်း ကိုက်ညီပါတယ်။ အဲဒီလင်္ကာဟာ မောင်ရင်တို့ တနင်္ဂနွေသားသမီးတွေအတွက် ဖွဲ့ထားတဲ့လင်္ကာ"

မိမိထက်အသက်အရွယ်ကြီးရင့်သော၊ အတွေ့အကြုံများသော၊ လောကီပညာဗဟုသုတများပြည့်စုံသော ဆရာသမားတစ်ဦးနှင့်လည်း တွေ့ဆုံရသဖြင့် မှားနေခဲ့သောအစွဲကို ကျွတ်ခဲ့ရပါသည်။

"ဒါထက် ကြုံတုန်း ဆရာ့ကို မေးပါရစေ။ တကယ်လို့များ နေ့နံသားတစ်ဦးဦးဟာ စောစောက ဆရာပြောခဲ့သလို ဆပွတ်ကျတဲ့နေ့၊ အညွန့်ကျတဲ့နေ့တွေကို ဂရုမပြုမိဘဲ ဆံပင်ညှပ်မယ်၊ ဖြတ်မယ်ဆိုရင် ဘယ်လိုများ ဆိုးကျိုးနဲ့ တွေ့ကြုံမလဲ ဆရာ"

"အထွေအထူးပြောစရာမရှိပေမဲ့ အဲဒီမပြောပလောက်တဲ့ အထွေအထူးကလေးဆိုတာ ကိုယ့်စိတ်ကို အနှောင့်အယှက်ပေးနိုင်တယ်။ သေသေချာချာ အချိန်းအချက်ပြုထားတဲ့ ကိစ္စတွေ ပျက်တတ်တယ်။ စိတ်စနှောင့်စနင်းဖြစ်စရာတွေ ကြုံရမှာ ဟုတ်

www.burmeseclassic.com



တစ်ခုနဲ့ ကြုံရတတ်တယ်။ သေသေချာချာ ရမယ်ဆိုတဲ့ ငွေရေး ကြေးရေးကိစ္စတွေတောင် လွဲချော်တတ်တယ်။ အဲသလိုမျိုး ထင်သာထင် မဝင်ဘူးဖြစ်မှတော့ ဘယ်မှာလာပြီး စိတ်လက် ချမ်းသာတော့မှာလဲ"

"မှန်တာပေါ့ဆရာရယ်။ ဒါဖြင့် ခုနစ်ရက်သားသမီးတွေ အနေနဲ့ကိုယ်ရဲ့ ဆပွတ်နေ့၊ အညွှန့်နေ့တွေကို ရှောင်ရမယ် ပေါ့" ကျွန်တော့် ဇယားကလေး ချရေးကြည့်ပါသည်။ ရေးပြီး တော့ ဆရာ့ကိုပြလိုက်၏။ ဆရာက စေ့စပ်သေချာစွာ ကြည့် ရင်း...

"မှန်တယ်၊ မှန်တယ်။ တစ်လုံးမှ မလွဲဘူး။ မောင်ရင်က ဘုတ်အုတ်တွေ၊ စာစောင်တွေထဲမှာ စာရေးနေတဲ့သူဆိုတော့ အဲဒီအကြောင်းကလေးကို ရေးလိုက်ပါလား။ မသိသေးတဲ့သူတွေ သိသွားကြတာပေါ့"

ဟု ဆိုသည့်အခိုက် မိမိလည်း...

"ရေးဖြစ်အောင် ရေးပါ့မယ်ဆရာ"

ဟု ကတိပေးလျက် ဆရာက...

"မှန်တယ်၊ မှန်တယ်။ တစ်လုံးမှ မလွဲဘူး" ဆိုသည့် ဇယားကလေးကိုကြည့်ရာ တစ်ဖက်ဖော်ပြပါအတိုင်း တွေ့လိုက် ရပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



| ဆံပင်ညှပ်မည့် နေ့နံသားသမီး | ရှောင်ကြဉ်ရမည့် ဆပ္ပတ်ရက် | ရှောင်ကြဉ်ရမည့် အညွန့်ရက် |
|---|---|---|
| တနင်္ဂနွေ | သောကြာ | တနင်္လာ |
| တနင်္လာ | စနေ | အင်္ဂါ |
| အင်္ဂါ | တနင်္ဂနွေ | ဗုဒ္ဓဟူး |
| ဗုဒ္ဓဟူး | တနင်္လာ | ကြာသပတေး |
| ကြာသပတေး | အင်္ဂါ | သောကြာ |
| သောကြာ | ဗုဒ္ဓဟူး | စနေ |
| စနေ | ကြာသပတေး | တနင်္ဂနွေ |

www.burmeseclassic.com

www.burmeseclassic.com

## ကောသာဆီလူး ရွေးချယ်ဦး

"လောကီကိစ္စဆိုတာလည်း တယ်လည်း ရှုပ်နေတာပဲ နော်... ဒါကြောင့်လည်း ကိစ္စများမြောင် လူတို့ဘောင် လို့ ဆိုလေသလား မသိဘူး"

"ဘာတွေများ ရှုပ်နေလို့လဲကွယ်"

"ပမာအားဖြင့် ရေချိုးတာတို့၊ ခေါင်းလျှော်တာတို့၊ ခြေသည်းလက်သည်း လှီးဖြတ်တာတို့၊ ဆံပင်ညှပ်တာတို့တွေ စောင် သူ့ရက်နဲ့သူ ရွေးချယ်နေရတယ် ရှုပ်ယှက်ခက်နေတာပဲ"

"ရှေးထုံးတွေပေါ့ကွယ်၊ ရှေးလူကြီးသူမတွေ အနေနဲ့လည်း အလုပ်ပိုသက်သက်ပေးတာတော့ မဟုတ်ပါဘူး။ လိုအပ်မှု ရှိလို့ လောကီကောင်းရာ ကောင်းကျိုးအတွက် လုပ်ဆောင်တာပဲ ဖြစ်ပါလိမ့်မယ်"

"ဒါထက် ဆံကေသာကို ဆီလူးတာတောင်မှ သူ့နေ့နဲ့သူ ရွေးချယ်လူးရတယ်ဆိုတာရော ဟုတ်သလား၊ အဲသည် အတွက် ကော ကောင်းကျိုးတွေ ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါသော်ကောကွယ်၊ ရှေးလုံးတွေကတော့ ရှိနေတာပါပဲ။ ကျင့်ကြံတာ မကျင့်ကြံတာကတော့ မောင်တို့ခေတ်လူငယ်တွေ အပိုင်းပဲပေါ့"

"ကိုင်း ဒါဖြင့်လည်း ဗဟုသုတအဖြစ် နားထောင်ချေ"

ကျွန်ုပ်လည်း ဗဟုသုတအလို့ငှာ သူ့အတွက် တစ်စုံတစ်ခုသော အကျိုးရရှိစိမ့်သောငှာ မိမိလေ့လာသိရှိထားသမျှကို ပြောပြလိုက်ပါ၏။ လောကမှ သိသူတွေဖော်စား မသိသူတွေကျော်လွှားသွားကြသည်မှာ ဓမ္မတာပင်။ ဘယ်သူမပြု မိမိမှုသာတည်း။

- တနင်္ဂနွေနေ့၌ ကေသာဆီလူးပါက အဆင်းယုတ်မည်။ တင့်တယ်မှု ဆုတ်ယုတ်မည်။
- တနင်္လာနေ့၌ ကေသာဆီလူးပါက အများ၏ နှစ်လိုခြင်းခံရမည်။
- အင်္ဂါနေ့၌ ကေသာဆီလူးပါက ရန်ဖြစ်မည်။ စကားများရမည်။
- ဗုဒ္ဓဟူးနေ့၌ ကေသာဆီလူးပါက ကျက်သရေတိုးပွားမည်။ တင့်တယ်မည်။
- ကြာသပတေးနေ့၌ ကေသာဆီလူးပါက ဦးခေါင်းခဲခြင်း၊ အကြောတက်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းကို ကြုံမည်။
- သောကြာနေ့၌ ကေသာဆီလူးပါက လာဘ်ရွှင်မည်။ ငွေဝင်ကိန်း ကြုံမည်။
- စနေနေ့၌ ဆံသာကေလူးပါက အမှုပြဿနာအလုံးစုံ အောင်မြင်နိုင်ပါသည်။

## ကျောက်မျက်ရတနာတို့၏ အစွမ်းသတ္တိများ

ကျောက်မျက်ရတနာဟု ဆိုလိုက်သဖြင့် အဖိုးတန်ပစ္စည်းများဖြစ်ကြောင်း သဘောပေါက်မည်ထင်ပါသည်။ ကျောက်မျက်ရတနာတို့မည်သည် သူ့သဘာဝနှင့်သူ၊ သူ့ဓာတ်နှင့်သူ ထူးကဲသော အစွမ်းသတ္တိများ ရှိကြသည်သာဖြစ်၏။ မည်သို့သော အစွမ်းသတ္တိရှိသည်ကိုမူ လေ့လာမှတ်သားထားသည်တို့မှ တင်ပြလိုက်ရပါသည်။

**၁။ ခရမ်းစွဲကျောက် (Amethyst)**

ခရမ်းရောင် သန်းနေသော ကျောက်ဖြစ်၏။ သစ္စာခိုင်မြဲပြီး မူးယစ်ခြင်းဝေဒနာမှ ကာကွယ်ပေးနိုင်သော အစွမ်းသတ္တိရှိသည်။

**၂။ ပယင်းကျောက် (Amben)**

မျှော်လင့်ထားသည့်အရာမှန်သမျှ ပြီးမြောက်ပြည့်စုံအောင်မြင်နိုင်စွမ်းရှိ၏။ ကြိုးစားမှုရှိလျှင်ရှိသလောက် အောင်မြင်နိုင်သော အစွမ်းသတ္တိရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်မျက်ရတနာတို့၏ အစွမ်းသတ္တိများ

ကျောက်မျက်ရတနာဟု ဆိုလိုက်သဖြင့် အဖိုးတန်ပစ္စည်းများဖြစ်ကြောင်း သဘောပေါက်မည်ထင်ပါသည်။ ကျောက်မျက်ရတနာတို့မည်သည် သူ့သဘာဝနှင့်သူ၊ သူ့ဓာတ်နှင့်သူ ထူးကဲသော အစွမ်းသတ္တိများ ရှိကြသည်သာဖြစ်၏။ မည်သို့သော အစွမ်းသတ္တိရှိသည်ကိုမူ လေ့လာမှတ်သားထားသည်တို့မှ တင်ပြလိုက်ရပါသည်။

### ၁။ ခရမ်းစွဲကျောက် (Amethyst)

ခရမ်းရောင် သန်းနေသော ကျောက်ဖြစ်၏။ သစ္စာခိုင်မြဲပြီး မူးယစ်ခြင်းဝေဒနာမှ ကာကွယ်ပေးနိုင်သော အစွမ်းသတ္တိရှိသည်။

### ၂။ ပယင်းကျောက် (Amben)

မျှော်လင့်ထားသည့်အရာမှန်သမျှ ပြီးမြောက်ပြည့်စုံအောင်မြင်နိုင်စွမ်းရှိ၏။ ကြိုးစားမှုရှိလျှင်ရှိသလောက် အောင်မြင်နိုင်သော အစွမ်းသတ္တိရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



**၃။ နဂါးသွေးကျောက် (Blood Stone)**

သတ္တိရှိစေ၏။ တိုက်ပွဲထွက်သည့်အခါ ဆောင်ထားပါက အောင်မြင်နိုင်၏။ ဒဏ်ရာရပါလျှင် သွေးအမြန်တိတ်စေ၏။ မမျှော်လင့်သော ဘေးအန္တရာယ်၊ ရောဂါကပ်ဆိုးတို့မှ ကင်းလွတ်စေနိုင်သော အစွမ်းသတ္တိရှိ၏။

**၄။ မျက်ရွဲ (Benyl)**

အဝါရောင် သလင်းကျောက် အမျိုးအစားဖြစ်၏။ မကောင်းသော သတင်းဆိုး ကောလဟာလသတင်းများ မကြားရအောင် ကာကွယ်ပေးနိုင်စွမ်းရှိ၏။

**၅။ ဂျက်စပါးကျောက် (Jaspen)**

မိမိပရောဂကြောင့် တစ်ပါးသူ အန္တရာယ်မကျရောက်စေရန် အကာအကွယ်ပေး၏။ ကုသိုလ်ပြုရာ၌ ထူးခြားထက်မြက်သော ကျောက်အမျိုးအစား ဖြစ်၏။

**၆။ မဟူရာကျောက် (Onyx)**

မြွေနှင့် အဆိပ်ရှိသတ္တဝါတို့ဘေးမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။ အိမ်ထောင်ရေးသုခကို အပြည့်အဝရ ရှိစေနိုင်သော ကျောက်အမျိုးအစားဖြစ်၏။

**၇။ စိန်ကျောက် (Diamond)**

မာကြောသော အစွမ်းသတ္တိရှိ၏။ အင်အားကို တောင့်

www.burmeseclassic.com

www.burmeseclassic.com



တင်းစေ၏။ ရိုးသားဖြူစင်စိတ်ကို ဖြစ်ပေါ်စေနိုင်စွမ်းသော ကျောက်အမျိုးအစားဖြစ်၏။

**၈။ ကောနယ်လီယာကျောက် (Conneliam)**

ကျန်းမာရေးကို အထူးကောင်းမွန်စေ၏။ အသက်အာယုကို ရှည်စေ၏။ ကံကောင်းခြင်းကို ဖြစ်ပေါ်စေသော ကျောက်အမျိုးအစားဖြစ်၏။

**၉။ ရွှဲကျောက် (Opal)**

တူရာသီနှင့် ပြိစ္ဆာရာသီဖွားများအတွက်သာ ဆောင်ကောင်းသောကျောက်ဖြစ်၏။ အဆိုပါရာသီဖွားများအတွက် စိတ်ဓာတ်ကို မြှင့်တင်ပေး၏။ အောင်မြင်မှုကို ပို့ဆောင်ပေး၏။ (ကျန်ရာသီဖွားများအတွက် အကျိုးသိပ်မရှိလှပါ)။

**၁၀။ ပဠဲကျောက် (Ganmet)**

ကျန်းမာရေးကို အထူးကောင်းမွန်စေ၏။ အပူသောင်ခြင်းတို့မှ ကာကွယ်ပေးနိုင်၏။ စိတ်ကို ရွှင်လန်းစေ၏။ လူချစ်လူခင်၊ မိတ်ဆွေသင်္ဂဟတို့ ပေါများစေသော ကျောက်အမျိုးအစားဖြစ်၏။

**၁၁။ ကန်ဘူးမယ်လီကျောက် (Caubumele)**

အနီရင့်ရောင် ကျောက်အမျိုးအစားဖြစ်၏။ ကူးစက်ရောဂါဘေးမှ ကင်းဝေးစေ၏။ မိမိကိုယ်ကို ယုံကြည်စိတ်ဓာတ်များဖြစ်ထွန်းစေ၏။ အခက်အခဲများကို တွန်းလှန်နိုင်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



**၁၂။ ပုလဲ (Pearl)**

ကျန်းမာရေးကို ကောင်းမွန်စေ၏။ မိမိကို ချစ်ခင်သူတွေ ပေါများစေနိုင်၏။

**၁၃။ ထပ်တရာကျောက် (Topaz)**

နာတာရှည်ရောဂါဖြစ်မှုဘေးမှ ကာကွယ်ပေးနိုင်စွမ်းရှိသော ကျောက်အမျိုးအစားဖြစ်၏။

**၁၄။ နီလာကျောက် (Sapphire)**

ကံကောင်းစေသော ကျောက်ဖြစ်၏။ ချစ်ခြင်းတရားကို ခိုင်မြဲနိုင်စွမ်းရှိ၏။ စိတ်မရှည်မှု၊ စိတ်တိုမှုတို့ကို ကွယ်ပျောက်စေနိုင်၏။

**၁၅။ ချာဆီမိုနီကျောက် (Moss Agare)**

ပေါင်းသင်းဆက်ဆံရေးကို အဆင်ပြေနိုင်၏။ စိုက်ပျိုးရေးသမားများ အထူးပင် ဆောင်ထားသင့်သည့် ကျောက်အမျိုးအစားဖြစ်၏။

**၁၆။ တာကွိုင်ကျောက် (Tunquoise)**

ကံကောင်းစေသော ကျောက်အမျိုးအစားဖြစ်၏။ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းစေနိုင်၏။

**၁၇။ ပါလဒုတ္တာကျောက် (Malachite)**

ဘာသာရေးသမားများ ဆောင်ထားသင့်သော ကျောက်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစားဖြစ်၏။ ရေကြောင်းသွားလာသူများအတွက် ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်၏။ နယ်သစ်ရှာဖွေမှုနှင့် စွန့်စားလိုသူများ၊ စီးပွားရေးဈေးကွက် ချဲ့ထွင်လိုသူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်၏။

**၁၈။ သန္တာကျောက် (Conal)**

အိမ်ထောင်ရေးကို သာယာမှုပေးနိုင်စွမ်းသော ကျောက်အမျိုးအစားဖြစ်၏။ ကလေးသူငယ်များကို ဘေးအန္တရာယ်မှ အကာအကွယ်ပေးနိုင်၏။ လူငယ်လူရွယ်တို့အား မဖြစ်သင့်သည်တို့ မဖြစ်ရလေအောင် ကာကွယ်ပေးနိုင်စွမ်းရှိ၏။

**၁၉။ မြူပြာကျောက် (Aquamaninc)**

အစိမ်းနှင့်အပြာ ရောထားသော ကျောက်ဖြစ်၏။ အာရုံဝင်စားမှုကို မပျံ့လွင့်အောင် ထိန်းချုပ်ပေးနိုင်၏။ ခရီးလမ်း၌ အန္တရာယ်မှ အကာအကွယ်ပေးနိုင်၏။ လူငယ်လူရွယ်တို့အား မဖြစ်သင့်သည်တို့ မဖြစ်ရလေအောင် ကာကွယ်ပေးနိုင်စွမ်းရှိ၏။

**၂၀။ မြကျောက် (Emenald)**

မျက်စိကို အထူးအားကောင်းစေ၏။ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်၏။ မိမိဘက်က သစ္စာဖောက်ခဲ့ပါက မြကျောက်၏အရောင်မှာ မှေးမှိန်သွားကြောင်း မှတ်သားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ ပတ္တမြား (Ruby)

မိတ်ဆွေကောင်းများနှင့် ဆုံစည်းရတတ်၏။ ပူပင်သောကအားတို့မှ ကင်းဝေးစေ၏။ ဆက်ဆံရေးကို ပြေပြစ်ကောင်းမွန်စေသော ကျောက်အမျိုးအစားဖြစ်၏။

သို့ဖြစ်၍ စာရှုသူတို့အနေဖြင့် ကျောက်မျက်ရတနာ တို့၏ အစွမ်းသတ္တိတို့ကို သိရှိနားလည်ကာ တန်ဖိုးရှိရှိအသုံးချ နိုင်ပါစေကြောင်း လေ့လာမှတ်သားထားသမျှ ကောက်နှုတ် တင်ပြလိုက်ရပါတော့၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာဖို့ရာ လုပ်ဆောင်ပါ

"ကျန်းမာခြင်း၏ ချမ်းသာသုခကို မကျန်းမာတော့မှ သိရ၏" ဆိုသောစကားမှာ လွန်စွာမှပင် မှန်လှချေ၏။ လောကတကာ လာဘ်တွေထဲ၌ "ကျန်းမာခြင်း" ဆိုသော လာဘ်သည် အကြီးဆုံးလည်း ဖြစ်၏။ သည့်အတွက် ပညာဗဟုသုတပြည့်ဝကြသူတိုင်း ကျန်းမာရေးကိစ္စကို အလေးအနက် ထားကြချေ၏။

ဤ၌ ခုနစ်ရက်သားသမီးတို့အဖို့ ကျန်းမာရေးကို အထောက်အကူပြုစေမည့် လောကီအစီအရင်ကလေးတစ်ရပ်အား စာရှုသူတို့အကျိုးအတွက် တင်ပြချင်ပါသည်။

၁။ တနင်္ဂနွေသားသမီးများ ကျန်းမာရေးချို့ယွင်းပါက အင်္ဂါနံဖြစ်သော ဆေးဝါးတို့ကို လှူဒါန်းပါ။ စာကလေးကို လွှတ်ပေးပါ။ သတ္တဝါအား အစာအာဟာရ ဒါနပြုပါ။

၂။ တနင်္လာသားသမီးများ ကျန်းမာရေးချို့ယွင်းပါက စိတ်ရောဂါဝေဒနာရှင်အား အာဟာရဒါန ပြုပါ။ မရှိဆင်း ရဲနွမ်းပါးသူကို ဆန်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ အင်္ဂါသားသမီးများ ကျန်းမာရေးချို့ယွင်းပါက ဂိလာန ဖြစ်နေသော ရဟန်းသံဃာတော်များအား ဆေးဝါး ပစ္စည်း လှူဒါန်းပေးပါ။

၄။ ဗုဒ္ဓဟူးသားသမီးများ ကျန်းမာရေးချို့ယွင်းပါက ဇလုံထဲသို့ ဆန်ထည့်၍ သီလရှင်အား လှူဒါန်းပေးပါ။ သိမ်ဇရပ်ကို သန့်ရှင်းရေးလုပ်ပါ။ ကိုယ်အင်္ဂါချို့တဲ့သူကို ဆေးဝါးလှူဒါန်းပေးပါ။ လူသွားလမ်းကို ပြုပြင်ပေးပါ။

၅။ ကြာသပတေးသားသမီးများ ကျန်းမာရေးချို့ယွင်းပါက အစာအိမ်ရောဂါသည်ကို ဆေးဝါး လှူဒါန်းပါ။ သံဃာတော်အား စတုမဓု လှူဒါန်းပါ။ ရဟန်းအိုကြီးများအားလည်း လှူဒါန်းပါ။

၆။ သောကြာသားသမီးများ ကျန်းမာရေးချို့ယွင်းပါက ခွေးလေခွေးလွင့်များကို အစာကျွေးပါ။ ခြေလက်အင်္ဂါချို့ယွင်းသူကို အလှူဒါနပြုပေးပါ။

၇။ စနေသားသမီးများ ကျန်းမာရေးချို့ယွင်းပါက အကြောရောဂါရှင်၊ နှလုံးရောဂါရှင်သံဃာတော်များကို ဆေးဝါးလှူဒါန်းပေးပါ။

ဤအစီအစဉ်များမှာ ကုသိုလ်ရေးနှင့် နွယ်ယှက်သော အလှူဒါနများနှင့် ပတ်သက်၍ အဆိုးအညံ့များ ကင်းပျောက်ကာ ကျန်းမာရေးသုခများနှင့် ပြည့်စုံလိမ့်မည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ကြက်နိမိတ်ကို ကောက်ကြည့်ပါ

ငယ်စဉ်အခါက ကျွန်ုပ်သည်အသက် (၈၀) ခန့် ရှိပြီ ဖြစ်သော လောကီပညာရှင် အဘိုးအိုတစ်ဦးနှင့် ဆုံစည်းခဲ့ဖူး၏။ အသက်ကြီးပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်း၍ ဖျတ်ဖျတ်လတ်လတ်ရှိလေရကား ထိုအဘိုးအိုသည် ၎င်းနေထိုင်သော မနုဖြူတစ်ဖက်ကမ်းရှိ ရွာကလေးမှ ဘောက်တူလှေကလေး တစ်စင်းဖြင့် ရောမြစ်ရေပြင်ကိုဖြတ်ကာ မနုဖြူရှိဈေးသို့ ဈေးလာဝယ်လေ့ရှိ၏။ ဝယ်ယူသော ပစ္စည်းများကား ပရဆေးပစ္စည်းများသာ အများဆုံး ဖြစ်တတ်လေသည်။

ထိုအဘိုးအို၏ အမည်ကား "နိမိတ်ဖတ်ဆရာထွန်း" ဖြစ်လေ၏။ ၎င်းနှင့် ပက်ပင်းဆုံတွေ့ကြသူတိုင်းသည် ၎င်းအား ရိုရိုသေသေပင် ဂါရဝထားကာ ယို့ယို့ကျိုးကျိုး ဆက်ဆံကြလေသည်။ နိမိတ်ဖတ်ဆရာထွန်းသည် မနုဖြူရောက်လျှင် ခင်းပိုင်းရပ်ရှိ ရေနံချေးဝလျက်ရှိသော ကျွန်ုပ်တို့၏ နှစ်ပင်အိမ်ကြီးသို့

www.burmeseclassic.com



ဝင်ကာ ကွမ်းစား ဆေးသောက်ပြုလေ့ရှိလေသည်။ ကျွန်ုပ်၏ မိဘများ ဘိုးဘွားများမှာ နိမိတ်ဖတ်ဆရာထွန်း ရောက်လာလျှင် ဝမ်းသာအယ်လဲ ဖြစ်ကြ၏။ ပျူပျူငှာငှာ ရှိကြ၏။ ပျာပျာသလဲ ပင် အိမ်ဦးခန်း၌ သင်ဖြူးဖျာချောကို ခင်းလျက် နေရာပေး၏။ စားကောင်း သောက်ဖွယ်ရာတို့နှင့် ဧည့်ခံ၏။ အသားအရေက ခပ်ညိုညို၊ အရပ်က ထောင်ထောင်မောင်းမောင်း၊ ပြီးတော့... သျှောင်ထုံးနှင့်၊ ဥပမိရုပ်က တည်ကြည်ခိုင်ခံ့သည်မို့ ကျွန်ုပ်လည်း ကလေးသူငယ်အရွယ် ဖြစ်လင့်ကစား နိမိတ်ဖတ်ဆရာထွန်းအား လေးစား ခံ့ညားစိတ်ဖြစ် ပေါ်ခဲ့တော့၏။ လူကြီးသူမများနှင့် စကားလက်ဆုံကျပြီဆိုလျှင် နိမိတ်ဖတ်ဆရာထွန်း ပြောဆိုသော စကားများမှာ လေးနက်လှ၏။ ဗဟုသုတဖြစ်ဖွယ်များ ပါဝင်၏။ စိတ်ဝင်စားစရာကောင်းလှတော့၏။

တစ်နေ့ အဆိုပါစကားဝိုင်း၌ ကျွန်ုပ်ရှိနေစဉ် နိမိတ်ဖတ် ဆရာထွန်းသည် နှစ်လိုဖွယ်ရာအပြုံးကို ဆောင်လျက် ကျွန်ုပ်၏ ညာလက်လက်ဝါးပြင်ကို ဆွဲယူကာ လက္ခဏာအရေးအကြောင်း များကို ဖတ်ရှုလေတော့သည်။

"အံမယ်... ငါ့မြေးက ဘယ်ဆိုးလို့လဲ။ တစ်နေ့ကျရင် လောကီပညာရပ်တွေ၊ ဂမ္ဘီရဝိဇ္ဇာဓရပညာရပ်တွေမှာ ထူးထူး ချွန်ချွန်ဖြစ်မယ့် ပုဂ္ဂိုလ်ပဲ။ ကောင်းသကွယ်။ အဘိုးထွန်းလည်း ခန္ဓာမစဲခင်အထိ ငါ့မြေးနဲ့တွေ့တိုင်း သိသင့်သိထိုက် တတ်သင့် တတ်ထိုက်တဲ့ပညာတွေကို အမွေပေးခဲ့မယ်။ ဘယ်နှယ့် အဘိုး ထွန်းပေးမယ့် ပညာတွေကိုယူမှာလား ငါ့မြေး"

www.burmeseclassic.com

www.burmeseclassic.com



"ယူမှာပေါ့ အဘရယ်"

"ဟား... ဟား... ဟား... ကောင်းသကွယ့်"

ထိုသို့ဆိုသည့်အခိုက် ကြက်သားအုပ်မ တစ်အုပ်သည် ခြံထဲသို့ ပြေးဝင်လာလေသည်။ ထိုမြင်ကွင်းကို တွေ့မြင်ရသည့်အခိုက် နိမိတ်ဖတ်ဆရာထွန်းမှ ကျွန်ုပ်၏ ဖခင်ဖြစ်သူအား...

"မောင်ဘရင်ရေ မကြာခင်ကာလအတွင်း မင်းတို့မိသားစုတော့ ပစ္စည်းဥစ္စာရတနာတွေ အစုလိုက် အပြုံလိုက် ဝင်တော့မကွယ့်"

ဟု ဆိုလေသည်။ (ဆိုသည့်အတိုင်းပင် မကြာခင်ကာလ၌ နိမိတ်ဖတ်ဆရာထွန်း ဟောခဲ့သည့်အတိုင်း မှန်ကန်ပါချေ၏။)

"အဲဒါ... ကြက်နိမိတ်ကောက်တာ ခေါ်သကွယ့်"

"အဲဒီပညာကို သင်ပေးပါလားအဘိုး"

"အေး... သင်ပေးရတာပေါ့ကွယ်။ ကိုင်း... သေသေချာချာ မှတ်ထားပေတော့ ငါ့မြေး။ လမ်းခရီးမှာ သွားနေတုန်း ကြက်တွန်သံကိုကြားရရင် လိုရာကိစ္စတွေ ပြီးမြောက်အောင်မြင်မယ့်နိမိတ်ကွယ့်။ ကိုယ်ရဲ့ရှေ့မှာရှိတဲ့ ကြက်ငယ်ကလေးကို ကြက်ကြီးက လိုက်ဆိတ်နေတာကို မြင်ရရင် အထက်လူကြီးရဲ့ ငြိုငြင်မှုကို ခံရမယ့်နိမိတ်ပဲ။ ကိုယ့်ရှေ့က ကြက်ဖ ဖြတ်ပြေးခဲ့ရင် မိန်းမ (ဒါမှမဟုတ်) ချစ်သူနဲ့ ခွဲခွာရတတ်ပါသတဲ့။ အဲ... စောစောက အဘိုးပြောခဲ့သလိုပေါ့၊ ကြက်သားအုပ်မ ပြေးလာတာ မြင်ရရင် ပစ္စည်းဥစ္စာရတနာတွေ အစုလိုက် အပြုံလိုက် ရတော့မယ့် နိမိတ်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရဲ့ အနောက်ဘက်ကနေ ကြက်တွန်တဲ့ အသံကို ကြားရရင် ရည်မှန်းချက်တွေ ဆုံးရှုံးတတ်တယ်ကွယ့်။ အဲ... ကိုယ်ရှေ့မှာ ကြက်ဖနှစ်ကောင် သဲကြီးမဲကြီး ခွပ်နေကြတာကို မြင်ရရင်ဖြင့် ရန်ဖြစ်တော့မယ်၊ အမှုနိုင်မယ်ဆိုတဲ့ နိမိတ်ပေါ့။ သေနေတဲ့ကြက်မှာ လောက်တွေတဖွားဖွား တက်နေတာ မြင်ရရင် သွားရင်းလာရင်းက ရွှေငွေတွေ ကောက်ရတတ်ပါတယ်။ ကြက်မနှစ်ကောင် ခွပ်နေတာကို မြင်ရရင်ဖြင့် မျှော်လင့်မထားဘဲနဲ့ သူတစ်ပါးက ရန်ပြုလာခြင်းကို ခံရတတ်တယ် ငါ့မြေး"

"ဟုတ်ကဲ့ အဘိုး"

ထိုနေ့က နိမိတ်ဖတ်ဆရာထွန်း သင်ကြားသွားခဲ့သည့် ကြက်နိမိတ်ကောက်ပညာသည် ကျွန်ုပ်အတွက် ယခုထိတိုင် လက်တွေ့ အသုံးဝင်လျက် ရှိပါသည်။ နိမိတ်ကောက်ပညာရပ်သည် သိမ်မွေ့နူးညံ့လှပါသည်။ အယူတော်မင်္ဂလာနှင့်လည်း ဆက်စပ်နေပါသည်။ ကျွန်ုပ်တို့သည် အရာရာကို အမှုမဲ့ အမှတ်မဲ့ မနေဘဲ နိမိတ်ကပြလာသော အဆိုးအကောင်း၊ အကျိုးအကြောင်းတို့ကို သတိပြုကာ ကျရောက်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းဖြင့် ကောင်းကျိုးအထွေထွေတို့ ပြည့်ဝကာ ကိုယ်စိတ်နှစ်ဖြာ လန်းရွှင်ချမ်းသာလိမ့်မည်ဖြစ်ကြောင်း အတွေ့အကြုံနှင့်ယှဉ်လျက် တင်ပြလိုက်ရပါတော့၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ကြွေးပူကိစ္စ အေးငြိမ်းရအောင်

အကြွေးဆိုသည်မှာ လူတိုင်းလိုလိုပင် ကင်းကြသည် မဟုတ်။

အချစ်ကြွေး၊ အမုန်းကြွေး၊ မေတ္တာကြွေး၊ သံယောဇဉ် ကြွေး၊ ရာဇဝတ်ကြွေးတို့သည်လည်း ငွေရေးကြေးရေး အကြွေး မဟုတ်လင့်ကစား အကြွေးစာရင်းထဲ ပါနေသည်။ အကြွေးဟူက ပြန်ဆပ်ရမည့်သဘော ရှိ၏။ သာမန်ပုထုဇဉ် မဆိုထားနှင့် သုံးလောကထွတ်ထား ရှင်တော်ဘုရားသည်ပင်လျှင် ဝဋ်ကြွေး ဟူသည် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ဖြစ်၏။ အကြွေးဆိုသော ဝန်ထုပ်ဝန်ပိုးကြီး ပိနေပါက ထိုသူ၏ဘဝသည် နာလန်ထူဖို့ရာ လွန်စွာမှ ခက်ခဲပါလိမ့်မည်။

သည်တော့ လူတိုင်း အကြွေးကင်းရှင်းလိုကြသည်။ ဝန် ထုပ်ဝန်ပိုးကြီး၏ အပိကို မခံချင်ကြ။ သည်သို့ဖြစ်၍ အကြွေး ကျေရန် နည်းလမ်းအမျိုးမျိုးရှာကြံပြီး ကြိုးစားဖြေရှင်းကြရသည်။ အကြွေးယူပြီးပြန်မဆပ်က နောက်ဘဝ၌ မြေခံရသော အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အဖူးကိုတွေများစွာရှိပါသည်။ ထိပ်လန့်တုန်လှုပ်ဖို့လည်း ကောင်းပါသည်။ ကြွေးဆိုရာ၌ လောလောလတ်လတ် တောင်းခံလာသည့် ကြွေးပူဆိုတာ ရှိသည်။ အေးအေးဆေးဆေးမှ ပြန်ဆပ်ပါမည်ဆိုသည့် ကြွေးအေးရှိသည်။ ထိုသို့ ကြွေးပူကိစ္စနှင့် ကြုံတွေ့လာပါက လတ်တလောအခက်အခဲ ပြေလည်စေသည့် နည်းလမ်းကလေးတစ်ခုကို တင်ပြလိုပါသည်။ ထို နည်းလမ်းကလေးကို ယုံကြည်စွာ လုပ်ဆောင်ခြင်းဖြင့် ကြွေးပူကိစ္စ ပြေလည်စရာ အလုပ်အကိုင်တွေ ရလာနိုင်သလို တစ်ဦးတစ်ယောက်ထံမှလည်း အကူအညီတွေ ရလာနိုင်ပါသည်။

လုပ်ဆောင်ရမည်ကား လင်ပန်းတစ်ချပ်ထဲသို့ ငွေနံ၏ မိတ်ဖြစ်သော ရွက်လှရွက် (၄) ညွှန့်၊ ငွေနံ၏ မိတ်ဓာတ်ဖြစ်သော ပေါင်မုန့်ငါးချပ်တို့ကို ထည့်၍ ဘုရားထံ ကပ်လှူပါ။ လိုရာဆုတောင်းပါ။ တစ်ပတ်တစ်ခါ ပုံမှန်လုပ်ပေးပါ။ ထိုသို့ လုပ်ဆောင်ရာ၌–

၁။ တနင်္ဂနွေသားသမီးသည် အင်္ဂါနေ့၌ လုပ်ဆောင်ရပါမည်။

၂။ တနင်္လာသားသမီးသည် ဗုဒ္ဓဟူးနေ့၌ လုပ်ဆောင်ရပါမည်။

၃။ အင်္ဂါသားသမီးသည် ကြာသပတေးနေ့၌ လုပ်ဆောင်ရပါမည်။

၄။ ဗုဒ္ဓဟူးသားသမီးသည် သောကြာနေ့၌ လုပ်ဆောင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ကြာသပတေးသားသမီးသည် စနေနေ့၌ လုပ်ဆောင်ရပါမည်။

၆။ သောကြာသားသမီးသည် တနင်္ဂနွေနေ့၌ လုပ်ဆောင်ရပါမည်။

၇။ စနေသားသမီးသည် တနင်္လာနေ့၌ လုပ်ဆောင်ရပါမည်။

ကောင်းမှုကုသိုလ်နှင့်ယှဉ်သော အလှူယတြာ ဖြစ်သည့်အားလျော်စွာ ကြုံတွေ့ရတတ်သည့် အကြွေးပူကိစ္စတို့မှာ တစ်နည်းနည်းဖြင့် အေးငြိမ်းသွားပါလိမ့်မည်။

□

www.burmeseclassic.com

www.burmeseclassic.com

# ခမည်း ဘယ်လိုပေးမှာလဲ

ကလေးအတွက် ခမည်းပေးချင်ကြောင်း၊ ခမည်း ဘယ်လိုပေးသင့်ကြောင်း စသဖြင့် ကလေးမိဘရှင်များ မကြာခဏဆိုသလို ကျွန်ုပ်ထံ ရောက်ရောက်လာတတ်ကြသည်။ ထိုအခါတွင် ကလေးနှင့်သင့်တော်အပ်စပ်မည့် ခမည်းကို တွက်စစ်ကာ မည်သို့မည်ပုံ ပေးရမည့်အကြောင်း ခြေခြေမြစ်မြစ် ရှင်းလင်းပြသခဲ့ရုံမက လိုအပ်မှုရှိလာပါက ကျွန်ုပ်ကိုယ်တိုင် လုပ်ဆောင်ပေးခဲ့ဖူးပါသည်။

ခမည်းလိုအပ်နေသော ကလေးအား ခမည်းပေးလိုက်ခြင်းအတွက် ခမည်းပေးခံရသော ကလေးအဖို့ အကျိုးကျေးဇူးများ ရရှိခံစားနိုင်သည်ဖြစ်ရာ အကျိုးရှိသောကိစ္စဟု ဆိုရပါလိမ့်မည်။ ဤ၌ မိမိတို့ကလေးအတွက် ခမည်းပေးချင်ကြသော ကလေးမိဘရှင်တို့အတွက် ခမည်းဘယ်လိုပေးရမည်ကို ရေးသားဖော်ပြလိုက်ပါသည်။ ဦးစွာ ကလေး၏မွေးသက္ကရာဇ်ကို တည်ကာ ကလေး၏မွေးနံဂြိုဟ်သက်နှင့် ပေါင်းရပါမည်။ ရလဒ်အား ၇

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်စားရပါမည်။ ထိုအခါ အကြွင်းများ ရလာပါလိမ့်မည်၊ ရလာသော အကြွင်းကိုမူတည်လျက် ခမည်းပေးနိုင် ကြပါကြောင်း။

- ❑ အကြွင်း ၁ ရပါက ဖခင်ဖြစ်သူမှ ကလေးအား အနီရောင် အဝတ်အစား။
- ❑ အကြွင်း ၂ ရပါက ဖခင်ဖြစ်သူမှ ကလေးအား အစိမ်းရောင် အဝတ်အစား။
- ❑ အကြွင်း ၃ ရပါက အစ်ကိုဖြစ်သူမှ ကလေးအား အစိမ်းရောင်အဝတ်အစား။
- ❑ အကြွင်း ၄ ရပါက ရဟန်းတော်မှ ကလေးအား အဖြူရောင် အဝတ်အစား။
- ❑ အကြွင်း ၅ ရပါက ဘထွေးဖြစ်သူမှ ကလေးအား ရွှေဝါရောင်အဝတ်အစား။
- ❑ အကြွင်း ၆ ရပါက ဦးလေးဖြစ်သူမှ ကလေးအား အဖြူရောင်အဝတ်အစား။
- ❑ အကြွင်း ၀ ရပါက အဘိုးအဘွားတို့မှ ကလေးအား အနက်ရောင်အဝတ်အစား။

စသည်တို့ကို ပေးလိုက်ခြင်းအားဖြင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာ နှစ်ဖြာသော ကောင်းကျိုးသုခတို့ ခံစားနိုင်ကြပါလိမ့်မည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်လောင်းသံလွင် ငွေလာဘ်ရှင်

သည်မြို့နယ်ကလေးအတွင်းသို့ သည်ပုဂ္ဂိုလ် ရောက်ရှိလာစဉ်ကတည်းက သတိပြုမိခဲ့သည်။ အခြားသူတွေအတွက် သူသည် ထူးခြားချင်မှ ထူးခြားမည် မှန်သော်ငြား စာရေးသူအတွက်မူကား ထူးခြားနေသည်ဟု ဆိုရမည်ဖြစ်၏။ သို့ဆိုလျှင် ထိုပုဂ္ဂိုလ်သည် တစ်နည်းအားဖြင့် ကိုကျော်ထွေးကား မည်သို့သော သွင်ပြင်စရိုက်လက္ခဏာ ရှိသူပေနည်း။

ကနဦးတုန်းက သည်မြို့ကလေးသို့ သူ စတင်ရောက်ရှိစဉ် တစ်ကိုယ်ရေတစ်ကာယ အနေအထားကို တွေ့မြင်လိုက်ရသည့်အတွက် လူပျိုလူလွတ်ဟု ထင်ရလေသော်ငြား အမှန်တကယ်မှာမူ အိမ်ထောင်ရှင်တစ်ဦး ဖြစ်ချေသည်။ ရင်သွေးနှစ်ဦး၏ ကျောင်းကိစ္စ မပြတ်သေးသည့်အတွက် ဇနီးနှင့် ရင်သွေးတို့အား ယခင် တာဝန်ကျခဲ့ရာ အရပ်ဒေသတွင် ခေတ္တထားရစ်ခဲ့ကာ သည်မြို့ကလေးသို့ ရွှေ့ပြောင်းအနေနှင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ သည်မြို့ကလေးနှင့် စပ်လျဉ်း၍ ဝန်ထမ်းအဖြစ် ရောက်ရှိ

www.burmeseclassic.com



လာပြီဆိုလျှင် "ပျင်း၊ ပျော်၊ ပျက်၊ ပြေး" ဟူသည့် ပါးစပ် ပဟာသကလေးတစ်ခု ရှိခဲ့ဖူးသည်။ ရောက်ရောက်ချင်း "ပျင်း" မည်။ နောက်အဖော်အပေါင်း စုံလင်လာ၍ "ပျော်" စရာတွေ တွေ့လာမည်။ ပျော်စရာတွေ များလာ၍ အပျော်တွေစုံ၊ အပျော် တွေ ကျူးလာသောအခါဝယ် "ပျက်" မည့်ဘက် ဦးတည်လာ မည်။ နောက်ဆုံး "ပြေး" ရမည်ဟူ၍။

ထိုပါးစပ်ဟာသနှင့် ကိုက်ညီသော ဝန်ထမ်းအချို့ကို စာ ရေးသူ ကြုံခဲ့ ဆုံခဲ့ဖူးပါသည်။ သည့်အတွက် "ပျင်း၊ ပျော်၊ ပျက်၊ ပြေး" ကိစ္စသည် ထူးမခြားလှပါ။ အဲ... အဲသည်မှာမှ ကိုကျော်ထွေးက ပျင်း၊ ပျော်၊ ပျက်၊ ပြေးကိစ္စနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ချေသည်။ ရုံးပိတ်ရက်ဆိုလျှင် စာရေးသူတို့ မြို့ကလေး၌ အထင်ကရရှိလှသော ကျိုက်ဒေးယုံစေတီတော်သို့ ရောက်ရှိဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူသည်။ ထို့နောက် အဓိဋ္ဌာန်ဝင်ကာ ပုတီးစိပ်သည်။ ကိစ္စဝိစ္စ ပြီးပြီ ဆိုလျှင် ခေါင်းလောင်းကို ဘုရားစေတီ ပရိဝုဏ်တစ်ခုလုံး လွှင်စာချိုမြသွားရလေအောင် (၃) ကြိမ် တိတိ ထိုးလေသည်။

သည်အလေ့အထကို မြင်တွေ့ရသည်က စာရေးသူ အတွက် ကိုကျော်ထွေးသည် ထူးခြားသောသူတစ်ယောက် ဖြစ် နေလေသည်။ သူ့အသွင်မှာ ဘာသာတရားကို အလေးအနက် ထားကာ ဘုရားဟောဒေသနာအတိုင်း ကျင့်သုံးနေထိုင်သူ ဖြစ် လေ၍ ကြည်လင်အေးချမ်းနေတော့သည်။

မြင်ဖန် တွေ့ဖန်များ၍ မျက်မှန်းတန်းလာမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ စကားစမြည်း ပြောဆိုမိကြရင်း စာရေးသူနှင့်ခင်မင်ရင်းစွဲ ရှိလာခဲ့သည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ ကျိုက်ဒေးယုံဘုရား၏ မလှမ်းမကမ်း၌ အောင်ဘာလေထီအရောင်းဆိုင်ဖွင့်ထားသဖြင့် ရံဖန်ရံခါ အားလပ်ပြီဆိုလျှင် စာရေးသူလည်း မိတ်ဆွေ၏ ထီဆိုင်ကလေး၌ ထိုင်ပေးခဲ့လေသည်။ တစ်နေ့မှာတော့ မျက်မှန်းတန်းမိရုံမက ခင်မင်ရင်းနှီးစပြုလေပြီ ဖြစ်သော ကိုကျော်ထွေးသည် မိမိထိုင်သော ထီဆိုင်တွင် (၁၀) စောင်တွဲထီကို ထိုးသွားခဲ့လေသည်။ နောက်တစ်ရက်၌ ထီဖွင့်တော့မည်မို့ ရောင်းစရာ ထီအုပ်၊ ထီအစောင်တို့မှာလည်း ဆိုင်တွင် မရှိတော့သလောက်ပင်။

နောက်တစ်ရက်ထီဖွင့်တော့ စာရေးသူခမျာ အလွန်အမင်း ဝမ်းမြောက်သွားရပါ၏။ အကြောင်းမူ ကိုကျော်ထွေး ထိုးထားခဲ့သော ဆယ်စောင်တွဲထီသည် သိန်းတစ်ရာမင်္ဂလာစုံတွဲ၌ ဝင်သွား၍ပင်။ ဝန်ထမ်းတစ်ယောက်အတွက် ကုသိုလ်ကံအကျိုးပေးကြောင့် ရရှိလာသည့်ငွေကြေးအတိုင်းအတာမှာ နည်းနည်း နောနော မဟုတ်ပါပဲကလား။ ကုသိုလ်ကံ အကျိုးပေးဖို့ဆိုသည်မှာ ကောင်းမှုကိစ္စအဝဝကို ပြုလုပ်ပေးရမည်သာ ဖြစ်သည်။ ဘုရားဟောဒေသနာတော်အရ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍ စိတ်ကိုစင်ကြယ်အောင် ထားတတ်ဖို့လိုလေသည်။

စာရေးသူ၏ပကတိအမြင်အရ ကိုကျော်ထွေးသည် ဘုရားဟောဒေသနာတော်နှင့် လိုက်လျောညီထွေစွာ ကျင့်ကြံနေထိုင်သူဖြစ်သည်။ ထို့ကြောင့်လည်း အကျိုးပေးခြင်း၊ အကြောင်းထင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု ရှိလာကြပြီမို့လည်း သူ့အတွက် ဝမ်းသာစရာစကားကို ပြောဆိုအပြီးမှာပင် လောကီကောင်းကျိုးကိစ္စအတွက် စကားတွေ ဦးတည်မိကြတော့သည်။

"ဆရာသမား ပြောတဲ့အတိုင်း ဗုဒ္ဓတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်တာလည်း ပါသလို၊ လောကုတ္တရာကနေလည်း ခွဲမထွက်၊ လောကီနဲ့လည်း စပ်လျဉ်းတဲ့ ခေါင်းလောင်းထိုး အဓိဋ္ဌာန်ကျင့်စဉ်၊ အဲ...၊ ခေါင်းလောင်းထိုး ယတြာလေးကို အဓိဋ္ဌာန်မပျက် လုပ်ဆောင်တာလည်း ပါလိမ့်မယ်လို့ ကျွန်တော်တော့ ယူဆထားတယ် ဆရာ... ဒီလို ဆရာရဲ့ ကျွန်တော်ဟာ ရုံးပိတ်ရက်တိုင်း ဟောဒီမြို့က ကျိုက်ဒေးယုံ တန်ခိုးကြီးစေတီတော်ကို မပျက်မကွက် မနက်မိုးလင်းပြီဆိုတာနဲ့ ရောက်လေ့ရှိပါတယ်။ ရောက်ပြီဆိုရင် ဘုရားရှိခိုးတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ဆက်ကပ်တယ်။ အဓိဋ္ဌာန် ပုတီးစိပ်တယ်။ ကိစ္စတွေပြီးလို့ မနက် (၉:၄၅) နာရီတိတိမှာ ခေါင်းလောင်းကြီး ရှိရာသွားပြီး..."

"ဘဂဝါ ဣစ္ဆန္တော သိဒ္ဓိယော
ဣစ္ဆိတံ မဟာလာဘံ
ဒေတု မေ ဇယ မင်္ဂလံ"

ဆိုပြီး အဲသည်ဂါထာကို တစ်ခါရွတ်ပြီးတိုင်း ခေါင်းလောင်းကို တစ်ကြိမ်ထိုးတယ်။ အဓိက ကျွန်တော့်မှာ လိုအပ်နေတာက ငွေကြေးပဲ။ ငွေကြေးပြည့်စုံမှ ကျွန်တော့်မိသားစုကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူပြီး ပြည့်ပြည့်စုံစုံထားနိုင်မှာ မဟုတ်လား။ အဲသည်အတွက် "ငွေလာဘ်ဝင်ပါစေ" ဆိုတဲ့ ဆုတစ်ဆုတည်းကိုပဲ တောင်းပါတယ်။ ဂါထာတစ်ခါရွတ်၊ ခေါင်းလောင်း တစ်ခါထိုးနဲ့ ဘုရားကို ရောက်တိုင်း သုံးကြိမ်တိတိ လုပ်ဆောင်ပါတယ်။ အဲဒီ အစွမ်းအာနိသင်ဟာ ပြည့်ဝပြီး ခုလိုမျိုး အကျိုးပေး အကြောင်းထင်လာတာ ဖြစ်ပါလိမ့်မယ် ဆရာ"

"ကောင်းလိုက်တဲ့ အဓိဋ္ဌာန် ယတြာကလေးပါပဲလား ကိုကျော်ထွေးရယ်၊ ဒါထက် အဲသည်ဂါထာရဲ့ အနက်အဓိပ္ပာယ်ကိုကော မသိရဘူးလားခင်ဗျာ"

"သိရပါတယ် ဆရာ...

ဘဂဝါ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော

ကဉ္စန္တော - သတ္တဝါတို့၏ ကောင်းကျိုးကို အလိုရှိတော်မူသော

သိဒ္ဓိယော - သိဒ္ဓိရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်

ကဉ္စိတံ - အလိုရှိအပ်သော

မဟာလာဘံ - များပြားလှသော လာဘ်လာဘကို

မေ - အကျွန်ုအား

ဒေတု - ပေးသနားတော်မူပါဘုရား...

ဇယမင်္ဂလံ - အောင်မြင်ခြင်း အဖြာဖြာကိုလည်း

မေ - အကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com



ဒေတု – မေးသနားတော်မူပါဘုရား... ရယ်လို့ ဖြစ်ပါတယ်"

"ကောင်းလိုက်တာ ကိုကျော်ထွေးရယ်၊ ခုလိုမျိုး ပြည့်ပြည့်စုံစုံ သိရတော့ ကျေးဇူးလည်း တင်ပါတယ်။ သည့်အကြောင်းကို ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးကြည့်ချင်တယ်။ အဲဒါကိုကျော်ထွေး အနေနဲ့ ခွင့်ပြု မပြု..."

"ပြုပါတယ်ဗျာ ပြုပါတယ်..."

သည်စကားကို ကြားရသည့် တဒင်္ဂဝယ် စာရေးသူအဖို့ ဝမ်းမြောက်၍ မဆုံးအောင် ဖြစ်ရပါကြောင်း မှတ်တမ်းပြုလိုက်ပါတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



# ဂြိုဟ်ဆိုးဘေးရန် ကင်းစေဖို့

"ဘာလုပ်လုပ် ဘာကိုင်ကိုင် အဆင်ပြေတယ်ကို မရှိဘူး ဆရာ။ အလုပ်အကိုင် အဆင်မပြေရတဲ့အထဲ ပြဿနာတွေက လည်း အိမ်ပေါ် တက်တက်လာပြန်သေးတယ်။ ကျွန်တော်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး။ ကူညီနိုင်ရင် ကူညီပါဦး ဆရာရယ်"

သည်လိုမျိုး ခလုတ်ထိမှ အမိတကြသူတွေနှင့် ကျွန်ုပ် မကြာခဏ ဆုံတွေ့ခဲ့ဖူးပါသည်။ ဆုံတိုင်း တွေ့တိုင်းလည်း တတ်နိုင်သည့် အကူအညီကို ပေးခဲ့သည်သာပင်။ ယခုလည်း တတ်နိုင်သလောက် မေတ္တာရှေးရှုကာ ကူညီရပေဦးတော့မည်။

"အဲဒါ မကောင်းတဲ့ ဂြိုဟ်ဆိုးတွေ စီးနင်းနေလို့ပဲကွယ့်"

"ဗျာ... ဂြိုဟ်ဆိုးတွေ စီးနင်းနေတယ်။ ဟုတ်လားဆရာ"

"မှန်တာပေါ့ကွယ်။ ဂြိုဟ်ဆိုးတွေ ဖိစီးလာတဲ့အခါဆို အဲသလိုပဲ အခက်အခဲတွေ၊ ပြဿနာတွေနဲ့ ရင်ဆိုင်ရတော့တာပဲ"

"ဒါ... ဒါဆိုရင် ကျွန်... ကျွန်တော် ဘာလုပ်ရမလဲ ဟင်။ ဂြိုဟ်ဆိုးတွေရဲ့ ဘေးရန်ကကော လွတ်နိုင်ပါ့မလား"

"သိပ်လည်း မစိုးရိမ်ပါနဲ့ကွယ်။ လောကမှာ အနာသာ သိပလေ့စေ။ အနာသိရင် ဆေးဆိုတာ ရှိပါတယ်။ ဆရာတို့ "မြန်မာ့ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာစရဲလောကီပညာ" တွေက ကျပ်ခဲ်နှိန်း နက်ရှိုင်းတာနဲ့အမျှ ကြုံတွေ့ရင်ဆိုင်နေရတဲ့ လောကီအခက်အခဲ တွေကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ပါ့သေးတကာ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိတာပေါ့လေ။ ဘယ်အလုပ်မဆို 'ယုံကြည်မှု' ရှိဖို့တော့လိုတယ်။ ယုံကြည်မှုစွမ်းအားဟာ အရာရာကို အောင်မြင် ပြီးမြောက်စေပြီး အခက်အခဲ မှန်သမျှကိုလည်း အောင်မြင်စွာ ကျော်လွှားသွားနိုင်ပါတယ်"

"ဆရာရယ် ယုံကြည်မှုရှိလို့လည်း ဆရာ့ဆီကို အားကိုးတကြီးနဲ့ ရောက်လာခဲ့တာပေါ့"

"အေးကွယ်... ဆရာ သဘောပေါက်ပါတယ်။ သည်တော့ မောင်ရင့်ကို ဆရာ ဂြိုဟ်ပြေယတြာတစ်ခု ပေးလိုက်မယ်။ ယုံကြည်မှု အပြည့်အဝနဲ့ အမှားအယွင်းမရှိဘဲ လုပ်ကြည့်ပါ။ ထူးခြားလာပါလိမ့်မယ်"

"ဟုတ်ကဲ့... ဆရာ"

ကနဦးလုပ်ရမှာက ခေါင်းလောင်းရှိတဲ့ တန်ခိုးကြီးဘုရား စေတီတော် တစ်ဆူဆူဆီကို သွားဖို့ပါပဲ"

"ကျွန်တော်တို့နားမှာ ပြည်လုံးချမ်းသာစေတီတော် ရှိတယ်ဆရာ။ အဲဒီမှာ အင်မတန်မှအသံသာတဲ့ ကြေးခေါင်းလောင်းကြီး ရှိတယ်"

"ဒါဆို အဆင်ပြေတာပေါ့။ အဲ... အဲသည် စေတီဆီကို သွားပြီး နေထွက်ရာအရပ်ကို မျက်နှာမူပါ။ ဒါထက် မောင်ရင် ဘာနေ့သားလဲ"

"နိုင်ကြီးဆိုတော့ စနေသားပေါ့ ဆရာ"

"ဟုတ်ပြီဒါဆိုရင် 'ကညင်ရွက်'ကို နင်းရမယ်။ အေး... အလျှိုးသင့်တုန်းပြောရရင် ခုနစ်နေ့သားသမီးတွေအဖို့ တနင်္ဂနွေ

www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆိုရင် ဆဲလပ်ရွက်ကို နင်းရမယ်။ တနင်္လာ သားသမီး ဆိုရင် လက်ပံရွက်ကိုနင်းရမယ်။ အင်္ဂါသားသမီးဆိုရင် ဖက်သန်း ရွက်ကို နင်းရမယ်။ ဗုဒ္ဓဟူးသားသမီးဆိုရင် သနပ်ရွက်ကို နင်းရမယ်။ ကြာသပတေးသားသမီးဆိုရင် အုန်းနဲ့ရွက်ကို နင်းရ မယ်။ သောကြာသားသမီးဆိုရင် အင်ကြင်းရွက်ကို နင်းရမယ်။ စနေကျတော့ မင်းနင်းရမယ့် ကညင်ရွက်ပေါ့ကွယ်"

"နင်းနေရင်းနဲ့ ဘာလုပ်ရမလဲ ဆရာ"

"ပြောမယ်လေကွယ်။ အေး... အဲသလို ကိုယ်နေ့နံကျတဲ့ အရွက်ကို နင်းပြီးတာနဲ့...

"သဗ္ဗဂြဟ်၊ ပါပဂြဟ်

သုပိနာ သတ္တရ၊ ပီဠာတော၊

ဩဘာင်း ဒူရေ ဒူရေ၊ မဟာဒုက္ခာ

မမ မုစ္စန္တုသဗ္ဗဒါ" ဆိုတဲ့ ဂါထာကို (၁၁) ခေါက်တိတိ ရွတ်ဆိုပါ။ ရွတ်ဆိုပြီးတာနဲ့ ခေါင်းလောင်းကို (၁၁) ချက်တိတိ အသံမြည်အောင် ထိုးပေးပါ။ ခေါင်းလောင်းထိုးပြီးတာနဲ့ သတ္တဝါ ဝေနေယျအပေါင်းကို မေတ္တာပို့ပေးရမကွယ့်"

"စိတ်ချပါ ဆရာ"

"အေး... ဒါဆိုရင်ဖြင့် ငါ့တပည့်အပေါ် ဖိစီးနေတဲ့ မကောင်းတဲ့ ဂြိုဟ်ဆိုးတွေဟာ ကင်းလွတ်ပြီး အလုပ်အကိုင် တွေ အဆင်ပြေလာပါလိမ့်မယ်။ ပြဿနာတွေ ပြေလည်သွား ပါလိမ့်မယ်ကွာ"

"ကျေးဇူးအထူးတင်ရှိပါတယ် ဆရာ"

❐

www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်တော်ရွတ်၍ လိုရာဆွတ်ပါ

ဗုဒ္ဓဘာသာဝင်များအဖို့ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို သိကြပါလိမ့်မည်။

'ဣတိ ပိသော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ
အနုတ္တရောပုရိသ ဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ
ဗုဒ္ဓေါ, ဘဂဝါ'

ဟူသည်မှာ အနှိုင်းမဲ့ ဘုရားရှင်၏ ဂုဏ်တော်များပင် ဖြစ်ပါသည်။ အဆိုပါ ထူးမြတ်သည့် ဂုဏ်တော်များကို အရင်းတည်လျက် လောကီအကျိုးကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် တင်ပြပါမည်။ ဂုဏ်တော်ကိုရွတ်၍ ပြုဖွယ်ကိစ္စများပြုကာ လိုရာကိစ္စမှန်သမျှ အောင်မြင်စွာ လှမ်းဆွတ်နိုင်ဖို့အတွက် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁။ ဣတိ**

ဟူသည့် အက္ခရာနှစ်လုံးအား မြေစိုင်ခဲ (သို့) ကျောက်ခဲကိုယူကာ အခေါက် (၃၀) ရွတ်ပါ။ ပြီးနောက် အရပ်ရှစ်မျက်နှာကို ပစ်ပါ။ ရန်သူအနှောင့်အယှက်များကင်းဝေးပြီး ပြိုင်ဘက်ကို အနိုင်ရပါလိမ့်မည်။

**၂။ ပိသော**

ဟူသည့် အက္ခရာနှစ်လုံးကို ရွတ်ဆိုရင်း နံ့သာငါးပါးဖြင့် မျက်နှာကိုလိမ်းပါ။ လူချစ်လူခင် ပေါများပြီး ကူညီမစမည့်သူများ ပေါ်လာပါလိမ့်မည်။

**၃။ ဘဂဝါ**

ဟူသည့် အက္ခရာသုံးလုံးကို ရန်သူနှင့် ရင်ဆိုင်တွေ့ကြုံရသည့်အခါ မြေကြီးပေါ်လက်ထောက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ရန်သူအပေါ် အနိုင်ရပါလိမ့်မည်။

**၄။ အရဟံ**

ဟူသည့် အက္ခရာသုံးလုံးကို ကန့်လန့်ကာတင်းတိမ်အတွင်း နေ့စဉ်သက်စေ့ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်လတိတိပြည့်မြောက်ပါက ဂုဏ်ပြုချီးမြှောက်မှုကို ခံရပါလိမ့်မည်။ အမြဲရွတ်ပါက လူနတ် ဗြဟ္မာတို့၏ ချစ်ခင်မှုကို ခံရပါလိမ့်မည်။

**၅။ သမ္မာသမ္ဗုဒ္ဓေါ**

ဟူသည့် အက္ခရာငါးလုံးကို နံနက်တွင် အရှေ့အရပ်သို့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမူပြီး ရွတ်ဖတ် သရဇ္ဈာယ်ခြင်းပြုပါ။ ခိုးသူတို့ဘေးမှ ကင်းဝေးပါလိမ့်မည်။ ရေလမ်းခရီးသွားပါက ရေပြင်ကိုကြည့်၍ အခေါက် (၃၀) ရွတ်ပြီး သွားပါ။ ရေဘေးအန္တရာယ် ကင်းဝေး ပါလိမ့်မည်။

### ၆။ ဝိဇ္ဇာစရဏ

ဟူသည့် အက္ခရာငါးလုံးကို မျက်နှာသစ်ချိန်၌ ရေကို ကြည့်လျက် အခေါက် (၃၀) ရွတ်ပြီးမှ မျက်နှာသစ်ပါ။ အခက် အခဲများ ကျော်လွှားနိုင်ပြီး အောင်မြင်မှုတွေ ရပါလိမ့်မည်။

### ၇။ သမ္မဒ္ဒော

ဟူသည့် အက္ခရာသုံးလုံးကို နေ့စဉ်မပြတ် အမြဲရွတ်ဆိုပါ။ (အရှေ့အရပ်သို့ မျက်နှာမူကာ ဦးသုံးကြိမ်ချပြီး မတ်တပ်ရပ် လျက် ရွတ်ပါ) အခက်အခဲများအားလုံး ကျော်လွှားအောင်မြင် နိုင်ပါလိမ့်မည်။

### ၈။ သုဂတော

ဟူသည် အက္ခရာသုံးလုံးကို သန့်ရှင်းသည့် ချည် (၃၇) ပင်၊ အရှည်တစ်လက်မခန့် ဖြတ်ယူကာ ခေါက်ချိုးချိုးလျက် ခေါက်ရေ (၁၀၀၀) တိတိ ရွတ်ဆိုပွားများပါ။ ဘူချစ်လူခင် ပေါပါမည်။ ပြောစကားများ အောင်မြင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**၉။ လောကာဝိဒူ**

ဟူသည့် အက္ခရာလေးလုံးကို မိမိအရိပ်အားကြည့်၍ သက်စေ့ရွတ်ဆိုပါ။ အခက်အခဲအားလုံး ပြေလည်သွားပါလိမ့်မည်။

**၁၀။ အနုတ္တရော**

ဟူသည့် အက္ခရာလေးလုံးကို နေ့ညမပြတ် ရွတ်ဆိုပွားများပါ။ ရန်သူများ ရောက်မလာနိုင်ပါ။ အစားအစာများ စားသောက်တော့မည်ဆိုပါက ၉ ခေါက်တိတိ ရွတ်ဆိုပြီးမှ စားသောက်ပါ။ သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိဘဲ မျက်နှာပွင့်လန်းလာပါလိမ့်မည်။

**၁၁။ ပုရိသဒမ္မ**

ဟူသည့် အက္ခရာငါးလုံးကို ကတိုး၊ ဖုန်းမသိမ်၊ နံ့သာငါးပါး၊ စွယ်တော်ပွင့်တို့ ပေါင်းကြိတ်လျက် (၈) ခေါက်တိတိ ရွတ်ဆိုပွားများပါ။ ပန်းနံ့သာရည်အား ပုလင်းငယ်တွင် ထည့်ကာ ဆောင်ထားပါ။ လိမ်းကျံပါ။ လိမ်းကျံခြင်းမပြုမီ အခေါက် ၁၀၀၀ ပြည့်အောင် ရွတ်ပါ။ လိုရာဆန္ဒမှန်သမျှ ပြည့်ဝပါလိမ့်မည်။

**၁၂။ သာရထိ**

ဟူသည့် အက္ခရာသုံးလုံးကို တိရစ္ဆာန်ဥယျာဉ်သို့ သွား၍

www.burmeseclassic.com

www.burmeseclassic.com



ဆင်၊ ကျား၊ သတ္တဝါတို့အား အစာကျွေး၍ ရွတ်ဆိုပွားများပါ။ ချစ်ခင်သူများ၊ မိတ်ဆွေသင်္ဂဟာများ ပေါ်များလာပါလိမ့်မည်။

**၁၃။ သတ္တာဒေဝမနုဿာနံ**

ဟူသည့် အက္ခရာရှစ်လုံးကို ရေကိုကြည့်လျက် နေ့တိုင်း ရွတ်ဆိုပြီးမှ မျက်နှာသစ်ပါ။ မျက်နှာမြင် ချစ်ခင်ပါစေဆိုသော အာနိသင်နှင့် ပြည့်စုံပါလိမ့်မည်။

**၁၄။ ဗုဒ္ဓေါ ဘဂဝါ**

ဟူသည့် အက္ခရာငါးလုံးကို နံ့သာငါးပါးကိုယူလျက် ခုနစ်ကြိမ်ရွတ်ဆိုပြီး အမြဲဆောင်ထားပါ။ ဩဇာအာဏာ တည်တံ့လျက် စိတ်ချမ်းသာမှုများ အပြည့်အဝ ရရှိပါလိမ့်မည်။

အတုလံ အတုမရှိသည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်တို့ကား တန်ခိုးအာနိသင် ထက်မြက်လှသည်နှင့်အမျှ အဆိုပါဂုဏ်တော်တို့အား ထုံပွားရွတ်ဆိုခြင်းဖြင့် အကုသိုလ်စိတ်ကို ကင်းပျောက်ကုသိုလ်စိတ်ရောက်လျက် ကောင်းကျိုးလိုရာအဖြာဖြာတို့ ပြည့်ဝလိမ့်မည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ငလျင်လှုပ်မည့် အကြိုနိမိတ်များ

ငလျင်လှုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။ အင်အားကြီးမားလျှင် ကြီးမားသလို အဆောက်အအုံများ၊ လူနေအိမ်ခြေတိုက်တာများ၊ သတ္တဝါအပေါင်း၏ အသက်များကို ပျက်စီးဆုံးရှုံးစေ၍ ကြောက်မက်ဖွယ်ကောင်းလှပါသည်။ ခေတ်မီတိုးတက်သောနိုင်ငံများက သိပ္ပံနည်းစနစ်များဖြင့် ငလျင်လှုပ်မည့် အခြေအနေကို ဖော်ထုတ်ကြပါသည်။ မိမိတို့ မိရိုးဖလာ လောကီပညာရပ်တွင်လည်း ငလျင်လှုပ်မည့် အကြိုနိမိတ်များကို သိရှိစေနိုင်သဖြင့် ဗဟုသုတအလို့ငှာ တင်ပြပါမည်။

၁။ အလှမွေးငါးကန်အတွင်းရှိ ငါးများ ဂနာမငြိမ်ဖြစ်ကာ ဟိုပြူးသည်ကပ် ဖြစ်နေလျှင်

၂။ ကျီးငှက်များ လန့်ပြီး ပြုဆင်းကျပါလျှင်

၃။ ဝက်များ တစ်ကောင်နှင့် တစ်ကောင် ကိုက်ခဲနေကြလျှင်

၄။ စင်ရော်ငှက်များ ကုန်းပေါ်တက်လာကြလျှင်။

၅။ ပိုးပရွက်ကောင်များ အသိုက်ပြောင်းကြလျှင်

၆။ ဘဲငန်းများ သစ်ပင်ပေါ်သို့ တက်ကြလျှင်

www.burmeseclassic.com

www.burmeseclassic.com



၇။ တွင်းအောင်းသတ္တဝါများ အစုလိုက်၊ အပြုံလိုက် ဦးတည်ရာမဲ့ ပြေးလွှားနေကြလျှင်

၈။ နေအိမ်ရှိ ကြွက်များ နေအိမ်မှ ထွက်ပြေးကြလျှင်

၉။ မြေတွင်းထဲမှကြွက်များ တွင်းထဲမှထွက်ကာ ယောက်ယက်ခတ်မျှ ပြေးလွှားကြလျှင်

၁၀။ အိမ်မွေးတိရစ္ဆာန်ဖြစ်သော ကြောင်များ၊ ခွေးများ နေအိမ်မှ ဝေးရာသို့ ထွက်ပြေးကြလျှင် ငလျင်လှုပ်တော့မည့် နိမိတ်လက္ခဏာများဖြစ်ကြပြီး ငလျင်ရန်မှ ကြိုတင်ကာကွယ်ရန် ပြင်ဆင်နိုင်ကြပါသည်။

ထို့ပြင်...

"ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံယဿ နကမ္ပတိ
အသောကံ ဝိရဇံ ခေမံ"

ဟူသည့် အသက်ဘေးမှ လွတ်စေသော ဂါထာတော်အား ဘုရားရှင်အပေါ် ကြည်ညိုဖူးမြော်လျက် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် အန္တရာယ်အပေါင်းမှ ကင်းဝေးနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေးအတွက် လက်တွဲဖော်

အချို့အချို့သော စီးပွားရေးလုပ်ငန်းသည် ကိုယ်တစ်ဦးတည်း ချွန်ထွက်ကာ လုပ်ကိုင်၍ မရပေါချေ။ စီးပွားဖက်ချင်း တွဲစပ်နေဖို့လိုသည်။ တစ်နည်းအားဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဟူ၍ ဆိုနိုင်သည်။ ကိုယ်က ငွေကြေးစိုက်ထုတ်ရတာမျိုး ရှိနိုင်သလို၊ အကြံဉာဏ်နှင့်လုပ်အားတို့ ရောစပ်ရတာမျိုးလည်း ရှိနိုင်သည်။ လုပ်ငန်းတစ်ခု ပြီးမြောက်ပြီဆိုသောအခါဝယ် ထင်မှတ်ထားသည်ထက် အောင်မြင်မှုများ၊ ဆုံးရှုံးမှုများ၊ ထင်မှတ်မထားသည့် အောင်မြင်မှုများ၊ ဆုံးရှုံးများကို ကြုံတွေ့ရနိုင်သည်။ ဤသို့ ကိုယ်နှင့်တွဲဖက်သည့် အကျိုးပေးမည့် သဟဇာတကိုက်ညီမည့် တွဲဖော်တွဲဖက်ကောင်း ဖြစ်ဖို့လိုသည်။

ဤသို့ စာရေးသူ လေ့လာဆည်းပူးနေသည့် အင်္ဂဝိဇ္ဇာပညာရပ်သည် အဆိုပါအခက်အခဲအား ဗဟုသုတ ဖြေရှင်းပေးနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ နည်းပညာအခြေခံသော ကိုယ်နှင့်တွဲဖက်ပေါင်းစပ်ရမည့် စီးပွားရေးအဖော်သည် ကိုယ့်မွေးနံ၏

www.burmeseclassic.com



ပဋ္ဌပွတ်နံ့ကျသောပုဂ္ဂိုလ်၏ နေထိုင်ရာအရပ်ဒေသသည်လည်း အရေးကြီးပါသည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်း၌ ကိုယ်နှင့် အတူ တွဲစပ်လုပ်ကိုင်ရမည့်သူ ရှိရမည့်အရပ်နှင့် နေနံသားတို့ အား အလွယ်တကူ သိရှိနိုင်ကြစေရန် ဖော်ပြပေးလိုက်ပါ၏။ အကျိုးတူ စီးပွားဖက်စပ်လုပ်ကိုင်ကြရင်း ဥစ္စာပစ္စည်းများ ဒီရေ အလား တိုးပွားကြပါစေသတည်း။

၁။ တနင်္ဂနွေသားအဖို့ အနောက်အရပ်ရှိ ကြာသပတေး နံပါသောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားလုပ်ကိုင်ပါ။

၂။ တနင်္လာသားအဖို့ မြောက်အရပ်ရှိ သောကြာနံပါ သောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ပါ။

၃။ အင်္ဂါသားအဖို့ အနောက်တောင်အရပ်ရှိ စနေနံပါ သောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ပါ။

၄။ ဗုဒ္ဓဟူးသားအဖို့ အရှေ့မြောက်အရပ်ရှိ တနင်္ဂနွေ နံပါသောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ပါ။

၅။ ကြာသာပတေးသားအဖို့ အရှေ့အရပ်ရှိ တနင်္လာ နံပါသောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေး လုပ်ကိုင်ပါ။

၆။ သောကြာသားအဖို့ အရှေ့တောင်အရပ်ရှိ အင်္ဂါနံ ပါသောပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ပါ။

၇။ စနေသားအဖို့ အရှေ့တောင်အရပ်ရှိ အင်္ဂါနံပါသော ပုဂ္ဂိုလ်နှင့် တွဲဖက်၍ စီးပွားရေးလုပ်ကိုင်ပါ။

□

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ခြင် ရှက်ဆောင် ဓာတ်အမှောင်

မင်္ဂလာအမှု ကိစ္စရပ်များကို လူတိုင်း လုပ်ဆောင်လိုကြသည်။

လုပ်လည်း လုပ်ဆောင်သင့်ပါသည်။

သို့ရာတွင် လောကီနှင့် ဆက်စပ်လျက်ရှိသော မင်္ဂလာအမှုကိစ္စများအတွက် အမှောင်ဓာတ်ကြီးစိုးသော ရာဟုကာလနှင့် အကျုံးဝင်နေပါက လောကီမင်္ဂလာကိစ္စရပ်များပင် ဖြစ်လင့်ကစား အကျိုးပေးသင့်သလောက် မပေးတတ်ပါ။ သို့ဖြစ်၍ ရာဟုကာလနှင့် ကြုံကြိုက်သော အခါသမယ၌ လောကီမင်္ဂလာအမှုကိစ္စရပ်များကို ရှောင်ရှားသင့်ကြပါသည်။

ကျွန်ုပ်တို့သည် မည်သည့်အမှုကိစ္စရပ်များကို လုပ်ဆောင်ကြသည်ဖြစ်စေ ရက်ရာဇာကျသောနေ့ကို ရွေးချယ်လုပ်ဆောင်တတ်ကြ၏။ ပြဿဒါးမလွတ်သော နေ့ရက်များကို ရှောင်ရှားကြကုန်၏။ ထိုသဘောအတိုင်းပင် မင်္ဂလာအမှုကိစ္စရပ်များကို လုပ်ဆောင်ကြရာဝယ် အမှောင်ဓာတ်သဘော အလွန်အားကြီးသည့် ရာဟုကာလကို ရှောင်ရှားပြီး လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တာကာလ၀ယ် ခုနစ်ရက်ရှိသည့်အနက် ထို တစ်ရက်၊ တစ်ရက်စီတွင် ရာဟုကာလကြီးစိုးသော အချိန်များ ရှိနေပါသည်။ ထိုအချိန်နာရီများကို သိရှိထားပါလျှင် လောကီ မင်္ဂလာများ ပြုလုပ်မည့်အရေးကို ရှောင်ရှားနိုင်ကြပါသည်။

အမှောင်ခေတ် ကြီးစိုးသော ရာဟုကာလများမှာ

- တနင်္ဂနွေနေ့တွင် ညနေ (၄:၃၀) နာရီမှ (၆:၀၀) နာရီအထိ ဖြစ်ပါသည်။
- တနင်္လာနေ့တွင် ညနေ (၇:၃၀) နာရီမှ (၉:၀၀) နာရီအထိ ဖြစ်ပါသည်။
- အင်္ဂါနေ့တွင် ညနေ (၃:၀၀) နာရီမှ (၄:၃၀) နာရီ အထိ ဖြစ်ပါသည်။
- ဗုဒ္ဓဟူးနေ့တွင် မွန်းတည့် (၁၂ :၀၀) နာရီမှ နေ့ လယ် (၁:၃၀) နာရီအထိ ဖြစ်ပါသည်။
- ကြာသပတေးနေ့တွင် နေ့လယ် (၁:၃၀) နာရီမှ ညနေ (၃:၀၀) နာရီအထိ ဖြစ်ပါသည်။
- သောကြာနေ့တွင် နံနက် (၁၀:၃၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီအထိ ဖြစ်ပါသည်။
- စနေနေ့တွင် နံနက် (၉:၀၀) နာရီမှ (၁၀:၃၀) နာရီ အထိ ဖြစ်ပါသည်။

အဆိုပါနေ့များ၌ အကျုံး၀င် ပတ်သက်နေသည့် ရာဟု ကာလများကို ရှောင်ကြဉ်သင့်ပါကြောင်း သတိပေးတင်ပြအပ်ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ခြင်သတိပြုစရာ နေအိမ်ဆောက်သောအခါ

လောက၌ အိမ်တို့မည်သည်မှာ "သုံးပင်နှစ်ခန်းသာလျှင် မိမိပိုင်အိမ်" ဟု ခေါ်တတ်၏။ လေးပင်သုံးခန်း ဆောက်ကြသော်လည်း အိမ်ဦးခန်းသည် မိမိပိုင်မဟုတ်။ ဧည့်သည် အာဂန္တုတို့ ပိုင်ဆိုင်သောအခန်းဟု ဆိုအပ်၏။ အဘယ်ကြောင့် ဆိုအပ်သနည်းဟူမူ ၎င်းအိမ်ဦးခန်းသည် ကျောင်းဇရပ်ဟူသော အထိမ်းအမှတ်ဖြင့် သံဃာတော်မြတ်၊ ဧည့်သည်တော်မြတ်တို့ ခိုကပ်ကိန်းဝပ်နိုင်ကြစေရန် ရည်သန်တောင့်တ၍ ရှေးရှေးသော လူကြီးလူကောင်း ပညာရှိအပေါင်းတို့သည် ကြမ်းတစ်ပြေးတည်း မခင်းကြ။ အဆင့်ညီတူ မျှတူမထား။ မိမိပိုင်နှစ်ခန်းအဆင့်ကို အနိမ့်ထား၍ အိမ်ဦးခန်းကို အမြင့်ထားပြီးလျှင် ဆောက်မြဲဓမ္မတာ ဖြစ်ကြပေသည်။ အကယ်၍ ယက်မအဆင့်ညီမျှစွာ ထားသော်လည်း ကြမ်းခင်းသော် တစ်စပ်တည်း မနေရခြင်းငှာ အိမ်ဦးခန်းကြမ်းတွင် အထက်ပြု၍ ခင်းကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



**အန္တရာယ်ကင်းမန္တန်**

အမျိုးလေးပါးတို့သည် မိမိတို့အိမ်ကို ဆောက်လုပ်ပြီး၍ ရှင်း ဆောက်လုပ်သည့်အိမ်တွင် အိမ်တက်မင်္ဂလာအခမ်းအနား၌ ဝမုကီဆရာတို့ နတ်ယကာပြုလုပ်အပ်သော/ မန္တန်ကား…

ဦးဇမ္ဗူဒီပါ၊ သချာပတ်ကုံး၊ ကျွန်းလုံးနှံ့မျှ၊ အနန္တတွင်၊ ကြီးလှတန်ခိုး၊ အမျိုးမြတ်စွာ၊ ရှင်ဒေဝါတို့၊ ပြည်တော်လေးထောင့်၊ စောင့်သည်ထင်ရှား၊ ရှင်နတ်များတို့၊ လျှင်လျှားမကြာ၊ ကြွကြပါကုန်၊ သီတာရေအေး၊ ခြေလက်ဆေး၍၊ အမွှေးနံ့ကြူ၊ သုံးတော်မူလော့၊ ဖြူစင်လွလွ၊ အဝတစ်ထောင်၊ ပြောင်ပြောင်ရွှန်းရွှန်း၊ လက်ပန်းဝန်းထက်၊ ချက်ပြုတ်စုံလင်၊ ချိုချဉ်မလွတ်၊ ဆွတ်ဆွတ်ခူးယူ၊ ထမင်းဖြူနှင့် ထုံကြူပထွန်း၊ စီရွှန်းကောင်းစွာ၊ လျှာဝယ်အေးချို၊ ယိုလည်းမကြွင်း၊ ထုံသင်းပျံ့မွှေး၊ ဆေးကွမ်းအုန်းသီး၊ ငှက်ပျောသီးနှင့်၊ မပြီးရသာ၊ ကျွေးမွေးပါ၏၊ ဒေဝါထင်ရှား၊ ရှင်နတ်များတို့၊ ရှင်အားကြည်ဖြူ၊ သုံးတော်မူလော့၊ စိုက်ထူထင်ရှား၊ ဤလှေကားတွင်၊ မျက်ကားစင်လျက်၊ အမြစ်ထွက်ရာ၊ ရွေးချယ်ပါ၏၊ အိမ်မှာအမြစ်၊ လှေကားဖြစ်၍ အဆစ်အမျက်၊အတက်အဆင်း၊ အတွင်းကအောက်၊ ရွေးကောက်သန့်စင်၊ ပြုစီရင်၍၊ အိမ်တွင်တည်စိုက်၊ ထိခိုက်ဘေးဒဏ်၊ ဥပါဒ်ရန်လည်း၊ ဆံခြမ်းမြူမျှ၊ မဖြစ်ရအောင်၊ စောင်မစေသား၊ ရှင်နတ်များတို့၊ နှစ်ပါးအိမ်ရှင်၊ စီးပွားရှင်မူ၊ ဖြိုးအင်ပြည့်စွာ၊ ပုဏ္ဏာမာသို့၊ ပုတ္တာမိတရ၊ ဒါသဒါသီ၊ ပြည့်ညီများစွာ၊ လယ်ယာလုပ်ခင်း၊ ဆင်မြင်း ကျွဲနွား၊ မြေးသားကဇ ဆန်းသစ်လသို့၊

www.burmeseclassic.com



ကဲဆတပိုး၊ တက်တိုးမြဲမြဲ၊ ကျောက်သံပတ္တမြား၊ ပြည့်စုံငြားလျက်၊ ပေါ်များရွှေငွေ၊ မိုးကြီးစွေသို့၊ ရေစင်သီတာ၊ ကဲ့ပမာလျှင်၊ချမ်းသာစေသား၊ နတ်ရှင်များတို့၊ တံခါးပေါက်တွင်၊ နေ့တိုင်းဝင်လျက်ကောင်းကင်ပြည့်ဖြိုး ကောင်းကျိုးမင်္ဂလာ၊ လွန်ချမ်းသာ၍၊ ရာကျော်သက်ရှည်၊ တည်ပါစေသား၊ ရှင်နတ်များတို့၊ သြောင်ဖေယျတု၊ သဗ္ဗမင်္ဂလံ။

ဤသို့ ဆိုအပ်ပြီးသော မန္တန်နှင့် နတ်ယကာပွဲတို့ကို ပူဇော်ကျင်းပပြီးမှ အိမ်တက်ခြင်းမင်္ဂလာကို ပြုကုန်ရာသည်။ ထိုသို့ဆိုခဲ့သည့်တိုင် ညီစွာပြုခဲ့ပါလျှင် ကိုးဆယ့်ခြောက်ပါးသော ရောဂါဥပါဒ် အန္တရာယ် အစရှိသည်တို့မှ ကင်းစင်လွင့်ပျောက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ တိုးတက်ခြင်း၊ မျက်နှာပွင့်လန်းခြင်း၊ ကြံစည်တိုင်းပြီးမြောက်အောင်မြင်ခြင်း အစရှိသောအကျိုးတို့ကို ခံစားရကုန်အံ့ဟူပေ၏။

**အိမ်သစ်တက်ယတြာ**

အကြင်သူခပ်သိမ်းတို့သည် မိမိတို့နေအိမ်ကို ဆောက်လုပ်၍ ပြီးသည့်နောက် ယတြာပြုရာသည်ကား အိမ်သစ်တက်သောအခါ အိမ်ရှင်ယောကျာ်းသည် ဝါးကြမ်းကို ကိုင်စေ၍၊ မိန်းမကား ခါတ်တော်ကို ကိုင်စေ၍ တက်ရာ၏။ အိမ်သစ်တွင်ထားရာသည်ကား ဖြူသောဆန်ကို အိမ်အလယ်တွင်ထား။

အရှေ့တောင်ထောင့်က ဆင်စွယ်ခေါင်းလောင်း၊ ချွန်း

www.burmeseclassic.com



တောင်း အစရှိသည်တို့ကိုထား၊ ကျောက်ပျဉ်၊ ကျောက်သား မပှအဲပိန္ဒ ထား။

အနောက်တောင်ထောင့်က ပုဆိုးအဝတ်အစား ထားရမည်။

အနောက်က စပါးထားရမည်။

အနောက်မြောက်ထောင့်အရပ်က ပုန်းရည်ကိုထားရမည်။

မြောက်စူးစူးက နွားနို့ထောပတ်ကို ထားရမည်။

လှေကားရင်းက ထမင်းတောင်းကို ထားရမည်။

အရှေ့မြောက်ထောင့်အရပ်က အုန်းခိုင်၊ ထန်းခိုင်၊ ကွမ်းသီးခိုင် တို့ကို ထားရမည်။

အိမ်၏အလယ်တွင်ကား ဥစ္စာဟူသမျှ ထားရမည်။

ပြည့်သော ရေရှိသောအိုးကို အရှေ့အရပ်၌ ထားရ၏။

သူကြွယ်လက္ခဏာ ရှိသောသူတို့သည် ရှေးဦးပထမ တက်ပါစေလေကုန်။

ၤင်းဆိုခဲ့သည့်အတိုင်း မရွက်ဆောင်နိုင်ကြမူ မိမိတို့ စွမ်းအားရှိသမျှ ဆောင်ရွက်စီရင်ကုန်ရာ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## ဆီမီးထွန်း၍ မင်္ဂလာယူပါ

နံနက်စောစော အိပ်ရာမှထပါ။ မျက်နှာကိုယ်လက်တို့အား သန့်ရှင်းပါ။ ပြီးပါက အိမ်တံခါးကို အသံမမြည်အောင် ဖွင့်ပါ။ ထို့အတူ ပြတင်းတံခါးပေါက်များကိုလည်း အသံမကြားအောင် ဖွင့်ပါ။ ထိုသို့ ဖွင့်သည့်အခါဝယ်...

"ဟေိ မိတ္တိ၊ ဟေိ ခန့်၊ ဟေိ လာဘံ
ဟေိ သုခံ၊ ဟေိ ဇေယျ၊ ဟေိ မင်္ဂလံ
သဗ္ဗသိဒ္ဓိ ဒေဟိ ဒေဟိ"

ဆိုသော မိတ်ခေါ်၊ ဥစ္စာခေါ်၊ လာဘ်ခေါ်၊ ချမ်းသာခြင်းခေါ်၊ အောင်မြင်ခြင်းခေါ်၊ မင်္ဂလာခေါ်သည့်ကော့ သိဒ္ဓိအလုံးစုံပြီးမြောက်စေသည့် ဂါထာတော်အား ရွတ်ပွားလျက် "သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ" ဟူ၍ မေတ္တာပို့ရပါမည်။

ညနေပိုင်းသို့ရောက်ပါက ဆီမီးထွန်းမင်္ဂလာကို ပြုလုပ်ရပါမည်။

ညနေ (၆:၀၀) နာရီ နေဝင်လုဆဲအချိန်၌ အိမ်ဦးခန်းဘုရားအား ဆီမီးထွန်းကာ ပူဇော်ရပါမည်။ ဆီမီးထွန်းသည်ဆိုရာဝယ်

www.burmeseclassic.com

www.burmeseclassic.com



ဆီမီးခွက်ထဲသို့ ပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ နေကြာဆီ၊ သံလွင်ဆီ၊ ထောပတ်ဆီ၊ အကြော်ခံဆီ စသည်ဖြင့် တစ်ခုခုသော ဆီကို အသုံးပြုရပါမည်။ ဖယောင်းတိုင်ကို မသုံးရပါ။ ခွက်အတွင်းရှိနေသော ဆီတွင်းသို့ မီးစာကို ထည့်ကာ ထွန်းညှိပူဇော်ရပါမည်။ မနက်ပိုင်းကိုသော်လည်းကောင်း၊ ညနေခင်းကိုသော်လည်းကောင်း ပုံမှန်မပျက်မကွက် လုပ်ဆောင်သွားပါလျှင် မိတ်ဆွေကောင်းများ ရောက်ရှိလာပါလိမ့်မည်။ ဥစ္စာပစ္စည်းများ ရောက်ရှိလာပါလိမ့်မည်။ လာဘ်လာဘငွေကြေးများ ဝင်လာပါလိမ့်မည်။ စိတ်ချမ်းသာမှု ရရှိလာပါလိမ့်မည်။ အောင်မြင်မှုတွေ ရရှိလာပါလိမ့်မည်။ အလုံးစုံ သိဒ္ဓိမြောက်သည့်ဘဝ၌ ကျက်သရေမင်္ဂလာမှန်သမျှ ပြည့်ဝလာပါလိမ့်မည်။

မနက်ခင်း၌ ဘုရားရှင်အား ဆွမ်းကပ်၍ ညနေခင်း၌ ရေပူရေချမ်းများ ကပ်နိုင်ပါသည်။ မင်္ဂလာပြုနေချိန်ဝယ် ကျက်သရေ မင်္ဂလာကင်းမဲ့သည့် အလွမ်းသီချင်းများ၊ ဝုန်းဒိုင်းကြဲမျှ ဆူဆူပူပူ သီချင်းများ ဓာတ်လမ်းဓာတ်ထုပ်များကို မဖွင့်ရပါ။ သာယာချိုမြ မင်္ဂလာပြည့်ဝသည့် သီချင်းများကို ဖွင့်နိုင်ပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဆိုးသမျှကံ ကောင်းစေရန်

လူတိုင်းအတွက် ကံသာအမိ ကံသာအဖ ဖြစ်ချေ၏။

သည့်အတွက် 'ဥစ္စာကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ၊ မရှိရာ'တို့၊ 'ကံယုံ၍ ဆူးပုံမနင်းနဲ့' တို့၊ 'လုံ့ထမ်းလာတာ မြင်ရ၊ ကံထမ်းလာတာ မမြင်ရ' တို့၊ 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' တို့၊ 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' တို့ စသဖြင့် ဝေါဟာရစကားတွေ ပေါ်ထွက်လာခြင်း ဖြစ်၏။ လူတစ်ယောက်အဖို့ သေချင်လောက်အောင် ကံတွေက ဆိုးရွားနေသည်ဆိုပါစို့။ ဘဝကို အရှုံးပေးစရာမလိုပါ။ အဆိုးထဲမှ အကောင်းရှာရပါမည်။ ဆိုးသမျှကံတို့အား ပြောင်းပြန်လှန်ပစ်ရပါမည်။ သည်တော့ ဆိုးသမျှကံတွေ ပြန်လည်၍ ကောင်းမွန်စေရန် စိတ်ရှည်စွာဖြင့် အောက်ပါပြုဖွယ်ကိစ္စတို့ကို လုပ်ဆောင်ကြည့်စေချင်ပါသည်။

၁။ ယောကျ်ားဖြစ်က ရဟန်းခံပါ။ မိန်းမဖြစ်က သီလရှင်ဝတ်ပါ။ (အနည်းဆုံး ၉ ရက် ဝတ်ရပါမည်။ ယောဂီဝတ်၍ မရပါ။)

www.burmeseclassic.com

www.burmeseclassic.com



၂။ ရဟန်း၊ သီလရှင်ဝတ်စဉ် တစ်ရက်လျှင် အနည်းဆုံး ရှစ်နာရီထက်မနည်း ဝစီပိတ်ကျင့်ရပါမည်။ သက်သတ်လွတ်စားရပါမည်။

၃။ ဘုရားအား သက်သတ်လွတ်ဆွမ်း ကပ်လှူရပါမည်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို တစ်မျိုးလျှင် ၉ ခုစီ လှူပါ။

၅။ ရဟန်း၊ သီလရှင်ကို အနည်းဆုံး ကိုးရက်ပြည့်အောင် ဝတ်ပါ။ သည့်ထက်ပို၍လည်း ဝတ်နိုင်ပါသည်။ အဓိဋ္ဌာန်ပြည့်ပြီးသွားပါက လူထွက်ချင် ထွက်နိုင်ပါသည်။ သို့ရာတွင် အောက်ပါအစီအစဉ်ကိုမူ မပျက်မကွက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

(က) နေ့တိုင်း ဘုရားရှင်အား ဆွမ်းတော်ကပ်ပါ။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ကပ်လှူပါ။

(ခ) ဆွမ်းတော်ကပ်လျှင် သက်သတ်လွတ်ဆွမ်း၊ ဆွမ်းဟင်း တို့ကိုသာ ကပ်ပါ။

(ဂ) နေ့စဉ် ဂုဏ်တော်ကိုးပါးကို အခေါက်ရေ ၂၇၀ တိတိရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

အဆိုပါ အစီအရင်ကို စိတ်ရှည်လက်ရှည်လုပ်ပေးဖို့ လိုပါသည်။

ကံဆိုသည်မှာ အလုပ်ပင်ဖြစ်၏။ မိမိလုပ်ဆောင်သော အလုပ်သည် ကောင်းသောအလုပ်များဖြစ်ပါက ရှင်းနှင့်ထပ်တူ

www.burmeseclassic.com

www.burmeseclassic.com



ကံမှာလည်း အကောင်းဖက်သို့ ကူးပြောင်းလာမည်ဖြစ်ပါသည်။ ကံသည် ပြုပြင်၍ ရပါသည်။ မကောင်းမှုအကုသိုလ်ကံများကို ရှောင်ရှားရပါမည်။ အတိတ်မှ ကံဆိုးကံညံ့များကိုလည်း ပြန်လည်ကောင်းမွန်လာကာ အစစအရာရာ အေးချမ်းလာပါလိမ့်မည်။ ကံဆိုးမိုးမှောင်ကျသည့်ဘဝမှ ကင်းလွတ်လာပါလိမ့်မည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ထွက်လိုက်ကြစမ်း စနေနံ

ခုတစ်လော အစ်မဖြစ်သူ၏ စတိုးဆိုင်ကလေးက ဟိုး ခါတိုင်းလို အရောင်းအဝယ် မသွက်။ အတော်ကလေးကို ဈေး လာဝယ်သူ ပါးလျနေသည်။

သည်လိုမျိုး အခြေအနေဆိုလျှင် အစ်မဖြစ်သူခမျာ မျက်ကလဲဆန်ပျာ ဖြစ်လျက် ကျွန်ုပ်တော့်ထံ ရောက်လာစမြဲ။ ရောက်လာလျှင်ပင် စကားလုံးတွေ ပေါက်ပေါက်ဖောက်လျက် ခိုသတ္တဝါက လက်မြှောက် (အတောင်ပံမြှောက်) ရလောက် အောင် ညည်းတွားရစမြဲ။ သည်တော့လည်း စိတ်သောကတွေ ကင်းပျောက်ဖို့အရေး အကူအညီပေးလိုက်ရစမြဲ။

"အမယ်လေး... ငါ့မောင်ရယ်။ ဒီလိုသာ အရောင်းတွေ အေးနေရင် အစ်မတို့မိသားစု စကောရောင်းပြီး တောပြေးရ လိမ့်မယ် ထင်ပါရဲ့"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ ညည်းတွား ခြင်း ခြေဆင်းကို စလိုက်ပါချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ ဘာပစ္စည်းတွေ အရောင်းထိုင်းနေလို့လဲ အစ်မရဲ့"

"ပြောမပြောချင်တော့ပါဘူးကွယ်။ မြီးမြီးမြက်မြက် ကလေးစားရမလားလို့ အဝတ်အထည်တွေ ယူထားတာ တောင်ပုံရာပုံ ဖြစ်နေပြီ။ နို့ဆီတွေဆို အချဉ်ပေါက်မလားတောင် မသိဘူး။ နာရီတွေ၊ ထီးတွေ၊ ဖိနပ်တွေဆိုရင် နွေခေါင်ခေါင်မှာ ရေခဲတုံးတွေ ဖြစ်တော့မယ်။ ဟူး... သေသာသေလိုက်ချင် တော့တယ်။ အတိုးတွက်နဲ့တွက်ရင် သောက်သောက်လဲကို ရှုံးနေပြီ"

အစ်မပြောဆိုသော ပစ္စည်းများကား စနေနံနှင့် ပတ်သက်သော ပစ္စည်းများ ဖြစ်ကြ၏။

"ဒါထက် အစ်မပြောတဲ့ပစ္စည်းတွေ အမြန်ဆုံး အရောင်းထွက်သွားရင် ကျေနပ်မလား"

"အမယ်လေး... လေး။ ဘယ့်နှယ့်ပြောလိုက်တာလိမ့် ငါ့မောင်ရယ်။ အများကြီး ကျေနပ်၊ အားကြီးကို ကျေနပ်ပဲပေါ့။ ကူညီစမ်းပါကွယ်။ အားကိုးပါတယ် တကယ်... တကယ်"

သည်တော့လည်း စနေနံရောင်းကုန်တော့ အမြန်ထွက်သွားစေရေးအတွက် လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်အတိုင်း လေ့လာထားသည်တို့မှ အသုံးတည့်စေမည့် အစီရင်ခံစာလေး တစ်ခုကို ရှာဖွေလိုက်ရသည်။

"ကိုင်း... သေသေချာချာ မှတ်သွားနော်။ ဖလားတစ်လုံးထဲကို ပရုပ်လုံး (၉) လုံးထည့်ရမယ်။ ပြီးတာနဲ့ ရောင်းထွက်လိုတဲ့ စနေနံပစ္စည်းတွေကို (၉) ချက်တိတိ အလှက်အောင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ ဘာပစ္စည်းတွေ အရောင်းထိုင်းနေလို့လဲ အစ်မရဲ့"

"ပြောမပြောချင်တော့ပါဘူးကွယ်။ မြိုးမြိုးမြက်မြက် ကလေးစားရမလားလို့ အဝတ်အထည်တွေ ယူထားတာ တောင်ပုံ ရာပုံ ဖြစ်နေပြီ။ နို့ဆီတွေဆို အချဉ်ပေါက်မလားတောင် မသိဘူး။ နာရီတွေ၊ ထီးတွေ၊ ဖိနပ်တွေဆိုရင် နွေခေါင်ခေါင်မှာ ရေခဲတုံး တွေ ဖြစ်တော့မယ်။ ဟူး... သေသာသေလိုက်ချင် တော့တယ်။ အတိုးတွက်နဲ့တွက်ရင် သောက်သောက်လဲကို ရှုံးနေပြီ"

အစ်မပြောဆိုသော ပစ္စည်းများကား စနေနံနှင့် ပတ်သက်သော ပစ္စည်းများ ဖြစ်ကြ၏။

"ဒါထက် အစ်မပြောတဲ့ပစ္စည်းတွေ အမြန်ဆုံး အရောင်း ထွက်သွားရင် ကျေနပ်မလား"

"အမယ်လေး... လေး။ ဘယ့်နှယ့်ပြောလိုက်တာလိမ့် ငါ့မောင်ရယ်။ အများကြီး ကျေနပ်၊ အားကြီးကို ကျေနပ်ပဲပေါ့။ ကူညီစမ်းပါကွယ်။ အားကိုးပါတယ် တကယ်... တကယ်"

သည်တော့လည်း စနေနံရောင်းကုန်တော့ အမြန်ထွက် သွားစေရေးအတွက် လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်အတိုင်း လေ့လာထားသည်တို့မှ အသုံးတည့်စေမည့် အစီရင်ခံစာလေး တစ်ခုကို ရှာဖွေလိုက်ရသည်။

"ကိုင်း... သေသေချာချာ မှတ်သွားနော်။ ဖလားတစ်လုံး ထဲကို ပရုပ်လုံး (၉) လုံးထည့်ရမယ်။ ပြီးတာနဲ့ ရောင်းထွက် လိုတဲ့ စနေနံပစ္စည်းတွေကို (၉) ချက်တိတိ အသက်အောင့်ပြီး



ရိုက်ပေး။ နောက်... အမြန်ဆုံး အရောင်းထွက်ပါစေ။ အမြန်ဆုံး အရောင်းထွက်ပါစေ" လို့ နှစ်နှစ်ကာကာ ဆုတောင်းပေတော့။ ဟုတ်ပလား"

"ဟုတ်ပါပြီ ငါ့မောင်ရယ်။ အစ်မ အိမ်ပြန်ရောက်တာ နဲ့ ငါ့မောင်ပြောတဲ့အတိုင်း သေသေချာချာကိုလုပ်မယ် သိလား"

သို့ဖြင့် အစ်မဖြစ်သူလည်း ဝမ်းသာအားရ သွက်လက် ပေါ့ပါးစွာ ပြန်သွားပါလေ၏။

သိပ်မကြာလိုက်။

ခရီးကြုံသည့်တစ်ရက် အစ်မဖြစ်သူ၏ စတိုးဆိုင်လေးသို့ ဝင်သွားခဲ့လေရာ ကျွန်ုပ်အဖို့ အစ်မ၏ သော်တာငွေလ၊ ရွှင်ပျပျ မျက်နှာကြီးကို ဘွားခနဲ တွေ့လိုက်ရပေ၏။

"သိပ်ကျေးဇူးတင်ပါတယ် ငါ့မောင်ရယ်။ မင်းပေးတဲ့ ယတြာက သိပ်စွမ်းတာပဲ။ ခုဆို စနေနံပစ္စည်းမှန်သမျှ တက် တက်ကို ပြောင်းသွားပါရောလား။ ကိုင်း... ရောက်တုန်း ရောက်ခိုက် ထမင်းစားပြီးမှ ပြန်နော်"

သည်သို့သော လောကွတ်စကားဖြင့်ပင် ကျွန်ုပ်အဖို့ ဝမ်းသာပီတိ ဝွမ်းဆီ ထိရပါတော့သတည်း။

□

www.burmeseclassic.com

## ဒီယကြာနှင့် ကံဖွင့်ပါ

ကံမရှိ ဉာဏ်ရှိတိုင်းမွဲလေရော့သလားမသိ။

ဘာပဲလုပ်လုပ် ဘာပဲကိုင်ကိုင် အဆင်က မပြေ။ အဆင်မပြေတော့ စီးပွားရေးကကျ။ အိမ်တွင်းရေးမှာလည်း ဆူဆူပူပူနှင့်။

အေးအေးချမ်းချမ်းမရှိတော့ အိမ်ထောင်ဦးစီးဖြစ်သူ အိမ်ခေါင်မိုးမှ သည်လိုမျိုး အခြေအနေ ဆိုးလာလေသောအခါ အိမ်ဂေဟာသည် သီရိကျက်သရေ ယိုယွင်းလာခဲ့ရတော့သည်။

တော်တော့ တော်ပါသေး၏။ သည်လောက် ကံတွေပိတ်နေရသလားဟူ၍ အရွဲ့တိုက်စိတ်ဝင်ကာ မှုတ်သည့် ထွက်ပေါက်ရှာလျှင်ဖြင့် တစ်ပူပေါ် နောက်ထပ်တစ်ပူမက နောက်ဆက်တွဲ အပူပေါင်းများစွာ ဆင့်လာထပ်လာဦးမှာ သေချာသည်။

"သိပ်လည်း မပူပါနဲ့၊ ကိုကြည်သိန်းရယ် ဒီအချိန် အခါကျရင် ဒီလိုပဲ ခံရလိမ့်မယ်လို့ အတိတ်ကဝင့်ကြွေးက ဒဏ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲသည်ဒဏ်ကို တင်းခံနိုင်ရမယ်လို့ သဘောထားတတ်ရင် ဖြေသာလို့ ရပါလိမ့်မယ်။

အဲသည်ကာလမှာ နိမ့်ကျဆိုးရွားနေတဲ့ ကိုယ့်ကံကို ကိုယ်ပြန်ပြီး ပြင်ပေါ့ဗျာ၊ မကောင်းတဲ့ကံ ပိတ်နေတဲ့ကံကို ကောင်းလာအောင် ပွင့်လာအောင် လုပ်နိုင်တာကတော့ ရတနာသုံးပါးနဲ့ စပ်လျဉ်းတဲ့ ကုသိုလ်ကောင်းမှုတွေပဲပေါ့ ကိုကြည်သိန်း"

မိတ်ဆွေရင်းချာတွေ ဖြစ်နေတော့လည်း လက်၏ စောင်မခြင်းမျိုး မရှိနိုင်တောင်မှ နှုတ်၏ စောင်မခြင်းမျိုးတော့ ရှိရမည်သာပင်။ အထူးသဖြင့် စိတ်ဓာတ်မကျအောင် အားပေးရမည်။ စိတ်ဓာတ်ကျပြီဆိုလျှင် အရာရာသည် ကျဆင်းပြိုလဲဖို့သာပဲရှိတော့သည်လေ။

"ကျွန်တော်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ပါဘူးဗျာ။ ကူညီနိုင်မယ်ဆိုရင် ကူညီပါဦး"

"စိတ်ချပါ ကိုကြည်သိန်းရယ်၊ တစ်ယောက်နဲ့ တစ်ယောက်ဆိုတာက သူစိမ်းတွေမှ မဟုတ်ပဲ။ မိတ်ဆွေရင်းချာတွေပဲ မဟုတ်လား။ သည်တော့ ကျွန်တော့်ဆရာကြီးတစ်ယောက် ညွှန်ကြားပြသခဲ့ဖူးတဲ့ ကံဖွင့် ယတြာလေးတစ်ခုကို လုပ်ကြည့်စေချင်တယ်။ အင်မတန် ကုသိုလ်ရစေတဲ့ ယတြာပါပဲ"

"လုပ်မယ်ဗျာ လုပ်မယ်။ ကောင်းတဲ့အလုပ်လုပ်တာပဲ ဘယ်လိုလုပ်ရမယ်ဆိုတာသာပြော"

ဆိုသောအခါ ဆရာနှင့်ထိစပ်ခဲ့စဉ် ကာလတုန်းဆီက ဆရာကိုယ်တိုင် စီးပွားရေးကျဆင်းနေသူ ကံပိတ်နေသူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အား ဖွင့်ပေးသော ယတြာလေးကို ပြန်စဉ်းစားရပါသည်။ သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားလိုက်ရ။

"လုပ်ရမှာက သိပ်ခဲခဲယဉ်းယဉ်း မဟုတ်သလို ငွေကုန်ကြေးကျလည်း မများပါဘူး။ ခင်ဗျားအိမ်က ဘုရားကျောင်းဆောင်ပေါ်မှာ သောက်တော်ရေ၊ ဖယောင်းတိုင်၊ သစ်သီးဆွမ်းတွေကို စီစဉ်ထားပါ။ သပြေညွန့် အနာအဆာလွတ် (၁၈) ခက်ကိုလည်း အောင်အိုးထဲထည့်ပြီး ဆက်ကပ်လှူထားပါ"

"ကောင်းပါပြီ၊ နောက်ကော ဘာတွေ ဆက်လုပ်ရဦးမလဲ"

"ကျွန်တော်ပြောတာတွေ လုပ်ပြီးရင် ရှင်သီဝလိကိုယ်တော်မြတ်အတွက် သောက်တော်ရေ၊ ဖယောင်းတိုင်နဲ့ အမွှေးတိုင်တွေကို ဘုရားစင်ရဲ့ လက်ယာဘက်မှာ တင်ထားဆက်ကပ်ပေးပါ။ နောက် ရှင်ဥပဂုတ္တကိုယ်တော်အတွက်လည်း သောက်တော်ရေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို ကျောင်းဆောင်ရဲ့ လက်ဝဲ ဘက်မှာ တင်ဆက်ကပ်လှူထားဖို့မမေ့နဲ့။ အားလုံးစီစဉ်ကပ်လှူ ပြီးပြီဆိုရင်ဖြင့် ခင်ဗျားရဲ့ မွေးနေ့မနက် ရောက်လာလေတိုင်း မပျက်မကွက်ဘဲ ဘုရားရှင်တော်၊ ရှင်သီဝလိကိုယ်တော်၊ ရှင်ဥပဂုတ္တကိုယ်တော် စတာတွေကို ဆွမ်းခဲဖွယ်ဘောဇဉ်တွေနဲ့ ဆွမ်းကပ်ပါ။ နတ်ကောင်း နတ်မြတ်တွေနဲ့ သူတော်ကောင်း သူမြတ်တွေကို မေတ္တာပို့ အမျှဝေပေးပါ။

အားလုံးကို ကပ်လှူ ပူဇော်ပြီးတဲ့အခါ သတ်မှတ်ချိန်ကျော်ပြီး မွန်းလွဲပြီဆိုတာနဲ့ ဘုရားရှင်ကပ်တဲ့ဆွမ်းပွဲကို အလှူခံ

www.burmeseclassic.com



ပုဂ္ဂိုလ်ဟာစိဉ်းဦးကို လှူဒါန်းလိုက်ပါ။ ကျန်နှစ်ပွဲကိုတော့ လှူဒါန်းသူ ကာယကံရှင်ကိုယ်တိုင် စားသောက်ပြီးရင် ပိုလျှံတာကို တိရစ္ဆာန်တွေ စွန့်ကြဲလိုက်ပါ။ အဲသည်မှာ တစ်ခုအဓိဋ္ဌာန်ထားရမှာက ကိုယ်ရှာဖွေလို့ ရလာတဲ့ အမြတ်ကြေးငွေတွေထဲက ဆယ်ရာခိုင်နှုန်းကို လစဉ်ဖယ်ရှားသွားပြီး လှူရေးတန်းရေးမှာ အသုံးချပါ။ ပိတ်နေတဲ့ ကံတွေပွင့်သွားပြီး ထူးကဲတဲ့ အကျိုး အာနိသင်တွေ ခံစားရပါလိမ့်မယ်"

"ကျေးဇူးပဲဗျာ ယုံယုံကြည်ကြည်နဲ့ကို လုပ်မယ်"

အမှန်တကယ်လည်း ကုသိုလ်ကံ အကြောင်းမလှ ဖြစ်နေသောကြောင့် စာရေးသူ လမ်းညွှန်သည့်အတိုင်း လေးနက်ယုံကြည်စွာ လုပ်ဆောင်ခဲ့ပါ၏။ အကြောင်းတိုက်ဆိုင်၍လော မပြောတတ်။ ရပ်ဆိုင်းနေသော အလုပ်များမှာ ပြန်လည်၍ လည်ပတ်နိုင်ခဲ့ပြီး အောင်ဘာလေသိန်းတံစ်ရာတိတိ မမျှော်လင့်ဘဲ ထ၍ ပေါက်လေရာ ပိတ်နေသောကံတွေ ပွင့်လာပြီဟုသာ ဆိုဖို့ ရှိပါတော့၏။

နည်းလမ်းမသိ၍သာ။ သိပြီဆိုသည့်အခါ လေးနက်ယုံကြည်စွာ လုပ်ဆောင်သူတွေအတွက် အောင်မြင်တိုးတက်မှုများသည် အနီးကပ်ရှိနေခဲ့ပြီ မဟုတ်ပါလား။

□

www.burmeseclassic.com

www.burmeseclassic.com

## နံ့သင့်အပင်မှာ ဆုတောင်းပါ

လူတိုင်း ကြုံဖူးကြမည် ထင်ပါသည်။

မိမိတို့နှင့် တွေ့ထိဆက်ဆံနေရသော လူကြီးသူမတို့၏ အထင်လွဲ အမြင်လွဲမှုမျိုးကို ဆိုလိုခြင်း ဖြစ်ပါသည်။ မိမိမှ ရိုးသားဖြူစင်စွာ ပြုမူလုပ်ကိုင်ပြောဆိုခဲ့ပါလျက် အခြေအနေ အကြောင်းတစ်ရပ်ရပ်၏ ကြားခံမှုကြောင့် ကိုယ့်အထက်အရာရှိ လူကြီးသူမတို့၏ အထင်လွဲမှု၊ အမြင်လွဲမှုကို ခံစားရခြင်းသည် စိတ်မသက်သာဖွယ် ကောင်းလှပါဘိ။ အဖြစ်မှန် မပေါ်ပေါက်လေ ငြိုငြင်မှုတွေ ပိုကဲလာလေ၊ စိတ်ဆင်းရဲစရာ ပိုကောင်းလာလေပင်ဖြစ်ပါသည်။ ထိုရောအခါဝယ် အခြေအနေမှန် ပေါ်ပေါက်လည်း တစ်ဖက်တစ်လမ်းမှနေ၍ အကူအထောက်ပေးနိုင်သည့် နည်းလမ်းကလေးကို သွား၍ သတိရပါသည်။

ထိုနည်းလမ်းကလေးမှာ ပဋ္ဌာန်းပွတ်အခါ၌ ပဋ္ဌာန်းအရပ်တွင်ရှိသော နံ့ပင်အား ဆပွတ်နေ့သားက ကိုယ်ဖြားဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးစေလိုသည့်နည်းပင် ဖြစ်ပါသည်။ နေ့သားတစ်ဦးချင်းအလိုက် တင်ပြပါမည်။

**၁။ တနင်္ဂနွေသားသမီးများအနေဖြင့်**

ပဉ္စပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီ အတွင်း ဆပွတ်အရပ်ဖြစ်သည့် မြောက်အရပ်၌ နံသင့် အပင်ဖြစ်သော အုန်းပင် (ဝါ) အပင်၌ ဆပွတ်နေ့သား ဖြစ်သည့် သောကြာနေ့သားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၂။ တနင်္လာသားသမီးများအနေဖြင့်**

ပဉ္စပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အနောက်တောင်အရပ်၌ နံသင့်အပင်ဖြစ်သော ကွမ်းပင် (ဝါ) ကြံပင် (ဝါ) ကံ့ကော်ပင်၌ ဆပွတ်နေ့သားဖြစ်သည့် စနေနေ့သားက ကိုယ်စားဆုတောင်း ပေးရပါမည်။

**၃။ အင်္ဂါသားသမီးများအနေဖြင့်**

ပဉ္စပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့မြောက်အရပ်၌ နံသင့် အပင်ဖြစ်သော ဆီးပင်၊ ဖွန်ပင်၌ ဆပွတ်နေ့သားဖြစ်သည့် တနင်္ဂနွေနေ့သားက ကိုယ်စားဆုတောင်းပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



### ၄။ ဗုဒ္ဓဟူးသားသမီးများအနေဖြင့်

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့အရပ်၌ နံသင့်အပင် ဖြစ်သော ရှောက်ပင် (ဝါ) ရဲယိုပင် (ဝါ) ရွက်လှပင်၌ ဆပွတ် နေ့သားဖြစ်သည့် တနင်္လာသားက ကိုယ်စားဆုတောင်းပေးရ ပါမည်။

### ၅။ ကြာသပတေးသားသမီးများအနေဖြင့်

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့တောင်အရပ်၌ နံသင့် အပင်ဖြစ်သော ပဲပင် (ဝါ) ပေါက်ပင် (ဝါ) ပြောင်းဖူးပင်(ဝါ) ပေါက်ပန်းဖြူပင်၌ ဆပွတ်နေ့သားဖြစ်သည့် အင်္ဂါသားက ကိုယ်စားဆုတောင်းပေးရပါမည်။

### ၆။ သောကြာသားသမီးများအနေဖြင့်

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် တောင်ဘက်အရပ်၌ နံသင့် အပင်ဖြစ်သော သီးပင်၌ ဆပွတ်နေ့သားဖြစ်သည့် ဗုဒ္ဓဟူးသားက ကိုယ်စားဆုတောင်းပေးရပါမည်။

### ၇။ စနေသားသမီးများအနေဖြင့်

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁:၃၀ နာရီမှ ၃:၀၀

www.burmeseclassic.com

www.burmeseclassic.com



နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အနောက်တောင်အရပ်၌ နံသင့်အပင်ဖြစ်သော ထန်းပင် (ဝါ) ဒန်းပင် (ဝါ) နှောပင်(ဝါ) တည်ပင်(ဝါ)ဒေါနပင်၌ ဆပွတ်နေ့သားဖြစ်သည့် ကြာသပတေး သားက ကိုယ်စားဆုတောင်းပေးရပါမည်။

ထိုသို့ တိကျသေချာစွာ လုပ်ဆောင်ပြီး နံသင့်အပင်၌ ဆုတောင်းပေးပါက အထက်လူကြီးသူမများက သံသယဖြစ်မှု၊ ငြိုငြင်မှု၊ အပြစ်တင်မှုတို့ ကင်းစင်လျက် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကာ လိုရာဆန္ဒမှန်သမျှ ပြည့်ဝနိုင်ပါစေ ကြောင်း တင်ပြလိုက်ရပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## နေ့အလိုက် အောင်မြင်စေသောအရောင်များ

ကျွန်ုပ်၏ ဘဝခရီးတစ်လျှောက်၌ ဘာဝလုပ်လုပ် အလွဲလွဲ အချော်ချော် ဖြစ်နေသူတို့ကို တွေ့ဖူး၏။ ၎င်းတို့သည် ထင်သာ ထင် မဝင်ဘူး ကျောင်းအစ်မရေဟု ဆိုရမည့် လူစားမျိုးလည်း ဖြစ်ကြချေ၏။

အချို့သည် အလုပ်တစ်ခုကို ဖွဲ၊ ဝီရိယ၊ လုံ့လဥဿဟ ထုတ်၍ လုပ်ကိုင်ကြပါ၏။ သို့သော် လျင်မြန်စွာ ပြီးစီးချိန် ရောက်လင့်ကစား ရောက်ရှိ၍မလာ။ လွဲချော်မှုတွေ ရှိနေကြပါ ၏။ တချို့ လုပ်ငန်းကိစ္စတစ်ခုခု ကျိန်းသေပေါက် အောင်မြင် မည်ဟု တွက်ဆနိုင်ပါလျက် တကယ့်နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင် ကြုံတွေ့ရသောအခါ အံတွေလွဲကာ ဘေးတွေချော်ကုန်ကြသည်။ သို့ဆိုလျှင် အလုပ်လုပ်ရာ၌ လျင်မြန်စွာ ပြီးစီးရုံမျှမက လုပ်ငန်း နှင့် ပတ်သက်၍ အောင်မြင်မှုရရှိစေရန် လောကီပညာရပ်များ က ထောက်ကူပေးနိုင်မှု ရှိပါသလောဟု အမေးရှိလာဖြာအံ့။ ကျွန်ုပ်အနေဖြင့် အမှန်တကယ်ရှိပါကြောင်း ရဲရဲကြီး အဖြေပေး လိုက်မည်သာ ဖြစ်ပါသည်။ သည့်အတွက် အလုပ်လုပ်ရာတွင် လျင်မြန်စွာ ပြီးစီးမှုရရှိစေရန် လုပ်ငန်းအောင်မြင်မှုရှိစေဖို့ နေ့ အလိုက် အချိန်နာရီကန့်လျက် ဆောင်ရမည့် အရောင်တို့ကို ဖော်ပြလိုက်ပါသည်။ သိသူတိုင်း ဖော်စားနိုင်ကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



| နေ့ | ဝတ်ဆင်ဆောင်ယူရမည့်အချိန် | ဝတ်ဆင်ဆောင်ယူရမည့် အရောင်များ |
| --- | --- | --- |
| တနင်္ဂနွေ | နံနက်(၇:၃၀)နာရီမှ (၉:၀၀) နာရီအတွင်း | နက်ပြာ၊ မီးခိုး၊ အညို၊ လိမ္မော်၊ အဝါ |
| တနင်္လာ | နေ့လယ်(၁:၃၀)နာရီမှ (၃:၀၀) နာရီအတွင်း | အဖြူ၊ နံ့သာ၊ ပန်းရောင်၊ ခရမ်း |
| အင်္ဂါ | နံနက်(၉:၀၀)နာရီမှ နေ့လယ်(၁၀:၃၀) နာရီအတွင်း | အနီရဲရဲ၊ နီညိုရောင် အမဲ၊ ချောကလက် |
| ဗုဒ္ဓဟူး | ညနေ(၃:၀၀)နာရီမှ | ဆင်စွယ်ရောင်၊ မိုးပြာရောင် |
| ကြာသပတေး | နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀) နာရီအတွင်း | အုတ်ကျိုးရောင်၊ အဖြူ၊ ကြေးနီ |
| သောကြာ | နံနက်(၆:၀၀)နာရီမှ (၇:၀၀)နာရီအတွင်း | အစိမ်း၊ အဝါ လိမ္မော် |
| စနေ | မွန်းတည့်(၁၂:၀၀) နာရီမှ မွန်းလွဲ (၁:၃၀)နာရီအတွင်း | သနပ်ခါးရောင် အဝါရင့်၊ အစိမ်းရင့် |



www.burmeseclassic.com

www.burmeseclassic.com

## နိမိတ်ပြမည့် ဖယောင်းတိုင်

စိတ်ထဲမှာ အကြံအစည်တွေက ရှိနေသည်။ လုပ်စရာ၊ ကိုင်စရာ၊ ဆောင်ရွက်စရာတွေက တစ်ပုံတစ်ပင်။ ထိုအကြံအစည်တွေ အကောင်အထည် ဖော်နိုင်ပါ့မလား။ လုပ်စရာ ကိုင်စရာ ဆောင်ရွက်စရာတွေ အဆင်ပြေချောမွေ့ပါမလား အစရှိသဖြင့် စိတ်တထင့်ထင့်ဖြစ်နေပါက နိမိတ်ပြ ဖယောင်းတိုင်ကို ထွန်းညှိ ၍ အဖြေရှာကြည့်စေလိုပါသည်။ ဂမ္ဘီရဆန်သော အစီအမံတစ်ခု ဖြစ်ပါ၏။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဆိုလျှင် ဘာလုပ်လုပ် ဘာကိုင်ကိုင် ဘာကြံစည်ကြံစည် အမိဋ္ဌာန်အဖြစ် ဖယောင်းတိုင်ထွန်းကာ နိမိတ်ဖတ်လေ့ရှိပါသည်။ ဤတွင် ရှေ့ဆက်သင့်လျှင် ရှေ့ဆက်၍ နောက်ဆုတ်သင့်လျှင် နောက်ဆုတ်ပါသည်။ ထိုအခါဝယ် ဆုံးရှုံးနစ်နာမှုများ ကင်းပလျက် အောင်မြင်တိုးတက်မှုများ ရရှိနေခဲ့သည်မှာ ကိုယ်တွေ့မျက်မြင် ဖြစ်ပါ၍ စာရှုသူတို့ လေ့လာသုံးသပ် ဆုံးဖြတ်နိုင်အောင် တင်ပြလိုက်ပါသည်။

"ပထမဦးဆုံး ဘုရားကျောင်းဆောင်ရှေ့ကို ကိုယ်လက်သန့်စင် သန့်ပြန့်တဲ့ အဝတ်အစားတွေ ဝတ်ဆင်ပြီး သွားရမယ်။

www.burmeseclassic.com



ဘုရားကျောင်းဆောင်ရှေ့မှာ ရှိရှိသေသေ ထိုင်လို့ ဘုရားဝတ်ပြု ကန်တော့ပြီးရင် ငါးပါးသီလကို လေးလေးနက်နက် ခံယူရမယ်။ ပြီးပြီဆိုရင် ကျောင်းဆောင်က မီးတိုင်ခွက်မှာ ဖယောင်းတိုင် သုံးတိုင်ကို မီးညှိပူဇော်ပေးရော့ဗျို့"

"ဖယောင်းတိုင်က အရောင်ရွေးသေးလား"

"အင်း...ဖယောင်းတိုင်ရဲ့အရောင်ဟာ အနီ ဒါမှမဟုတ် အဝါရောင်ဆိုရင်တော့ ပိုကောင်းပေသပေါ့ဗျာ။ အဲသည်လို တစ်ခုခုနဲ့ အဆင်ပြေလို့ ထွန်းညှိပူဇော်ပြီးတဲ့အခါ အခုလုပ်ကိုင် မယ့် အလုပ်ကိစ္စနဲ့ ပတ်သက်လို့ အောင်မြင်မှုရနိုင်မရနိုင်ကို နိမိတ်မှန် ပြသပေးပါလို့ ဆုတောင်းရမယ်ပေါ့"

"ဘယ်လိုမျိုး နိမိတ်တွေပြသလဲ။ ကောက်ချက်ကိုကော ဘယ်လိုဆွဲရသလဲ ဆိုတာကို ရှင်းပြပေးပါဦး"

မိတ်ဆွေတွေက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဤသို့ လုပ်ဆောင်ရသော ကိစ္စသည် ဘာမျှ မခက်ခဲ။ ဖြစ်ပေါ်လာသည့် ဖယောင်းတိုင်၏ အရိပ်အခြည်ကို ကြည့်၍ နိမိတ်ကောက်တတ် ဖို့ အရေးကြီးပါသည်။ မိတ်ဆွေကောက်ယူသော နိမိတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဖယောင်းတိုင်သည် မီးညွန့် တလူလူတက်နေရာမှ ဖယောင်းနှင့်မီးစာ ကုန်စင်စွာ လောင်မြိုက်ပြီးမှ မီးငြိမ်း သွားခဲ့ပါလျှင် ကြံစည်သမျှ အောင်မြင်ပါလိမ့်မည်။ လုပ် သမျှ အောင်မြင်ပါလိမ့်မည်။

၂။ ဖယောင်းတိုင်မီးသည် လောင်ချင်သလို မလောင်ချင်

www.burmeseclassic.com

www.burmeseclassic.com



သလိုလို အနေအထားမျိုး ပြနေပါလျှင် အကြံအစည် များ ထစ်ငေါ့ ပါလိမ့်မည်။ အလုပ်အကိုင်၌ အနှောင့် အယှက်များ ကြုံလာတတ်သည်။ သတိထား၍ အကောင် အထည်ဖော်ပါ။

၃။ ဖယောင်းတိုင်မီးသည် ကနဦး၌ မလောင်ချင်သလို ဖြစ် နေပြီး နောက်ဆုံး အသားကျကာ လောင်သွားပါမူ ဦးစွာ အနှောင့်အယှက်နှင့် ကြုံပြီးမှ နောက်ဆုံးတွင် အောင်မြင် မှု ရရှိတတ်ပါသည်။

၄။ ဖယောင်းတိုင်မီးသည် လင်းလက်တောက်ပနေရာမှ ရုတ် ခြည်းငြိမ်းသွားပါက အကြံအစည်များ အထမမြောက် တော့ပါ။ လုပ်ငန်းကိုင်ငန်းများ မအောင်မြင်တတ်ပါ။

၅။ ဖယောင်းတိုင်မီးသည် ကုန်သွားသော်လည်း ဖယောင်း စက်များ တင်ကျန်နေသေးပါက အလုပ်အကိုင် အကြံ အစည်များ ချောပြေမှု မရှိတတ်ပါ။

၆။ ဖယောင်းတိုင်မီးသည် ဖြည်းဖြည်းချင်း လောင်မြိုက်ပြီး ဖယောင်းစက်တွေ ကျန်နေသေးပါက အလုပ်အကိုင်များ ရုတ်ခြည်းဖြစ်မလာတတ်သေးပါ။ စိတ်ရှည်သည်းခံဖို့ လို အပ်ပါလိမ့်မည်။

၇။ ဖယောင်းတိုင်မီးသည် ရုတ်တရက်လဲကျသွားပြီး ရုတ် ခြည်းမီးငြိမ်းသွားသည်ဆိုပါက အလုပ်အကိုင် အကြံ အစည်များ ပျက်ပြားသွားပြီဟု ယူဆလိုက်ပါ။

၈။ လောင်မြိုက်နေသော ဖယောင်းတိုင်မီးသည် ဖယောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းကိုသာ လောင်မြိုက်ပြီး တစ်ခြမ်းကျန်လပ်နေပါက လုပ်ငန်းခွင်၌ အန္တရာယ်ပေးမည့် ရန်သူများ ရှိနေသည့် သဘောဖြစ်ပါသည်။

၉။ ဖယောင်းတိုင်ထွန်းနေရင်းမှ တဖျစ်ဖျစ်နှင့် အသံများမြည်လာပါက လုပ်ငန်းလုပ်ကိုင်နေရာမှ စိတ်ဓာတ်ကျစရာ အကြောင်းကိစ္စများ ပေါ်လာတတ်ပြီး လုပ်ငန်းကိုလည်း ရုတ်ခြည်းရပ်ဆိုင်း ပစ်ရတတ်ပါသည်။

၁၀။ ဖယောင်းတိုင်မှ ဖယောင်းရည်များ အိုင်ထွန်းစီးဆင်းလာပါက လုပ်ကိုင်နေရသောအလုပ်သည် အကျိုးရှိမှုထက် အကျိုးမဲ့မှုက ပိုမိုများတတ်ပါသည်။ သတိပြုဆင်ခြင်ရပါမည်။

"အဲသည့် နိမိတ်လက္ခဏာတွေကို သတိပြုပြီး အလုပ်အကိုင်အကြံအစည်တွေ အကောင်အထည် ဖော်သင့် မဖော်သင့် ဆုံးဖြတ်ပေါ့။ သေသေချာချာ အမိဋ္ဌာန်ဝင်ပြီး လုပ်ဆောင်ရင် မှန်ကန်တိကျတာ ကြုံရပါလိမ့်မည်။ အပျော်သဘောနဲ့တော့ မလုပ်ဆောင်စေချင်တာ အမှန်ပဲ"

မိတ်ဆွေက ၎င်း၏ ရင်းတွင်းရှိသမျှကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခဲ့ပါ၏။ စာရှုသူတို့အနေဖြင့် အသိတမံ ဉာဏ်မြေကတုတ်၊ ချွန်းကဲ့သို့အုပ်လျက် လောကီအကျိုးအတွက် ဆောင်ရွက်နိုင်ကြပါစေသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## ပြန်လည် ဆုံစည်းကြပါစေသတည်း

မိတ်ဆွေသင်္ဂဟအချို့က မိမိအား ဟောခန်းဖွင့်ဖို့ တိုက်တွန်းကြသည်။ သို့ရာတွင် ဆန္ဒမရှိသည်မို့ ဟောခန်းမဖွင့်ဖြစ်ခဲ့ချေ။ သို့တိုင်အောင် ရောက်လေရာနေရာတိုင်း၌ ဟောဖို့ပြောဖို့ကိစ္စတွေက ဘယ်ကဘယ်လို ဆိုက်ရောက်လာလေသည်မသိ။ ဟောရ ပြောရပြန်တော့သည်။ အများအားဖြင့် မိမိထံ ရောက်ရှိလာကြသူ ရာခိုင်နှုန်းကိုးဆယ်ကျော်သည် အပူသည်တွေချည်းဖြစ်ကြသည်။ ၎င်းတို့၏အပူသည် မိမိအား လာရောက်၍ ဟပ်ကုန်၏။ ကိစ္စမရှိ။ အများအကျိုးဆောင်ရသည့်ကိစ္စပေမို့ မိမိခံနိုင်ရည်ရှိပါသည်။

ယခုလည်း မိမိထံမှောက်သို့ အရွယ်ကောင်းကောင်းနှင့် ကြည့်ပျော်ရှုပျော်ရှိလှစွာသော သမီးငယ်တစ်ယောက်သည် မိမိ၏ တူမငယ်အဆက်အသွယ်ဖြင့် ရောက်ရှိလာလေသည်။

"သမီးနာမည်က မွန်မွန်မြင့်လို့ ခေါ်ပါတယ် အဘ။ သမီး တွေ့ကြုံရတဲ့အခက်အခဲလေးကို တင်ပြပြီး အဘဆီက အကူအညီလိုချင်ပါတယ်။ သမီးကို ကူညီပေးပါအဘရယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ရိုးသားပွင့်လင်းစွာဖြင့်ပင် စကားလမ်းခင်းသည်။ မိမိအဖို့ ဒုက္ခရောက်သူတိုင်းအပေါ် တတ်နိုင်သရွေ့ ကူညီစောင့်ရှောက်လိုရကား သူမ၏အလိုဆန္ဒအား ခေါင်းတညိတ်ညိတ် လုပ်နေမိတော့သည်။

"ကိုင်း... အဘ ဘာများကူညီပေးရမယ်ဆိုတာကို ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့ သမီး။ လောကမှာ အနာသိရင် ဆေးဆိုတာ ရှိပါတယ်။"

"ဟုတ်ကဲ့ အဘ။ သမီးမှာ ချစ်သူတစ်ယောက်ရှိပါတယ်။ ကိုသိုက်တဲ့။ အရပ်ကလေး အနည်းငယ်ပုပြီး ဗိုက်ရွဲတာလေးကလွဲလို့ ယောကျ်ားပီသ လုပချောမောတဲ့သူတစ်ဦးပါ။ သမီးကလည်း သူ့ကိုချစ်သလို သူကလည်း သမီးအပေါ် သိပ်ချစ်တယ်ဆိုတာ သမီးယုံကြည်ပါတယ်။ သမီးတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကိုလည်း နှစ်ဖက်မိဘဆွေမျိုးသားချင်းတွေ အားလုံးသိကြပါတယ်။ ဘယ်သူကမှလည်း ကန့်ကွက်တာ မရှိပါဘူး။

ပြီးတော့ လာမယ့်နှစ်ထဲမှာ လက်ထပ်ကြဖို့လည်း ရည်ရွယ်ထားပါတယ်။ သည့်အတွက် ကိုသိုက်ဟာ လက်ထပ်ပြီးတဲ့အခါ ပူပင်ကြောင့်ကြမှုမရှိရလေအောင် စီးပွားရှာမယ်ဆိုပြီး သူ့ဇာတိသထုံကို ပြန်သွားတာ သုံးလေးလကြာပြီအဘ။ သွားစတုန်းက သမီးဆီ စာအဆက်အသွယ်တွေ ဘာတွေလုပ်ပါသေးတယ်။ နောက်ပိုင်းကျတော့ သူ့သတင်းတွေ မြုပ်သွားတယ်။ သမီးဆီလည်း စာအဆက်အသွယ် မလုပ်တော့ဘူး။ လူကြုံနဲ့ စုံစမ်းကြည့်တော့ ကနဦး သထုံမှာ ရှိတယ်ဆိုတာ ဟုတ်တယ်။

www.burmeseclassic.com



နောက် ပျောက်သွားတယ်တဲ့။ အဲသည်အတွက် သမီးမှာ မစားနိုင် မအိပ်နိုင်နဲ့ စိတ်သောကရောက်ရပါတယ် အဘရယ်။ ဒီတော့ ကိုသိုက်နဲ့ ပြန်လည်ဆုံစည်းနိုင်ရေးအတွက် နည်းလမ်းကောင်း ကလေးများ မစပေးပါအဘရယ်... နော်"

မွှန်မွှန်မြင့်ဆိုသော သည်မိန်းကလေးကား အချစ်နတ်၏ ဖမ်းစားခြင်းကို ခံစားနေရ၍ထင့်။ မျက်နှာအသွင်အပြင်က ပူပုံ ဖမ်းလျက် ရှိလေသည်။

"သိပ်တော့လည်း သောကမရောက်မနေပါနဲ့ သမီးရယ်။ ကွဲကွာနေရတဲ့ ချစ်သူနဲ့ ပြန်လည်ဆုံစည်းနိုင်စေကြောင်း နည်း လမ်းကောင်းတွေ ရှိပါတယ်။ သမီးချစ်သူရဲ့ နာမည်က ကိုသိုက် ဆိုတော့ သောကြာသားများ ဖြစ်နေမလားမသိဘူး"

"ဟုတ်ပါတယ် အဘ။ ကိုသိုက်က သောကြာသားပါ။ နာမည်အရင်းက ထွန်းသိုက်တင်ပါ အဘ"

"ဟုတ်ပါပြီကွယ်။ ကိုင်း... လုပ်ရမယ့်နည်းလမ်းကလေး ကို အဘပြောပြမယ်။ သေသေချာချာ မှတ်။ ယုံယုံကြည်ကြည် လုပ်။ ဟုတ်ပလား"

"ဟုတ်ကဲ့... အဘ"

"အိမ်း... လုပ်ရမှာကတော့ အတာအိုး (ဒါမှမဟုတ်) ပန်းအိုးတစ်လုံးကို ဝယ်ရမယ်။ သမီးက သမီးချစ်သူ သောကြာ သား ကိုသိုက်ကို ပြန်လည်တွေ့ဆုံချင်တယ်ဆိုတော့ ဗုဒ္ဓဟူးသမီး တစ်ယောက်ကို ရှာဖွေအကူအညီတောင်းပြီး အတာအိုး (ဒါမှ မဟုတ်) ပန်းအိုးထဲကို သီဟိုဠ်ညွှန့် (၂၁) ညွှန့်ကို ထိုးစိုက်ပါ။

www.burmeseclassic.com



ပြီးရင် ဘုရားကို လှူပေါ့ကွယ်။ လှူရင်းနဲ့လည်း ကိုယ်ဖြစ်ချင်တာ ဆုတောင်းချေ။

အဲသည်ပန်းအိုးကို လှူပြီးတာနဲ့ သွားကိုင်တာမျိုး၊ သွားထိတာမျိုး မလုပ်ရဘူး။ နောက် ပန်းအိုးကို (၂၅) ရက်တိတိ ပကတိအတိုင်း ထားရမယ်။ မပစ်ရ၊ မကိုင်ရ၊ မထိရသလို ရေတောင်မှ လဲမပေးရဘူး။ အေး (၂၅) ရက် ပြည့်မြောက်ပြီး သွားပြီဆိုတဲ့ နေ့ကျတော့မှ အဲသည်ပန်းအိုးကို ရေစီးနေတဲ့ ချောင်းထဲဖြစ်စေ မြစ်ထဲဖြစ်စေ စွန့်ပစ်လိုက်ပေတော့"

"ဟုတ်ကဲ့... အဘ"

မိန်းကလေးကား တလေးတစားပင် မှတ်သားသွားခဲ့ပြီး ပြန်သွားလေတော့သည်။ သည့်နောက်ပိုင်း မိမိလည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ ထိုကိစ္စကို မေ့ပျောက်နေခဲ့သည်။ ဤဒြ နှစ်လကျော်ကာလ၏ ရက်တစ်ရက်၌ မိန်းကလေးနှင့်အတူ ယောကျ်ားပျိုတစ်ဦး ပါလာခဲ့လေသည်။

"အဘ...ဒါ သမီးရဲ့ချစ်သူ ကိုသိုက်ဆိုတာလေ မနေ့ကပဲ ပြန်ရောက်လာတယ်။ ရမည်းသင်းဘက်မှာ ရွှေရှာနေတာတဲ့။ ခု အစစအရာရာအဆင်ပြေလို့ သမီးနဲ့လက်ထပ်ရအောင် ပြန်လာတာ။ အဘကျေးဇူးကို သတိရလို့ သမီးတို့ လာကန်တော့ကြတာ"

"အေးကွယ်... သာစု သာစုပါ။ ရာသက်ပန် ချစ်ချစ်ခင်ခင်နဲ့ ခရီးဆက်နိုင်ကြပါစေကွယ်"

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်များဖြင့် ကန်တော့ပြီးသည့်ကာလ မိန်းကလေးတို့ချစ်သူစုံတွဲလည်း ကြည်နူးချမ်းမြေ့စွာ ထွက်သွားကြလေသည်။ ဤသို့ ချစ်သူနှင့် ကွဲကွာနေသဖြင့် ပြန်လည်ဆုံစည်းလိုကြသူများ အောက်ပါအတိုင်း အညွန့်ကို ရွေး၍ ပန်းထိုးရမည့်သူကို ရွေးချယ်ကာ မိန်းကလေးလုပ်ဆောင်ခဲ့သည့် အတိုင်း လုပ်ဆောင်ကြည့်စေချင်ပါသည်။

(၁) တနင်္ဂနွေနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက ဒန့်ကျွဲညွန့် (၂၅) ညွန့်အား သောကြာသားသမီးကို ပန်းအိုး ထိုးခိုင်းပါ။

(၂) တနင်္လာနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက ဩဇာညွန့် (၁၄)ညွန့်အား စနေသမီးကို ပန်းအိုး ထိုးခိုင်းပါ။

(၃) အင်္ဂါနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက ခရေညွန့် (၃၂) ညွန့်အား တနင်္ဂနွေသမီးကို ပန်းအိုးထိုးခိုင်းပါ။

(၄) ဗုဒ္ဓဟူးနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက စိန်ပန်း (၂၇) ညွန့်အား တနင်္လာသမီးကို ပန်းအိုးထိုးခိုင်းပါ။

(၅) ကြာသပတေးနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက ရွက်လှ(၁၇)ညွန့်၊ သပြေ (၁၀) ညွန့်တို့အား စုစည်းလျက် အင်္ဂါသမီးကို ပန်းအိုးထိုးခိုင်းပါ။

(၆) သောကြာနေ့သား ချစ်သူနှင့်ဆုံစည်းလိုပါက သီဟိုဠ် (၂၁) ညွန့်အား ဗုဒ္ဓဟူးသမီးကို ပန်းအိုးထိုး ခိုင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



(၇) စနေနေ့သား ချစ်သူနှင့် ဆုံစည်းလိုပါက အုန်း(၆) ညွှန့်၊ သပြေ(၂၁)ညွှန့်တို့အားစုစည်းလျက် ကြာသပတေးသမီးအား ပန်းအိုးထိုးခိုင်းပါ။

ချစ်သူတိုင်းလည်း ဆုံစည်းနိုင်ကြ၍ ဆုံစည်းကြသူတိုင်းလည်း ရိုးမြေကျ ချစ်နိုင်ကြပါစေသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com

## ပူဖောင်းယဲကြော လုပ်ကြည့်ပါ

"အရပ်ထဲမှာလည်း အရပ်ထဲအလျောက်၊ လုပ်ငန်းခွင်မှာလည်း လုပ်ငန်းခွင်အလျောက် အနှိမ်ခံနေရတယ်။ ဒီလိုမျိုး ဘဝတွေကနေ ဘယ်တော့မှ ကျွတ်မယ် မသိပါဘူး"

"ခုတလော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ တစ်ခုမှ အပေါက်လမ်း မတည့်ဘူးဗျာ၊ ကံမရှိ ဉာဏ်ရှိတိုင်း မွဲလေဦး မလား မပြောတတ်ပါဘူး"

"စီးပွားရေးအခြေအနေကတော့ မြင်တဲ့အတိုင်းပဲ တကယ့်ကို ဘေးကျပ်နံကျပ်။ ဟူး... သေသာ သေလိုက်ချင်တော့တယ်"

"လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ" ဟူ၍ တင်စားပြောဆိုကြသည်မှာ လွန်အံ့မထင်။ အမှန်တကယ်လည်း လူရယ်လို့ဖြစ်လာပြီဆိုကတည်းက အနှောင်အဖွဲ့တွေ များလွန်းလှသည်။ အခက်အခဲတွေ၊ အတားအဆီးတွေကလည်း ပေါမှပေါ။ လူမှုရေး အခက်အခဲ၊ စီးပွားရေးအခက်အခဲ၊ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ ငွေကြေးအခက်အခဲ မည်သို့ပင် အခက်အခဲတွေ ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



စေကာမှု ရင်ဆိုင်ဖြေရှင်း ကျော်လွှားရမည်ပင်။ ပူပင်သောက တွေ ကင်းငြိမ်းနိုင်ဖို့ရာ အချို့က လောကုတ္တရာ အလုပ်တွေ လုပ်ကြ၏။ လွန်စွာမှ ကောင်းမွန်လှချေ၏။ အချို့ကျတော့လည်း လောကီအစီအရင်ဖြင့် ရင်ဆိုင်ကျော်လွှားကြချေ၏။

ဤ၌ အားကျပ်နံကျပ် ကြုံနေရမှုများ၊ ထွက်ပေါက်ပိတ် သလို ဖြစ်နေသူများ၊ စီးပွားရေး အလုပ်အကိုင် အဆင်မပြေ လွဲချော်နေမှုများ၊ အထက်သို့ တက်လှမ်းလိုရာ၌ အဆင်မပြေ ဖြစ်နေကြသူများအတွက် လောကီအစီအရင် ယတြာလေးတစ်ခု ကို တင်ပြချင်ပါသည်။ ၎င်းယတြာမှာ "ပူဖောင်းယတြာ" ဖြစ်ပါသည်။ ပူဖောင်းဆိုရာဝယ် သာမန်ပူဖောင်းမဟုတ်ဘဲ မိုးပျံ ပူဖောင်း ဖြစ်ပါသည်။ လုပ်ကိုင်ရမည်မှာ မိုးပျံပူဖောင်းပေါ်၌ ဆေးပင်ဖြင့် (အရဟံ သိဒ္ဓိ) ဟူ၍ ရေးကာ ပူဖောင်းချည်သော ကြိုးအား မိမိ၏ အရပ်နှင့်တိုင်း၍ ဖြတ်ချည်ရပါမည်။ ပြီးနောက် သရဏဂုံသုံးပါးကို ဆောက်တည်လျက် လိုရာဆုအား တောင်း ခံလျက် သစ်ပင်များ၊ ဓာတ်တိုင်ဓာတ်ကြိုးများ၊ အဆောက်အအုံ ကင်းလွတ်ရာနေရာကိုရွေးလျက် လေဟာနယ်တွင်း လွှတ်တင် လိုက်ပါ။ အကျိုးထူးများ ခံစားရတတ်ပါ၏။

❐

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လာစေချင် သည်ဓာတ်ဆင်

ကျွန်ုပ်သည် တစ်ရံရောအခါက မီးဓာတ်ကိုအသုံးပြုလျက် ခုနစ်နေ့သားသမီးတို့ ပြန်လာစေရန် စွမ်းဆောင်ခဲ့ဖူး၏။ အောင်လည်း အောင်မြင်ခဲ့ပါ၏။ ကျွန်ုပ်၏ မိတ်ဆွေ ကိုတင့်လွင်တို့ လင်မယားတွင် သားတစ်ယောက်ရှိ၏။ ဆိုးဆိုးပေပေထဲကတော့ မဟုတ်။ အခြေခံပညာအထက်တန်းကို အောင်မြင်ထားပြီးသူလည်း ဖြစ်၏။ သို့ရာတွင် ကိုယ့်အိမ်ကိုယ်ရာ၊ ကိုယ့်မိဘထက် သူတစ်ပါးအိမ်ရာ အပေါင်းအသင်းတို့ကို ပို၍ခင်မင်သူဖြစ်လေရာ တစ်နေ့သ၌ ဘာမပြောညာမပြောနှင့် မိဘတို့အား ဘာမျှတိုင်ပင်ပြောဆိုခြင်းမရှိဘဲ သူ့အပေါင်းအသင်းတစ်စုနှင့်အတူ ခရီးတစ်ခုသို့ ထွက်သွားခဲ့လေသည်။ ဤ၌ မိတ်ဆွေကိုတင့်လွင်၏ဇနီး ခင်ဥမ္မာမှာ သားတော်မောင်အတွက် မျက်ရည်တရွှဲရွှဲ သက်ဆိုင်ရာကို တိုင်းကြားသင့်တာ တိုင်ကြား၏။ တစ်ရက်တစ်ရက်နှင့် တစ်ပတ်ကျော်သည့်တိုင် ပြန်မလာလေတော့ မိဘတွေခမျာ ပူလောင်ပြင်းပြစွာခံစားရပြီး နောက်ဆုံး၌ ကျွန်ုပ်၏ ပညာရပ်အပေါ် နားလည်သော ကိုတင့်လွင်မှ အပူကပ်လာသည်။

ကျွန်တော့်သားနာမည်က မောင်တင်ထွေးတဲ့ ဆရာ။ စနေသားပါ။ အဲဒါ အမြန်ဆုံးပြန်လာအောင် ကူညီပေးပါ ဆရာရယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကူညီပါမယ့် ကိုတင့်လွင်။ သိပ်လည်း မပူပါနဲ့ဗျာ။ အိမ်ရောက်ရင် ကျွန်တော် ပြောသလိုလုပ်"

"ပြောပါဆရာ။ ကျွန်တော် သေသေချာချာ မှတ်သားပြီး လုပ်ပါ့မယ်"

"ဒါဆိုရင် စနေနေ့ နေထွက်ချိန် (ဒါမှမဟုတ်) နေဝင်ချိန်မှာ ဖယောင်းတိုင်တစ်တိုင်ကိုယူ၊ ဖယောင်းတိုင်ပေါ်ကို မောင်တင်ထွေးဆိုတာကို ရေး။ နောက် (၇) ဂဏန်းနဲ့ 'ငါထံ ပြန်လာရမည်' ဆိုတဲ့ စာသားကိုရေး။ ပြီးတာနဲ့ စနေဂြိုဟ်မင်းကို မေတ္တာပို့ အကူအညီတောင်းလို့ ဘုရားမှာ မီးညှိပူဇော်လိုက်ပေရော့။ မကြာခင် ခင်ဗျားသား မောင်တင်ထွေး ပြန်ရောက်လာပါတော့မယ်"

ထိုနေ့ကား စနေနေ့ ဖြစ်၏။ နေဝင်ချိန်နီးသဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် ၎င်းအိမ်သို့ လိုက်ပါကာ ကိုယ်တိုင်ကိုယ်ကျ စီစဉ် လုပ်ကိုင်ပေးပြီး ပြန်ခဲ့၏။ နောက်တစ်ရက်ရောက်သော် ကိုတင့်လွင်တို့ လင်မယားသာမက မောင်တင်ထွေးမည်သော သူငယ်ကလေးပါ ကျွန်ုပ်ထံ ရောက်လာကြလေတော့၏။

မိဘနှစ်ပါးမှာ သူတို့ ရင်သွေးကို မျက်စိရှေ့မှောက် ပြန်လည်မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်နှင့် အမျှ ကျွန်ုပ်အားလည်း များစွာ ကျေးဇူးတင်သည့်အလျောက် တတ်နိုင်သည့် စားသောက်စရာများဖြင့် လာရောက်ကျေးဇူး ဆပ်လေရာ ကျွန်ုပ်လည်း လက်မခံဘဲ အတင်းပြန်ပေးရလေ၏။

"ဆရာ့နည်းကလေးက မဆိုးဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးလို့လည်း၊ အဲဒီနည်းနဲ့ ခုနစ်ရက်သားသမီးတွေ ခရီးလွန်နေတဲ့အခါ ပြန်လာအောင် ဓာတ်ဆင်ပေးခဲ့တာချည်းပဲ။ အောင်လည်းအောင်မြင်ပါတယ်"

"ဒါဖြင့်ရင် စနေသားမဟုတ်ဘဲ၊ ကျန်တဲ့နေ့သားတွေ ပြန်လာစေချင်ရော ဆရာ"

"အဲဒီအတွက် ဟောဒီ ဇယားလေးသာ ကူးသွားပေတော့"

ဟု ဆိုလေရာ ဂမ္ဘီရသိပ္ပအစီအမံများအပေါ် စိတ်ဝင်စားမှု ရှိလာသည့် မိတ်ဆွေ ကိုတင့်လွင်လည်း စာရွက်တစ်ရွက် ထုတ်လျက် ကူးရေးနေပါတော့သတည်း။

အားလုံးစနစ်တကျ ရေးသား မေတ္တာပို့ပြီးသော ထို ဖယောင်းတိုင်အား မီးပူဇော်ရန် ထွန်းညှိရပါမည်။

| နေ့သား | လုပ်ရမည့် အချိန် | ဖယောင်းတိုင်၌ ရေးရမည့် အမှတ်အသား | မေတ္တာပို့ရမည့် ဂြိုဟ်မင်း |
|---|---|---|---|
| တနင်္ဂနွေ | နေထွက်/နေဝင် | အမည်(၁) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | တနင်္ဂနွေဂြိုဟ်မင်း |
| တနင်္လာ | နေထွက်/နေဝင် | အမည်(၂) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | တနင်္လာဂြိုဟ်မင်း |
| အင်္ဂါ | နေထွက်/နေဝင် | အမည်(၃) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | အင်္ဂါဂြိုဟ်မင်း |
| ဗုဒ္ဓဟူး | နေထွက်/နေဝင် | အမည်(၄) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | ဗုဒ္ဓဟူးဂြိုဟ်မင်း |
| ကြာသပတေး | နေထွက်/နေဝင် | အမည်(၅) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | ကြာသပတေးဂြိုဟ်မင်း |
| သောကြာ | နေထွက်/နေဝင် | အမည်(၆) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | သောကြာဂြိုဟ်မင်း |
| စနေ | နေထွက်/နေဝင် | အမည်(၇) ဂဏန်း၊ 'ငါ့ထံ ပြန်လာရမည်' | စနေဂြိုဟ်မင်း |

❒

www.burmeseclassic.com

www.burmeseclassic.com

## ပိတုန်းရုပ်ကောင် ဆောင်ကြလျှင်

တစ်ညသ၌ ကျွန်ုပ် ခေတ္တရောက်ရှိနေသော အိမ်အတွင်းသို့ အတောင်ပံခတ်၍ ပိုးကောင်တစ်ကောင်ဝင်လာရာ အိမ်သားထဲမှ တစ်ယောက်က...

"ပိတုန်းကောင်... ပိတုန်းကောင်"

ဟု ဆိုတာ တံမြက်စည်းတစ်ချောင်းဖြင့် ရိုက်ထုတ်လိုက်လေ၏။ ထို့နောက်...

"ပိတုန်းကောင် အိမ်ထဲဝင်ရင် လာဘ်တိတ်တယ်တဲ့"

ဟု ကျွန်ုပ်အားကြည့်ပြီးပြောရာ ကျွန်ုပ်လည်း ခေါင်းကို ခါရမ်းလျက် ပြုံးနေမိတော့၏။

"ဆရာ ဘာဖြစ်လို့ ပြုံးတာလဲ။ ကျွန်တော် ပြောတာ မဟုတ်လို့လား"

"ငါ့ တူပြောတဲ့စကားက အခြေအမြစ်မရှိလို့ ပြုံးမိတာပါ။ တကယ်တော့ ပိတုန်းဆိုကာ ငါ့တူပြောသလို လာဘ်တိတ်တဲ့ သတ္တဝါ မဟုတ်ပါဘူး။ ဆရာတို့ ဂမ္ဘီရလောကသားတွေအနေနဲ့

www.burmeseclassic.com



ပိတုန်းကို လာဘ်လာဘ မပိတ်စေတဲ့အပြင် လိုရာဆန္ဒပြည့်ဝစေတဲ့ သတ္တဝါအဖြစ် အသိအမှတ်ပြုပြီး ပိတုန်းရုပ်ကို ပိတောက်သား လှည်းပတောင်းနဲ့ အင်္ဂါရုပ်ညီအောင် ထုလုပ်ဆောင်ထားလေ့ ရှိကြပါတယ်"

"အဲဒါ ဆောင်ထားရင် ဘယ်လို အကျိုးအာနိသင် ရှိသလဲဟင်"

လူငယ်သည် ကျွန်ုပ်၏စကားကို စိတ်ဝင်စားနေပုံရ၏။ ထို့အတူ ရေနွေးကြမ်းဝိုင်းတွင် ရှိနေကြသော သူများမှာလည်း ကျွန်ုပ်တို့စကားဝိုင်းကို အာရုံစိုက်မိကြသည့်အလား မျက်နှာတွေ အားလုံး မူလိုက်ကြရာ...

"စီရင်ပြီးသား ပိတုန်းရုပ်ကိုဆောင်ထားရင် ရန်သူမျိုးငါးပါးရဲ့ ဘေးဒုက္ခအန္တရာယ်က ကင်းလွတ်ပါတယ်"

ဟု ပြန်ပြောလိုက်မိလေ၏။ ထိုအခါတွင် စကားဝိုင်းထဲမှ တစ်ဦးက...

"အဲသလို အစွမ်းထက်တဲ့ ပိတုန်းရုပ်ကို ဘယ်လိုစီရင်ရသလဲဟင်..."

"စီရင်ပုံ စီရင်နည်းကတော့ သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်က သူ စီရင်မယ့် ပိတောက်သား လှည်းပတောင်းဟာ သူ့လက်မနဲ့ တိုင်းပြီးသားဖြစ်ရမယ်။ အဲဒါကို ထုဆစ်ရမယ့် ပန်းပုဆရာကလည်း သီလစင်ကြယ်ရဦးမယ်။ ထုလုပ်ရတော့မယ့် အချိန်မှာ ဘုရားကို ပန်းရေချမ်းနံ့သာတွေနဲ့ ပူဇော်ပြီးတော့ အရုပ် ၁၀ မျက်နှာကို မေတ္တာပို့ရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ထုလုပ်တဲ့အခါ ပိတုန်းရဲ့ ဖင်ကို ဖောက်ထားရမယ်။ ပြီးတော့ အဲဒီအပေါက်ထဲကို ပြဒါးသန့်သန့် သင့်တော်ရုံထည့်၊ ပဒိုင်းအမည်းသားနဲ့ ပြန်ပိတ်၊ နောက် ရက်ကောင်းကို ရွေး၊ ပန်းကန်ပြားသန့်သန့်မှာ ပန်းပေါင်းစုံကိုထည့်၊ ပိတုန်းရုပ်ကို အပေါ်ဆုံးက တင်၊ တန်ခိုးကြီးဘုရား တစ်ဆူဆူရှေ့မှာ အရဟံ ဂုဏ်တော်တစ်ထောင်တိတိ စုပ်ရမယ်”

“ဒါဖြင့်ရင် ကျွန်တော်တို့လည်း အဲသလိုမျိုး ပိတုန်းရုပ်ကို ဆောင်ထားချင်တယ်။ အဲဒါ ဆရာပွင့် လုပ်ပေးနိုင်မလား”

“အခုတော့ ကျုပ်လည်း မအားသေးဘူးဗျာ။ အခွင့်သာတဲ့ တစ်နေ့ ခင်ဗျားတို့အတွက် လုပ်ပေးပါမယ်”

ဟု ဆိုလိုက်ရာ ရေနွေးကြမ်းဝိုင်းမှ လူများအားလုံး၏ မျက်နှာများမှာ ထွန်းညှိထားသော မှန်အိမ်မီးနှင့်အပြိုင် ထိန်လက်ဝင်းပသွားပါလေတော့သတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## ပစ္စည်းပျောက်တာ သည်လိုရှာ

ကျွန်ုပ်သည် ဗေဒင်ဆရာလည်းမဟုတ်။ လက္ခဏာဆရာလည်းမဟုတ်။ အင်္ဂဝိဇ္ဇာလည်း မဟုတ်ပေ။ သို့သော် ထိုပညာရပ်များကိုမူ ဝါသနာပါသည့်အလျောက် အားလပ်သည့်အချိန်ဆိုပါက အဆိုပါပညာရပ်များနှင့် နီးနွယ်သော စာအုပ်တစ်အုပ်အုပ်၊ ကျမ်းတစ်စောင်စောင်ကို ဖတ်ရှုလေ့လာနေတတ်စမြဲဖြစ်ပါသည်။ ဖတ်ရှုလေ့လာမိသမျှဖြင့် မိတ်ဆွေသင်္ဂဟတို့၏ တွေ့ကြုံရတတ်သော အခက်အခဲမှန်သမျှကို ဖြေရှင်းပေးတတ်စမြဲဖြစ်ရာ ကျွန်ုပ်အဖို့ စေတနာရှောင်ပြန် ဟပ်လေသည်လောမသိ။ စားစရာနေရေး ဒုက္ခအတော်များများမှာ ချိုနဲ့လားဟု မေးယူရလောက်အောင် ပြေလည်ခဲ့သည်ဟု ဆိုရပါချိမ့်။

ကျွန်ုပ် လက်ရှိရောက်နေသောအရပ်ကား ရန်ကုန်မြို့တစ်ဖက်ကမ်းနှင့် ခပ်လှမ်းလှမ်းရှိ ကျေးလက်တောရွာကလေးတစ်ရွာ ဖြစ်ပါ၏။ ထိုရွာရှိ မူလတန်းကျောင်းတွင် စာပြသော မိတ်ဆွေကျောင်းဆရာ၏ ဖိတ်ခေါ်မှုဖြင့် ခေတ္တ အလည်အပတ်ဆိုသလို ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ကား သွားလေရာလာလေရာတွင် ကိစ္စတစ်ခုမဟုတ် တစ်ခုဖြင့် ကြုံတွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ဓာတာပါလေသည်လားမသိ။ ထိုရွာသို့ ရောက်ရှိပြီး တစ်ညသာ အိပ်ရသေး။ နောက်တစ်နေ့မနက်မိုးလင်းတော့ အကြောင်းကိစ္စ ပေါ်ခဲ့ချေပြီ။ ဒါကလည်း ကျောင်းဆရာမှ ကျွန်ုပ်အကြောင်း စကားဖွာထား၍ ဖြစ်တန်ရာ၏။

"လုပ်ပါ ကိုရင်ရယ်။ သည်ကလေးက ကိုယ့်တပည့် ကလေးပါ။" ဟိုးတမြန်နှစ်က ကျောင်းထွက်ပြီး အငှားနွားကျောင်း လိုက်နေရရှာတာ။ အဲဒါ မနေ့ညနေက စားကျက်မှာ နွားတွေ ပြန်ကောက်တော့ တစ်ကောင်ပျောက်နေတယ်။ အဲဒါ ပြန်မတွေ့ ရင် ပိုင်ရှင်ကို အလျော်ပေးရရုံမက အလုပ်ပါ ပြုတ်မှာ"

"သေသေချာချာ ရှာမကြည့်ဘူးလား..."

"ရှာတာမှ သူ့အပြင် အိမ်သားတွေပါ လူခွဲပြီး ရှာကြပါ သေးတယ်။ ဒါပေမဲ့ အရိပ်အယောင်ကလေးတောင်မှ မတွေ့ရဘူး ဖြစ်နေတယ်"

ကျောင်းဆရာခမျာ သူ့တပည့်လေး၏ သောကကို ခွဲဝေ ခံစားနေရဟန်တူသည်။ ချာတိတ်ကလေးကဲ့သို့ပင် မျက်စိမျက် နှာ သိပ်မကောင်းရှာ။ ချာတိတ်နှင့်အတူပါလာသော သူ့အိမ် သားတွေမှာလည်း ညှိုးညှိုးငယ်ငယ်။ ကျွန်ုပ်အပေါ် ကြည့်နေ ကြသော မျက်ဝန်းများက အားကိုးမျှော်လင့်နေသည့်ဟန်အပြည့်။

ပစ္စည်းပျောက်အမျိုးမျိုးနှင့် ပတ်သက်၍ အင်္ဂဝိဇ္ဇာနည်း အရ ဟောချက်အမျိုးမျိုး ရှိပါသည်။ ကျွန်ုပ် လေ့လာစည်းပူး မိသမျှ ဟောချက်များနှင့် ပြေလည်အောင် ဖြေရှင်းပေးခဲ့ရသော အမှုကိစ္စတွေမှာ မနည်းလှ။ ပစ္စည်းပျောက်ကိစ္စအတော်များများ ပြန်လည်ရကြသည်သာပင်။ ယခုလည်း ကျောင်းဆရာ၏

www.burmeseclassic.com

www.burmeseclassic.com



တပည့်ဟောင်းကလေး၏ နွားပျောက်ခြင်းကိစ္စကို ကျွန်ုပ် ဖြေရှင်းပေးရတော့မည်။ ဤသို့ ကျွန်ုပ် လေ့လာမိသော ပစ္စည်းပျောက်၊ ဥစ္စာပျောက် အင်္ဂဝိဇ္ဇာနည်းများအနက်မှ ပဋ္ဌာန်ပွတ်ကိုစားပြီး ရှာသည့်နည်းအား ဖျတ်ခနဲ သွားသတိရလိုက်မိလေသည်။ သည်နည်းသည် လွယ်ကူသော နည်းဖြစ်၏။ သို့သော် အထင်သေး၍ မရ။ ထိုနည်းဖြင့် ပစ္စည်းပျောက်သူ အတော်များများ၏ အခက်အခဲကို ပြေလည်အောင် ဖြေရှင်းပေးနိုင်သည်ချည်း ဖြစ်လေရာ ခေါင်းထဲသို့ ရုတ်တရက်ပေါ်လာသော ထိုနည်းအား အသုံးချရန် ရုတ်ခြည်း စဉ်းစားမိလေတော့သည်။

"ကဲကွယ်... သိပ်ခက်ခက်ခဲခဲတွေ လုပ်မနေပါနဲ့တော့။ မင်းရဲ့နွား ပြန်တွေ့မယ်လို့သာ သဘောထားလိုက်။ ဟုတ်ပလား။ အေး... လုပ်ရမှာက မင်းတို့ရွာက ဈေးဆိုင်မယ် ရှောက်ယိုရမလား"

"ရတယ်ဆရာ။ ရတယ်"

"အေး... ရရင် မင်း အဲဒီ ရှောက်ယိုကို ဝယ်။ လမ်းတစ်လျှောက်စားပြီး မင်းရဲ့နွား သွားတတ်လာတတ်တဲ့နေရာတွေကို သွားရှာပေတော့"

ချာတိတ်နှင့် သူ့အိမ်သားတွေမှာလည်း ကျွန်ုပ်မှာကြားသည့်အတိုင်း အကောင်အထည်ဖော်ရန် ပြန်ထွက်သွားလေတော့သည်။ ကျွန်ုပ်ပေးလိုက်သောနည်းမှာ ပျောက်သောနံ၏ ပဋ္ဌာန်ပွတ် အစားအစာကို စားပြီး ရှာဖွေစေခြင်း ဖြစ်၏။ ယခုပျောက်သော နွားမှာ စနေနံဖြစ်၏။ စနေနံ၏ ပဋ္ဌာန်ပွတ်မှာ ဗုဒ္ဓဟူးဖြစ်လေရာ ဗုဒ္ဓဟူးနှင့် ပတ်သက်သော အစားအစာများအား ရေခဲချောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ယိုတို့ ဖြစ်ကြ၏။ ထိုနည်းကို ဇယားဖြင့် ဖော်ပြလိုက်ပါ၏။

ထိုနည်းအရ ကျွန်ုပ်၏စေစားမှုကို လိုက်နာလုပ်ကိုင်ခဲ့သော နွားကျောင်းသားချာတိတ်အဖို့ ညနေမစောင်းခင်မှာ ဝမ်းသာအားရဖြင့် သူ့နွားအား ချောင်းစပ်တစ်နေရာ၌ ချုံဖြင့်ငြိနေသည်ကို တွေ့ရှိခဲ့ပါကြောင်း ပြန်လည်သတင်းပေးလာသဖြင့် ကာယကံရှင်ကိုယ်စား ဝမ်းသာအားရ ဖြစ်မိတော့၏။

သည့်အတွက် ရွာအပြန်ခရီး၌ ကျွန်ုပ်လည်း ထိုသူငယ် လက်ဆောင်အဖြစ် အတင်းကာရော ကန်တော့လိုက်သည့် ကောက်ညှင်းဆန် လေးပြည်အား အိမ်သို့မျက်နှာ ရွှင်ကြည်ဖြာဖို့ ထမ်းကာ ပြန်လာခဲ့ရပါသတည်း။

| နံ | စားရမည့်အစားအစာ | ပျောက်သွားသောနံ |
|---|---|---|
| ၁ နွေ | မှို၊ ပြောင်ဖူး၊ ပဲမြစ် ပဲပြုတ်၊ မျှစ်၊ ပဲပြား | တနင်္ဂနွေပစ္စည်း |
| ၂ လာ | သီးသီး၊ သျှိသျှားသီး | တနင်္လာပစ္စည်း |
| ၃ ဂါ | နွားနို့၊ နာနတ်သီး | အင်္ဂါပစ္စည်း |
| ၄ ဟူး | အုန်းသီး၊ ဥ အမျိုးမျိုး | ဗုဒ္ဓဟူးပစ္စည်း |
| ၅ တေး | ကြံရည်၊ ကွမ်း | ကြာသပတေးပစ္စည်း |
| ၆ ကြာ | ဆီးသီး၊ ဆား၊ ဆီ | သောကြာပစ္စည်း |
| စနေ | ရေခဲချောင်း၊ ရှောက်ယို | စနေပစ္စည်း |

❐

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်နေ့တွေမှာ ဘယ်ရတနာတွေ ဝတ်ဆင်သင့်သနည်း

လုပ်ငန်းများ အဆင်ပြေတိုးတက်၍ စီးပွားလာဘ်လာဘ ဖြစ်ထွန်းကြသူတို့အဖို့ လောကီအဆောင်အယောင်ဖြစ်သည့် စိန်ရွှေရတနာကျောက်မျက်များကို ဝတ်ဆင်တတ်ကြပါသည်။ အချို့ အမျိုးအစားတစ်ခုချင်းဝတ်ဆင်၍ အချို့မှာမူ တစ်မျိုးထက် ပို၍သော်လည်းကောင်း၊ ကျောက်မျက်ရတနာ (၉) ပါး စီခြယ်ထားသည့် နဝရတ်လက်စွပ်ကိုလည်းကောင်း ဝတ်ဆင်တတ်ကြပါသည်။ သည့်အတွက် လောကီပညာရှင်များက ရွှေကို ဝတ်ဆင်ခြင်းသည် စင်ကြယ်စေကြောင်း၊ တင့်တယ်စေကြောင်း၊ နှစ်သက်ဖွယ်ရှိကြောင်းကို ညွှန်းပြု ယူဆကြပါသည်။ စိန်၊ ကျောက်နီ အစရှိသော အမျက်ကျောက်မျိုးများကို ဝတ်ဆင်ခြင်းဖြင့် မကောင်းသော ဂြိုဟ်စီး၊ ဂြိုဟ်နင်းများကို ပယ်နိုင်ကြောင်း ယူဆသတ်မှတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရတနာပစ္စည်းများအား အကျိုးရှိရာရှိကြောင်း အတွက် ရွေးချယ်ဝတ်ဆင်တတ်ကြစေရန် အရေးကြီးပုံကို တင်ပြလိုပါသည်။

- တနင်္ဂနွေနေ့၌ ပတ္တမြားကို ဝတ်ဆင်သင့်ပါသည်။
- တနင်္လာနေ့၌ ပုလဲကို ဝတ်ဆင်သင့်ပါသည်။
- ဗုဒ္ဓဟူးနေ့၌ ကျောက်စိမ်းကိုသော်လည်းကောင်း၊ မြကျောက်ကိုသော်လည်းကောင်း ဝတ်ဆင်သင့်ပါသည်။
- ကြာသပတေးနေ့၌ ဥဿဖယားကို ဝတ်ဆင်သင့်ပါသည်။
- သောကြာနေ့၌ စိန်ကို ဝတ်ဆင်သင့်ပါသည်။
- စနေနေ့၌ နီလာကျောက်ကို ဝတ်ဆင်သင့်ပါသည်။
- ရာဟုဂြိုဟ်အစီးအနင်း မလွတ်သည့်ရက်မျိုးနှင့် ကြုံပါက 'ကြောင်' ကျောက်ကို ဝတ်ဆင်သင့်ပါသည်။
- ဂိတ်ဂြိုဟ်ကျရောက်သည့် ရက်မျိုးနှင့် ကြုံပါက 'ကြောင်' ကျောက်ကို ဝတ်ဆင်သင့်ပါသည်။

လောကီပညာရပ်များကား ထူးခြားဆန်းပြားလှပါသည်။ ထိုပညာရပ်ကို အခြေပြုလျက် လောကီရေးရာ ကြီးပွားတိုးတက်ကြောင်းတို့ကို ကြံဆောင် လုပ်ကိုင်သင့်ပါသည်။ သို့ဖြစ်၍ အဖိုးတန်ကျောက်မျက်ရတနာများ ပိုင်ဆိုင်သည်ဆိုလျှင်ပင် မှ အကျိုးရှိစွာ ဝတ်ဆင်တတ်ဖို့လိုပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါ၏။

□

www.burmeseclassic.com

www.burmeseclassic.com

# ဘာဖြစ်လို့ စိုက်မှာလဲ

ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့နယ်သို့ ကျွန်ုပ် မကြာခဏ ရောက်လေ့ရှိပါသည်။ အကြောင်းမူ ကျွန်ုပ်၏တပည့် ကလေး မောင်အောင်မင်းမှာ ဒလတွင်နေထိုင်သောကြောင့် ဖြစ် ချေ၏။ သူနေထိုင်သော ရပ်ကွက်မှာ မြို့မရပ်ကွက်ဖြစ်၏။ ကျွန်ုပ်၏ ငယ်မွေးခြံပေါက် တပည့်ကလေးကား ဆရာကို ဆရာ မှန်းသိတတ်သူ ဖြစ်လေရာ ၎င်း၏အိမ်သို့ ကျွန်ုပ်ရောက်လာ လေတိုင်း စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံတတ်၏။ ခြေ ဆုပ်လက်နယ်ပြုတတ်၏။ ကျွန်ုပ်ပြန်တော့မည်ဆိုလျှင် ပစ္စည်း (သို့မဟုတ်) ငွေကြေးတစ်စုံတစ်ရာနှင့် ကန်တော့တတ်ပြီး သင်္ဘောကူးတို့ဆိပ်ထိတိုင်အောင် သူ နင်းသော ဆိုက်ကားဖြင့် လိုက်လံပို့ဆောင်ပေးတတ်ချေ၏။

ဆိုက်ကားကို ကိုယ်ပိုင်နင်းရုံမက အပိုသုံးစီးကိုလည်း ထောင်ထားနိုင်သဖြင့် တစ်နေ့တစ်နေ့ သူရသောဝင်ငွေမှာ ဆိုး ဟု ကောဏ်ချက်ချနိုင်၏။ ၎င်းပိုင်ဆိုင်သော အိမ်ခြံဝင်းကလေး မှာ ပေအတော် ကျယ်ဝန်းလေရကား စားပင်၊ သီးပင်၊ ပန်းပင်

www.burmeseclassic.com



များနှင့် အတော်လေးကို နေချင့်စဖွယ် ကောင်းလှ၏။ သူ၏ ဝါသနာမှာ သစ်ပင်စိုက်ခြင်းဖြစ်လေရာ သူ့ခြံဝင်း၌ စားပင်၊ သီးပင်၊ ပန်းပင်များ၊ ဝေဝေဆာဆာ ရှိနေခြင်းသည် အဆန်းတော့ မဟုတ်ပါချေ။ ခုတလော ကျွန်ုပ် ၎င်းအိမ်သို့မှရောက်သည်မှာ သီတင်းပတ်တော်တော်များများ ရှိသွားခဲ့ပြီဖြစ်သည်။ အကြောင်းမူ ဓနုဖြူမြို့နယ်အတွင်းရှိ ဆကာကြီးဟု အမည်ရသော ကျေးရွာကလေး၌ ဓာတ်ကျနေ၍ ဖြစ်၏။ ထိုကျေးရွာ၌ "ကျွဲသိုး" ဟူသည့် မလှမပအမည်နာမပိုင်ရှင် တပည့်ကလေးတစ်ဦး ရှိနေ၍ဖြစ်၏။ ၎င်းသည် နယ်လှည့်ပွဲစားလုပ်ရင်း အဆိုပါ ဆကာကြီး ကျေးရွာမှ အထည်ကုန်သည် အပျိုကြီးမပန်းလှိုင်နှင့် အကြောင်းပါသွားသည့်အတွက် ဆံထုံးနောက် သျှောင်ပါခဲ့ခြင်း ဖြစ်ချေ၏။ ၎င်းလည်း မောင်အောင်မင်းကဲ့သို့ ဆရာ ဆရာမှန်းသိတတ်သူ ဖြစ်လေရာ ၎င်း၏ တခုတ်တရ အလည်အပတ်ခေါ်မှုကြောင့် ကျွန်ုပ် ရောက်ရှိသွားခဲ့ခြင်း ဖြစ်လေ၏။

ဆကာကြီးမှ ရန်ကုန်ပြန်ရောက်တော့ ဦးစွာသတိရလိုက်သူကား တပည့်ကလေး မောင်အောင်မင်းဖြစ်လေရာ ကျွန်ုပ်လည်း ခြေခင်းလက်ခင်းသာသည့် တစ်နေ့၌ ဒလသို့ရောက်ရှိသွားပြန်လေတော့၏။ ကျွန်ုပ် မရောက်သည်မှာ အနည်းငယ်ကြာသွား၍လောမသိ၊ အနေအထားတွေမှာ တစ်မျိုးတစ်ဖုံ ဖြစ်၍နေလေတော့သည်။

"ကိုယ့်ဆရာအရင်းမို့ ပြောရဦးမယ် ဆရာရေ ခုတလော ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် အဆင်မပြေတယ့်ကိုယ်ကို မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကံမရှိ၊ ဉာဏ်ရှိတိုင်း မွဲလေရော့သလား မပြောတတ်ပါဘူး ဆရာရယ်။ ထောင်ထားတဲ့ ဆိုက်ကားတွေကလည်း တန်ဖိုးကြီးကြီးမားမားတွေပျက်နေလို့ ပြန်ဖြည့်ရတာနဲ့ အရင်းထဲကကို တော်တော်ကလေး ပါသွားပြီ။ ထောင်ထားတဲ့ ဆိုက်ကားတင် မဟုတ်ဘူး။ ကျွန်တော်နင်းနေတဲ့ ဆိုက်ကားကိုပဲကြည့်။ ရှေ့ဖောက်၊ နောက်ဖောက် နှစ်ခုလုံးကျိုးနေတယ်။ ကြာရင်ဖြင့် ခက်ရချည်ရဲ့ ဆရာရယ်"

သည်လိုမျိုး ညည်းတွားလာတော့လည်း ဆရာဖြစ်သော ကျွန်ုပ်အဖို့ စိတ်မကောင်း။ သည်တော့ စီးပွားပျက်ဖို့ ဘာအကြောင်းတွေများ ဖန်လာလေသနည်းဟု ကျွန်ုပ်စဉ်းစားရပါချေတော့၏။ သည့်အတွက် ခြံထဲသို့ဆင်းကာ ဟိုဟိုသည်သည် လျှောက်ကြည့်လိုက်လေ၏။ ဤတွင် ကျွန်ုပ် အရင့်အရင်လာစဉ်က မတွေ့ခဲ့ရလေသော အပင်တစ်ပင် စိုက်ထားသည်ကို တွေ့လိုက်ရ၏။ ထိုအပင်ကား ခံတက်ပင် ဖြစ်လေ၏။

"ဟော့... မောင်အောင်မင်း၊ ဒီကို လာစမ်းပါဦး။ ဒါ မင်းစိုက်ထားတဲ့ အပင်လား"

"ခံတက်ပင်ကို ပြောတာလား။ ဟုတ်တယ်လေ ဆရာရဲ့။ သူငယ်ချင်းတစ်ယောက်အိမ်က အပင်ပေါက်တောင်းပြီး စိုက်ထားတာ"

"မင်းက တနင်္ဂနွေသား မဟုတ်လား"

"ဟုတ်တယ်လေ ဆရာရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ အင်္ဂဝိဇ္ဇာဗေဒင်အရ နေ့နံသားတစ်ယောက်ဟာ ကိုယ်နေ့နံရဲ့ အညွှန့်ကနေ အမြစ်ချတဲ့အပင်ကို

www.burmeseclassic.com



မစိုက်ရဘူး။ စိုက်ရင် စီးပွားပျက်တတ်သတဲ့။ ကဲ ... နုတ်ပစ်လိုက်ကွာ။ ဆရာပြောတာ နားထောင်စမ်း”

“ဟုတ်...ဟုတ်ကဲ့ဆရာ”

ကျွန်ုပ်၏စကားကြောင့် တပည့်ကျော်လည်း ၎င်းတခုတ်တရစိုက်ပျိုးထားသော ခံတက်ပင်အား နုတ်ယူလွှင့်ပစ်လိုက်ချေတော့၏။ ထိုသို့ထိုပုံ ကျွန်ုပ်တို့ ဖြစ်ခဲ့ပြီးသည့်သမယ နောက်တစ်ကြိမ် ၎င်းထံ အလည်ရောက်သွားသောအခါတွင်မှ “ဆရာကြောင့် စီးပွားရေးပြန်ကောင်းလာပြီ” ဆိုသည့် ဆီးကြိုးစကားကို ကြားလိုက်ရရာ ဝမ်းသပီတိ ဖြစ်ရချေ၏။ ဤ၌ နေ့နံသားများအဖို့ မိမိတို့ နေ့နံနှင့် အညွန့်အမြစ်ကျသည့်အပင်များကို “ဘာဖြစ်လို့ စိုက်မှာလဲ” ဟု ရင်တွင်းဆန္ဒကို ဖော်ထုတ်ရင်း မစိုက်သင့်သည့်အပင်များကို အင်္ဂဝိဇ္ဇာပညာအလိုအရ ဇယားနှင့် ဖော်ပြလိုက်ပါသတည်း။

| နေ့နံ | မစိုက်သင့်သော အပင်များ |
|---|---|
| တနင်္ဂနွေ | ခံတက်ပင်၊ ချွေးတောက်ပင်၊ ကြိမ်နွယ်ပင် |
| တနင်္လာ | ညောင်အုန်းပင် |
| အင်္ဂါ | ရင်ခတ်ပင်၊ ဝက်သစ်ချပင်၊ ရှောက်ချိုပင် |
| ဗုဒ္ဓဟူး | ပင်စိမ်းပင်၊ ပုန်းညက်ပင်၊ မုန်ညင်းပင် |
| ကြာသပတေး | သရက်ပင်၊ သလဲပင်၊ သံပရာပင်၊ သံလွင်ပင် |
| သောကြာ | တမာပင်၊ ဒန်းပင်၊ နံ့သာဖြူပင် |
| စနေ | အင်ကာသစ်ပင် |



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်မှာနေဖို့ သင့်မလဲ

ကျွန်ုပ်သည် ဗေဒင်ဆရာမဟုတ်သလို လက္ခဏာဆရာလည်း မဟုတ်ပါ။

သို့ပါသော်ငြား ကျွန်ုပ်သည် ဗေဒင်ပညာရပ်၊ လက္ခဏာပညာရပ်တို့ကို စိတ်ဝင်စားသူတစ်ဦး ဖြစ်ပါသည်။ သို့အတွက်ကြောင့်လည်း မိမိထက် ထဲထဲဝင်ဝင်ရှိကာ လက်တွေ့အသုံးချလျက်ရှိကြသော ဗေဒင်ဆရာ၊ လက္ခဏာဆရာများနှင့် ဆုံစည်းရလေတိုင်း ကျွမ်းဝင်ရင်းနှီးအောင်ပြု၍ လေ့လာတတ်စမြဲ ဖြစ်ပါသည်။ ထို့ပြင်တစ်ဝ ဆရာ့ဆရာအပေါင်းတို့ ရေးသားပြုစုခဲ့ကြသည့် ဗေဒင်ပညာရပ်များဆိုင်ရာ၊ လက္ခဏာပညာရပ်ဆိုင်ရာ စာပေ ကျမ်းဂန်တို့ကို ဖတ်ရှုလေ့လာမြဲလည်း ဖြစ်ပါသည်။

ထိုရောအခါဝယ် ကျွန်ုပ်၏ လေ့လာမှုအား၊ ဆည်းပူးမှုအားကို ရိပ်စားမိကြကုန်သော မိတ်ဆွေသင်္ဂဟအချို့က ၎င်းတို့ရင်ဆိုင်ကြုံတွေ့ကြရသော အခက်အခဲများနှင့် ပတ်သက်၍ အကူအညီတောင်းခံတတ်ကြပါသည်။ ထိုရောအခါဝယ် ကျွန်ုပ်လည်း မနေသာတော့ဘဲ မိမိစွမ်းနိုင်သရွေ့၊ ဖွမ်းတတ်သရွေ့

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးတတ်စမြဲ ဖြစ်လေရာ ကိစ္စတစ်ခုခုအောင်မြင်သွားလေတိုင်း ဂုဏ်သတင်းမွှေးသကဲ့သို့ အားရသည်ကို မရှိတော့ပါ။ တစ်ယောက်စလိုက်သော သတင်းစကား၏ ပြန့်ကားမှုအတွက် ကျွန်ုပ်မှာ အလုပ်များရပါတော့၏။

ယခုလည်း လာပြန်ပါချေပြီ။

သူလည်း ကျွန်ုပ်၏မိတ်ဆွေကြီး ကိုတင်ယု၏ သားကြီးသြရသ ဖြစ်၏။ ၎င်း၏အမည်ကား သာဂေါင်ကြီး ဟူသတည်း။ ၎င်းကား ပညာရှာရမည့်အရွယ်တွင် ပညာမရှာဘဲ ကြင်ရာရှာခဲ့သဖြင့် ဖခင်ဖြစ်သူ ကိုတင်ယုခမျာ နဖူးပြောင်လောက်အောင် ခေါင်းစားရပါလေတော့၏။

"ဦးရယ်... ကျွန်တော်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရဲတယ်ဆိုပြီး မိန်းမခိုးလာခဲ့တာပါ။ မိဘတွေကိုလည်း ဒုက္ခမပေးချင်တော့ပါဘူး။ ကျွန်တော့်အတွက် အဖေနဲ့ အမေတို့ စိတ်ဆင်းရဲရမယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် ဘယ်အလုပ်ကိုမဆို ဖံရွေးမနေတော့ဘဲ လုပ်ပါတယ်။ ကိုင်ပါတယ်။ ဒါပေတယ်လို့ ဘာမှ စုမိဆောင်းမိလောက်အောင် အခြေအနေမပေးဘူး။ ကေန္တ ဒီအရပ် ဒီဒေသဟာ ကျွန်တော့်အတွက် သိပ်အကျိုးပေးမသန်ဘူးလို့ ထင်တယ် ဦး"

"နေပါဦး မင်းလက်ရှိနေတာက..."

"တောင်ဥက္ကလာပမှာလေ ဦးရဲ့"

"မင်းက ဘာနေ့သားလဲ"

"သာဂေါင်ဆိုတော့ သောကြာသားပေါ့ ဦးရေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ဟုတ်သကွ။ မြန်မာ့ရိုးရာ အင်္ဂဝိဇ္ဇာအလိုအရ မင်းအတွက် လက်ရှိနေရာဟာ အကျိုးပေးသန့်မယ့်နေရာမျိုး မဟုတ်ဘူး"

"ဒီတော့ ကျွန်တော် ဘာလိုလုပ်ရမလဲ ဦး။ သူများ သားသမီးကို ယူထားတယ်ဆိုတော့ ကိုယ့်လက်ထက်မှာ တင့်တောင်းတင့်တယ် ဖြစ်စေချင်တယ် ဦးရယ်။ ကျွန်တော် အပင်ပန်းခံနိုင်ပါတယ်"

"ကောင်းတယ် မောင်သာဂေါင်။ မင်းစိတ်ဓာတ်ကိုတော့ ဦးကြိုက်သွားပြီ။ မင့်အဖေနဲ့တော့ တခြားစီပဲ။ မင့်အဖေဟာ မင့်အမေ မတင်နွဲ့ကို ယူပြီးကတည်းက မရှိသေ့စကား မိန်းမနား ခိုစားလာခဲ့တာ။ မင်းအနေနဲ့ လက်ရှိနေရာဟာ တကယ့်တကယ်ကျ ကိုယ်လုပ်တဲ့လုပ်ငန်းအောင်မြင်ဖို့၊ ကောင်းစားဖို့၊ ကြီးပွားဖို့အတွက် သိပ်ပြီး အထာမကျလှဘူး။ ဒီတော့ ကိုယ့်မွေးနံရဲ့ ပဉ္စပွတ်ကို စတုရန်းအုပ်တဲ့မြို့ရွာ၊ ရပ်ကွက်လမ်းမှာ နေပြီး စီးပွားရှာရမယ်"

"ဒါဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲဟင်။ မိန်းမရဲ့ ဇာတိဖြစ်တဲ့ 'ဇီးကုန်း' ကို ပြန်လိုက်သွားပြီး အဲဒီမှာ လုပ်ငန်း တစ်ခုခုလုပ်ရင် ကောင်းမလားမသိဘူး"

"ဘာ... မင်းမိန်းမနေတာ ဇီးကုန်း၊ ဟုတ်လား"

"ဟုတ်တယ်လေ ဦးရဲ့။ ဇီးကုန်းမှ ဇီးကုန်းအစစ်"

"ဟာ... ဟန်ကျလိုက်လေကွယ်။ ဒီတော့ ဘာမှ စိတ်ကူးမလွဲနဲ့ မောင်သာဂေါင်ရေ။ ခုချိန်ကစပြီး ထုပ်သလောက်

www.burmeseclassic.com

www.burmeseclassic.com



အရာမထင်တဲ့၊ အကျိုးမပေးတဲ့ တောင်ဥက္ကလာပကို စွန့်ပြီး မင်္ဂမိန်းမရဲ့ဇာတိ ဇီးကုန်းကို ပြန်လိုက်သွားပေတော့။ သောကြာသားဖြစ်တဲ့ မင်းအတွက် ပဋ္ဌပွတ်ကို စတုရန်းအုပ်ထားတဲ့ ဇီးကုန်းဟာ မင်းဘဝအတွက် အထွတ်အထိပ်ရောက်စရာ အကျိုးပေးမယ့် ဘူမိနက်သန် နေရာမှန်ပါပဲ မောင်သာဂေါင်ရယ်"

"ကျေးဇူးပါပဲ ဦးရယ်။ ကျွန်တော် ဦးရဲ့စကားကို နားသောင်ပြီး မကြာခင်မှာပဲ မိန်းမဇာတိ ဇီးကုန်းကို ပြန်လိုက်သွားပါတော့မယ်"

သို့ကလို ရည်ရည်မွန်မွန် ရိုရိုသေသေ ကျိုးကျိုးနွံနွံ ပြောဆိုဆက်ဆံပြီးနောက် မောင်သာဂေါင်လည်း ကျွန်ုပ်ထံမှ ပြန်သွားခဲ့လေ၏။ သည်လိုနှင့် ရက်တွေ၊ သီတင်းပတ်တွေ တော်တော်များများ ကုန်သွားခဲ့လေရာ ကျွန်ုပ်လည်း မောင်သာဂေါင်၏ ကိစ္စအတွက် ဘာဆိုဘာမျှ သတိမရတော့။ သို့ပါသော်ငြား တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိတ်ဆွေကြီး ကိုတင်ယုနှင့် မတင်နွဲ့တို့ ဇနီးမောင်နှံသည် ချိန်းဆိုမထားပါဘဲ ရောက်ရှိလာလေ၏။

"အကြောင်းက အထူးတော့ မဟုတ်ပါဘူး ဆရာငြိမ်းရယ်။ ကျွန်တော့်သား သာဂေါင်ကြီးတစ်ယောက် သူ့မိန်းမဇာတိ ဇီးကုန်းမှာ တော်တော်လေးအဆင်ပြေနေတယ်ဆိုတာ အကြောင်းကြားလာလို့ပါ။ အဲဒီမှာ ဆရာငြိမ်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါဆိုလို့ လာခဲ့တာပါ။ သူတို့ သီတင်းကျွတ်လောက် လာခဲ့ကြမယ်ဆိုပဲ"

"အေးဗျာ။ ဒီလိုသတင်းစကားကြားရတော့ မင်္ဂလာပါပဲ"

www.burmeseclassic.com



ကျွန်ုပ်ကား မိမိလေ့လာဆည်းပူးနေသည့် ပညာရပ်ဖြင့် သူတစ်ထူး၏ အခက်အခဲကို ကူညီလို့ရသည့်အတွက် ပီတိကြီးစွာ ဖြစ်ရပါ၏။ သို့အတွက်ကြောင့်ပင် ပျော်ရာမှာ မနေသင့်ဘဲ တော်ရာမှာ နေသင့်သည့်အကြောင်း နှိုးဆော်တိုက်တွန်းရင်း ခုနစ်နေ့ ခုနစ်နံသားတို့အဖို့ မိမိတို့ ကြံစည်လုပ်ကိုင်သမျှ အရာရောက်ကြစေရန် ရွေးချယ်နေထိုင်သင့်သည့် အရပ်တို့အား တစ်ဖက်ပါအတိုင်း ဖော်ပြလိုက်ပါသတည်း။

| **နံ** | **နေထိုင်သင့်သော (ပဉ္စပွတ်ကို စတုရန်းအုပ်ထားသည့်) အရပ်ဒေသများ** |
|---|---|
| တနင်္ဂနွေ | ပင်းယ၊ မန္တလေး၊ မိတ္ထီလာ၊ ပုလော၊ မင်းလှ၊ မုပ္ပလင်၊ မလှိုင်၊ ဘီးလင်း၊ ဘိုကလေး။ |
| တနင်္လာ | ဟိုပန်၊ ဟိုပုန်း၊ သီပေါ၊ သာပေါင်း၊ သနပ်ပင်။ |
| အင်္ဂါ | တောင်သာ။ |
| ဗုဒ္ဓဟူး | အုတ်တွင်း၊ အင်းတော်၊ အထောင် |
| ကြာသပတေး | ချောင်းဦး၊ ခင်ဦး။ |
| သောကြာ | ဇင်းကျိုက်၊ ဇီးကုန်း၊ ဆင်ဖြူကျွန်း၊ စစ်ကွင်း၊ စစ်ကိုင်း၊ စကု။ |
| စနေ | ဝါဇီ၊ ရွှေညောင်၊ ရပ်စောက်။ |

□

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်အချိန်မှာ ယတြာပြုလုပ်သင့်သနည်း

"ဘယ်အချိန်မှာ ယတြာချေရမလဲ ဆရာ"

ကာယကံရှင်၏ မွေးသက္ကရာဇ်၊ နေ့နံတို့ကို အခြေပြုပြီး သင်္ကာလ အစစအရာရာ တွက်ချက်စစ်ဆေးပြီး မြင်သမျှကို ဟောပြောရရုံသာမက ကာယကံရှင်၏ သိလိုသောအချက်တို့အား ချင့်ချိန်နှိုင်းဆ ဖြေကြားရသည်မှာ ဗေဒင်ဆရာတစ်ဦး၏ အလုပ်ဖြစ်ပါသည်။ မြင်တာတွေဟော၊ သိလိုသမျှအမေးတွေကို ဖြေပြီးသည့်သင်္ကာလ အဆိုးအညံ့တွေပျောက်စေဖို့၊ အတိုက်အခိုက်တွေ တွန်းလှန်အောင်မြင်နိုင်ဖို့၊ ကြံစည်တိုင်း ပြီးမြောက်ဖို့၊ လာဘ်လာဘ်ရွှင်လန်းဖို့၊ ကြီးပွားတိုးတက်ဖို့ စသည်တို့အတွက် သင့်လျော်သည့် ယတြာကို ပေးရစမြဲ ဖြစ်ပါသည်။ ဤသို့ ခုနစ်ရက်သား သားသမီးတို့အနေဖြင့် မိမိတို့ပေးလိုက်သော ယတြာများကို 'ဘယ်အချိန်ချေရမလဲ' ဟူသည့်သဘောမျိုး မေးမြန်းတတ်ကြပါသည်။ မဆန်းလှပါ။

"ယတြာပဲ ဘယ်အချိန်ချေချေ ဖြစ်ပါတယ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပေါ့ပေါ့တန်တန်သဘောထားသူများ ရှိသည်။ ထို အခါဝယ် ယတြာချေခြင်းသည် ယတြာချေခြင်းသက်သက်သာ ဖြစ်၍ လေးနက်ထိရောက်မှု အနေအထားကမူ အကွာကြီး ကွာ ခြားသွားပါသည်။ အချိန်တွေ၊ ကာလတွေ၊ အခါတွေ၊ ရာသီ တွေ ဆိုသည်မှာ သူ့စွမ်းအားနှင့်သူ ရှိနေကြသည်။ လောက ခေတ်ကြီးကား ကျယ်ပြောလှသည်။ အရာအားလုံးကို မိမိတို့ ဉာဏ်တိမ်တိမ်ကလေးက လုံးဝ မမီနိုင်ပါချေ။ ယတြာဟူသည် ကောင်းသည်ကို သာလွန်ကောင်းမွန်အောင်၊ အဆိုးအညံ့များကို သက်သာပျောက်ကင်းအောင်၊ လမ်းကြောင်းတည့်ပေးသော၊ ပြောင်းလွဲပေးသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ ယတြာမပေး တတ်လျှင် ထိုဗေဒင်ဆရာအပေါ် အထင်မကြီးကြကြောင်းကို လည်း လေ့လာတွေ့ရှိရပါသည်။ မိမိအဖို့ 'ဘယ်အချိန် ယတြာ ချေမလဲ' ဟူသော အမေးစကား ရှိလာတိုင်း (မရှိလျှင်သော်မှ) ယတြာလုပ်ရမည့်အချိန်ကို တိတိကျကျပေးတတ်စမြဲ ဖြစ်ပါ သည်။ မိမိပေးသည့်အတိုင်း ယတြာချေသူတွေထက်ပို၍ အကျိုး ဖြစ်ထွန်းလေ့ရှိသည်ကိုလည်း သတိပြုမိပါသည်။

သို့ဖြစ်၍ ယတြာချေကြမည်ဆိုပါက ခုနှစ်ရက်သားသမီး များအတွက် အစွမ်းအာနိသင်ထက်မြက်သော 'အခါ'ကို ရွေး ချယ်ကြစေလိုကြောင်း တိုက်တွန်းလိုသည်နှင့်အမျှ ယတြာပြု လုပ်သင့်၊ ချေသင့်သည့် အခါကောင်းကို အင်္ဂဝိဇ္ဇာပညာရပ် အပေါ် အခြေပြုလျက် တင်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁) တနင်္ဂနွေသားသမီးများအဖို့

ဗုဒ္ဓဟူးအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း၊ အင်္ဂါအခါ (ညနေ ၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

## (၂) တနင်္လာသားသမီးများအဖို့

ကြာသပတေးအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း၊ ဗုဒ္ဓဟူးအခါ (ညနေ ၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌ သော်လည်းကောင်း၊ ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

## (၃) အင်္ဂါသားသမီးများအဖို့

သောကြာအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌ သော်လည်းကောင်း၊ ကြာသပတေးအခါ (ညနေ ၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

## (၄) ဗုဒ္ဓဟူးသားသမီးများအဖို့

စနေအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌ သော်လည်းကောင်း၊ သောကြာအခါ (ညနေ ၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**(၅) ကြာသပတေးသားသမီးများအဖို့**

တနင်္ဂနွေအခါ (နံနက် :၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း၊ စနေ (ညနေ ၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်။

**(၆) သောကြာသားသမီးများအဖို့**

တနင်္လာအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း၊ တနင်္ဂနွေအခါ ညနေ (၃:၀၀ မှ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်လာပါလိမ့်မည်။

**(၇) စနေသားသမီးများအဖို့**

အင်္ဂါအခါ (နံနက် ၉:၀၀ မှ ၁၀:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း၊ တနင်္လာအခါ (ညနေ ၃:၀၀ မ ၄:၃၀ နာရီအတွင်း) ၌သော်လည်းကောင်း ယတြာချေပါက အစွမ်းထက် အောင်မြင်ပါလိမ့်မည်ဖြစ်ကြောင်းဖြင့် ယတြာပြုလုပ်သင့်သည့် အချိန်အခါတို့ကို ရွေးချယ်တင်ပြပေးလိုက်ရပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားထု၍ ကိုးကွယ်ပါ အသက်ခန္ဓာရှည်ဖို့ရာ

လူတိုင်းလူတိုင်းပင် မိမိကိုယ်မိမိ ချစ်ခင်ကြ၏။ အဆင်းလှလိုကြ၏။ အနာဘေးယကင်းပလိုကြ၏။ ထို့ပြင်တစ်ဝ ကိုယ်ရောစိတ်ပါ ချမ်းသာလိုကြ၏။ ထို့ထက် လောကီအာရုံ ခံမင်တွယ်ဖက်ကာ အသက်ခန္ဓာ ရှည်ကြာတည်တံ့လိုကြ၏။ သည့်အတွက် နည်းလမ်းအဖုံဖုံ ရှာဖွေကြကုန်၏။ တချို့ ဆေးဝါးများမှီဝဲကြ၏။ တချို့ ကျန်းမာရေး လိုက်စားကြ၏။ အစားအသောက် အနေအထိုင် ဆင်ခြင်ကြ၏။ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကား တစ်ပုံတစ်ပင်။ သို့သော်ကံကိုမူ အစိုးမရ။

တချို့ ရောဂါဘယထူပြောစွာဖြင့် တပိန်ပိန်တလိမ်လိမ်ဖြင့် အသက်ရှည်နေကြသည်။ တချို့ ကျန်းမာသန်စွမ်းကြံ့ခိုင်မှုရှိပါလျက် ရုတ်တရက်ချက်ချင်း အာယုလမ်းကြောင်း ပြတ်တောက်ကာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြကုန်၏။ ဤဥ္စ

www.burmeseclassic.com



အသက်ခန္ဓာရှည်ရေးအတွက် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ နေ့သားအလိုက် ဘုရားထုနည်းတစ်ရပ်ကို တင်ပြလိုပါသည်။

၎င်းမှာ နံသင့်သစ်သားကို ရှာဖွေထုလုပ်၍ ထားအပ်သည့် အရပ်၌ ထားကာ ရေချမ်း၊ ပန်း၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကား စသည်တို့နှင့် ပူဇော်ခြင်းဖြစ်၏။ ကောင်းမွန်၍ သာစုခေါ်ဖွယ်ဖြစ်သော လုပ်ရပ်ဖြစ်သည်မို့ ဗုဒ္ဓဘာသာဝင်များအဖို့ လုပ်ဆောင်သင့်ကြ၏။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အနာရောဂါကင်းရှင်းခြင်း၊ ဘေးဆိုးရန်ဆိုး၊ အန္တရာယ်ဆိုး၊ ကပ်အမျိုးမျိုးတို့မှ ကင်းလွတ်ကာ အသက်ရှည်ပြီး လိုရာဆန္ဒပြည့်ဝလိမ့်မည်ဖြစ်ကြောင်း အောက်ပါဇယားလေးနှင့်အတူ ရေးသားတင်ပြလိုက်ပါကြောင်း။

| နေ့သား | ဘုရားထုရန်သစ် | ထားရမည့်အရပ် |
|---|---|---|
| တနင်္ဂနွေ | အင်၊ အုန်း | အနောက်အရပ် |
| တနင်္လာ | ကံ့ကော်၊ ကျွန်း | အနောက်မြောက်အရပ် |
| အင်္ဂါ | စစ်၊ ညောင် | မြောက်အရပ် |
| ဗုဒ္ဓဟူး | လိန်၊ လွန်း | အရှေ့အမြောက်အရပ် |
| ကြာသပတေး | ပေါက်၊ ဘန့်ဘွေး | အရှေ့တောင်အရပ် |
| သောကြာ | သီး၊ သီဟိုဠ် | အနောက်တောင်အရပ် |
| စနေ | ထနောင်း၊ ထိန် | အရှေ့အရပ် |
| ရာဟု | ထင်းရှူး၊ ရုံး | တောင်အရပ် |

❒

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားလေးဆူ အောင်ဓာတ်ယူ

လူမှာ အောင်ဓာတ်သည် အရေးကြီး၏။ အောင်ဓာတ်တွေ ပျက်သုဉ်းနေလျှင်၊ အောင်ဓာတ်တွေ ကင်းပနေလျှင် အဘယ်ရွေ့ အဘယ်မျှ ကြိုးကုပ်ကြိုးကုပ် ကံမရှိ ဉာဏ်ရှိတိုင်း မွဲဆိုသည့်ကိန်းသာ ဆိုက်ရောက်ပေလိမ့်မည်။

"စီးပွားဥစ္စာလည်း ဖြစ်ထွန်းချင်တယ်။ လုပ်ငန်းတွေအားလုံးလည်း အောင်မြင်ချင်တယ်။ ကြီးပွားတိုးတက်ချင်တယ်။ ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ချင်တယ်"

သည်သို့ ဆန္ဒအာသီသတွေရှိပါလျက် လိုဘမပြည့်ခြင်းမှာ အောင်ဓာတ်များ ကင်းပနေသောကြောင့် ဖြစ်လေသည်။ သည့်အတွက် မိမိ၏ ရုပ်နာမ်ခန္ဓာအားလုံး၌ အောင်ဓာတ်တွေ ကိန်းဝပ်ဖို့ရာ လုပ်ဆောင်ရပေလိမ့်မည်။ လုပ်ဆောင်ရမည်ကား "ဘုရားလေးဆူ အောင်ဓာတ်ယူ" ခြင်းပေတည်း။

အောင်ဓာတ်ယူခြင်းအမှု ပြုလုပ်ဆောင်ရွက်နိုင်ရန် အောက်ပါ ဂါထာတော်ကို ကျက်မှတ်ရွတ်ပွားဖို့ လိုပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"အနန္တ မဟာဓမ္မရာဇာ
ကကုသန်၊ ဝေါဏာဂုံ၊ ကဿပ၊ ဂေါတမ၊
အစိန္တေယျ၊ အစိန္တေယျ၊
ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊
အဟံ နမာမိ၊ စေတိယံ၊ ဒေမိ။"

ဂါထာတော်ကို အလွတ်ရပြီဆိုလျှင် လုပ်ဆောင်ရမည့်နေ့မှာ ကြာသပတေးနေ့ဖြစ်ပြီး စတင်ရမည့်အချိန်မှာ (၆း၄၅) နာရီဖြစ်ပါသည်။

(၁) ဦးစွာ ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေး ပြုလုပ်ပြီး ဘုရားရှင်၏ ရုပ်ပွားတော်အား ရောင်တော်ဖွင့်ပေးပါ။

(၂) ဘုရားရှင်ရုပ်ပွားတော်ရှေ့၌ လင်ပန်းတစ်ချပ်ခင်းပါ။

(၃) ထိုလင်ပန်းပေါ်၌ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ် လေးမျက်နှာကို ခတ်ပါ။

(၄) ပြီးလျှင် အရပ်ဒေသတစ်ခုစီအတွင်း ရွှေပြားလေးချပ် (ရွှေစက္ကူလည်း ရပါသည်။) ခင်းပါ။

(၅) အဆိုပါ ရွှေပြားလေးချပ်ရှိသည့်အနက် တစ်ချပ်စီ၊ တစ်ချပ်စီပေါ်သို့ လက်ဖက်အသားများကို နယ်ဖတ်ပြီး စေတီပုံပေါ်အောင် ပုံလိုက်ပါ။

(၆) ရရှိလာသော လက်ဖက်ပုံစေတီပေါ်သို့ ငွေစိန်းတစ်ခိုင်စီ စုစုပေါင်း လေးခိုင်တိတိကို ထီးတော်အဖြစ် စိုက်ပါ။

www.burmeseclassic.com



(၇) လင်ပန်း၏ ဘေးနှုတ်ခမ်း အဝိုင်းပတ်ပတ်လည်၌ ဖယောင်းတိုင်ကိုးတိုင်၊ အမွှေးတိုင်ကိုးတိုင်တို့ကို ထွန်းညှိ ပူဇော်ပါ။

ပြီးလျှင် ဘုရားကျောင်းဆောင်ရှေ့၌ ထိုင်ပြီး ဖော်ပြခဲ့သော ဂါထာတော်ကို အာရုံညွှတ်စွာ ရွတ်ဖတ်သရဇ္ဈာယ်လျက် ပုတီးတစ်ပတ်စိပ်ပါ။ လုပ်ဆောင်ရမည်မှာ ကြာသပတေးနေ့တိုင်း ဖြစ်ပြီး ဆောင်ရွက်ရမည့် အစီအစဉ်မှာလည်း အထက်ပါအတိုင်းပင် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ပြီးတိုင်း အောင်ဓာတ်တွေ ကိန်းဝပ်လာပါစေကြောင်း ဆုတောင်းပေးပါ။ ကြာသပတေးနေ့ ရောက်လေတိုင်း (၉) ပတ်တိတိ လုပ်ဆောင်ခြင်းအားဖြင့် ဘဝ၌ ထူးခြားသည့် အောင်ဓာတ်များ ရရှိလာပြီး လိုရာဆန္ဒအဝဝ ပြည့်စုံလာမည်ဖြစ်ကြောင်း တင်ပြလိုက်ပါ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်မြေခံကို ရွေးမှာလဲ

BURMESE CLASSIC

အဆောက်အအုံများ ဆောက်လုပ်ကြရာဝယ် ဆောက်လုပ်မည့်ပညာရှင်တို့အနေဖြင့် လောကီပညာရပ်များကို အခြေပြုလျက် "မြေခံ" ကို ရွေးလေ့ရှိကြပါသည်။ မြေခံနှစ်မျိုးနှစ်စား ရှိကြောင်း မှတ်သားရပါသည်။ ယင်းတို့မှာ ဆယ့်နှစ်လတွင်ရှိသော လဆန်း၊ လဆုတ်ကို အခြေပြုသည့် လက်သမားမြေခံနှင့် တိထိ မြေခံဆယ်ပါးတို့ ဖြစ်ကြပါသည်။ အဆိုပါ မြေခံနှစ်မျိုးနှစ်စား အနက်...

မြေတွင်းတူးဆွခြင်း လုပ်ငန်းများအတွက် လက်သမားမြေခံကို ရွေးချယ်၍ အမြဲထာဝရ တည်တံ့ကောင်းမွန်လိုသည့် အဆောက်အအုံများ ဆောက်လုပ်ရန်မှာမူ တိထိမြေခံဆယ်ပါးကိုသာ ရွေးချယ်လေ့ရှိကြောင်း မှတ်သားရပါသည်။

လက်သမားမြေခံ ဆိုသည်မှာ ပြက္ခဒိန်တွင် နတ်၊ ကညာ၊ ကျား၊ ဆင် အစရှိသည့်တို့ ရေးထားသည်ကို ခေါ်ပါသည်။ ဤ၌ လဆန်း လဆုတ်အလိုက် မြေခံရွေးချယ်မှု၏ အကျိုးအပြစ်များကို တင်ပြပါမည်။ မည်သည့် လမဆို အကျုံးဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* လဆန်း (၁) ရက်သည် နတ်ခံသဖြင့် ဘေးသင့် သေကျေ ပျက်စီးတတ်ပါသည်။
* လဆန်း (၂) ရက်သည် ကညာသမီးခံသဖြင့် အရာရာ ပြီးပြည့်စုံအောင် မြင်တတ်၏။
* လဆန်း (၃) ရက်သည် နွားလား ဥသဘခံသဖြင့် လာဘ်လာဘ ပေါများပြီး ချမ်းသာတတ်၏။
* လဆန်း (၄) ရက်သည် ဆင်ခံသဖြင့် သေဘေးသင့် တတ်၏။

BURMESE CLASSIC

* လဆန်း (၅) ရက်သည် ဂဠုန်ခံသဖြင့် ချမ်းသာ တတ်၏။
* လဆန်း (၆) ရက်သည် ဘီလူးခံသဖြင့် သေဘေးသင့် တတ်၏။
* လဆန်း (၇) ရက်သည် မြင်းခံသဖြင့် စီးပွားဥစ္စာ ပြန့်ပြောတတ်၏။ လုပ်ကိုင်သမျှ အောင်မြင်ပြီးစီး တတ်၏။
* လဆန်း (၈) ရက်သည် ဒွန်းစဏ္ဍားခံသဖြင့် ပျက်စီး တတ်၏။
* လဆန်း (၉) ရက်သည် နတ်ခံသဖြင့် သေကျေပျက်စီး တတ်၏။
* လဆန်း (၁၀) ရက်သည် ဗြဟ္မာခံသဖြင့် ချမ်းသာ တတ်၏။ မင်းပူဇော်ခံရတတ်၏။
* လဆန်း (၁၁) ရက်သည် သိကြားမင်းခံသောကြောင့် ချမ်းသာတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



* လဆန်း (၁၂) ရက်သည် ခွေးခံသောကြောင့် ပျက်စီးတတ်၏။
* လဆန်း (၁၃) ရက်သည် ဗြဟ္မာခံသောကြောင့် လာဘ်လာဘ ရတတ်၏။ ချမ်းသာကြွယ်ဝတတ်၏။
* လဆန်း (၁၄)ရက်သည် ဂဠုန်ခံသောကြောင့် ချမ်းသာတတ်၏။
* လဆန်း (၁၅) ရက်သည် သိကြားမင်းခံသောကြောင့် ချမ်းသာတတ်၏။

သို့ဖြစ်၍ လဆန်းရက်များတွင် အဆောက်အအုံ ဆောက်လုပ်မည်ဆိုပါက ဆင်ခံ၊ ဘီလူးခံ၊ ဒွန်းစဏ္ဍားခံ၊ နတ်ခံ၊ ခွေးခံ အစရှိသော ရက်များကို ရှောင်ကြည်သင့်ပါသည်။ ကျန်ရက်များကိုသာ ရွေးချယ်ဆောက်လုပ်သင့်ပါသည်။

* လဆုတ် (၁) ရက်သည် ကညာခံသဖြင့် အောင်မြင်ပြီးစီး တတ်ပါသည်။
* လဆုတ် (၂) ရက်သည် ကျားခံသဖြင့် ဆင်းရဲတတ်သည်။ သေဘေး ကြုံတတ်သည်။
* လဆုတ် (၃) ရက်သည် နတ်ခံသဖြင့် သောကဗျာပါဒရောက်တတ်ပါသည်။
* လဆုတ် (၄) ရက်သည် နွားခံသဖြင့် ချမ်းသာကြွယ်ဝတတ်ပါသည်။
* လဆုတ် (၅) ရက်သည် ဆင်ခံသဖြင့် ဆင်းရဲမွဲတေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* လဆုတ် (၆) ရက်သည် ဂဠုန်ခံသဖြင့် ချမ်းသာကြွယ်ဝတတ်ပါသည်။
* လဆုတ် (၇) ရက်သည် ဒွန်းစဏ္ဍားခံသဖြင့် ပျက်စီးတတ်သည်။
* လဆုတ် (၈) ရက်သည် မြင်းခံသဖြင့် အောင်မြင်ပြီးစီးတတ်၏။ စီးပွားတိုးတက်တတ်၏။
* လဆုတ် (၉) ရက်သည် ဗြဟ္မာခံသဖြင့် မင်းပူဇော်ခံရတတ်၏။ ဥစ္စာပစ္စည်းများ ရရှိတတ်၏။
* လဆုတ် (၁၀) ရက်သည် ဘီလူးခံသဖြင့် သေကျေပျက်စီးတတ်၏။
* လဆုတ် (၁၁) ရက်သည် ခွေးခံသဖြင့် ပျက်စီးဆုံးရှုံးတတ်၏။
* လဆုတ် (၁၂) ရက်သည် မြင်းခံသဖြင့် ပြန့်ပြောအောင်မြင်တတ်၏။
* လဆုတ် (၁၃) ရက်သည် ဝက်ခံသဖြင့် သေကျေပျက်စီးတတ်၏။
* လဆုတ် (၁၄) ရက်သည် ဗြဟ္မာခံသဖြင့် လာဘ်လာဘကြီးစွာ ရရှိတတ်၏။
* လဆုတ် (၁၅) ရက်သည် ဂဠုန်ခံသဖြင့် ကိုယ်ရော စိတ်ပါ ချမ်းသာတတ်၏။

(သို့ဖြစ်ပါ၍ လဆုတ်လက်သမား မြေခံတွင် ကျားခံ၊ နတ်ခံ၊ ဆင်ခံ၊ ဒွန်းစဏ္ဍားခံ၊ ဘီလူးခံ၊ ခွေးခံ၊ ဝက်ခံ၊ အစ

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ရက်များကို ရှောင်ကြဉ်သင့်ပါသည်။ ကျန်ရက်များကိုသာ ရွေးချယ်ဆောက်လုပ်သင့်ပါသည်။)

## တိထိမြေခံ (၁၀) ပါး

တိထိမြေခံ (၁၀) ပါးသည် အဆောက်အအုံ ဆောက်လုပ်သူတို့အတွက် လွန်စွာမှ အရေးကြီးလှပါသည်။ အမြဲထာဝရ တည်တံ့ခိုင်မာကောင်းမွန်စေလိုပါက တိထိမြေခံ ဆယ်ပါးကို အလေးထားကြစမြဲ ဖြစ်ပါသည်။ ယာယီ အဆောက်အအုံ၊ မဏ္ဍပ်၊ မြေတူးမြေဆွ စသည်တို့အတွက်သာ လက်သမားမြေခံကို ရွေးချယ်ပြီး တိထိမြေခံကိုမူ မရွေးချယ်ကြပါ။ ကြီးကျယ်ခမ်းနားထည်ဝါသော အထင်ကရ အဆောက်အအုံများအတွက်သာလျှင် တိထိမြေခံကို ရွေးချယ်ကြပါသည်။ တိထိမြေခံဆယ်ပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* တနင်္ဂနွေမြေခံက ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးတတ်ပါသည်။(၎င်းမြေခံကို မရွေးချယ်သင့်ပါ)
* တနင်္လာနေမြေခံက စည်းစိမ်ဥစ္စာ လာဘ်လာဘများ တိုးပွားတတ်ပါသည်။ (အဆိုပါမြေခံသည် ကောင်း၏။ ရွေးချယ်သင့်၏။)
* အင်္ဂါမြေခံက ရောဂါဝေဒနာစွဲကပ်တတ်၏။ ဆင်းရဲတတ်၏။ (၎င်းမြေခံသည်မကောင်း။ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)

www.burmeseclassic.com

www.burmeseclassic.com



* ဗုဒ္ဓဟူးမြေခံက ဥစ္စာပစ္စည်းများ လွယ်ကူစွာ ရရှိပြီး ချမ်းသာကြွယ်ဝတတ်ပါသည်။ (အဆိုပါ မြေခံသည် ကောင်း၏။ ရွေးချယ်သင့်၏။)
* ကြာသပတေးမြေခံက မြတ်သောအကြံအစည်များ အောင်မြင်ပါလိမ့်မည်။ (အဆိုပါ မြေခံသည် ကောင်း၏။ ရွေးချယ်သင့်၏။)
* သောကြာမြေခံက ဥစ္စာပစ္စည်းများ ရရှိတတ်သည်။ ချစ်သူ၊ မိတ်ဆွေ ပေါတတ်ပါသည်။ (အဆိုပါ မြေခံသည် ကောင်း၏။ ရွေးချယ်သင့်၏။)
* စနေမြေခံက မီးဘေးသင့်တတ်ပါသည်။ မီးနှင့်တူသော စိတ်ပူလောင်မှုဘေးများ ကြုံတွေ့ရတတ်ပါသည်။ (အဆိုပါ မြေခံသည် မကောင်း၊ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)
* ရာဟုမြေခံက ခိုက်ရန် ဘေးကြုံရတတ်သည်။ အချုပ်အနှောင် ဘေးတွေ့ရတတ်သည်။ (အဆိုပါမြေခံသည် မကောင်း၊ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)
* ကိတ်မြေခံက အလုံးစုံသော ရတနာကို လွယ်ကူစွာ ရှာ၍ ရတတ်သဖြင့် ချမ်းသာကြွယ်ဝတတ်၏။ (အဆိုပါမြေခံသည် ကောင်း၏။ ရွေးချယ်လုပ်ကိုင်သင့်၏။)
* မိတ္တူမြေခံက စည်းစိမ်ဥစ္စာ လျော့ကျ၍ သေဆုံးကျပျက်စီးတတ်၏။ (၎င်းမြေခံသည် မကောင်းပါ။ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ တိထိမြေခံ (၁၀) ပါးကို လေ့လာကြည့်လိုက်သောအခါ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုနှင့် မိတ္ထူမြေခံငါးပါးသည်မကောင်းချေ။ ထိုရက်များကို တည်ဆောက်ရမည့် ရက်များအဖြစ် အခါမပေးသင့်။ ကျန်တနလ်ာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့် ကိတ်မြေခံတို့သာလျှင် ကောင်းသည်ကို တွေ့ရ၏။

သို့ဆိုလျှင် အဆွေ စာရှုသူတို့အနေဖြင့် မိမိတို့ ဆောက်လုပ်မည့် အဆောက်အအုံအတွက် မည်သည့်မြေခံကို ရွေးချယ်သင့်သည့်အကြောင်း သဘောပေါက်နားလည်နိုင်လိမ့်မည်ထင်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်အချိန်မှာ ဘယ်ဂဏန်းအကျိုးပေးမလဲ

ကျွန်ုပ်တို့သည် ကံ၏ စီမံရာအတိုင်း ဖြစ်လာကြသည် ချည်းဖြစ်၏။ ကံဟုဆိုရာ၌ ကောင်းသောကံရှိ၏။ မကောင်းသော ကံရှိ၏။ လူတိုင်းပင် ကံကောင်းသူ၊ ကံထူးလိုကြသည်မှာ မမှတာ။ ကံထူးသူ။ ကံကောင်းလိုသူ ဟုတ်မဟုတ် ကံနှင့်ပတ် သက်သော ထီးကိုထိုးကြ၏။ ကံစမ်းမဲ၊ စားရေးတံမဲနှိုက်သူတို့ အတွက် ကံလမ်းကြောင်း သွေဖည်မသွားစေဖို့ ကံကိုပြုပြင်ပေး နိုင်သော လောကီပညာရပ်တစ်ခုရှိပါသည်။ မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဗေဒင်ပညာနှင့် စပ်လျဉ်းသည်ဟု ဆိုရပါချိမ့်။

ဤ၌ နေ့အလိုက်၊ အချိန်အခါအလိုက် ကံစမ်းကြရာဝယ် ပေါ်ထွက်လာဖို့ စွမ်းအင်ကြီးမားလှစွာသော ဂဏန်းနံပါတ်များ ရှိကြပါသည်။ မသိသူကျော်လွှားချင် ကျော်လွှားကြပါစေ။ သိသူ တွေ ဖော်စား၍ ကောင်းကျိုးသုခ ခံစားနိုင်ကြစေရန် ငဲ့လာ ထားသမျှကို စေတနာရှေ့ထား၍ တင်ပြပေးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၅ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၅၊ ၄ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၄ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၂၊ ၄ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ၂၊ ၈ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၂၊ ၁ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၁ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၁၊ ၆ ဖြစ်ပါသည်။

(၃:၃၆ မှ ၅:၃၆)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၆၊ ၉ ဖြစ်ပါသည်။

(၅:၃၆ မှ ၆:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၆၊ ၅ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**တနင်္လာနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်း ၆၊ ၉ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်း ၈၊ ၂ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၂၊ ၈ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၀ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း–အကျိုးပေးမည် နောက်ဆုံး ဂဏန်းမှာ ၁ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂ )နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၅၊ ၁ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း –အကျိုးပေးမည် နောက်ဆုံး ဂဏန်းမှာ ၅ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၃၊ ၈ ဖြစ်ပါသည်။

(၃:၃၆ မှ ၅:၃၆)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၁၊ ၃ ဖြစ်ပါသည်။

(၅:၃၆ မှ ၆:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၃၊ ၆ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၀၊ ၇ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၇ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၃ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၀၊ ၃ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၃၊ ၄ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၄ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၄ ဖြစ်ပါသည်။

(၃:၃၆ မှ ၅:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁ ဖြစ်ပါသည်။

(၅:၃၆ မှ ၆:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၈ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ကံစမ်းလျှင်

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၀၊ ၁၊ ၃ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၇ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၃၊ ၉ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၆ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၃၊ ၆ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း -အကျိုးပေးမည် နောက်ဆုံး ဂဏာန်းမှာ ၀၊ ၄ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၂၊ ၇ ဖြစ်ပါသည်။

(၃:၃၆ မှ ၅:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၂၊ ၈ ဖြစ်ပါသည်။

(၅:၃၆ မှ ၆:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၂ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကြာသပတေးနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၂၊ ၆၊ ၈ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၂၊ ၃၊ ၆၊ ၉ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၅၊ ၆ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၅၊ ၆ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၅၊ ၇ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၁၊ ၅ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၁၊ ၅ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၁၊ ၄ ဖြစ်ပါသည်။

(၃:၃၆ မှ ၅:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏန်းမှာ ၁၊ ၄၊ ၅ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅:၃၆ မှ ၆:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၂၊ ၄ ဖြစ်ပါသည်။

**သောကြာနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၃ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၀၊ ၁၊ ၃၊ ၅ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၁၊ ၅ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၀၊ ၁၊ ၄၊ ၅ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း-အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၇ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၀၊ ၃၊ ၆၊ ၇ ဖြစ်ပါသည်။

(၁:၁၂ မှ ၃:၁၂)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၃၊ ၆ ဖြစ်ပါသည်။

(၃:၁၂ မှ ၃:၃၆)နာရီအတွင်း -အကျိုးပေးမည့် နောက်ဆုံးဂဏာန်းမှာ ၁၊ ၃၊ ၆၊ ၉ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃:၃၆ မှ ၅:၃၆)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၅ ဖြစ်ပါသည်။

(၅:၃၆ မှ ၆:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၃၊ ၅ ဖြစ်ပါသည်။

**စနေနေ့ကံစမ်းလျှင်**

(၆:၀၀ မှ ၈:၀၀)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၄ ဖြစ်ပါသည်။

(၈:၀၀ မှ ၈:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၄၊ ၅၊ ၇ ဖြစ်ပါသည်။

(၈:၂၄ မှ ၁၀:၂၄)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၅၊ ၇ ဖြစ်ပါသည်။

(၁၀:၂၄ မှ ၁၀:၄၈)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၅၊ ၆၊ ၇ ဖြစ်ပါသည်။

(၁၀:၄၈ မှ ၁၂:၄၈)နာရီအတွင်း–အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၅ ဖြစ်ပါသည်။

(၁၂:၄၈ မှ ၁:၁၂)နာရီအတွင်း –အကျိုးပေးမည့် နောက်ဆုံး ဂဏာန်းမှာ ၁၊ ၂၊ ၅၊ ၆ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁း၁၂ မှ ၃း၁၂)နာရီအတွင်း —အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၂၊ ၈ ဖြစ်ပါသည်။

(၃း၁၂ မှ ၃း၃၆)နာရီအတွင်း —အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၀၂၊ ၄၊ ၆၊ ၈ ဖြစ်ပါသည်။

(၃း၃၆ မှ ၅း၃၆)နာရီအတွင်း —အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၄ ဖြစ်ပါသည်။

(၅း၃၆ မှ ၆း၀၄)နာရီအတွင်း —အကျိုးပေးမည့် နောက်ဆုံး ဂဏန်းမှာ ၀၊ ၀၊ ၄၊ ၇ ဖြစ်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## မစိုက်အပ် ခာတ်ခိုက်တဲ့အပင်တွေ

သက်ပြည့်ပင်စင်ကလေးရလာပြီးသည့်အခိုက် တောမကျ မြို့မကျ အတန်အသင့် ကျယ်ဝန်းလှစွာသော မြေကွက်ကလေး တစ်ကွက်ကို ရွေးချယ်ဝယ်ယူအပြီးမှာတော့ ကာလအတန်ကြာ မက်ခဲ့သော အိပ်မက်တို့ကို အကောင်အထည်ဖော်နိုင်ခွင့်ရပြီဟု မှတ်သားထားလိုက်သည်။ "တစ်သက်လုံး ပျော်ချင်လျှင် သစ်ပင်စိုက်" သောထုံးကို နှလုံးမူကာ သူ့ခြံတစ်ခြံလုံး အရိပ်ရအပင်များ၊ မျက်စိပသာဒဖြစ်စေသည့် ပန်းပင်လှလှများ၊ စားပင်သီးနှံများကို ပြုစုပျိုးထောင် စိုက်ပျိုးပါတော့သည်။

သည်မှာတင် ခြံချင်းကပ်လျက်မှ ဘိုးသက်တင်ခေါ် သူ့ထက်အသက်များစွာကြီးရင့်သော အငြိမ်းစားအရာရှိအိုကြီးနှင့် ဆုံစည်းခဲ့ခြင်း ဖြစ်သည်။ သည်အဘိုးအိုက လောကီရေးပညာရပ်များကို အတော်အသင့် လေ့လာဆည်းပူးထားဟန်တူသည်။ အနီးပတ်ဝန်းကျင်မှ လိုအပ်သော လောကီရေးရာ အကြံဉာဏ်များ တောင်းခံလေတိုင်း ဘိုးသက်တင်သည် မဆိုင်းမတွ

www.burmeseclassic.com



ဆိုသလိုပင် အကူအညီပေးတတ်စမြဲ ဖြစ်လေသည်။ တစ်ဖက်ကလည်း ဝိပဿနာအလုပ်များကို မပျက်။

"လောကမှာ သီလစင်ကြယ်ဖို့၊ စိတ်ကောင်းရှိဖို့၊ ဝိပဿနာစွဲမြဲဖို့ အရေးကြီးတယ်။ အဲသည် လောကုတ္တရာအလုပ်တွေကပဲ ဘဝကို ကယ်တင်သွားမှာပါ။ ဒါပေတယ်လို့ လောကီရေးရာမှာလည်း အကျိုးပြုတာလေးတွေ ရှိပါတယ်။ လောကီလူသားတွေဆိုတော့လည်း လောကီအလုပ်တွေနဲ့လည်း ဘယ်ကင်း နိုင်ပါ့မလဲလေ"

သည်သို့ ဆိုတတ်လေသူ ဘိုးသက်တင်အဖို့ စားဝတ်နေရေး၊ ဘာမှပူပင်ရသူ မဟုတ်ချေ။ သားသမီးတွေ၊ မြေးတွေက စီးပွားရေးအနေအထားကောင်း၍ လိုလေသေးမရှိလောက်အောင် ကူပံ့ပေးနိုင်သည်။ လှူချင်ရာ လှူဦးမလား၊ ဘာမျှကန့်ကွက်ခြင်း အလျဉ်းမရှိ၊ သည်လိုမျိုး ဘဝအခြေအနေ အကျိုးပေးကောင်းလှသော ပညာဗဟုသုတကြွယ်ဝသော၊ အတွေ့အကြုံများမြောင်းလှစွာသော အရွယ်ရင့်၊ ဝါရင့်၊ သမ္မာရင့်၊ ပညာရင့်ပုဂ္ဂိုလ်တစ်ဦးနှင့် ဆုံးစည်းရခြင်းသည်ပင် သူ့အတွက်တော့ ကံကောင်းခြင်း လက်ဆောင်တွေ၊ ရလိုက်သည်ဟု ဆိုရမည်သာ။

"ဟော့... မောင်ဖိုးသာ ဝေါပြားတစ်လက်၊ ရေပုံးတစ်ပုံးနဲ့ ဘာလုပ်နေတာတုံး"

"ဟာ... ဆရာကြီးဘိုးသက်တင်ပါလား။ ဘာရယ် မဟုတ်ပါဘူး ဆရာကြီးရယ်။ ဒလသွားတုန်းက ကပ်ည့်လေး တစ်ယောက်ဆီက ယူလာခဲ့တဲ့ ခွေးတောက်စေ့တွေ မျိုးမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးတောက်ဆိုတော့ အင်မတန်ဆေးဖက်ဝင်တဲ့ အပင်ပဲ။ သည်အပင်က နွယ်ပင်မျိုးပဲ"

"ဟုတ်တယ်။ ဒါကြောင့် အိမ်ရှေ့က မယ်ဇလီပင်ဘေးမှာ အစေ့ချမလားလို့"

"ဟာ... မလုပ်နဲ့၊ မလုပ်နဲ့။ ကိုယ့်အိမ်ရှေ့မျက်နှာစာမှာရှိတဲ့ အပင်တွေကို နွယ်တွေ သွားမထွေးစေနဲ့။ ဒါကောင်းတဲ့ လက္ခဏာမဟုတ်ဘူး။ အလကားနေရင်း သူ့လိုမျိုး ကိုယ့်ဘက်က ရှုပ်ထွေးသွားတတ်တယ်"

အပင်တောင် မစိုက်ရသေး။ ဆန်းကြယ်လှစွာသော လောကီအရေးကိစ္စတွေက ပေါ်ထွက်လာခဲ့ပြီ။ သူ့အဖို့ သက်ကြီးစကား သက်ငယ်ကြားရသည့်အတွက် တန်ဖိုးရှိတာတွေ ကြုံရလိမ့်မည်ဟု မှတ်သားထားပါသည်။

"ဒါထက် မောင်ဖိုးသာက ကြာသပတေး သားလား"

"မဟုတ်ဘူး ဆရာကြီး။ တနင်္ဂနွေသားခင်ဗျ"

"ဟယ်... တနင်္ဂနွေသား ဟုတ်စ"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး... ဒါဆိုရင် ခွေးတောက်ပင်ကို တနင်္ဂနွေသား အဖို့ ကိုယ့်ခြံဝင်းထဲမှာ လုံးဝမစိုက်သင့်ဘူး"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဘာဖြစ်လို့လဲဆို 'အညွှန့်နံ' နဲ့ 'အမြစ်နံ' ပါနေလို့ပဲ။ အဲဒါပါနေရင် မစိုက်ကောင်းဘူး မောင်ဖိုးသာရဲ့။ ဆိုပါစို့ကွယ်။ မင်းက တနင်္ဂနွေသားမဟုတ်လား။ မင်းရဲ့ အညွှန့်က တနင်္လာ၊

www.burmeseclassic.com

www.burmeseclassic.com



အမြစ်က စနေ။ သည်တော့ ခွေးတောက်ပင်တို့၊ ခံတက်ပင်တို့၊ ကြံခတ်ပင်တို့ကို မစိုက်သင့်ဘူး။

"စိုက်ရင် ဘာဖြစ်တတ်သလဲ ဆရာကြီး"

"ရှင်းရှင်းပြောရရင် အကျိုးထက် အပြစ်က ပိုများတာပေါ့ကွယ်၊ စီးပွားလာဘ်လာဘတွေ ပိတ်ဆို့နေတတ်တယ်။ အိမ်တွင်းရေး အဆင်မပြေဖြစ်တတ်တယ်။ ကျန်းမာရေးအတွက် ဗျာများရတတ်တယ်။ အမှုအခင်းတွေ ကြုံရတတ်တယ်။ ဒါ့ကြောင့် ရှေးပညာရှိလူကြီးသူမတွေက ခတ်နိုက်တတ်တဲ့ အပင်တွေကို ကိုယ်ခြံဝန်းထဲမှာ မစိုက်ဖို့ သတိပေးခဲ့တာပေါ့"

"မှတ်သားစရာပါပဲလား ဆရာကြီးရယ်။ ကျွန်တော်က တနင်္ဂနွေသားဆိုတော့ တနင်္ဂနွေသားရဲ့အညွန့်၊ အမြစ်ကျတဲ့ အပင်တွေ မစိုက်အပ်၊ မစိုက်ကောင်းတာကို သိသွားခဲ့ပါပြီ။ ကျွန်တော်လိုပဲ ကျန်တဲ့ နေ့သားတွေလည်းပဲ အကျိုးထက် အပြစ်များစေတဲ့ မစိုက်-ပင့်၊ မစိုက်အပ် ခတ်နိုက်စေတဲ့အပင်တွေဟာ ဘာတွေဖြစ်တယ်ဆိုတာ ပြောပြပေးပါဦးနော်"

"ရပါတယ်ကွယ်။ ဆရာကြီးလည်းပဲ အငြိမ်းစားယူပြီးကတည်းက ဝါသနာပါရာ စာတိုပေစလေးတွေရေးနေတဲ့သူဆိုတော့ အဆင်သင့်ပါပဲ။ ဟောသည်မှာ ရေးဖို့တေးထားတဲ့ဟာ ဖတ်သာကြည့်ပေတော့"

ဟူ၍ ဆိုရင်း မှတ်စာ စာမျက်နှာတစ်ခုကို ပြလာခဲ့ပါသည်။ ဤအခါဝယ်

www.burmeseclassic.com

www.burmeseclassic.com



၁။ **တနင်္ဂနွေသားသမီး**
အိမ်ဝင်းခြံထဲတွင် ခံတက်ပင်၊ ကြခတ်ပင်၊ ခွေးတောက်ပင် မစိုက်ကောင်း။

၂။ **တနင်္လာသားသမီး**
အိမ်ဝင်းခြံထဲတွင် ညောင်အုန်းပင် မစိုက်ကောင်း။

၃။ **အင်္ဂါသားသမီး**
အိမ်ဝင်းခြံထဲတွင် ရင်ခတ်ပင်၊ ဝက်သစ်ချပင်၊ ရှောက်ချိုပင် မစိုက်ကောင်း။

၄။ **ဗုဒ္ဓဟူးသားသမီး**
အိမ်ဝင်းခြံထဲတွင် ပင်စိမ်းပင်၊ ပုန်းညက်ပင်၊ မုန်ညင်းပင် မစိုက်ကောင်း။

၅။ **ကြာသပတေးသားသမီး**
အိမ်ဝင်းခြံထဲတွင် သရက်ပင်၊ သလဲပင်၊ သံပရာပင်၊ သံလွင်ပင် မစိုက်ကောင်း။

၆။ **သောကြာသားသမီး**
အိမ်ဝင်းခြံထဲတွင် တမာပင်၊ ဒန်းပင်၊ နံ့သာဖြူပင် မစိုက်ကောင်း။

၇။ **စနေသားသမီး**
အိမ်ဝင်းခြံထဲတွင် အင်၊ ကသစ်ပင်တို့ မစိုက်ကောင်း။

ဟူသည့် လောကီရေးရာ သိအပ်စရာတို့ကို ရှေး့မြင်ဖတ်ရှု လိုက်ရပါတော့သတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## မြေကွက်ရောင်းမည် ဆိုပါလျှင်

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏ ဘွားဒွေးကြီးသည် ဘဝ တစ်ပါးသို့ မကူးပြောင်းမီ အလှူဒါနတစ်ခုခု လုပ်သွားချင်ခဲ့ ကြောင်း တဖွဖွ ပြောဆို၏။ အလှူလုပ်သည်ဆိုရာ၌ ပါးစပ်ဖြင့် လုပ်၍မရ။ ငွေကြေးဥစ္စာရှိဖို့လိုသည်။ လောလောလတ်လတ် ဘွားဒွေးကြီး၌ ငွေကြေးမရှိ။ သို့ရာတွင် ပိုလျှံနေသော မြေတစ် ကွက်ရှိနေလေရာ ထိုမြေကွက်ကိုရောင်းချ၍ အလှူဒါန ပြုရပေ တော့မည်။

မြေကွက်က ရောင်းဖို့ရာစိတ်ကူးမဝင်ခင်တုန်းက ဟိုလူ ကမေး။ သည်လူကမေးနှင့်။ တကယ့်တကယ်တမ်း ကိုယ်က လည်း ငွေလိုနေပြီ။ ချက်ချင်းလည်း ရောင်းထွက်ချင်ပြီဆိုသော် အမေးအမြန်းကလေးပင် မရှိတော့။ သည်တော့ ဘွားဒွေးကြီး တစ်ယောက် ရွှေတောင်ဖျားရှိ ဗေဒင်ဆရာ ဓာတ်ရိုက်ဓာတ်ဆင် ဆြာသင် ဆိုသော ပုဂ္ဂိုလ်ကြီးထံသို့ ရောက်ခဲ့တော့၏။ ထိုစဉ်က ဘွားဒွေးကြီး၏ အချစ်တော် ကျွန်ုပ်လည်း လိုက်ပါသွားခဲ့သည် မို့ ဆြာသင်၏ ပညာရပ်ကို မှတ်သားထားမိခြင်းဖြစ်၏။ ဆြာ သင်၏ အစီအရင်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ မြေအိုးတစ်လုံးထဲသို့ ရောင်းချမည့်မြေကွက်မှ မြေကြီးအားထည့်စေ၏။
၂။ ထိုမြေအိုးတွင်းသို့ မှန်ကွဲများကိုလည်း ထည့်စေ၏။
၃။ ထိုမြေအိုးတွင်းသို့ ပဲပင်ပေါက်များကိုလည်း ထည့်စေ၏။
၄။ ထိုမြေအိုးတွင်းသို့ ပဲပြားကိုလည်း ထည့်စေ၏။
၅။ ထို့နောက် ရောင်းချမည့် မြေကွက်ကို အနည်းငယ်တူးကာ ၎င်းမြေပေါ်သို့ မြေဖြူမှုန့်များကို ဖြူးစေ၏။
၆။ မြေဖြူဖြူးထားသောနေရာ၏အတွင်း၌ စီမံထားသော မြေအိုးကို မြှုပ်စေ၏။
၇။ မြေကိုပြန်ဖို့၍ ဖို့ထားသောမြေကြီး (မြေပုံ) ပေါ်၌ မြေဖြူဖြင့် (မ) အက္ခရာကို ရေးစေ၏။
၈။ ရေးနေချိန်၌ နှုတ်မှလည်း 'မြေကွက်ဈေးကောင်းရပြီး ရက်မကြာဘဲ အမြန်ဆုံးထွက်ပါစေ' ဟု ပြောစေ၏။

ဘွားဒွေးကြီးလည်း ဆြာသင် ညွှန်ကြားခဲ့သမျှကို ယုံကြည်စွာဖြင့် လုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်မှတ်မိ၏။ ထို့ထက်မှတ်မိသည်ကား ထိုသို့ လုပ်ဆောင်အပြီး သုံးရက်မြောက်မှာပင် ဘွားဒွေးကြီး၏ မြေကွက်မှာ ခေါ်သည့်ဈေးဖြင့်ပင် အရောင်းထွက်သွားပါကြောင်း။

□

## မီးဘေးကင်းအောင် ငုံးရုပ်ဆောင်

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူ၍ ရန်သူမျိုး ၅ ပါးရှိကြောင်း မှတ်သားရဖူးပါသည်။ ရန်သူမျိုး ၅ ပါးကို မည်သူမျှ မသင့်လိုကြပါ။ သို့ဖြစ်၍လည်း ဘုရားရှိခိုးသောအခါ ရန်သူမျိုး ၅ ပါးမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလိုကြောင်း ထည့်သွင်းကြခြင်း ဖြစ်ပါသည်။

ထိုရန်သူမျိုး ၅ ပါးအနက် မီးဆိုသည်မှာ မိမိတို့အတွက် ရန်သူလည်းမည်ပါ၏။ မိတ်ဆွေလည်းမည်ပါ၏။ မီးဆိုသည်ကမသုံးတတ်လျှင် ရန်သူအသွင်ဖြစ်၍ ရှောင်ကြဉ်ရမည်ဆိုလည်းဖြစ်နိုင်သည့်ကိစ္စမဟုတ်။ မီးကြောင့် လူသားများ အသက်ရှင်ရပ်တည်နေနိုင်ကြသည် မဟုတ်ပါလား။ ရှောင်ကြဉ်၍မရမည့်အတူတူ မိတ်ဆွေအဖြစ် မြဲခိုင်စွာ လက်တွဲသွားနိုင်ရန် မိမိတို့ဘက်မှာ ဂရုတစိုက် အသုံးချရမှာပဲ ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း ကိုယ့်ပယောဂမပါသည့်တိုင် အခြားအခြားသောသူတို့ ပေါ့ဆစွာ သုံးစွဲရာမှလည်းကောင်း၊ သဘာဝအန္တရာယ်ကြောင့်လည်းကောင်း၊ လျှပ်စစ်ကြောင့်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

## မီးဘေးကင်းအောင် ငုံးရုပ်ဆောင်

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူ၍ ရန်သူမျိုး ၅ ပါးရှိကြောင်း မှတ်သားရဖူးပါသည်။ ရန်သူမျိုး ၅ ပါးကို မည်သူမျှ မသင့်လိုကြပါ။ သို့ဖြစ်၍လည်း ဘုရားရှိခိုးသောအခါ ရန်သူမျိုး ၅ ပါးမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလိုကြောင်း ထည့်သွင်းကြခြင်း ဖြစ်ပါသည်။

ထိုရန်သူမျိုး ၅ ပါးအနက် မီးဆိုသည်မှာ မိမိတို့အတွက် ရန်သူလည်းမည်ပါ၏။ မိတ်ဆွေလည်းမည်ပါ၏။ မီးဆိုသည်က မသုံးတတ်လျှင် ရန်သူအသွင်ဖြစ်၍ ရှောင်ကြဉ်ရမည်ဆိုလည်း ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ မီးကြောင့် လူသားများ အသက်ရှင်ရပ်တည်နေနိုင်ကြသည် မဟုတ်ပါလား။ ရှောင်ကြဉ်၍မရမည့်အတူတူ မိတ်ဆွေအဖြစ် မြဲခိုင်စွာ လက်တွဲသွားနိုင်ရန် မိမိတို့ဘက်မှာ ဂရုတစိုက် အသုံးချရမှာပဲ ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း ကိုယ့်ပယောဂမပါသည့်တိုင် အခြားအခြားသောသူတို့ ပေါ့ဆစွာ သုံးစွဲရာမှလည်းကောင်း၊ သဘာဝအန္တရာယ်ကြောင့်လည်းကောင်း၊ လျှပ်စစ်ကြောင့်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဖျက်သမားတို့၏ ရန်ကြောင့်လည်းကောင်း၊ မီးဘေးသင့်မှုများကို ကြုံရကြားရပါ၏။ အသက်အိုးအိမ်များ၊ နိုင်ငံတော်ပိုင်အဆောက်အဦများ၊ ပျက်စီးဆုံးရှုံးရ...ပါ၏။ သည်တော့ ဥပဒေဘောင်တွင်းရှိ လူသားအားလုံးပင် မီးဘေးမှ ကင်းဝေးလိုကြပါသည်။ ဤသို့ တင်ပြလိုသည်မှာ ဂမ္ဘီရအစီအရင်ဖြင့် မီးဘေးကင်းအောင် စွမ်းဆောင်သည့်ကိစ္စ ဖြစ်ပါသည်။ တချို့က ဒက္ခိဏာသာခါဘုရားရှင်ကို ထုလုပ်ပူဇော်ကိုးကွယ်ကြပါ၏။ ဝဋ္ဋသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါ၏။ မီးကွင်းဂမုန်းကို စိုက်ပျိုးထားတတ်ကြပါ၏။ အားလုံးပင် သူ့သဘာဝနှင့်သူ အဓိပ္ပာယ်ရှိကြပါသည်။ လုပ်လည်း လုပ်ဆောင်သင့်ကြပါသည်။

ဤသို့ စာရေးသူ တင်ပြလိုသည်မှာ မီးဘေးကင်းအောင်အတွက် ငုံးရုပ်ကလေးကို ထုလုပ်ပြီး ဆောင်ထားရန် ဖြစ်ပါသည်။ ငုံးဟူသည်မှာ ဘုရားအလောင်းတော် နုစဉ်ကာလ ငုံးဘဝဖြစ်စဉ် လေးနက်လှစွာသော သစ္စာစကားကို ဆိုသဖြင့် မီးဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ဖူးလေရာ ငုံးရုပ်ကို ဘုရားလောင်းအမှတ်ဖြင့် ထုလုပ်ခြင်းလည်း ဖြစ်ပါသည်။ ပို၍ ပီပြင်သက်ဝင်လာစေကာ ပရိတ်ကြီး ၁၁ သုတ်လာ ဝဋ္ဋသုတ်တော်နှင့် ထုံမွမ်းဖို့လည်း လိုအပ်ပါသည်။ ငုံးရုပ်ထုလုပ်မည့် သစ်ထည်အား ဝဋ္ဋသုတ်တော် ကိုးခေါက်ရွတ်ဆိုထားသော ရေဖြင့် စင်ကြယ်အောင် ဆေးကြောသန့်စင်ပြီးမှ ထုလုပ်ရပါမည်။ ထုလုပ်ရာတွင်လည်း အိမ်ထောင်ဦးစီးဖြစ်သူ၏ နေ့နံကို အဓိကထား၍ ထုလုပ်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ **တနင်္ဂနွေသားအတွက်**

ဒန်းကြီးသားကို ကြာသပတေးနေ့၌ ထုလုပ်ရပါမည်။

၂။ **တနင်္လာသားအတွက်**

သြဇာသားကို သောကြာနေ့၌ ထုလုပ်ရဖါမည်။

၃။ **အင်္ဂါသားအတွက်**

ခရေသားကို စနေနေ့၌ ထုလုပ်ရပါမည်။

၄။ **ဗုဒ္ဓဟူးသားအတွက်**

စိန်ပန်းသားကို တနင်္ဂနွေနေ့၌ ထုလုပ်ရပါမည်။

၅။ **ကြာသပတေးသားအတွက်**

ရှောက်သားကို တနင်္လာနေ့၌ ထုလုပ်ရပါမည်။

၆။ **သောကြာသားအတွက်**

ပိတောက်သားကို အင်္ဂါနေ့၌ ထုလုပ်ရပါမည်။

၇။ **စနေသားအတွက်**

သစ်အယ်သားကို ဗုဒ္ဓဟူးနေ့၌ ထုလုပ်ရပါမည်။

ထုလုပ်ရမည့်အသားကို လေ့လာကြည့်လျှင် အမြစ်နံကျသော အသားများဖြစ်၍ ထုလုပ်ရမည့်နေ့များမှာ ပဋ္ဌပွတ်ကျသော နေ့များဖြစ်ကြောင်း တွေ့ရှိရပါမည်။ လွဲချော်မှု အစွမ်းအာနိသင်မရှိနိုင်ပါ။ ထုလုပ်ပြီးသော ငုံးရုပ်အား ဘုရားကျောင်းဆောင် ရှေ့၌လည်းကောင်း။ ဘုရားကျောင်းဆောင်အောက်၌လည်းကောင်း အဆောင်အရုပ်အဖြစ် ထားရှိနိုင်ပါသည်။ ထိုသို့ထားရှိပြီးသည့်သကာလ ဝဋ္ဋသုတ်တော်အား နံနက်တစ်ခေါက်၊ ညတစ်ခေါက် ပုံမှန်ရွတ်ဆို ပူဇော်ပေးပါက အစွမ်းအာနိသင်

www.burmeseclassic.com

www.burmeseclassic.com



များ ထက်မြက်ကာ မီးဘေးအန္တရာယ်မှ အမှန်တကယ်ပင် ကင်းလွတ်နိုင်ပါလိမ့်မည်။

ယုံကြည်စွာဖြင့် လုပ်ဆောင်ကြည့်စေလိုပါသည်။ အကျိုးမယုတ်ပါ။ စီးပွားလာဘ်လာဘများ ပွင့်လန်းလျက် အခက်အခဲများ ပြေလည်ပြီး ရန်သူမျိုး ၅ ပါး၌ တစ်ပါးအပါအဝင်ဖြစ်သည့် မီးဘေးအန္တရာယ်မှကင်းလွတ်လိမ့်မည့်အကြောင်း စေတနာကောင်းဖြင့် နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## မြေဝယ်တော့မည်ဆိုပါလျှင်

ရိုးရိုးသားသားဖြင့် ကြိုးစားစုဆောင်းလာသည့်အတွက် ငွေစကြေးစကလေးများ ရရှိလာသောအခါဝယ် အိုးပိုင်အိမ်ပိုင် ဖြစ်ချင်လာပါသည်။ သည့်အတွက် အိမ်ဆောက်လုပ်နိုင်ဖို့ရာ အခြေခံကျသော မြေကို ဝယ်ရပါတော့မည်။

'မောင်မျိုးရေ မင်း သန်လျင်ဘက်မှာ မြေဝယ်မယ်လို့ သတင်းကြားရတယ်။ အဲဒါ ဟုတ်သလားကွယ်'

'ဟုတ်ပါတယ် ဘကြီးအောင်'

ဘကြီးအောင်မှာ ကျွန်တော်ငှားရမ်းနေထိုင်လျက်ရှိသော အိမ်မှ အိမ်ပိုင်ရှင် အဘိုးကြီးဖြစ်ပြီး ရှေးမီနောက်မီလောကီ လောကုတ္တရာပညာရပ်များကို လေ့လာဆည်းပူးနေသော ပညာရှင် တစ်ဦးဟု ဆိုရပါလိမ့်မည်။ ကျွန်တော်တို့ မိသားစုကိုလည်း အိမ်ငှားဟူ၍ သဘောမထားဘဲ ဆွေးမျိုးရင်းချာသဖွယ် ပြောဆို ဆုံးမစရာရှိလျှင် ပြောဆိုဆုံးမကာ အစစအရာရာ စောင့်ရှောက် ပေးခဲ့သူလည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ အိမ်ငှားဘဝကနေ မြေပိုင်၊ အိုးပိုင်ဖြစ်တော့ မယ်ဆိုတော့ ဘကြီးအောင် တကယ်ပဲ ဝမ်းသာပါသကွယ်။ ဘဝဆိုတာ သည်လိုပဲတိုးတက်နေရမယ်ဟေ့။ တိုးတက်အောင်လည်း ကြိုးစားစွမ်းဆောင်နေရမယ်။ ဒါထက် မြေဝယ်တော့မယ်ဆိုရင် ဘယ်လိုမြေမျိုးကို ရွေးချယ်ရမယ်၊ ဘယ်လို မြေမျိုးကို ရှောင်ကြဉ်ရမယ်ဆိုတာကိုကော လေ့လာစဉ်းစားထား ပြီးပလား မောင်မျိုး'

'ဟင့်အင်း ဘာစဉ်းစားစရာလိုသလဲ ဘကြီးအောင်ရယ် မြေဟာ မြေပဲပေါ့ မဟုတ်ဘူးလား'

'မဟုတ်သေးဘူး မောင်မျိုး၊ လောကမှာ အကောင်းရှိရင် အဆိုးဆိုတာရှိတယ်။ အကောင်းကို ရွေးချယ်ပြီး အဆိုးကို ရှောင်ကြဉ်ရလိမ့်မယ်ဟေ့ မြေမှာလည်း မြေကောင်း၊ မြေဆိုးဆိုတာ ရှိတယ်'

'ဟင်... ဟုတ်လား၊ ပြောပြပါဦး ဘကြီးအောင်'

'အေး မှတ်ထား မောင်မျိုး၊ အိမ်ဆောက်ဖို့ မြေဝယ်တော့မယ်ဆိုရင် ရေတို့ ကျွဲတို့ နွားတို့ များများရှိတဲ့နေရာ မြေပြန့်နေရာ၊ အသုံးဝင် အဖိုးတန်သစ်ပင်ပေါက်တဲ့နေရာ၊ ကျင်းတူးမိရင်ပြန်ဖြည့်ဖို့မြေရှိတဲ့နေရာ၊ မြေရဲ့ညာဘက်မှာ ချောင်းတွေစီးဆင်းတဲ့ နေရာ၊ သစ်စေ့တွေချရင် သုံးလေးရက်အတွင်း အညောင့်ထွက်တဲ့နေရာ၊ အရှေ့ဘက်ကို လျှောဆင်းသွားတဲ့နေရာ၊ အဝီစိတွင်းတူးရင် ရေကောင်းရေသန့်ထွက်တဲ့နေရာ၊ အဝေးကလာတဲ့ ခြေသံကိုကြားရလောက်အောင် ငြိမ်သက်တဲ့နေရာ

www.burmeseclassic.com



အဲသည်လိုမျိုး နေရာတွေဟာ အိမ်ဆောက်ဖို့ အကောင်းဆုံး မြေပဲပေါ့ မောင်မျိုး။ မြေဝယ်မယ်ဆိုရင်လည်း အဲသည်လိုမျိုး မြေနေရာတွေကို ရွေးချယ်ကွယ့်'

'ဟုတ်ကဲ့ ဘကြီးအောင်၊ အခုလိုမျိုး ရှင်းပြတော့မှပဲ မြေကောင်းဆိုတာ ဘာလဲဆိုတာ သိရပါတော့တယ်။ မြေကောင်းရဲ့ ဆန့်ကျင်ဘက် မကောင်းတဲ့ မြေနေရာ၊ မဝယ်သင့်တဲ့ မြေနေရာဆိုတာတွေကကော ဘာတွေလဲဟင်'

"အေး သိရတာပေါ့ကွယ်၊ မကောင်းတဲ့ မြေနေရာတွေဆိုတာက လိပ်၊ ဆင်၊ ငါး၊ နွား စတဲ့ သတ္တဝါတွေရဲ့ မျက်နှာနဲ့ ဆင်တူတဲ့မြေ၊ စက်ဝန်းပုံသဏ္ဍာန် မကျတကျမြေ၊ စက်ဝန်းသဏ္ဍာန်ရှိတဲ့မြေ၊ အရိုးဆံချည်မျှင်၊ မီးသွေး၊ အဆိပ်ရှိ ပိုးမွှားတိရစ္ဆာန်တွေ ကျင်လည်ကျက်စားကြရာမြေ၊ အဲသည်မြေတွေကိုဝယ်ဖို့ မစဉ်းစားနဲ့ ဝယ်မိရင် သောကရောက်မယ်။

တစ်ဆက်တည်းဆိုသလိုပဲ တောင်အရပ်က နိမ့်ပြီး မြောက်အရပ်က မြင့်ရင် ကြီးပွားချမ်းသာလိမ့်မယ်။ အလယ်ပိုင်းက နိမ့်နေရင်တော့ နေတဲ့သူဟာ မမြဲတတ်ဘူး။ အလယ်ပိုင်းက မြင့်နေရင်တော့ ကြီးပွားချမ်းသာပါလိမ့်မယ်။ အဲ အနောက်မြောက်က မြင့်ပြီး အရှေ့မြောက်က နိမ့်နေရင် စီးပွားချမ်းသာဖြစ်ထွန်းပါလိမ့်မယ်။

မြေရဲ့ ရှေ့ပိုင်းက နိမ့်ပြီး အနောက်ပိုင်းက မြင့်ရင် အဲဒီအရပ်ဒေသဟာ ကြီးပွားချမ်းသာမယ့် အရပ်ဒေသပဲ။ အရှေ့တောင်က နိမ့်ပြီး အနောက်တောင်ကမြင့်ရင် စီးပွားပျက်တတ်တယ်။ အရှေ့ဘက်အရပ်က မြင့်ပြီး အနောက်ဘက်အရပ်က

www.burmeseclassic.com

www.burmeseclassic.com


နိမ့်ရင် ဆင်းရဲတာရှည်တတ်တယ်။ တောင်ပိုင်းကနိမ့်ပြီး မြောက်ပိုင်းကမြင့်ရင် ငယ်ငယ်ရွယ်ရွယ်နဲ့ အနိစ္စရောက်ရတတ်တယ်။ အနောက်တောင်အရပ်က နိမ့်ပြီး အရှေ့မြောက်အရပ်က မြင့်နေရင်လည်း ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရတတ်ပြန်ရော"

အမှန်တကယ်ပင် ဘကြီးအောင်သည် လောကီရေးရာ ဗဟုသုတအဖုံဖုံ ပြည့်စုံကြွယ်ဝလှသူ ဖြစ်ချေသည်။ ကျွန်တော့်အဖို့ မြေဝယ်ခြင်းကိစ္စကို သာမန်မျှလောက်သာဟူ၍ သဘောထားမိခဲ့သမျှ ယခုလိုမျိုး ခြေခြေမြစ်မြစ် သိလိုက်ရသောအခါ ဝယ် အထူးပင် အကျိုးရှိသွားခဲ့ရသည်။

'နောက်ပြီး မှတ်ထားလိုက်ဦး မောင်မျိုးရေ'

မြေကောင်းကို ရွေးချယ်ဝယ်ယူပြီးတဲ့နောက်မှာ အရှေ့ဘက်အရပ်မှာ ညောင်ပင်နဲ့ ပိန္နဲပင်ကို စိုက်ပေးရမယ်။ တောင်အရပ်မှာ မန်ကျည်းပင်ကို စိုက်ပေးရမယ်။ မြောက်အရပ်မှာ အုန်းပင်စိုက်ပေးရမယ်။ အနောက်ဘက်အရပ်မှာ ထန်းပင်ကို စိုက်ပေးရမယ်။ ဒါဆိုရင် မင်းတို့အိမ်က သိရိဂေဟာဖြစ်သွားပြီလို့သာ မှတ်ပေရော့။

အေး မြေဝယ်ဖို့အတွက် လိုက်ကြည့်ပေးဆိုလည်း ကြည့်ပေးရမှာပေါ့ကွယ် သန်လျင်မြို့ပတ်လမ်းထဲမှာ ဘကြီးအောင်ရဲ့ မိတ်ဆွေ အငြိမ်းစားမန်နေဂျာကြီး ဦးစိန်ဝင်းဆိုတာ ရှိလေရဲ့ တို့တတွေကို ကောင်းကောင်းကြီး အကူအညီပေးလိမ့်မယ်

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဘကြီးအောင်'

❒

www.burmeseclassic.com

www.burmeseclassic.com

## ယာဉ်ဝယ်မှာလား ရောင်းမှာလား

ယာဉ်ဆိုသည်မှာ လူတို့အတွက် မရှိမဖြစ် အသုံးအဆောင် ဖြစ်ပါသည်။ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးအတွက် အဓိကထားရသကဲ့သို့ လူနေမှုအဆင့်အတန်းကိုလည်း ပိုင်ဆိုင်သောကားက ပြနေသည်ပင်။

ဤသို့ မိမိပိုင်ဆိုင်သော ယာဉ်ကား အကြောင်းအမျိုးမျိုးကြောင့် ပြန်ရောင်းလိုသည်ဖြစ်စေ၊ မိမိအနေနှင့် ထပ်မံဝယ်ယူလိုသည်ဖြစ်စေ ကောင်းမွန်လျော်ကန်သော နေ့များကို ရွေးချယ်လုပ်ကိုင်မည်ဆိုက များစွာ အဆင်ပြေပါမည်။ ရွေးချယ်ဖော်ပြလိုက်ပါသည်။

နေ့သားအလိုက် ယာဉ်ဝယ်လိုသော်...

❖ တနင်္ဂနွေသားအဖို့ (၂)၊ (၃)၊ (၅)၊ (၁၁)၊ (၁၂)၊ (၂၃) စသောရက်များကို ရွေးချယ်၍ ဝယ်ပါ။

❖ တနင်္လာသားအဖို့ (၁)၊ (၄)၊ (၁၃)၊ (၂၂)၊ (၃၁)၊ စသောရက်များကို ရွေးချယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



❖ အင်္ဂါသားအဖို့ (၁)၊ (၂)၊ (၁၁)၊ (၂၂)၊ (၂၃)၊ စသောရက်များကို ရွေးချယ်ပါ။

❖ ဗုဒ္ဓဟူးသားအဖို့ (၁)၊ (၆)၊ (၁၅)၊ (၂၄)၊ စသော ရက်များကို ရွေးချယ်ပါ။

❖ ကြာသပတေးသားအဖို့ (၁)၊ (၂)၊ (၃)၊ (၁၁)၊ (၁၂)၊ (၂၁) ရက်များကို ရွေးချယ်ပါ။

❖ သောကြာသားအဖို့ (၄)၊ (၇)၊ (၁၀)၊ (၁၆)၊ (၂၂)၊ (၂၅) ရက်များကို ရွေးချယ်ပါ။

❖ စနေသားအဖို့ (၄)၊ (၆)၊ (၁၃)၊ (၁၅)၊ (၂၂)၊ (၂၄) ရက်များကို ရွေးချယ်ပါ။

နေ့သားအလိုက် ယာဉ်ရောင်းလိုသော်...

❖ တနင်္ဂနွေသားအဖို့ (၄)၊ (၆)၊ (၇)၊ (၁၀)၊ (၁၃) (၁၅)၊ (၁၆)၊ (၂၅)၊ (၂၆) စသောရက်များကို ရွေးချယ်၍ ရောင်းပါ။

❖ တနင်္လာသားအဖို့ (၅)၊ (၆)၊ (၁၄)၊ (၁၅)၊ (၂၃)၊ (၂၄) ရက်များကို ရွေးချယ်ပါ။

❖ အင်္ဂါသားအဖို့ (၄)၊ (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၅)၊ ရက်များကို ရွေးချယ်ပါ။

❖ ဗုဒ္ဓဟူးသားအဖို့ (၂)၊ (၃)၊ (၅)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၂၀)၊ (၂၃) စသောရက်များကို ရွေး ချယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



❖ ကြာသပတေးသားအဖို့ (၄)၊ (၆)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၅) စသော ရက်များကို ရွေးချယ်၍ ရှောင်းပါ။

❖ သောကြာသားအဖို့ (၁)၊ (၂)၊ (၃)၊ (၅)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၁)၊ (၂၃) ရက်များ ရွေးချယ်ပါ။

❖ စနေသားအဖို့ (၁)၊ (၂)၊ (၃)၊ (၅)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၂၁)၊ (၂၃) ရက်များကို ရွေးချယ်ပါ။

❒

www.burmeseclassic.com

www.burmeseclassic.com

# ရောက်ရှိအသက် တွက်ကာချက်
# အလှူဒါနဆက်

သင်အသက်ဘယ်လောက်ရှိပြီနည်း။

လူတိုင်းပင် မိမိတို့၏လက်ရှိရောက်ရှိနေသောအသက်ကို သိကြပါလိမ့်မည်။ အသက်ကိုသိပြီဆိုပါက မြန်မာ့ဗေဒင်ပညာရပ်အရ တွက်ချက်၍အလှူဒါနများ ဆက်ပေးဖို့ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးဖို့လိုပါသည်။

တွက်ချက်ရမည့် နည်းနာကလေးမှာ မခက်ပါ။

ရောက်ရှိနေဆဲအသက်ကို တည်ပါ။ (၆) နှင့် မြှောက်ပါ။

ရလဒ်ကို (၇) ဖြင့်စားပါ။ ထိုအခါအကြွင်းများ ရလာပါလိမ့်မည်။ ရလာသောအကြွင်းများအပေါ် မူတည်လျက် လှူဒါန်းရမည့်ပစ္စည်းများကို ဖော်ပြလိုက်ပါသည်။ လပြည့်နေ့၌ လှူပါက ပို၍အကျိုးထူးပါသည်။ လပြည့်နေ့မဟုတ်သောပြား ကြားရက်များ၌ လှူပါလျှင်လည်း အကျိုးမယုတ်ပါ။ အလှူဒါန ပြုခြင်းဖြင့် အကျိုးတရား (၇) ပါးကို ခံစားရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



- အမှုအခင်းတို့ကို အောင်နိုင်စေခြင်း
- လိုရာဆန္ဒ ပြီးမြောက်ခြင်း
- ပြိုင်ဘက်တို့အပေါ်တွင် အနိုင်ရခြင်း
- ဘုန်းတန်ခိုးကြီးမားခြင်း
- ရာထူးဂုဏ်သိမ်တိုးတက်၍ စည်းစိမ်ဥစ္စာများ ရရှိခံစားရခြင်း
- ဩဇာအာဏာထက်မြက်စူးရှခြင်း
- ရန်သူအပေါင်းက အရှုံးပေးရခြင်း စသည်တို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

(၁) ကြွင်းပါက ငှက်ပျောသီးကို အလှူဒါနပြုပေးပါ။

(၂) ကြွင်းပါက မုန့်မျိုးစုံကို အလှူဒါနပြုပေးပါ။

(၃) ကြွင်းပါက နွားနို့ကို အလှူဒါနပြုပေးပါ။

(၄) ကြွင်းပါက(ဥ)၊ အင်ဥ၊ ကန်စွန်းဥတို့ကို အလှူဒါနပြုပေးပါ။

(၅) ကြွင်းပါက ထန်းလျက်ကို အလှူဒါန ပြုပေးပါ။

(၆)ကြွင်းပါက မန်ကျည်းဖျော်ရည်ကို အလှူဒါနပြုပေးပါ။

(၀) ကြွင်းပါက လက်သုပ်စုံ လှူဒါန်းပေးပါ။

❒

www.burmeseclassic.com

www.burmeseclassic.com

## ရိုးရာနတ်နှင့် စားတော်ပွဲ

မိမိတို့နိုင်ငံသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခြင်းကို ခွင့်ပြုထားသော နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်လည်း ကိုးကွယ်မှုဘာသာတရားတွေ အကွဲကွဲအပြားပြားရှိနေကြသည်မှာ မဆန်းချေ။ ကျေးလက်တောရွာများတွင်သာမက မြို့နေလူတွေပါ ကိုးကွယ်ကြရာတွင် ရိုးရာနတ်သည် အထင်အရှားဖြစ်လျက် ရှိ၏။ ဤခွဲ စာရှုသူတို့ ဗဟုသုတတိုးပွားရန်အလို့ငှာ ရိုးရာနတ်များနှင့် စပ်လျဉ်း၍ ဆက်သရသည့် စားတော်ပွဲများအကြောင်းကို လေ့လာသိရှိသမျှ တင်ပြလိုက်ပါသည်။

**ပခန်းဦးမင်းကျော်အတွက် စားတော်ပွဲ**

ထန်းရည် (သို့) အရက်နှင့် ကြက်သားကြော်ကိုလည်းကောင်း၊ ကြက်သားကြော် မရပါက ပုစွန်ထုပ်နှင့် ငါးကင်ဆီလူးကို ဆက်သနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပုပ္ပါးမယ်တော်အတွက် စားတော်ပွဲ

သက်သတ်လွတ် ဆက်သတင်မြှောက်ရပါသည်။ ရရာသစ်သီးမျိုးစုံနှင့် စားချိရသော မြန်မာနှင်းဆီပန်းကို ဆက်သနိုင်ပါသည်။

## အမေရေယဉ်အတွက် စားတော်ပွဲ

သွားဖုံးမြုပ်အောင် ခုတ်ထစ်ထားသောဝက်သား၊ ဆိတ်သား၊ ကြက်သား၊ အမဲအရေခွာ အစိမ်းစားတော်ပြပြီး ကျက်အောင်ချက်ကာ ဆက်သနိုင်ပါသည်။

## အမေဂျမ်းအတွက် စားတော်ပွဲ

ထန်းရည်၊ လက်ဖက်သား၊ ဆေးပေါ့လိပ်တို့အပြင် ကြက်သား (ကာလသားချက်) ဟင်းတို့ကို ဆက်သနိုင်ပါသည်။

## နံကရိုင်းမယ်တော်အတွက် စားတော်ပွဲ

မုန့်ကြာစေ့၊ မုန့်လုံးရေပေါ်၊ ကညွတ်ရွက်သုပ်၊ ငါးရံ့ကြော်နှစ်ကောင်၊ ငါးရံ့ခြောက်ဖုတ်၊ ငါးရံ့အကောင်လိုက် ပြုတ်ထားသော ဆန်ပြုတ်တို့အား ဆက်သနိုင်ပါသည်။

## ကိုးမြို့ရှင်အတွက် စားတော်ပွဲ

ကောက်ညှင်းပေါင်း ၉ ပုံ၊ မုန့်ဖြူ ၉ ချပ်၊ မုန့်နီ ၉ ချပ်၊ ငါးအမြီးခေါင်းဖုံ ၉ ကောင်၊ လက်ဖက် ၉ ပုံ၊ ကွမ်းယာ ၉ ယာ၊ ဆေးလိပ် ၉ လိပ်၊ ဗိန်းဥ၊ မြောက်ဥတို့ကို ဆက်သနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မရွှေဘော်အတွက် စားတော်ပွဲ**

ဆီထမင်း၊ ငါးကြော်၊ ငှက်ပျောသီး၊ ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ ကြက်ဥဟာပ်ဖရိုင်တို့ကို ဆက်သနိုင်ပါသည်။

**မနဲ့လေးအတွက် စားတော်ပွဲ**

ကလေးစားစရာမုန့်များ၊ ချိုချဉ်၊ ဘဲဥ၊ ကြက်ဥအစုံ၊ ကြက်ဥ ၂ လုံး သို့မဟုတ် ၄ လုံး သို့မဟုတ် ၈ လုံး စုံတင်ရပါသည်။

**အိမ်တွင်းခုနစ်ပါးအတွက် စားတော်ပွဲ**

ကောက်ညှင်းပေါင်း သို့မဟုတ် ဆီထမင်း သို့မဟုတ် ထမင်းဦးပေါင်း ၇ ပုံ၊ မုန့်ဖြူ ၇ ချပ်၊ မုန့်နီ ၇ ချပ်၊ မုန့်ဖြူကို အောက်ကထားပြီး၊ မုန့်နီကို အပေါ်က ထားရပါမည်။ ငါးအမြီးစုံခေါင်းစုံ ၇ ကောင်၊ လက်ဖက် ၇ ပုံ၊ ကွမ်းယာ ၇ ယာတို့ကို ဆက်သနိုင်ပါသည်။

**ရွှေစစ်သည် မြင်းဖြူရှင်အတွက် စားတော်ပွဲ**

ထမင်းနို့ပေါင်း ၇ ပုံ၊ ထန်းလျက်ခဲ ၇ ခဲ၊ အုန်းသီး ၇ စိတ်၊ မုန့်ဖြူ ၇ ချပ်၊ မုန့်နီ ၇ ချပ်၊ ငါးအမြီးစုံ ခေါင်းစုံ ၂ ကောင်၊ သို့မဟုတ် ငါးခြောက် ၇ ထစ်ကို ဆက်သနိုင်ပါသည်။ (ကနီမြင်းဖြူရှင်ဆိုပါက ပဲပုပ်၊ ချဉ်ပေါင်ကြော်ပါ ဆက်သရပါသည်။)

**တောင်ပြုံးမင်းနှစ်ပါးအတွက် စားတော်ပွဲ**

မုန့်ဖြူ၊ မုန့်နီနှစ်ခုစီ နှစ်စုံ၊ ငှက်ပျောသီးဖီး၊ ရွှေပန်းခိုင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခိုင်၊ ငွေပန်းခိုင်နှစ်ခိုင်၊ အချိုပွဲနှစ်ပွဲ ဆက်သနိုင်ပါသည်။ (မင်းကလေးပွဲကျင်းပမည်ဆိုလျှင် ကြက်ကြော်ဆက်သရပါမည်။ စစ်ထွက်ပွဲ၌ ခေါက်ဆွဲကြော်၊ ကြက်ကင်နှင့် ထန်းရည်တို့ကို တင်ရပါမည်။)

**ပြည်ကန်တော်မောင်နှမအတွက် စားတော်ပွဲ**

အမဲသားအစိမ်းကို ပြုပြီး ချက်ပြုတ်ကာ ဆက်သနိုင်ပါသည်။

**ရှမ်းတလိုင်းအတွက် စားတော်ပွဲ**

နေမထွက်ခင် ကြက်ဖိုနှင့် ကြက်မကို ဆက်သနိုင်ပါသည်။

**မနေင်းဘိုးတော်အတွက် စားတော်ပွဲ**

ကံမှိုဘိုးတော်၊ သံပျင်းဘိုးတော်၊ ဦးဗျတ်ဝိ၊ ဦးဗျတ္တ၊ တနင်္လာရီဘိုးတော်အတွက် ဒံပေါက်၊ အုန်းထမင်း၊ ခေါက်ဆွဲကြော် ၅ ပွဲ၊ အချိုရည် ၅ လုံးတို့ ဆက်သနိုင်ပါသည်။

**ကျမ်းကိုး**

ရိုးရာနတ်ယုံကြည်မှုဓလေ့ထုံးစံများ

❐

www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်သင့်စွာ ရက်ယုတ်မာ

"ရက်ရာဇာဆိုတာ ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် ကောင်းတဲ့ရက်မှန်း သိတယ်။ ပြဿဒါးရက်ဆိုရင်လည်း ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် အလွဲလွဲအချော်ချော်နဲ့ မကောင်းတဲ့ရက်မှန်းသိတယ်။ အဲ... သမီးသိချင်တာက ပြက္ခဒိန်ထဲမှာ ဖော်ပြထားတဲ့ 'ရက်ယုတ်မာ' ဆိုတာကိုပဲ။ ရက်ယုတ်မာနဲ့ ပတ်သက်လို့ သိသင့် သိထိုက်တာလေးတွေ သမီးကို ပြောပြပေးပါလားဆရာ"

ဆွေးမျိုးရင်းချာလိုဖြစ်နေသည့် သမီးငယ် မငယ်က သူမအတွက် လိုအပ်နေသော ဗဟုသုတဖြစ်ဖွယ်တို့ကို မေးလာသည်။ အမေးရှိလျှင်ဖြင့် အဖြေလည်း ရှိရပေမည်။ ကျွန်ုပ်အတွက်ကမူ ဗဟုသုတလိုလားသူတိုင်းအပေါ် ပညာပြန်လည်ဖြန့်ဝေပေးရခြင်းကို များစွာမှ နှစ်လိုလှပါသည်။ ထို့ကြောင့်ပင် မငယ်မေးလာသမျှကို သေချာကျနစွာ ပြန်လည်ဖြေရှင်းပေးလိုက်ပါတော့သည်။

"ရိုးရိုးရှင်းရှင်း ပြောရရင်တော့ဖြင့် ရက်ယုတ်မာဆိုတာဟာ 'ဆိုးတဲ့ရက်' လို့ပဲ မှတ်သားထားလိုက်ပေါ့ကွယ်။ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တို့ မြန်မာလတွေမှာဆိုရင် တစ်လကို ရက်ယုတ်မာဟာ (၂) 'ရက်စီ'တိ ပါဝင်နေတယ်"

"အဲဒါ... ဘယ်ရက်တွေလဲ ဆရာ"

"အေး... အဲဒါကို သေသေချာချာမှတ်ထား။ တိတိကျကျ ပြောလိုက်မယ်"

ရက်ယုတ်မာကို လွယ်ကူစွာ ရှာဖွေနိုင်စိမ့်သောငှာ ကျွန်ုပ်လည်း သူ့လအလိုက်ကျရောက်သော ရက်များကို ပြောပြလေတော့သည်။

"တန်ခူးလမှာ လဆန်း (၆) ရက်၊ လဆုတ် (၆) ရက်၊ ကဆုန်လမှာ လဆန်း (၄) ရက်၊ လဆုတ် (၄)ရက်၊ နယုန်လမှာ လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်၊ ဝါဆိုလမှာ လဆန်း (၆) ရက်၊ လဆုတ် (၆) ရက်၊ ဝါခေါင်လမှာ လဆန်း (၁၀) ရက်၊ လဆုတ် (၁၀) ရက်၊ တော်သလင်းလမှာ လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်၊ သီတင်းကျွတ်လမှာ လဆန်း (၁၂) ရက်၊ လဆုတ် (၁၂) ရက်၊ တန်ဆောင်မုန်းလမှာ လဆန်း (၁၀) ရက်၊ လဆုတ် (၁၀) ရက်၊ နတ်တော်လမှာ လဆန်း (၂) ရက်၊ လဆုတ် (၂) ရက်၊ ပြာသိုလမှာ လဆန်း (၁၂) ရက်၊ လဆုတ် (၁၂) ရက်၊ တပို့တွဲလမှာ လဆန်း (၄) ရက်၊ လဆုတ် (၄) ရက်၊ တပေါင်းလမှာ လဆန်း (၂) ရက်၊ လဆုတ် (၂) ရက် အဲသည်ရက်တွေဟာ ရက်ယုတ်မာတွေပဲပေါ့ မငယ်"

"အဲသည်ရက်တွေမှာ ဘာတွေဘယ်လိုမျိုး ကြုံရတတ်သလဲဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်။ ဆရာလေ့လာမိသမျှကတော့ အဲသည်ရက်ယုတ်မာကျရောက်တဲ့ နေ့ရက်တွေမှာ အိုးအိမ်စတင်ဆောက်မိရင် ရန်သူမျိုး (၅) ပါးအနက် တစ်ပါးမဟုတ် တစ်ပါးပါးနဲ့ ငြိတတ်၊ ထိတတ်တယ်တဲ့။ အဲ... အိမ်ထောင်ပြုမယ်ဆိုရင်လည်း အိမ်ထောင်ဖက်နဲ့ အတူနေရတယ် မရှိဘူး။ မယ်တစ်ရွာမောင်တစ်မြို့ ဖြစ်နေတတ်တယ်တဲ့။ အခန့်မသင့်ရင် အိမ်ထောင်တောင်မှ ပြိုကွဲတတ်တယ်ဆိုပဲ"

"မထိတ်သာ မလန့်သာရှိလိုက်တာ ဆရာရယ်"

"နောက်ပြီး ခရီးထွက်မယ်ဆိုရင် အဲသည်ရက်ယုတ်မာကျရောက်တဲ့ ရက်တွေကို ရှောင်သင့်တယ်။ မဖြစ်မနေထွက်ပြီဆိုရင် လမ်းခရီးမှာ စိတ်အနှောင့်အယှက်ဖြစ်စရာနဲ့ ကြုံရတတ်တယ်။ အလုပ်အကိုင်အကြံအစည်တွေလည်း အလွဲလွဲအချော်ချော် ဖြစ်တတ်သတဲ့"

"တော်တော်ဆိုးတဲ့ ရက်ပဲနော်။ အင်းလေ... ဒါကြောင့်လည်း ရက်ယုတ်မာရယ်လို့ နာမည်ပေးထားတာ ဖြစ်မယ်"

"မှန်တာပေါ့ကွယ်။ လောကမှာ ကိုယ်မသိတာတွေ အများကြီးပဲ။ မသိတာကို သိအောင်လုပ်ဖို့ဟာ ကိုယ့်တာဝန်ပဲ မဟုတ်လား။ ရှေးလူကြီးသူမတွေဟာ လောကီအကျိုးစီးပွားအတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ညွှန့်ပြထားခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် ရှေးထုံးတွေဆိုပါတော့။ ဈေးသုံးလည်း မလွယ်သင့်သလို ကောင်းမွန်အောင် လမ်းညွှန်ပေးတဲ့ ရှေးထုံးတွေကိုလည်း မပယ်စေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဆရာရယ်။ ခုလိုမျိုး မငယ် သိချင်တာတွေ သိရအောင် ခြေခြေမြစ်မြစ်ရှင်းပြပေးတဲ့ဆရာ့ကို ကျေးဇူးတင်ပါတယ်။ မငယ်ကို ခွင့်ပြုပါဦး။ နောက်လည်း မငယ်သိချင်တာတွေရှိလို့ မေးလာတဲ့အခါ ခုလိုမျိုး ရှင်းပြပေးပါဦးနော်"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ"

❐

www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်ကြပါ ရှမ်းရက်မှာ

မြန်မာပြက္ခဒိန်များ၌ 'ရှမ်းရက်' ဆိုသည်များကို တွေ့ကြပါလိမ့်မည်။

ရှမ်းရက်သည် မင်္ဂလာအခါပေးခြင်း မပြုလုပ်သင့်သည့် ရှောင်ကြည်ရမည့် ရက်များပင် ဖြစ်၏။ မြန်မာလတိုင်း၌ ရှမ်းရက် နှစ်ရက်စီ ပါဝင်ကြသည်။ ပညာရှင်တို့က မှတ်သားရလွယ်ကူစေရန် ကဗျာလင်္ကာ စပ်ဆိုခဲ့ကြ၏။

"ရှူး ဆုန်တွင် ရှစ်၊ ယုန်ဆို နှစ်၊ နတ် တစ်၊ မုန်းငါးပါး။ ပြာ ပေါင်း လေးရှုံး၊ ကျွတ် လင်း သုံး၊ ခေါင်နှုံး ကိုးရက်ကွာ။ လတာပို့တွဲ၊ ခွန် ရက်ပဲ၊ ရှောင်လွှဲရှမ်းရက်လာ"

ဟူ၍ဖြစ်ပြီး လအလိုက် ရှင်းလင်းစွာ တင်ပြရလျှင်

| | |
|---|---|
| တန်ခူးလ | လဆန်း (၈) ရက်/ လဆုတ် (၈)ရက် |
| ကဆုန်လ | လဆန်း (၈) ရက်/ လဆုတ် (၈) ရက် |
| နယုန်လ | လဆန်း (၂) ရက်/ လဆုတ် (၂) ရက် |
| ဝါဆိုလ | လဆန်း (၂) ရက်/ လဆုတ် (၂) ရက် |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဝါခေါင်လ | လဆန်း (၉) ရက်/ လဆုတ် (၉) ရက် |
| တော်သလင်းလ | လဆန်း (၃) ရက်/ လဆုတ် (၃) ရက် |
| သီတင်းကျွတ်လ | လဆန်း (၃) ရက်/ လဆုတ် (၃) ရက် |
| တန်ဆောင်မုန်းလ | လဆန်း (၅) ရက်/ လဆုတ် (၅) ရက် |
| နတ်တော်လ | လဆန်း (၁) ရက်/ လဆုတ် (၁) ရက် |
| ပြာသိုလ | လဆန်း (၄) ရက်/ လဆုတ် (၄) ရက် |
| တပို့တွဲလ | လဆန်း (၇) ရက်/ လဆုတ် (၇) ရက် |
| တပေါင်းလ | လဆန်း (၄) ရက်/ လဆုတ် (၄) ရက် |

ဤရှမ်းရက်များ၌ မင်္ဂလာအခါပေး၍ လုပ်ဆောင်ပါက အဆင်မပြေ လွဲချော်မှုများ ဖြစ်တတ်ပါသည်။ ပြဿနာ၊ အိမ်မှု၊ ကိစ္စများ ဖြစ်တတ်ပါသည်။ အမြဲတစေ ပူလောင်နေရတတ်ပြီး စိတ်မချမ်းမြေ့ ဖြစ်စေသဖြင့် ရှမ်းရက်များကို ရှောင်ကြဉ်နိုင်ပါစေကြောင်း တင်ပြလိုက်ရပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ရက်ရာဇာကို ရွေးရအောင်

ရှေးလူကြီးသူမများသည် အလုပ်တစ်ခု လုပ်တော့မည် ဆိုလျှင် ကောင်းမြတ်သော ရက်ကို ရွေးချယ်လုပ်ကိုင်တတ်ကြသည်။ တစ်နည်းအားဖြင့် ရက်ကောင်းရက်မြတ်ဖြစ်သည့် ရက်ရာဇာကို ရွေးချယ်ကြသည်။ မကောင်းသောရက်ဟု သတ်မှတ်သည့် ပြဿဒါးနေ့မျိုးကို ရှောင်ကြဉ်တတ်ကြသည်။

ပြက္ခဒိန်မပေါ်ပေါက်ခင် ကာလများဆိုလျှင် ရက်ရာဇာကို ရွေးချယ်နိုင်ရန် လင်္ကာကလေး ရေးဖွဲ့ပေးခဲ့သည်။ အဆိုပါ လင်္ကာကလေးကို အလွတ်ကျက်မှတ်၍ ရပြီဆိုပါက ရက်ကောင်းရက်မြတ်ဖြစ်သော ရက်ရာဇာကို ရွေးချယ်ဖို့ရာ မခက်တော့ပါ။ ထိုလင်္ကာလေးကား ဤသို့တည်း။

"တန်ခူးသာကျော်

ထွန်းပေါ်ကဆုန်

နယုန်ညွှန့်စ

www.burmeseclassic.com

www.burmeseclassic.com



မအောင်လှ ဝါဆို
သာလို ဝါခေါင်
မြတောင် တော်သလင်း
သီတင်းကျွတ်ဆီ
သောရှိ တန်ဆောင်မုန်း
ချမ်းတုန်း နတ်တော်
မိနော် ပြာသို
မိညို တပို့တွဲ
အဲဝင်တပေါင်း မှတ်စေကြောင်း”

အမိပွာယ်ကို ကောက်ရလျှင် ‘တန်ခူးသာကျော်’ ဟု ဆိုရာတွင် တန်ခူးလ၌ ‘သာ’ သည် သောကြာ၊ ‘ကျော်’ သည် တနင်္လာနံ ဖြစ်ရာ သောကြာနှင့် တနင်္လာနေ့ကျသော ရက်တို့ သည် ရက်ကောင်းရက်မြတ် ‘ရက်ရာဇာ’ ပင် ဖြစ်တော့သည်။ သို့ဆိုလျှင်

- ❖ ကဆုန်လ၌ ရက်ရာဇာသည် စနေ၊ ကြာသပတေး။
- ❖ နယုန်လ၌ ရက်ရာဇာသည် အင်္ဂါနေ့တည်း။
- ❖ ဝါဆိုလ၌ ရက်ရာဇာသည် တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
- ❖ ဝါခေါင်လ၌ ရက်ရာဇာသည် သောကြာ၊ ဗုဒ္ဓဟူး။
- ❖ တော်သတင်းလ၌ ရက်ရာဇာသည် ကြာသပတေး၊ စနေ။
- ❖ သီတင်းကျွတ်လ၌ ရက်ရာဇာသည် အင်္ဂါတစ်နေ့ တည်း။

www.burmeseclassic.com

www.burmeseclassic.com



❖ တန်ဆောင်မုန်းလ၌ ရက်ရာဇာသည် သောကြာ၊ ရာဟု။

❖ နတ်တော်လ၌ ရက်ရာဇာသည် တနင်္လာ၊ စနေ။

❖ ပြာသိုလ၌ ရက်ရာဇာသည် ကြာသပတေး စနေ။

❖ တပို့တွဲလ၌ ရက်ရာဇာသည် ကြာသပတေး၊ အင်္ဂါ။

❖ တပေါင်းလ၌ ရက်ရာဇာသည် တနင်္ဂနွေ ဗုဒ္ဓဟူး။

စသည်တို့ ဖြစ်ကြသည်။ နေ့သည် ခုနစ်နေ့ ရှိ၏။ သို့ဖြစ်ရာ ရာဟုနေ့ဟူ၍ မပါရှိပေ။ ထိုသို့ ဖြစ်သည့်အတွက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီ၏ နောက်ပိုင်းကာလကို ရာဟု အဖြစ် နားလည်လက်ခံကြပါသည်။

ဤသို့ဖြင့် ရှေးလူကြီးများ အစဉ်တစိုက် အမွေဆက်ခံ မှတ်သားခဲ့ကြသော လောကီပညာရပ်တစ်ခုဖြစ်သည့် ရက်ရာဇာ ရွေးချယ်နည်းလမ်းလေးကို စာရှုသူတို့ အကျိုးငှာ ရေးသား တင်ပြလိုက်ရပါသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com

## ရောင်းကောင်းဖို့ရာ အဆောင်ယတြာ

"လူ့သတင်း လူချင်းဆောင်သည်" ဟူသော စကားမှာ မှန်လွန်းလှပေစွ။

တစ်ခါက ဒလသင်္ဘောဆိပ်တစ်ဝိုက်၌ ကျွန်ုပ်သည် မိကြူ ဆိုသော ဈေးသည် မိန်းကလေးတစ်ဦးနှင့် ဆုံခဲ့ဖူး၏။ ဘယ်သူ ဘယ်ဝါက စကားစခဲ့သည် မသိ။ ကျွန်ုပ်နှင့် တွေ့ဆုံသောအခါ ဝယ် မိကြူသည် အရောင်းအဝယ်မကောင်းသည့် အကြောင်းကို ချူသံပါအောင် ညည်းညူပြီးသကာလ အတင်းကာရော အကူ အညီတောင်းခံလေ၏။ ၎င်းလိုအပ်သော အကူအညီမှာ ငွေကြေး မဟုတ်။ ဈေးရောင်းကောင်းဖို့ရာအတွက် ကျွန်ုပ်က အင်္ဂဝိဇ္ဇာ ယတြာနည်းဖြင့် အဆောင်ယတြာစီမံပေးဖို့ ဖြစ်၏။

သည့်အတွက် တစ်ဖက်သားအပေါ်၌ အလွန်မတန် အား နာတတ်သော ကျွန်ုပ်လည်း ၎င်း၏နေ့နံကို မေးမြန်းပြီးသည့် သကာလ...

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက တနယ်ာသမီးဆိုတော့ အိမ်ရောက်ရင် ညည်းရဲ့ ညာဘက်လက်ခလယ်နဲ့တိုင်းပြီး 'ပေါက်သား'ကို ယောက်မ အရှပ်ကလေး ထုပေတော့။ ထုပြီးသွားရင် ထမင်းကော်ခပ်တဲ့ဘက်ကို အပေါ်ထောင်လို့ ကြိုးကလေးတစ်ချောင်းနဲ့ ချည်ရမယ်။ ပြီးပြီဆို အခု ညည်းရောင်းတဲ့ ကုန်ပစ္စည်းနေရာတွေမှာ ချိတ်ဆွဲထားပေးလိုက်"

ဟူ၍ ညွှန့်ကြားခဲ့၏။ သို့တိုင် မိကြူကား ပေါက်သားဆိုသည်ကို သိပ်မသိ။ ဝေဝေဝါးဝါးဖြစ်နေရကား ကျွန်ုပ်ကိုယ်တိုင်ပင် ပေါက်သားကိုရှာလျက် တိကျသေချာစွာ လုပ်ကိုင်စီစဉ်ပေးလိုက်ရလေ၏။ ၎င်းကား အရန်သင့်ဖြစ်၏။ ထိုသို့အဆောင်ယတြာလေးကို စီမံပြုလုပ်ပေးပြီး သိပ်မကြာ ရက်ပိုင်းအတွင်းမှာပင် ဈေးရောင်းကောင်းသဖြင့် ပြုံးပြုံး ပြုံးပြုံး နှင့်ဖြစ်နေလေတော့၏။

"ကျွန်မ ခုလို ဈေးရောင်းကောင်းတာ ဟောဒီက ကျွန်မရဲ့ဦးကြီး သုတေသီဆရာငြိမ်း ကူညီပေးလို့"

ဟူ၍ မိကြူ၏ပါးစပ် ပေါက်ပေါက်ဖောက်ကောင်းမှုကြောင့် အားနာတတ်သော ကျွန်ုပ်လည်း အလကားပဲတင်းဖြင့် ခုနစ်ရက်သားသမီးများ၏ အကျိုးကို ဆောင်ပေးနေရတော့၏။ သို့ဖြစ်ပေရာ စာရှုသူတို့အကျိုးကို ရည်မျှော်လျက် ခုနစ်ရက်သားသမီးတို့ ဈေးရောင်းကောင်းဖို့အတွက် အဆောင်ယတြာတို့ကို ဖော်ပြပေးလိုက်ပါ၏။ အကျိုးရှိစွာ အသုံးချနိုင်ကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤ၌ ခုနစ်ရက်သားသမီးများဖြစ်ကုန်ကြသော တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီးတို့အနေဖြင့် ပေါက်သားကို ရှာဖွေ၍ မိမိညာဘက် လက်ခလယ်နှင့် တိုင်းဖြတ်ပါ။ ထို့နောက် ယောက်မရုပ်ကလေး ဖြစ်အောင် ထုပါ။ ရလာသော် ထမင်းကော်သည့် အခြားဘက်ကို အပေါ်သို့ထောင်စေလျက် ကြိုးချည်ပြီး အရောင်း ထိုင်းကုန်များ၌ ချိတ်ဆွဲပေးလိုက်ပါ။

မကြာခင်ကာလအတွင်း ထူးခြား အံ့သြဖွယ် ကောင်း လောက်အောင် ဈေးရောင်းကောင်းလာမည်ဖြစ်၍ ယုံယုံကြည် ကြည် လုပ်ကြည့်စေချင်ပါ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## ရွှေကျီးရယ်... သာ
## ဘယ်မှာ... ဘာတွေဖြစ်ပါလိမ့်

ကွယ်လွန်သူ နိုင်ငံကျော်ပြည်တော်ချစ် အဆိုတော် ရှမ်ရှင် မင်းသား တွံတေးသိန်းတန် သီဆိုသော သီချင်းများစွာအနက် "အခါခါ... ခွန်းဆို... သာပါလိမ့်မယ်... ရွှေကျီးညို" ဟူသည့် 'ရွှေကျီးညို' သီချင်းသည် ထင်ရှားလှသော အောင်မြင်လှသော တေးသွားတေးတစ်ပုဒ်ဖြစ်ပါသည်။

အမွေးတောင် မည်းနက်လှစွာသော 'တအား... အာ' အော်မြည်တတ်သည့် အကြင်ငှက်အား မနှစ်မြို့သည့်သူများက 'ကျီးကန်း' ဟု ဆိုကြ၏။ နှစ်မြို့သောသူများက 'ရွှေကျီးညို' ဟု တင်စား ခေါ်ဝေါ်ကြ၏။ မည်သို့ပင်ဖြစ်စေ အဆိုပါငှက်၌ မနှစ် သက်စရာတွေရှိသကဲ့သို့ (အစားအသောက်များကို အလစ်သုတ် ခိုးဝှက်စားသောက်တတ်ခြင်း၊ ချီမသွားတတ်ခြင်း၊) နှစ်သက် အတုယူစရာတွေလည်း ရှိ၏။ ရန်သူကို အမြဲမပြတ်မမ်း သတိထား

www.burmeseclassic.com

www.burmeseclassic.com



တတ်ခြင်း၊ အမျိုးကိုထိသော် မချိအောင် နာတတ်ခြင်း၊ ညဘက်၌ လုံးဝမထွက်ခြင်းတို့သည် အတုယူရမည့်အချက်များပဲ ဖြစ်သည်။

ယခုတင်ပြလိုသည်မှာ လောကီပညာရှင်အဆက်ဆက်က ကျီးနှင့်ဥည့်သည်တို့၏ ဆက်စပ်မှု၊ ကျီးသာသောအရပ်နှင့် စပ်လျှင်း၍ အတိတ်နိမိတ်ကောက်မှုပင်ဖြစ်၏။ လောကီရေးရာ ရှေးထုံးများသည် ယခုတိုင် မှန်ကန်နေဆဲဖြစ်၍ ဗဟုသုတ လေ့လာလိုက်စားထားပါက အကျိုးတရားတို့ တိုးပွားဖို့သာ ဖြစ်လေသည်မို့ စာရှုသူတို့အတွက် တင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ရှေးကျီးဘယ်အရပ်ကနေ သာပါသနည်း။
ထိုသို့သာပါက ဘာတွေ ဖြစ်တတ်ပါသနည်း။

(၁) အရှေ့အရပ်တည့်တည့်မှ ကျီးသာလျှင် ချစ်ခင်သူ ရောက်ရှိလာတတ်ပါသည်။

(၂) အရှေ့တောင်အရပ်မှ ကျီးသာလျှင် အကြီးအကဲများ ရောက်ရှိလာတတ်သည်။

(၃) တောင်အရပ်မှ ကျီးသာလျှင် သားငါးဟင်းရံများ လာပို့သူ ရောက်တတ်သည်။

(၄) အနောက်တောင်အရပ်မှ ကျီးသာလျှင် တပည့်သားမြေးများ ရောက်လာတတ်သည်။

(၅) အနောက်အရပ်မှ ကျီးသာလျှင် စုတ်နှင့်အတူ မိတ်ဆွေ ရောက်လာတတ်သည်။

(၆) အနောက်မြောက်အရပ်မှ ကျီးသာလျှင် လက်ဆောင် ငယ်သားများ ရောက်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၇) မြောက်အရပ်မှ ကျီးသာလျှင် စုတ်ကောင်းများ ရောက်လာတတ်သည်။

(၈) အရှေ့မြောက်အရပ်မှ ကျီးသာလျှင် ပူဇော်မည့်သူ၊ မ စ မည့်သူတို့ ရောက်လာတတ်သည်။

ရှေးကျီးကလေးသာသောအရပ်ကို လေ့လာပြီး အတိတ်နိမိတ် ကောက်ယူကာ ပြုဖွယ်ကိစ္စမှန်သမျှကို ကောင်းမြတ်သောမနသသီစိတ်ထားဖြင့် ပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြပါစေသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com

## ရွှေလာ ငွေလာ ဓာတ်ဖွင့်ပါ

လူ့ဘဝမှာ လူတိုင်းပင် ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြင့် လူ့ဘဝ အရသာကိုလှစွာ နေချင်ထိုင်ချင်ကြသည်။ သည့်အတွက် အလုပ်အကိုင်၊ အကြံအစည်တို့ အောင်မြင်ပြေလည်ဖို့ လိုပါလိမ့်မည်။ သည့်အတွက် လေ့လာဖတ်ရှုခဲ့သော စာအုပ်စာတမ်းများမှလည်းကောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သော ဆရာသမားများထံမှလည်းကောင်း လောကီအစီအရင်တစ်ခုကို တင်ပြလိုပါသည်။

သန့်ရှင်းစင်ကြယ်၍ အပြစ်အနာဆာကင်းသော ငွေလင်ပန်း (သို့မဟုတ်) ကြေးလင်ပန်း၏ အလယ်ဗဟိုတွင် သကြားနှင့်ဖျော်သော ကော်ဖီ (နို့ဆီ၊ နွားတို့မပါစေရ) (၅) ခွက်ကို စုတင်ပါ။ စုတင်သည်ဟုဆိုရာ၌ ကော်ဖီခွက် (၅) ခွက်သည် တစ်ခွက်နှင့်တစ်ခွက် ထိကပ်ထားခြင်းကို ဆိုလိုပါသည်။ အဆိုပါ ကော်ဖီ (၅) ခွက်ကြားတွင် ငွေပန်းဖြစ်စေ၊ ရွှေပန်းဖြစ်စေ၊ ကံ့ကော်ပန်းဖြစ်စေ၊ ဂန္ဓာပန်းအဖြူပွင့်ဖြစ်စေ ရာပန်းတစ်မျိုး (၁၅) ပွင့်၊ ငါးကျပ်တန် ငွေစက္ကူအသစ် (၁၀၅) ရွက်တို့ကို ရောထွေး၍ စုစည်းပြီး ကော်ဖီခွက် (၅) ခွက်အကြား၌ ဘိုးစိုက်ထားပါ။

ကော်ဖီခွက် (၅) ခွက်၏ အပြင်ဘက်တွင် အောင်သပြေ

www.burmeseclassic.com

www.burmeseclassic.com



ပန်း (မိမိ၏သက်စေ့ထက် တစ်ခက်ပို၍) ဝိုင်းပတ်ထားပါ။ ၎င်းသပြေခက်၏အပြင်ဘက်တွင် သကြားဖျော်ရည် (၁၅) ခွက်ကို ပတ်ရံ၍ထားပါ။ လင်ပန်းတစ်ဝိုက်၊ လင်ပန်း၏ အပြင်ဘက်ကကပ်လျက် ဖယောင်းတိုင် (၁၅) တိုင်ကို ဝန်းရံ၍ ထွန်းညှိပါ။ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ စသော အနန္တောအနန္တငါးပါးအား ရည်မှန်း၍ ကပ်လှူပူဇော်ပါ။ ထို့နောက် အောက်ပါအတိုင်းသစ္စာဆို၍ ဆုတောင်းပေးပါ။

"ဤမှန်သောသစ္စာစကားကြောင့်လည်းကောင်း၊ သစ္စာ၏တန်ခိုးတေဇော်အာနုဘော်ကြောင့်လည်းကောင်း ဤပန်းများ၊ ငွေစက္ကူများ၊ ကော်ဖီများ၊ သကြားဖျော်ရည်များဖြင့် ကပ်လှူပူဇော်ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ အနန္တောအနန္တငါးပါး၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်လည်းကောင်း၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ ရှိသော၊ ဝင်စရာရှိသော၊ လာစရာရှိသော ငွေများ၊ ရွှေများ၊ လက်လွှန်ထားသော ရွှေငွေများစုစည်း စုပေါင်း အင်အားကောင်းစွာ၊ လျင်မြန်စွာ ရောက်ရှိကြပါကုန်လော့။ စည်ကားစွာ ရောက်ရှိကြပါကုန်လော့။ ဝင်လာမစဲ တသဲသဲ လာရောက်ကြပါကုန်လော့"

ဟူ၍ (၅) ကြိမ် (၅) ခါတိတိ ရွတ်ဆိုဆုတောင်းပေးပါ။

ဤကဲ့သို့ ရွှေလာငွေလာ ဓာတ်ယတြာကို တိကျမှန်ကန်စွာ ထူးခြားသော ရလဒ်နှင့် ကြုံတွေ့ရမည့်အကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ရွှေတိဂုံနှင့်
## စ၊ ဓ၊ ဗ၊ ဝ

ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော စာရေးသူတို့ မြန်မာနိုင်ငံကား ဘုရားကျောင်းကန် စေတီပုထိုးတို့ ပေါများလှသော နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓ၏ သာသနာတော်အဆုံးအမဖြင့် အေးချမ်းမှု ပြည့်ဝနေသည်ဆိုလျှင် မမှားချေ။ ဤဒွိ ဘုရားလေးဆူ၏ ဓာတ်တော်များ ကိန်းဝပ်လျက်ရှိသော ရွှေတိဂုံစေတီတော်ကြီးကား မြန်မာနိုင်ငံ၏ မျက်နှာစာလည်းဖြစ်၏။ နိုင်ငံတော်၏ သီရိကျက်သရေလည်းဖြစ်၏။ တန်ခိုးတော်ကြွယ်ဝသည်နှင့်အမျှ ဖူးမြင်ရသူတို့အဖို့ရာမှာလည်း လိုရာဆုများ ပြည့်ဝစေ၏။

ဤဒွိ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ကြရာ၌ ကောင်းဆုလိုရာ ပြည့်စုံနိုင်ရန်အတွက် ကူထောက်ပေးမည့် စ၊ ဓ၊ ဗ၊ ဝ အက္ခရာကို အသုံးပြုပုံပြုနည်းကလေးကို လေ့လာမှတ်သားထားရာမှ ပြန်လည်တင်ပြချင်ပါသည်။

www.burmeseclassic.com



အဆွေစာရှုသူအဖို့ ရွှေတိဂုံဘုရားသို့ ရောက်ပါက ရာဟုဂြိုဟ်တိုင်ရှိရာသို့ သွားပါ။ ပြီးလျှင် ဂြိုဟ်တိုင်၏ မြောက်ဘက်ရှိ အောင်မြေသို့ ရောက်လျှင် အောင်မြေ၏ အလယ်ဗဟိုတည့်တည့်၌ ရပ်ပါ။ ထို့နောက် စေတီတော်ကြီး၏ သပိတ်မှောက်အထက်ပန်းဆွဲရှိ လေးထောင့်ကွက်ပုံသဏ္ဌာန် (စ၊ ဓ၊ ဗ၊ ဝ) အက္ခရာကွက်ကိုကြည့်၍ အသက်အောင့်ပြီး မျက်တောင်မခတ်ဘဲ...

"စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

စ. ဓ. ဗ. ဝ

ဟူ၍ ကိုးကြိမ်ရွတ်ဆိုပါ။ ပြီးလေသော် လိုရာဆုကိုတောင်းပါ။ တောင်းသော်ဆုကို ပြည့်ဝသည်ဟု မှတ်သားရသဖြင့် စ. ဓ. ဗ. ဝ ရွတ်လိုသူများအတွက် တင်ပြလိုက်ခြင်းဖြစ်ပါကြောင်း။

□

www.burmeseclassic.com

www.burmeseclassic.com

## လန်းဖြာလို့ ကျန်းမာရလေအောင်

ကျန်းမာရေးချို့တဲ့နေ၍ဖြစ်စေ၊ ရောဂါအတွက် ပေးထားသောဆေးကို စွမ်းရောက်မှုမရှိဘဲ ဖြစ်နေ၍ဖြစ်စေ၊ အောက်ဖော်ပြပါ ယတြာအစီအရင်လေးကို လုပ်ဆောင်ကြည့်စေလိုပါသည်။ နေမကောင်းဖြစ်ခြင်း၊ နာတာရှည်နေခြင်း၊ ဆေးချက်မထိခြင်းတို့ ကင်းစေပြီး တဒင်္ဂရက် အပိုင်းအခြားကလေးမှာပင် ကျန်းမာရေး ပြန်ကောင်းလာစေမည့် အစီအရင်ကောင်းလေး ဖြစ်ပါသည်။

၁။ တနင်္ဂနွေသားသမီး ကျန်းမာလန်းဖြာရလေအောင် တောင်မှ မြောက်သို့တန်းလျက် ဆန့်သက်စေ့ပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

၂။ တနင်္လာသားသမီး ကျန်းမာလန်းဖြာရလေအောင် အနောက်တောင်မှ အရှေ့မြောက်သို့တန်းလျက် ဆန်သက်စေ့ပုံကာ စာကလေးများကို အစာကျွေး ပေးရပါမည်။

၃။ အင်္ဂါသားသမီး ကျန်းမာ လန်းဖြာရလေအောင်

www.burmeseclassic.com

www.burmeseclassic.com



အနောက်အရပ်မှ အရှေ့အရပ်သို့တန်းလျက် ဆန်သက်စေပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

၄။ ဗုဒ္ဓဟူးသားသမီး ကျန်းမာလန်းဖြာရလေအောင် အနောက်မြောက်အရပ်မှ အရှေ့တောင်အရပ်သို့ တန်းလျက် ဆန်သက်စေပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

၅။ ကြာသပတေးသားသမီး ကျန်းမာလန်းဖြာရလေအောင်အရှေ့မြောက်အရပ်မှ အနောက်တောင် အရပ်သို့ တန်းလျက် ဆန်သက်စေပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

၆။ သောကြာသားသမီး ကျန်းမာလန်းဖြာရလေအောင် အနောက်အရပ်မှ အနောက်မြောက်အရပ်သို့ တန်းလျက် ဆန်သက်စေပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

၇။ စနေသားသမီး ကျန်းမာ လန်းဖြာရလေအောင် မြောက်အရပ်မှ တောင်အရပ်သို့ တန်းလျက် ဆန်သက်စေပုံကာ စာကလေးများကို အစာကျွေးပေးရပါမည်။

အဆိုပါ ယတြာကို လုပ်ဆောင်ကြည့်ခြင်းအားဖြင့် ထူးခြားမှုများရှိလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ မှတ်စရာ

စာရေးသူသည် ရှေးလူကြီးသူမများနှင့် လက်ပွန်းတတီး နေထိုင်ခဲ့ရသူဖြစ်သည်။ သို့ဖြစ်၍လည်း ရှေးလူကြီးသူမများထံမှ ဗဟုသုတဖြစ်စရာ လေ့လာမှတ်သားစရာကောင်းသော စကားများနှင့် တွေ့ထိရင်းနှီးခဲ့ရပါသည်။ တန်ဖိုးမဖြတ်နိုင်သော မှတ်သားစရာများဖြစ်၍လည်း စာဖတ်ပရိသတ်၊ အထူးသဖြင့် လူငယ်လူရွယ်များအတွက် အကျိုးရှိစေရန် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

နေအိမ်တစ်အိမ် ဒုက္ခရောက်နေသည်ဆိုခြင်းမှာ အကြောင်းမဲ့တော့ မဟုတ်ပါ။ နေအိမ်တွင်းရှိ ကမောက်ကမ ဖြစ်ရပ်များကြောင့် ဆိုးကျိုးများ သက်ရောက်နေရခြင်းဖြစ်သည်။

"မှတ်ထား၊ လူကလေး"

အိမ်တစ်အိမ်ဝင်ကြည့်လို့ ဘုရားကျောင်းဆောင်မှာ တင်ထားတဲ့ ဘုရားပန်းတွေဟာ ညှိုးနွမ်းနေပြီး ဖိနပ်ပဇင်မှာကျတော့ ဒိနစ်အသစ်တွေ ရောက်နေတာတွေ့ရင် အဲဒီအိမ် ဒုက္ခရောက်ပြီလို့သာမှတ်။

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ အိမ်တစ်အိမ်မှာ လူကြီးက အနိမ့်မှာရှိပြီး လူငယ်ကအမြင့်မှာ ရောက်နေရင်လည်း အဲဒီအိမ်ဟာ ပူနေပြီလို့ မှတ်ထား။ အိမ်ရှေ့မျက်နှာစာမှာ ထဘီလှန်းရင် အဲဒီအိမ်ဒုက္ခတစ်ခုခုရောက်တော့မယ်။ အိမ်ရှေ့မျက်နှာစာဟာ စုတ်ပြတ်သတ်နေပြီး အိမ်နောက်ဖေးက သန့်နေရင် အဲဒီအိမ်ကလူကြီးတစ်ယောက်ယောက် ဒုက္ခရောက်တော့မယ် နိမိတ်ပဲ။

အဲ... အိမ်ရှေ့မှာ နေတဲ့လူက အလှူအတန်းလုပ်ရင် ကိုယ့်အတွက် ကံကောင်းလိမ့်မယ်။ အိမ်ရှေ့အိမ်မှာ ဆဲဆို၊ သတ်ပုတ်၊ ရန်ပွဲတွေဖြစ်နေရင် ကိုယ်ပါရောယောင်ပြီး ပြဿနာတက်တတ်တယ်။ အဲဒီလိုပဲ အိမ်ခေါင်းရင်းက လူတွေ ဆဲဆိုရန်ဖြစ်တာကြားရရင်လည်း ထို့အတူပဲ။ အိမ်တစ်ခုမှာ ထားသိုရတဲ့ပစ္စည်းဆိုတာ သူ့ဟာနဲ့သူ သဘာဝကျဖို့လိုတယ်။ အိမ်ရှေ့မှာ မီးဖိုထားရင် အဲဒီအိမ်တော့ အပူအိမ်ဖြစ်ပြီသာမှတ်လိုက်ပေတော့။ မနက်မိုးလင်းလင်းချင်း မင်္ဂလာရှိတဲ့ စကားပဲပြော၊ ဘုရားရှိခိုး၊ တရားတိပ်ခွေဖွင့် မင်္ဂလာဆိုတာ ယူတတ်ဖို့လိုတယ်။ ယူတတ်မှလည်းရတယ်"

ကြားနာမှတ်သားခဲ့ရသည်က အနည်းအကျဉ်း။ သို့ပါသော်ငြား အရှည်ဆွဲဆန့်လိုက်ပါက လွန်စွာမှ ကျယ်ပြောလှပါဘိ။ လောကီလူသားများဖြစ်သော စာရေးသူတို့အတွက် လောကီ၌ ကောင်းကျိုးအလီလီတွေ ဖြစ်ထွန်းဖို့ဆိုသည်မှာ ဆိုးကျိုးတွေကို ရှောင်ရပါမည်။ အမြင်မတော်ဆင်တော်နှင့် ခလောက်မဖြစ်ဖို့လည်း ရှောင်ကြဉ်ရပါလိမ့်မည်။

□

www.burmeseclassic.com

www.burmeseclassic.com




## လာဘ်မိုးတွေရွာရအောင်
## ပစ်တိုင်းထောင်စမကိုဆောင်

ကျွန်ုပ်၏မိတ်ဆွေ ကိုသာဥဏ်တစ်ယောက် ခါတိုင်းနှစ်တွေနှင့်မတူ။ သည်နှစ်တွင် အတော့်ကို ဟန်ကျပန်ကျ ဖြစ်နေ၍ ကျွန်ုပ်အပါအဝင် မိတ်ဆွေသင်္ဂဟာအပေါင်းမှာ ဝမ်းသာအယ်လဲ ဖြစ်ကြကုန်၏။ တစ်ချိန်က လေးတိုင်စင်သာသာလေးနှင့်နေရသူသည် ယခုမူ အုတ်ပတ်ကားစာက်ထားသော နှစ်ထပ်အိမ်ကြီး၌ အပေါ်စက်အောက်စက်ဖြင့် ငြိမ့်နေနိုင်ပြီဖြစ်၏။

၎င်း၏ ပင်ရင်းလုပ်ငန်းကား မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲတို့ ရောင်းရခြင်း လုပ်ငန်းဖြစ်၏။ လက်ရာကောင်းမွန်သော်လည်းအရောင်းအဝယ်က အေးတိအေးစက်စက်မို့ ၎င်းတို့မိသား

www.burmeseclassic.com

www.burmeseclassic.com



စုမှာ ထမင်းနပ်မှန်ရုံသာရှိခဲ့၏။ ယခုမူ အခြေအနေတွေက တစ်မျိုးတစ်ဖုံ။ သည့်အတွက် ခင်မင်ရင်းနှီးသူများပီပီ ပြောင်းလဲသွားသော အခြေအနေကို စုံစမ်းကြည့်ရာ "ဟောဒီ ပစ်တိုင်းထောင် စမ ရုပ်ကလေးကြောင့် ပေါ့ဗျာ" ဟု စကားအစချီလျက် ၎င်း လာဘ်မိုးတွေ ဖွေရသည့် အဖြစ်သနစ်ကို မခြွင်းမချန် ပြောပြပါတော့၏။

* * *

"ဒီအရုပ်ကလေးကို ဆရာတစ်ယောက်က မုန့်ဟင်းခါး လာစားရင်း လုပ်ပေးသွားတာ ကိုငြိမ်းရဲ့။ ကျုပ်ရှေ့တင် စာရွက်တစ်ရွက်ပေါ် ဆေးဖပင်နဲ့ ဆွဲသွားတာ။ ဆိုင်မှာကပ်ပေးသွားပြီး မွေးနေ့ရောက်တိုင်း ဘုရားရှင်ရှေ့မှာ ငါးပါးသီလခံမရတဲ့။ အရဟံဂုဏ်တော်ကို မနက်တစ်ကြိမ် ပုတီး ၉ ပတ်စိပ်၊ မေတ္တာပို့ အမျှဝေရမတဲ့။ ပြီးတော့ အာရုံထဲမှာ ပစ်တိုင်းထောင်ရုပ်စမကို မြင်အောင်ကြည့်ပြီး ငါ့ဘဝဟာ ဘယ်တော့မှ မလဲတော့ဘူး။ အမြဲတမ်းထောင်နေရတော့မယ်။ လောကဓံကို ရင်ဆိုင်အနိုင်ယူရင်း ကြီးပွားချမ်းသာတော့မယ်လို့ ယုံကြည်နေရမယ့်အကြောင်း ပြောဆိုသွန်သင်သွားတယ်။ အဲဒါ ကျွန်တော်လည်း ယုံကြည်လို့ လုပ်ကြည့်ရာက တစ်စတစ်စကို ကိုငြိမ်းတို့ မျက်စိရှေ့မှောက်မှာတင် အခုလို လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့တာ"

ကိုသာ့ဉာဏ်ပြောသည့်မှာ ဘာမျှငြင်းဆိုစရာမရှိပါ။ သူသည် ဘုရားတရားကို ရိုသေကိုင်းရှိုင်း၏။ အလုပ်တစ်ခုလုပ်တော့မည်ဆိုလျှင် ဘာမျှ တွေဝေဆုတ်ဆိုင်းခြင်းမရှိ။ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



မှုအပြည့်ဖြင့် လုပ်ကိုင်၏။ အခိုင်ခွာန်ကို အပျက်မခံ။ ဤသို့ဖြင့် အကျင့်သီလ၊ စရဏများက သူ့ကို အကောင်းဘက်သို့ တွန်းပို့ပါလိမ့်မည်။ တစ်ဖန် ဟိတ်နိမိတ်ကောင်းမွန်သော ပစ်တိုင်းထောင်၏ သဘောသကန်ကလည်း ကူထောက်ပေးပါလိမ့်မည်။ ရုပ်ပုံလွှာ၌ ဝိဇ္ဇာသုံးပါး၏ အတိုကောက် (ပု၊ ဒိ၊ အာ) အောက်၌ နေ၊ လ၊ နဝင်း၊ အေးမြခြင်း၏ သင်္ကေတ၊ သည့်နောက် ခတ်လေးပါး စမဖြစ်သော (စ၊ ဓ၊ ဗ၊ ဝ) နဘယ်ဘေးမရှိခြင်း၊ လာဘ်-ခန်-တည်းဟူသော လာဘ်လာဘတိုးပွားခြင်းတို့ ခြံရံထားရာ စီးပွားဥစ္စာလာဘ်လာဘ တိုးတက်လိုသူတိုင်း လုပ်ငန်းဆောင်တာ အဆင်ပြေချောမွေ့လိုသူတိုင်း ကူးသူ့(သို့မဟုတ်) မိတ္တူဆွဲလျက် ကပ်ထား ဆောင်ထားနိုင်စေရန် အလို့ငှာ ဖော်ပြလိုက်ရပါသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## လာဘ်ရွှင်စေသည့် ရုပ်တုတော်

စီးပွားလာဘ်လာဘ တိုးတက်ရာ တိုးတက်ကြောင်း အတွက် ရုပ်တုတော်များကို ထုလုပ်ကိုးကွယ်ကြရာတွင် အများ စုသည် ရှင်သီဝလိရုပ်တုတော်ကို ရွေးချယ်ထုလုပ်တတ်ကြပါ သည်။

သို့ရာတွင် ထုလုပ်ပုံမဟုတ်လျှင် အချိုးအဆစ်မပြေပြစ် လျှင်၊ နေ့နံသား မကိုက်ညီလျှင် အကျိုးပေးသင့်သလောက် မပေးသည်ကိုလည်း ကြုံတွေ့ရပေါင်း မနည်းတော့။ သို့ဖြစ်၍ စာရှုသူ မိတ်ဆွေအပေါင်းတို့ စီးပွားလာဘ်ရွှင်စိမ့်သောငှာ ရုပ် တုတော်ထုလုပ်ခြင်းနှင့် ပတ်သက်၍ ဂရုမူပြုသင့်သည်တို့ကို စေတနာရှေ့ထားကာ ဖော်ပြလိုက်ရပါသည်။

ရှင်သီဝလိရုပ်တုတော်ကို ထုလုပ်သည့်အခါတွင် ရုပ်တု တော်၏ မျက်နှာသည် ကြည်လင်လျက် ကြည်ညိုဖွယ် ဖြစ်နေ ရပါမည်။ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ တောင်ဝှေး၊ ယပ်စသော ပရိက္ခရာတို့နှင့်တကွ ရုပ်တော်မူနေဟန်ကို ပီသစွာ ထုလုပ်ဖို့ လိုပါသည်။ ထုလုပ်ပြီးသည့်နောက် ရှင်သီဝလိဂါထာတော်အား



ရွတ်ဖတ်ပူဇော်ပါက စီးပွားရွှင်ပြီး လာဘ်လာဘများ အထူး တိုးပွားပါလိမ့်မည်။ ဤသို့ ခုနစ်နေ့သားသမီးများအတွက် ထုလုပ် ရမည့် နံသင့်သစ်သားများကို ဖော်ပြရမည် ဆိုပါလျှင်-

**၁။ တနင်္ဂနွေသားသမီးများအတွက်**

ကုက္ကိုသားသည် အသင့်လျော်ဆုံး ဖြစ်ပါသည်။

**၂။ တနင်္လာနေ့ သားသမီးများအတွက်**

ပဒေါင်သားသည် အကောင်းဆုံး နံသင့်သစ်သား ဖြစ် ပါသည်။

**၃။ အင်္ဂါနေ့ သားသမီးများအတွက်**

ချယားသည် အကောင်းဆုံးနံသင့်သစ်သား ဖြစ်ပါသည်။

**၄။ ဗုဒ္ဓဟူးနေ့ သားသမီးများအတွက်**

သပြေသားသည် အကောင်းဆုံး ဖြစ်ပါသည်။

**၅။ ကြာသပတေးနေ့ သားသမီးများအတွက်**

ဖက်သန်းသည် အကောင်းဆုံး နံသင့်သစ်သား ဖြစ်ပါ သည်။

**၆။ သောကြာနေ့ သားသမီးများအတွက်**

အုန်းနဲ့သားသည် အကောင်းဆုံး ဖြစ်ပါသည်။

**၇။ စနေနေ့ သားသမီးများအတွက်**

မအူသားသည် အကောင်းဆုံး ဖြစ်ပါသည်။

လောက၌ မသိသူတွေ ကျော်လွှားသွားကြသော်လည်း သိသူတွေ ဖော်စားနိုင်ကြစေရန်အလို့ငှာ ရေးသားတင်ပြလိုက် ခြင်း ဖြစ်ပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဖတ်ပူဇော်ပါက စီးပွားရှင်ပြီး လာဘ်လာဘများ အထူး တိုးပွားပါလိမ့်မည်။ ဤ၌ ခုနစ်နေ့သားသမီးများအတွက် ထုလုပ် ရမည့် နံ့သင့်သစ်သားများကို ဖော်ပြရမည် ဆိုပါလျှင်-

**၁။ တနင်္ဂနွေသားသမီးများအတွက်**

ကုက္ကိုသားသည် အသင့်လျော်ဆုံး ဖြစ်ပါသည်။

**၂။ တနင်္လာနေ့ သားသမီးများအတွက်**

ပဒေါင်သားသည် အကောင်းဆုံး နံ့သင့်သစ်သား ဖြစ်ပါသည်။

**၃။ အင်္ဂါနေ့ သားသမီးများအတွက်**

ချယားသည် အကောင်းဆုံးနံ့သင့်သစ်သား ဖြစ်ပါသည်။

**၄။ ဗုဒ္ဓဟူးနေ့ သားသမီးများအတွက်**

သပြေသားသည် အကောင်းဆုံး ဖြစ်ပါသည်။

**၅။ ကြာသပတေးနေ့ သားသမီးများအတွက်**

ဖက်သန်းသည် အကောင်းဆုံး နံ့သင့်သစ်သား ဖြစ်ပါသည်။

**၆။ သောကြာနေ့ သားသမီးများအတွက်**

အုန်းနဲ့သားသည် အကောင်းဆုံး ဖြစ်ပါသည်။

**၇။ စနေနေ့ သားသမီးများအတွက်**

မအူသားသည် အကောင်းဆုံး ဖြစ်ပါသည်။

လောက၌ မသိသူတွေ ကျော်လွှားသွားကြသော်လည်း သိသူတွေ ဖော်စားနိုင်ကြစေရန်အလို့ငှာ ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## လူတိုင်းချစ်အောင် စတုရန်းကိုဆောင်

လောကဥ္ဒ 'မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ' ဆိုသောဆုနှင့် လူတိုင်း ပြည့်စုံချင်၏။ အထူးသဖြင့် လူချစ်လူခင်ပေါများစေလိုသည့်သဘောပင် ဖြစ်သည်။ သို့ရာတွင် ချစ်ခြင်း၏ဆန့်ကျင်ဘက် မုန်းခြင်းဟူသည်လည်း လောကဓံ သဘောအရ မလွဲမသွေရှိနေနိုင်ပေရာ မုန်းသူကိုချစ်အောင် လုပ်ဖို့ဆိုသည်မှာ ခက်ခဲမည်ဆိုလျှင် ခက်ခဲလောက်ပါ၏။

သို့သော်လည်း 'အနာသိလျှင် ဆေးဟူသည် ရှိစမြဲ' ဖြစ်၏။ သည့်အတွက် လူတိုင်း၏ မေတ္တာသက်ဝင် ချစ်ခင်မှုရရှိစေဖို့ မုန်းသူကို ချစ်အောင်လုပ်ဖို့အတွက် ဂမ္ဘီရသိပ္ပ အစီအမံများက မသိသူကျော်သွား သိသူဖော်စားဖို့ အဲဆင်သင့်ရှိနေပေသည်။ သို့ဖြစ်ပါ၍ စာရှုသူတို့ အကျိုးများနိုင်စေရန် အလို့ငှာ လူတိုင်းချစ်အောင် စတုရန်းကို ဆောင်ရသည့် အစီအမံလေးကို တင်ပြလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စတုရန်းဆိုသည်ကား ၄ ဖြစ်၏။ စတုရန်းကို ဆောင် ဆိုအည့်သဘောမှာ မိမိအား မုန်းနေသူဟု ယူဆရ၏ နေ့သားကို မှတ်သားကာ ထိုသူ အမုန်းပြေ ချစ်ခင်လာစေရေးအတွက် ထို သူ၏ နေ့သားအား ၁ ဂဏန်းထားလျက် ထိုမှ စတုရန်း ၄ ဂဏန်းရောက်လျှင် ရောက်မည့်နေ့နံ၏ အမြစ်၊ အသား၊ အရွက်၊ ပင်စည် စသည်တို့ကို လက်တစ်ဆစ်မျှ ပိုင်းဖြတ်ကာ ဆောင် ထားပါလျှင် မုန်းသူတွေပြေလျော့ကာ ချစ်လာပါလိမ့်မည်။

သို့ဖြစ်ရာ လူတိုင်းချစ်အောင် စတုရန်းကို ဆောင်သင့် ကြောင်း ဂမ္ဘီရသိပ္ပံအစီအမံအရ စာရှုသူတို့အကျိုးငှာ အောက်ပါ အတိုင်း ဖော်ပြလိုက်ရပါ၏။

၁။ တနင်္ဂနွေနေ့သားမှ မိမိအား ချစ်ခင်လာစေလိုလျှင် ရဲယို မြစ်အား လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင်ထားရပါမည်။

၂။ တနင်္လာနေ့သားမှ မိမိအား ချစ်ခင်လာစေလို့လျှင် ပဲမြစ် အား လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင်ထားရပါမည်။

၃။ အင်္ဂါနေ့သားမှ မိမိအား ချစ်လာစေလိုလျှင် သီးမြစ်အား လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင် ထားရပါမည်။

၄။ ဗုဒ္ဓဟူးနေ့သားမှ မိမိအား ချစ်လာစေလိုလျှင် ဒန်းအား အား လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင်ထားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ကြာသပတေးနေ့သားမှ မိမိအား ချစ်လာစေလိုလျှင် အုန်းရွက်အား လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်း ဖြတ်ကာ ဆောင်ထားရပါမည်။

၆။ သောကြာနေ့သားမှ မိမိအား ချစ်လာစေလိုလျှင် ကံ့ကော် သားကို လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင်ထားရပါမည်။

၇။ စနေနေ့သားမှ မိမိအား ချစ်ခင်လာစေလိုလျှင် ဆီးသား ကို လက်ခလယ်နှင့် လက်တစ်ဆစ် တိုင်းဖြတ်ကာ ဆောင်ထားရပါမည်။

ထိုသို့ ဆောင်ထားသူအတွက် လိုအပ်သော အကျိုး ကျေးဇူးကို ခံစားရပါမည်။ အထူးသဖြင့် လက်ခလယ်နှင့် တိုင်း ဖြတ်ကာ လက်တစ်ဆစ်စီ တိုင်းဖြတ်ထားသော ယတြာပစ္စည်း များကို အဆောင်အဖြစ် ခုနစ်မျိုးစလုံးဆောင်ထားပါက ခုနစ် နေ့ သားသမီးအားလုံး၏ ချစ်ခင်မှုကို ရရှိနိုင်ပါကြောင်း ဂမ္ဘီရ သိပ္ပပညာရပ်များမှ ထုတ်နုတ်တင်ပြလိုက်ပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## လာဘ်ရှင် ရန်အောင် လောကနတ်ကိုဆောင်

ခင်မင်ရင်းနှီးရှိရမည့် မိတ်ဆွေတစ်ဦးက စီးပွားလာဘ် လာဘမျှား ရှင်လန်းလိုပါသည်။ ဘေးရန် အပေါင်းမှလည်း ကင်းဝေး လိုပါသည်။ လုပ်ငန်းခွင်၌လည်းကောင်း၊ ပတ်ဝန်းကျင် ၌ လည်းကောင်း၊ မိသားစု၌လည်းကောင်း ဩဇာခြောင်းလိုပါ သည်။ သို့ဖြစ်၍ မည်သည့်အဆောင်ကို ဆောင်ရမည်အား ညွှန်ကြားပေးစေလိုကြောင်း အကူအညီ တောင်းခံလာပါ၏။ သည့်အတွက် မိမိက–

"လောကနတ်ရုပ်ကို ဆောင်ထားပေါ့။ လောကနတ်ရုပ် ဆိုတာက ဗျူဟာမြောက်ကောင်းတဲ့အဆောင် ဖြစ်ပါတယ်။ လူချစ် လူခင်ပေါများတဲ့အပြင် စောစောက မိတ်ဆွေကြီး လိုလား တောင့်တ နေတာတွေကိုလည်း ပြည့်ဝစေနိုင်တဲ့အာနိသင် ရှိပါ တယ်"

ဟု ဖြေခဲ့သည်။ ဤ၌ ရင်းက မည်သို့မည်ပုံ ပြုလုပ်၍ လုပ်ဆောင်ရမည်၊ ဘာတွေ လုပ်ဆောင်ရမည် ဆိုသည်တို့ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်မေးလာတော့ မိတ်ဆွေကြီး တစ်ယောက်အတွက် သာမက စာဖတ်ပရိသတ်အတွက်ပါ အကျိုးရှိနိုင်မည့်အရေး တွေးကာ ယခုကဲ့သို့ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

လောကနတ်ရုပ်ကို အနည်းဆုံး(၃)လက်မအရွယ် ထုလုပ်ပါ။ ခပ်ကြီးကြီးမှ ဆောင်လိုပါသည်ဆိုလျှင်မူ (၉) လက်မ အရွယ်ထုပါ။ ထုလုပ်ရာတွင် အခါမလိုပါ။ သိဒ္ဓိတင်ဖို့သာ လိုပါသည်။

အဆောင်ဆောင်မည့် ပုဂ္ဂိုလ်အဖို့ အနင်္ဂနွေသားဖြစ်ပါက ထိန်သားဖြင့် ထုလုပ်ပြီး ညနေ (၃:၀၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ တနင်္လာသားဖြစ်ပါက ပေါက်သားဖြင့်ထုလုပ်ပြီး နေ့လယ် (၁၂:၀၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ အင်္ဂါသားဖြစ်ပါက ရဲယိုသား ဖြင့်ထုလုပ်ပြီး မွန်းလွဲ (၁:၃၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ ဗုဒ္ဓဟူး သားဖြစ်ပါက သီးသားဖြင့်ထုလုပ်ပြီး နံနက် (၇:၃၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ ကြာသပတေးသားဖြစ်ပါက ကံ့ကော်သားဖြင့် ထု လုပ်ပြီး နံနက် (၆:၀၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ သောကြာသား ဖြစ်ပါက လင်းလွန်းသားဖြင့်ထုလုပ်ပြီး နံနက် (၁၀:၃၀) နာရီမှ စပြီး သိဒ္ဓိတင်ပါ။ စနေသားဖြစ်ပါက အင်သားဖြင့်ထုလုပ်ပြီး မွန်းလွဲ (၁:၃၀) နာရီမှစပြီး သိဒ္ဓိတင်ပါ။ ထို့နောက် ရုပ်တုကို ပုလင်းပေါ်တင်ပြီး မီးထွန်းပါ။ ထို့နောက်

သာသနဿ စ လောကဿ
ဝဍ္ဎိဘာဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဥ္စ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေဝါ ရက္ခန္တု၊ သဗ္ဗဒါ။
တေတံ မေတ္တာနုဘာဝေန
သဗ္ဗေ ပူရေန္တု သက်ပါ။

ဟူသော ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။ (၉) ရက်ကျော်လျှင် ထူးခြားမှုနှင့် ကြုံတွေ့ရပြီး လိုရာဆန္ဒအဝဝတို့ ပြည့်စုံမည့်အကြောင်း တင်ပြလိုက်ပါ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## လာဘ်မပိတ်အောင် ဒါတွေရှောင်

'သက်ကြီးစကား သက်ငယ်ကြား' ဆိုသည်မှာ မှန်လှပါဘိ။

သက်ကြီးများထံမှ စကားတို့အား နာကြားရသည်ဖြစ်၍ သက်ငယ်ဖြစ်သော မိမိတို့အဖို့ အတွေ့အကြုံတွေ သိရသည်။ ဗဟုသုတတွေ ရရှိသည်။ အမှားအမှန်ကို ခွဲခြားနားလည်လာရသည်။ သည်အလေ့ကောင်းကို မိမိတို့ မွေးမြူတတ်ဖို့ လိုပါသည်။ အမွေကောင်း အမွေမြတ်ကို ခံယူတတ်ဖို့ လိုပါသည်။

မိမိတို့ ငယ်စဉ်အခါ ရွာမှာရှိစဉ်တုန်းက လသာသာ မြေတလင်း၌ ပျော်ရွှင်စွာ အော်ဟစ်ပြေးလွှား ကစားလေ့ရှိကြသည်။ သို့ရာတွင် အသက် ၈၀ ကျော်ပြီဖြစ်သော ဘကြီးအုန်းတစ်ယောက် ရေနွေးကြမ်းသောက် ရောက်လာပြီဆိုလျှင် မိမိတို့ ကလေးတစ်သိုက်မှာ အော်ဟစ်ပြေးလွှားကစားခြင်းကို ရပ်တန့်လျက် လွယ်အိတ်ထဲ ယူဆောင်လာခဲ့သည့် ပေါက်ပေါက်ဆုပ်တွေ ဝေငှကျွေး တတ်သလို မိမိတို့ကြိုက်နှစ်သက်သည့်

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်များကိုလည်း ပြောပြတတ်သောကြောင့် ဖြစ်ပါသည်။ ဘကြီးအုန်းပြောပြသော ပုံပြင်များမှာ ငါးရာ့ငါးဆယ်ဇာတ်တော် အများစုဖြစ်ပြီး သင်ခန်းစာများစွာပေးပါသည်။ ကလေးချစ်တတ်သော ဘကြီးအုန်း၏ ကျေးဇူးတရားကြောင့် မိမိတို့ယဉ်ကျေးလိမ္မာလာသည်ဆိုလျှင်လည်း မမှားပါ။ ဘကြီးအုန်းသည် ရံဖန်ရံခါ၌ မိမိတို့ ကလေးပရိသတ်အပြင် လူငယ်ကာလသားတွေ ရောက်ရှိလာပါက လောကီရေးရာမှတ်စရာ ဗဟုသုတတို့ကို ဝေငှပေးလေ့ ရှိပါသည်။

"လူ့ဘဝမှာ စီးပွားလာဘ်လာဘ ပွင့်လန်းဖို့ အရေးကြီးတယ်။ အိမ်တစ်အိမ်မှာ စီးပွားလာဘ်လာဘတွေ ပိတ်ဆို့နေမယ်ဆိုရင် အဲသည်အိမ်ဟာ သိရိမင်္ဂလာ မရှိတော့ဘူး။ အမင်္ဂလာ အိမ်ပဲ ဖြစ်တော့မယ်။

ဒီတော့ မင်းတို့ကို ဘကြီးအုန်းပြောပြချင်တာက စီးပွားလာဘ်လာဘတွေ မပိတ်ဆို့ရအောင် ရှောင်သင့်တာတွေ ပြောသွားမယ်။ မှတ်သားထားမယ်၊ ကျင့်သုံးသွားမယ်ဆိုရင်တော့ မင်းတို့အတွက် အကျိုးများတာပေါ့ကွယ်။ လောကမှာ 'မသိသူကျော်လွှား၊ သိသူဖော်စား' တဲ့"

ထိုသို့ဆိုပြီး ကွမ်းတမြုံ့မြုံ့နှင့် ပြောပြလေရာ အနီးတွင်ရှိနေသည့် ကိုကံဝင်း (နောင်အခါ ကျေးရွာ၌ မူလတန်းကျောင်းဆရာကြီး ဖြစ်လာမည့်သူ) က အသင့်ပါလာသော စာရွက်နှင့်ခဲတံကို ထုတ်ပြီး မှတ်သားပါတော့၏။ အဆိုပါ မှတ်သားထားချက်များအား ကိုကံဝင်းမှ ဝေငှပေးခဲ့သည့်အတွက် ယခုကဲ့သို့ စာတစ်ပုဒ်ရေးနိုင်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လာဘ်လာဘများ ပိတ်ဆို့ခြင်း မရှိစေရန်အတွက်...

ရဟန်းသံဃာတို့နှင့် သက်ဆိုင်သော ကျောင်းပစ္စည်းကို အိမ်သို့ ယူဆောင်အသုံးမပြုရပါ။ ဆွမ်းတော်တင်ထားသည်ကို ယူငင်၍ မစားရပါ။ ဥပုသ်နေ့၌ ခေါင်းမလျှော်ရပါ။ ဘုရားညောင်ရေအိုး အရေအတွက်ကို စုံဂဏန်း မထားကောင်းပါ။ လင်ယောကျ်ား၏ လက်ယာဘက်၌ ဇနီးသည်ကို မအိပ်စေရပါ။ မိမိထက် အသက်၊ ပညာ၊ အရွယ် ဂုဏ်ကြီးမြင့်သူ၏အမြင့် တစ်နေရာထက်၌ မထိုင်ရပါ။ တစ်ချိန်တည်း (သို့မဟုတ်) တစ်နေ့တည်း၌ သုံးမင်္ဂလာမပြုလုပ်ရပါ။ ဝါတွင်း၌အိမ်ဆောင်မပြုရပါ။ ဝါတွင်း၌ အိမ်မပြောင်းရသလို ခေါင်းအုံးလည်းမချုပ်ရပါ။ မိန်းမများ ညအခါ သိမ်းမရှာရပါ။ အလကားနေရင်း သန်းဥမဆွဲရပါ။ ညအချိန်၌ လေမချွန်ရပါ။ ညဘက်၌ ဓားသွေးခြင်းအမှုကို မပြုရပါ။ ထို့အတူ ခြေသည်း လက်သည်းညှပ်ခြင်း၊ ဆံ၊ မုတ်ဆိတ်ရိတ်ခြင်းတို့ကို မပြုလုပ်ရပါ။ ဈေးဆိုင်၏ ခုံကို လက်မထောက်ရပါ။ ပြာသိုလနှင့် တပေါင်းလတို့တွင် အိမ်မပြောင်းရပါ။ အိမ်ထောင့်လူမိုက် ဘူးသီးမစိုက်ရပါ။ ကျောက်နီလက်စွပ်ကို နှစ်ကွင်းထပ်၍ မဝတ်ရပါ။ ထမင်းစားသောအခါ ပါးစပ်မှ တပျတ်ပျတ်နှင့် အသံမမြည်စေရပါ။ ထို့အတူ ဇွန်းများလည်း မထွက်ပေါ်စေရပါ။

ထမင်းစားသည့်အခါ လူကြီးမနှိုက်ရသေးသဲ့ အရင်ဆုံး နှိုက်မစားရပါ။ လူကြီးထက်လည်း ထမင်းအရင် မစားရပါ။

www.burmeseclassic.com



မိန်းမဖြစ်သူသည် ယောကျာ်းဖြစ်သူအား ခြေဖြင့် မကန်ရပါ။ အိမ်၏ ကြမ်းပြင်ကို ခြေသံပြင်းပြင်း ဆောင့်မနင်းရပါ။ မိန်းမပျို ကလေးများ ပန်းနီနီ မပန်ဆင်ရပါ။ ချစ်သူအား လက်ကိုင်ပုဝါ လက်ဆောင်မပေးရပါ။ မျက်ရည်ခံမှဲ့ပါသူကို အိမ်ထောင် မပြုရပါ။ မီးဖိုခန်းအတွင်းနှင့် ထမင်းစားပွဲ၌ အိပ်မက်အကြောင်း မပြောဆိုရပါ။ မင်္ဂလာဆောင်၌ အိုးခွက်ပန်းကန်တို့ မကွဲရစေရပါ။ မင်္ဂလာအခမ်းအနားအား မုဆိုးမ၊ တစ်ခုလပ်ကို မပြင်ဆင်စေရပါ။ နှစ်ဆန်းတစ်ရက်နေ့၌ ငွေအထွက် မခံရပါ။ အသုဘအိမ်သို့ သနပ်ခါးလိမ်းကျံ၍ မသွားရပါ။ အသုဘချပါက ဦးခေါင်းကို ရှေ့က မထားရပါ။ အင်္ကျီနောက်ကွဲ မဝတ်ရပါ။ အိမ်ရှေ့၌ အသုဘချသွားနေစဉ် အိပ်မနေရပါ။ အဝတ်များလည်း လှန်းမထားရပါ။ အသုဘခေါင်းကို မလဲရပါ။ ညှော်မသာဆိုပါက အိမ်ပြင်၌သာ အလောင်းကို ပြင်ရပါမည်။ ခေါင်းရန်းပန်း မပန်ရပါ။ အသုဘကို ရက်စုံမထားရပါ။ မင်္ဂလာဆောင်သို့ ကိုယ်ဝန်ဆောင် မသွားရပါ။ ညအခါ အိမ်အပြင်သို့ ကိုယ်ဝန်ဆောင် မထွက်ရပါ။ ညမှောင်ပါက ကလေးကို အိမ်အပြင်သို့ ချီ မသွားရပါ။ ည၌အချိန်တွင် အိမ်အပြင်၌ ဆံပင်ကို မဖြန့်ရ။ ဖားလျားမချရပါ။ ည၌ဘက်၌ သားစိမ်း၊ ငါးစိမ်းကို အိမ်အတွင်းသို့ မယူဆောင်ရပါ။ နေအိမ်လှေကားထစ်ကို စုံမထားရပါ။ ညောင်သားနှင့် မီးမဆိုက်ရပါ။

အိပ်ရာထချိန်တွင် မျက်နှာမသစ်ရသေးဘဲ မည်သည့် အစားအစာမှ မစားရပါ။ နတ်အုန်းဆွဲသည့် အခန်းထဲ၌ လင်စုံ

www.burmeseclassic.com

www.burmeseclassic.com



မယားဖက် မအိပ်ရပါ။ နတ်နှင့် နဂါးကို မလှည့်စားရပါ။ စလောင်းဖုံးနှစ်ချပ်ကို မတီးရပါ။ ဖိနပ်နှစ်ဖက်ကို မရိုက်ရပါ။ မီးဖို၌ လူနှစ်ယောက် ပြိုင်ပြီး မီးမမှုတ်ကောင်းပါ။ စလောင်းဖုံးကို ဖိုခနောင့်ပေါ် မအုပ်ရပါ။ ယောက်မနှင့် ထမင်းအိုးနှုတ်ခမ်းကို မရိုက်ရပါ။ ထမင်းချက်ရင်း သီချင်းမဆိုရပါ။ ထမင်းစားရင်းလည်း သီချင်းမဆိုရပါ။ အိမ်သားတစ်ဦး နေမကောင်းပါက ခေါင်းမလျှော်ရပါ။ ထို့အတူ အိမ်သားတစ်ဦး ခရီးသွားနေလျှင်လည်း ခေါင်းမလျှော်ရပါ။ အမျိုးသမီးများ ထဘီဇောက်ထိုးမဝတ်ရပါ။ အိမ်ရှေ့၌ ငှက်ပျောပင် မစိုက်ရပါ။ ကိုယ်ဝန်ဆောင်မိန်းမများ အပြောအဆို မကြမ်းတမ်းရပါ။ လက်ဖက်စားပြီး ကလေးကို မနမ်းရပါ။ ကတ်ကြေး၊ ကွမ်းညှပ်စသည်တို့အား ဘာပစ္စည်းမှမပါဘဲ မညှပ်ရပါ။ သစ်နှစ်ဖက်ကြား ဝါးညှပ်ထည့်ခြင်း မပြုရပါ။ အလှူမဏ္ဍပ်၌ တိုင်ကြီးထဲ တိုင်ကလေး မစိုက်ရပါ။ အိမ်၌ ဓယ်ခုတ်၊ ဓယ်တောက်ခြင်း မပြုရပါ။

အစရှိသဖြင့် သက်ကြီးဝါကြီး ပုဂ္ဂိုလ်တစ်ဦးက ဗဟုသုတများ ဝေငှပေးခဲ့သည်ကို ရှိသေစွာ ခံယူခဲ့ပါသည်။ သို့ဖြစ်၍လည်း သူ့အတိုင်းအတာနှင့်သူ လာဘ်လာဘများ ပိတ်ဆို့ခြင်း မရှိဘဲ အဆင်ပြေလျက် ရှိပါသည်။ သို့ပါ၍ စာရှုသူတို့လည်း လာဘ်လာဘများ မပိတ်ရလေအောင် ရှောင်ကြဉ်သင့်သည်တို့ကို ရှောင်ကြဉ်နိုင်စေရန်အလို့ငှာ မှတ်သားမိသမျှ ရေးသားတင်ပြလိုက်ပါတော့၏။

❒

## လူ့ဘဝ အမှုကြုံရလျှင်

လူ့ဘဝသက်တမ်းအားဖြင့် တစ်ရာထိသော မနေရချင် ရှိလိမ့်မည်။ အမှုကိစ္စ၊ ပြဿနာပေါင်းစုံကဖြင့် တစ်ရာမကကြုံရတွေ့ရတတ်သည်ချည်း။ ပြေလည်အောင် ဖြေရှင်းနိုင်သည့် အခြေအနေ၊ အနေအထားတို့ရှိလျှင် အကြောင်းမဟုတ်။ အခွင့်မသာ၊ အခါမပေးပါက ကိုယ်ရောစိတ်ပါ ထောင်းထောင်းကျေရတော့သည်။ ထိုအခါမျိုးတွင် အားကိုးရာရှာတတ်ကြသည်မှာ ဓမ္မတာဖြစ်လေသည်။ ဤနေရာ၌ မိမိဘက်က အမှန်အတိုင်းဖြစ်နေပါက တရားကို နတ်စောင့်ပါလိမ့်မည်။ ထိုအခါဝယ် ကံကြမ္မာအတွက် အထောက်အကူပြုပေးနိုင်မည့် အစွမ်းထက်မြက်လှစွာသော လောကီယတြာလေးတစ်ခုကို အလျဉ်းသင့်သဖြင့် ဖော်ပြလိုက်ပါသည်။ ယုံကြည်မှုရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြသူတို့ အမှုကိစ္စအပေါင်း ပြဿနာအပေါင်းမှ ပြေလည်သွားကြသော ဖြစ်ရပ်များစွာရှိသဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(၁) တနင်္ဂနွေသားသမီးများ အမှုအခင်းကြုံတွေ့ရပါက... မျောက်၊ ဖြင်း စသော တိရစ္ဆာန်များကို အစာကျွေးပါ။ လူသွား လမ်းများ၌ သဲခင်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## လူ့ဘုံဘဝ အမှုကြုံရလျှင်

လူ့ဘဝသက်တမ်းအားဖြင့် တစ်ရာထိသော မနေရချင် ရှိလိမ့်မည်။ အမှုကိစ္စ၊ ပြဿနာပေါင်းစုံကဖြင့် တစ်ရာမက ကြုံရတွေ့ရတတ်သည်ချည်း။ ပြေလည်အောင် ဖြေရှင်းနိုင်သည့် အခြေအနေ၊ အနေအထားတို့ရှိလျှင် အကြောင်းမဟုတ်။ အခွင့်မသာ၊ အခါမပေးပါက ကိုယ်ရောစိတ်ပါ ထောင်းထောင်းကျေ ရတော့သည်။ ထိုအခါမျိုးတွင် အားကိုးရာရှာတတ်ကြသည်မှာ ဓမ္မတာဖြစ်လေသည်။ ဤနေရာ၌ မိမိဘက်က အမှန်အတိုင်း ဖြစ်နေပါက တရားကို နတ်စောင့်ပါလိမ့်မည်။ ထိုအခါဝယ် ကံကြမ္မာအတွက် အထောက်အကူပြုပေးနိုင်မည့် အစွမ်းထက် မြက်လှစွာသော လောကီယတြာလေးတစ်ခုကို အလျဉ်းသင့်သဖြင့် ဖော်ပြလိုက်ပါသည်။ ယုံကြည်မှုရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြသူတို့ အမှုကိစ္စအပေါင်း ပြဿနာအပေါင်းမှ ပြေလည်သွားကြသော ဖြစ်ရပ်များစွာရှိသဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(၁) တနင်္ဂနွေသားသမီးများ အမှုအခင်းကြုံတွေ့ရပါက... မျောက်၊ ဖြင်း စသော တိရစ္ဆာန်များကို အစာကျွေးပါ။ လူသွား လမ်းများ၌ သဲခင်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



(၂) တနင်္လာသားသမီးများ အမှုအခင်းကြုံတွေ့ရပါက... နွားတိရစ္ဆာန်ကို အစာကျွေးပါ။ ဘုရားစောင်းတန်းကို သန့်ရှင်းရေး ပြုလုပ်ပေးပါ။ (ကဏန်းသားကို လုံးဝမစားရပါ)

(၃) အင်္ဂါသားသမီးများ အမှုအခင်းတွေ့ကြုံရပါက... အုန်းနို့ဆွမ်းကို ကပ်ပေးပါ။ ကလေးသူငယ်များကို ကျောက်ကျော ကျွေးပါ။ အိမ်သန့်ရှင်းရေး ပြုလုပ်ပေးပါ။

(၄) ဗုဒ္ဓဟူးသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက...ဝက်တိရစ္ဆာန်ကို အစာကျွေးပါ။ (၂၇) ရက်တိတိ အမိဋ္ဌာန်ပုတီး စိပ်ပါ။

(၅) ကြာသပတေးသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက...ဘုန်းတော်ကြီးတစ်ပါးပါးအား အလှူဒါနပြုပေးပါ။ ကုဋ္ဌိကို ဆေးကြောသန့်စင်ပေးပါ။

(၆) သောကြာသားသမီး အမှုအခင်းကြုံတွေ့နေရပါက...နွားတိရစ္ဆာန်ကို အစာကျွေးပါ။

(၇) စနေသားသမီးများ အမှုအခင်းကြုံတွေ့နေရပါက... နွားတိရစ္ဆာန်ကို အစာကျွေးပါ။ ဘုန်းကြီးကျောင်းမှ ကုဋ္ဌိများကို ဆေးကြောပါ။

အဆိုပါယတြာများအား ယုံကြည်မှုဖြင့် လုပ်ဆောင်ကြည့်ပါက ထူးကဲသောအကျိုးကျေးဇူးများ ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ဝေဒနာမတိုးအောင် ဒါတွေရှောင်

တရားသဘောအရ 'အဖြစ်' ဆိုတာရှိလာလျှင် 'အပျက်' ဆိုတာ တွဲကပ်ပါလာစမြဲ ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ လောကီဘဝကို ရုပ် နာမ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြ၏။ 'ရုပ်ခန္ဓာကြီး ဖြစ်လာပြီဆိုကတည်းက ပျက်ဖို့ဆိုတာသည် ဒွန်တွဲလျက် ရှိနေတော့၏။ ခန္ဓာတစ်ခုလုံး ဇဲမသွားမီစပ်ကြား အိုခြင်း၊ နာခြင်း၊ ရောဂါဝေဒနာ၏ နှိပ်စက်မှုကို ခံစားရခြင်းတို့သည် မလွဲမသွေ ရှိနေပါချေ၏။ မည်သူမည်ဝါမျှ ရောဂါဝေဒနာ၏နှိပ်စက်မှုကို ခံစားလိုကြမည် မဟုတ်ရကား ဓာတ်စာ၊ ဆေးဝါးတို့ဖြင့် ကုစားနေကြသည်သာ ဖြစ်၏။

'အစာလည်း ဆေး၊ ဆေးလည်း အစာ' ဟူသော စကားရှိ၏။ သို့ရာတွင် အစာတိုင်းသည် ဆေးဝါးမဟုတ်ပေ။ တစ်ခါတစ်ရံ၌ 'ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်နှင့် လေး' ဆိုသောစကားရှိ၏။ သည့်အတွက် အစစအရာရာ နှိုင်းနှိုင်းချိန်ချိန် ပြုလုပ်ပြီးမှသာလျှင် စခန်းသွားသင့်ပါချေ၏။ ဤသို့

www.burmeseclassic.com



မြန်မာ့ရိုးရာ အသုံးချအင်္ဂဝိဇ္ဇာပညာရပ်၌ အစားအသောက်ကို ရှောင်ခြင်းအားဖြင့် ဆေးစူးပြီး ကျန်းမာရေးကောင်းနိုင်ကြောင်း ပါရှိ၏။ သို့ဆိုလျှင် မိမိတို့ ဘာတွေကို ရှောင်ကြဉ်ရမည်နည်း။ ရှောင်ရမည်ကား မိမိတို့မွေးနံမှ ကြိုရန်နှင့် စတုရန်းအခါရောက်သော် သတ်မှတ်ထားသည့် အစားအသောက်တွေကို ရှောင်ကြဉ်ဖို့ပဲဖြစ်ပါသည်။ ရှောင်ရမည့်အစားအစာကလည်း ရောဂါဝေဒနာခံစားနေရသူ၏ နေ့နံမှ စတုရန်းကျသော အစားအသောက်တွေပဲ ဖြစ်ပါသည်။ သည့်အတွက် ရှင်းလင်းပါမည်။

**တနင်္ဂနွေနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ရွှေဖရုံသီး၊ ရှောက်သီးနှင့် ယိုအမျိုးမျိုးတို့ကို ရှောင်ကြဉ်ရပါမည်။

**တနင်္လာနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ပဲအမျိုးမျိုး၊ ဘူးသီး၊ မြေပဲတို့ကို ရှောင်ကြဉ်ရပါမည်။

**အင်္ဂါနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း သျှိသျှားသီး၊ သီးသီး၊ သစ်တော်သီးတို့ကို ရှောင်ကြဉ်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓဟူးနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နံနံပင်၊ ထန်းသီး နာနတ်သီး၊ တမာရွက်တို့ကို ရှောင်ကြဉ်ရပါမည်။

**ကြာသပတေးနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း အုန်းသီး၊ အင်ဥတို့ကို ရှောင်ကြဉ်ရပါမည်။

**သောကြာနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ကြက်သား၊ ကြံသကာ၊ ကြံရည်တို့ကို ရှောင်ကြဉ်ရပါမည်။

**စနေနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ဆိတ်သား၊ ဆီးသီး တို့ကို ရှောင်ကြဉ်ရပါမည်။

လောက၌ 'အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုတ်' ဟူသော စကားရှိပါသည်။ အစားအစာအတွက် အမှားမဖက်မိစေရန်၊ အသက်ကို ဥာဏ်စောင့်နိုင်ရန်၊ ပညာရှိ သတိဖြစ်ခဲ့ မဖြစ်ကြစေရန်အတွက် စေတနာရှေ့ထားပြီး ပညာ တစ်ခုကို တင်ပြလိုက်ခြင်း ဖြစ်ပါ၏။ အကျိုးရှိစွာ အသုံးချနိုင် ကြပါစေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

# သင် ဘာဓာတ်တွေ ပျက်နေသလဲ

လူတစ်ယောက်ဖြစ်တည်ဖို့ရာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော မြေဓာတ်၊ မီးဓာတ်၊ ရေဓာတ်၊ လေဓာတ် ဟူသည့် ဓာတ်ကြီးလေးပါးအနက်မှ ဓာတ်တစ်ခုခုဖောက်ပြန်ခဲ့ပါက ကျန်းမာရေး ချို့ယွင်းရတော့မည်။ ဓာတ်အားလုံးပျက်ပြီဆိုလျှင် အသက်နှင့်ခန္ဓာ အိုးစား ကွဲရဖို့သာပဲ ရှိတော့သည်။ သည်တော့ လူတစ်ယောက်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသည့် အရေးကြီး၏။

သင့်အဖို့ တည်ဆောက်ထားသော ဓာတ်ကြီးလေးပါး အနက်မှာ မည့်သည့်ဓာတ်များ ပျက်ယွင်းနေသည်ကို သိလိုပါက မြန်မာ့ရိုးရာ ဗေဒင်ပညာဖြင့် ဆန်းစစ်ကြည့်နိုင်ပါသည်။ အသက်ကိုတည်၍ ၉ နှင့်ပေါင်း ၃ နှင့်မြှောက်ကာ ၈ နှင့်စားပြီး သကာလအကြွင်း (၀) ဖြစ်ပါက တြင်းပြတ်ကိန်းနှင့်ကြုံရပြီဟု မှတ်ယူပါလေ။

၁။ အသက်ကိုတည်၊ (၂၀) နှင့်ပေါင်း၊ (၄) ဖြင့်စား၊ (၀) ကြွင်း က ပထဝီဓာတ်ပျက်၏။

၂။ အသက်ကိုတည်၊ (၄) နှင့်မြှောက်၊ (၄) ဖြင့်စား၊ (၀) ကြွင်းပါက တေဇောဓာတ်ပျက်၏။

၃။ အသက်ကိုတည်၊ (၁၂) နှင့်ပေါင်း၊ (၄) ဖြင့်စား၊ (၀) ကြွင်းပါက အာပေါဓာတ်ပျက်၏။

www.burmeseclassic.com

www.burmeseclassic.com


၄။ အသက်ကိုတည် (၆) နှင့်မြှောက်၊ (၄) ဖြင့်စား၊ (၀) ကြွင်းပါက ဝါယောခေတ်ပျက်၏။

သည့်အတွက် ခေတ်တစ်ခုပျက်နေပြီဆိုပါက ပျက်ယွင်းနေသော ခေတ်များပြန်လည်ကောင်းမွန်လာစေရေးအတွက် ကူညီကယ်တင်နိုင်စွမ်းရှိသည့် ယတြာများကိုပါ ဖော်ပြပေးလိုပါသည်။

သင့်အဖို့

- ပထဝီခေတ်ပျက်ပါက ညောင်ပင်၌ သဲပြည် (၂၀) ခင်းလှူဒါန်းလိုက်ပါ။
- တေဇောခေတ်ပျက်ပါက ညောင်ပင်၌ ဆီမီး (၄) တိုင် ထွန်းညှိပူဇော်လိုက်ပါ။
- အာပေါခေတ်ပျက်ပါက ညောင်ပင်၌ ရေသန့် ၁၂ ခွက် သွန်းလောင်းပေးလိုက်ပါ။
- ဝါယောခေတ်ပျက်ပါက ညောင်ပင်၌ ယပ် (၆) ခုကို ခတ်၍ လှူဒါန်းလိုက်ပါ။

လောက၌ ဥစ္စာကိုကံစောင့် အသက်ကိုဉာဏ်စောင့်သည်ကို သတိမူဖို့ လိုပါသည်။ မိမိတို့သည် အသိဉာဏ်ရှိသော လူသားများဖြစ်ကြ၏။ သည့်အတွက် ပညာရှိသတိဖြစ်ခဲမျိုး မဖြစ်ရလေအောင် စာပေအသိဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် စိတ်ကောင်းစိတ်မြတ်များ မွေးမြူရင်း သံသရာကောင်းကျိုးအတွက် လုပ်ဆောင်သွားနိုင်စေကြောင်း တင်ပြလိုက်ရပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## သက်ကြီးရွယ်အို ကျန်းမာလိုသော်

"အခုတလော အိမ်က အမေတစ်ယောက် တရှောင်ရှောင် ဖြစ်နေတယ်ဆရာ။ သမီးတို့မှာလည်း အလုပ်ကတစ်ဖက်နဲ့မို့ အတော်ကလေးကို ကသီလင်တနိုင်တာပဲ ဆရာရယ်။ သမီးဆို ခွင့်တစ်ပတ်တောင် ယူထားရတယ်။ အဆင်မပြေရင် အလုပ် ထွက်သင့် ထွက်ရမှာပဲဆရာ။ အမေ့ကို စိတ်တိုင်းကျပြုစုချင် တယ်"

"သာဓုပါကွယ်... သာဓုပါ... သာဓုပါ။ အနန္တောအနန္တ ဂိုဏ်းဝင် မိဘတွေကို ပြုစုလုပ်ကျွေးရတာဟာ အင်မတန်မှ ကုသိုလ်ထူးလှပါတယ်။ မိဘကျေးဇူးသိတတ်တဲ့ သားသမီးဆို တာ ဘယ်တော့မှ ဒုက္ခမရောက်တတ်ပါဘူး။ သမီးမှာက ဖခင် ကြီး ချက်ကွယ်ပြုသွားတဲ့နောက်ပိုင်း သည်မိခင်ကြီးကိုပဲ တွယ် တာနေရတာကလား"

"ဟုတ်ပါတယ်ဆရာ။ သမီးအဖို့ အမေ့အသက်တစ်ရက် ပိုရှည်လေ ကုသိုလ်တစ်ရက်ပိုရလေတယ်ရယ်လို့ သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အမေ့ရဲ့ ကျန်းမာရေးအတွက် ဘာတွေလုပ်ပေးသင့်တယ်ဆိုတာကိုလည်း အကြံဉာဏ်ပေးပါဦးဆရာ"

သည်တော့လည်း မိဘကျေးဇူးကို မြင်းမိုရ်ဦးသဖွယ် သဘောထားသည့် သမီးငယ်လေးအပေါ် စာနာကရုဏာသက်မိရတော့သည်။ ထိုအခါ၌ငယ် မိမိလေ့လာဆည်းပူထားသည့် ပညာများအပေါ်မူတည်လျက် အကျိုးရှိရာရှိကြောင်း နည်းလမ်းကောင်းကို စဉ်းစားရတော့သည်။

"သည်လိုလုပ် သမီးရေ"

"ဟုတ်ကဲ့ ပြောပါဆရာ"

"ခုဆို သမီးမှာက မိခင်ကြီးသာရှိတော့တာမို့ သမီးရဲ့ မိခင်ကြီး ကျန်းမာရေးကောင်းဖို့အတွက် မိခင်ကြီးရဲ့ မွေးနေ့ရက်ကျရောက်လေတိုင်း ကုသိုလ်ကောင်းမှု တစ်ခုခုကို လုပ်ပေးရမယ်။ အဲသည်နေ့မှာ သက်သတ်လွတ်စားပေးနိုင်ရင် အကောင်းဆုံးပဲ သမီးရဲ့"

"စားမှာပေါ့ဆရာရယ်။ သမီးက အသားငါးကို သိပ်မခုံမင်ပါဘူး"

"ကောင်းပါလေ့ကွယ်။ အဲသည်နေ့မှာ ဘုရားတစ်ဆူဆူကို သွားပါ။ မိခင်ကြီးရဲ့ မွေးနံထောင့်မှာ နံ့သင့်ပန်းတွေကို လှူပေးပါ။ ဆွမ်းကပ်မယ်ဆိုရင် ကြာဆံကြော်ကို ကပ်ပေးပါ။

ကိုယ့်အိမ်မှာဆိုရင် ဘုရားရှင် စံမွှာယ်ကိန်းဝပ်နေတဲ့ ကျောင်းဆောင်ရှေ့မှာ မိခင်ကြီးဝတ်ဆင်လေ့ရှိတဲ့ အင်္ကျီတွေထဲက အင်္ကျီတစ်ထည်ကို ရွေးထုတ်ပြီး ပခုံးပေါ်တင်လို့ မနက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဓာရဏပရိတ်တော် (၇) ခေါက်၊ ညကို ဓာရဏပရိတ်တော်ကို (၇) ခေါက်တိတိ ရွတ်ပေးပါ"

"လုပ်မယ်ဆရာ။ ဓာရဏပရိတ်ကိုလည်း သမီးအလွတ်ကျက်ထားပါတယ်"

"ကောင်းတာပေါ့ သမီးရယ်။ ဒါက မိခင်ကြီးသာ သက်ရှိထင်ရှားရှိသူအတွက်နော်။ ဖခင်ကြီးသာရှိရင်လည်း မိခင်ကြီးအတွက် လုပ်ပေးသလိုမျိုး လုပ်ပေးရမယ်။ အဲ... မိစုံဖစုံရှိရင်လည်း မိဘနှစ်ပါးအတွက် ရည်စူးပြီး မိဘရဲ့ အဝတ်အစားကိုလုပ်ပေါ့။ ပရိတ်တော်ကိုလည်း ရွတ်ပေါ့။ မိဘတွေရဲ့ ကျေးဇူးဂုဏ်အင်ဟာ အင်မတန်မှ ကြီးမားလှပါတယ်။ သည်လိုမျိုးလုပ်ဆောင်ပေးတာဟာ သားသမီးအဖို့ သံသရာ အဆက်ဆက်အတွက် သိပ်ကို အကျိုးကျေးဇူးကြီးမားလှပါတယ် သမီး"

"သိပ်ကောင်းတာပဲ ဆရာ။ သမီး ဆရာပြောသလို လုပ်မယ်ဆရာ"

"လုပ်ပါကွယ်... လုပ်ပါ။ သမီးအတွက် ကျေးဇူးသိပ်ကိုကြီးမားမယ့် လောကီလောကုတ်အစီအရင်တစ်ခုဆိုရင် မမှားဘူးသမီး။ ဪ... ဒါထက် သမီးတို့အိမ်မှာ ဆွမ်းခံကိုယ်တော်တွေများ ကြွလေ့ရှိသလား"

"ရှိတာပေါ့ ဆရာရယ်။ ရှိတာတောင်မှ ဆွမ်းခံကိုယ်တော်တစ်ပါးတည်းတောင်မှ မဟုတ်ဘူး။ သုံးပါးတိတိတောင် ဆရာ"

"ဟုတ်ပြီ။ အဲဒါဆိုရင် ဆွမ်းလောင်းတဲ့အခါမှာ မိဘရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားကို ပခုံးပေါ်တင်ပြီး ဆွမ်းလောင်းပါ။ ဒါ့အပြင် ကိုယ့်အိမ်ရှေ့လာရပ်တဲ့ အံလျှုခံပုဂ္ဂိုလ်တွေကိုတွက်ပြီး လှူမယ် ဆိုရင်လည်း ဆွမ်းလောင်းသလိုပဲ လှူပေါ့ သမီးရယ်”

“စိတ်ချပါဆရာ။ ခုလိုမျိုး သမီးရဲ့ ဒုဿာကအတွက် ကူညီလမ်းညွှန်တာ ကျေးဇူးတင်ပါတယ်။ ဆရာ့ကို သမီး ကန်တော့ပါရစေ”

“သာဓုပါကွယ်... သာဓု... သာဓု”

လူတစ်ယောက်၏ဒုဿာကအပေါ် ဖြေဆည်ရာအတွက် ကူညီလမ်းညွှန်ပေးလိုက်ရသည့်အတွက် ပေါ့ပါးလန်းဆန်း သွား ခဲ့ရသည်။ စာရှုသူတို့အနေနှင့်လည်း အိမ်ရှိသက်ကြီးရွယ်အိုများ ကျန်းမာရေးအတွက် အကျိုးရှိစေရန် လုပ်ဆောင်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## အထက်တန်းကျ၍ မျက်နှာပန်းလှပါစေ

သည်လောကီ ဘုံခလေ့မှာတော့ လူတိုင်းပင် မပူမပင် မတောင့်မတ မကြောင့်မကြ နေထိုင်လိုကြသည်။ မရှိမရှား ဘဝမျိုးကို လိုအပ်ကြသည်။ အထက်တန်းကျ၍ မျက်နှာပန်းလှ လိုကြသည်။ ဒါသည် ဓမ္မတာ။

သည့်အတွက် ကိုယ့်စွမ်းကိုယ်စရှိဖို့ အရေးကြီးပါသည်။ ကိုယ်စွမ်းကိုယ်စ ရှိလျှင်ဖြင့် မြန်မာ့ရိုးရာ အသုံးချ အင်္ဂဝိဇ္ဇာ ဗေဒင်ပညာရပ်က အလှတွင် အယဉ်ဆင့်သည့်ပမာ များစွာ အကူ အထောက်ပြုနိုင်ပါလိမ့်မည်။ နံ့တစ်ခု ကောင်းစားရေး အတွက် ပထဝီအခါ (နံနက် ၆:၀၀ နာရီမှ ၉:၀၀ နာရီအတွင်း) တွင် အမြစ်နှင့် အညွန့် နှစ်ခုတွဲထားသည့် သစ်ပင်အား မူလ ဖြစ်သောအရပ်၌ စိုက်ပျိုးလျက် အမြစ်အညွန့်ဂြိုဟ်ဝင်ကိုသင့် ရေလောင်းပေးပါက အပင်ရှင်သန်လေသမျှ အထက်တန်းကျ၍ မျက်နှာပန်းလှမည် ဖြစ်ပေသည်။ ခုနစ်ရက်သားသမီးများ အကျိုး အတွက် ရှင်းလင်းစွာ လုပ်ဆောင်ရန်တင်ပြရလျှင်...

www.burmeseclassic.com

www.burmeseclassic.com



## ၁။ တနင်္ဂနွေသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် နှမ်းလုံးကြိုင်ပင်အား မူလအရပ်ဖြစ်သည့် အရှေ့မြောက်အရပ်၌ စိုက်ပျိုးကာ အမြစ်နှင့်အညွန့်ဂြိုဟ်သက်အရ ရေ ၂၅ ခွက် လောင်းရပါမည်။

## ၂။ တနင်္လာသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် ညြဇာပင်အား မူလအရပ် ဖြစ်သည့် အရှေ့အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၁၄ ခွက် လောင်းရပါမည်။

## ၃။ အင်္ဂါသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် ခရေပင်အား မူလအရပ်ဖြစ်သည့် အနောက်အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၃၂ ခွက် လောင်းရပါမည်။

## ၄။ ဗုဒ္ဓဟူးသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် စံပယ်ပင်အား မူလအရပ်ဖြစ်သည့် မြောက်အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၂၇ ခွက် လောင်းရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



### ၅။ ကြာသပတေးသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် ရေကသစ်ပင်အား မူလအရပ်ဖြစ်သည့် အနောက်အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၁၈ ခွက် လောင်းရပါမည်။

### ၆။ သောကြာသားသမီးအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် ပိတောက်ပင်အား မူလအရပ်ဖြစ်သည့် တောင်အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၂၉ ခွက် လောင်းရပါမည်။

### ၇။ စနေသားသမီးများအနေဖြင့်

ပထဝီအခါဖြစ်သည့် နံနက် ၆း၀၀ နာရီမှ ၉း၀၀ နာရီအတွင်း အမြစ်နှင့် အညွန့် နှစ်ခုတွဲသစ်ပင်ဖြစ်သည့် သစ်အယ်ပင်အား မူလအရပ်ဖြစ်သည့် အရှေ့တောင်အရပ်၌ စိုက်ပျိုးကာ အမြစ်အညွန့်ဂြိုဟ်သက်အရ ရေ ၂၇ ခွက် လောင်းရပါမည်။

အဆိုပါ နည်းအတိုင်း တိကျစွာ လုပ်ဆောင်ပြီးသည့်သကာလ အပင်ကို မသေအောင် ကြိုးစားရပါမည်။ အပင်ရှင်သန်ဖွံ့ဖြိုးသော အထက်တန်းကျ၍ မျက်နှာပန်းလှလေဖြစ်မည့်အကြောင်း စေတနာရှေ့ထား၍ တင်ပြလိုက်ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## အခါမပေးသင့်သည့် ရက်ဆိုးများ

မိမိတို့ မြန်မာနိုင်ငံသားတော်တော်များများပင် မြန်မာ့ရိုးရာ အယူအဆများကို စွဲလမ်းတတ်ကြသည်။ လက်ကိုင်ပြုတတ်ကြသည်။ ထစ်စုံတစ်ရာကို လုပ်ကိုင်မည်ဆိုလျှင် မင်္ဂလာအခါကို ရွေးချယ်တတ်ကြသည်။ ပြဿဒါးရက်၊ သမားညို၊ သမားဖြူ၊ ဝါရမိတ္တုဂ္ဂုဟ်၊ ရက်ယုတ်မာ၊ ရှမ်းရက်၊ ရက်ပုပ်၊ နဂါးခေါင်ရက်နှင့် လဆန်း၊ လဆုတ်၊ မြေခံများ စသည့်အကြောင်းအရာတို့ကို ကြည့်လျက် အပြစ်များမှလွတ်အောင် အခါပေးတတ်ကြလေသည်။

ဤ၌ အခါမပေးအပ်၊ ရှောင်ကြဉ်အပ်သော ကာလများတို့ တင်ပြလိုပါသည်။

(၁) ဆဲကြီးလေးပါးကို မင်္ဂလာအခါ မပေးအပ်ချေ။ ရှင်းစွာဆိုရလျှင် နေထွက်ဆဲအခါ မွန်းတည့်ဆဲအခါ၊ နေဝင်ဆဲအခါ၊ သန်းကောင်တည့်ဆဲအခါ ဟူသည့် ဆဲလေးပါးဖြစ်၏။ ၎င်းကာလ၌ အခါပေးခြင်းကိုရှောင်ကြဉ်အပ်၏။

(၂) နေကြတ်၊ လကြတ်ခြင်းတို့နှင့် ကြုံလျှင် ထိုနေကြတ်သောနေ့၊ လကြတ်သောနေ့မှ (၃) ရက်အတွင်း အခါမပေးရ။ ရှောင်ကြဉ်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၃) တနင်္ဂနွေဂြိုဟ်ပြောင်းရက် (သင်္ကြန် ၁၂ ပါးရက်ဟုခေါ်၏) တနင်္ဂနွေဂြိုဟ်သည် ရာသီခွင်တစ်ခုမှ နောက်တစ်ခုသို့ ကူးပြောင်းသောရက်တွင် အခါပေးခြင်းကို ရှောင်ကြဉ်အပ်၏။

(၄) လကွယ်ခါနီး (၅)ရက် (အချို့သော လများတွင် လကွယ်ခြင်းသည် ၁၄ ရက်နှင့် လကွယ်၍ အချို့လများ တွင် ၁၅ ရက်နှင့် လကွယ်၏) လကွယ်နေ့ မတိုင်မီ (၅) ရက်အလို ရက်များ၌ အခါပေးခြင်းကို ရှောင်ကြဉ်အပ်၏။

(၅) အချိန်အခါမဟုတ်ဘဲ ပြာသိုလ၊ တပို့တွဲလများတွင် မိုးရွာလေသော် ထိုလများ၌ အခါပေးခြင်းကို ရှောင်ကြဉ်အပ်၏။

ဤ၌ တနင်္ဂနွေနေ့တွင် အခါယူ စတင်ဆောင်ရွက်လေသော် အကြီးအကဲကို ထိခိုက်တတ်သည်။ အကြီးအကဲနှင့် စိတ်ဝမ်းကွဲတတ်သည်ဟူ၍ ဆို၏။ အင်္ဂါနေ့ဖြစ်သော် တိုက်ခိုက်မှု၊ မာန်ကြီးမှု၊ ခိုက်ရန်ငြင်းခုံမှုများ ဖြစ်တတ်သည်။ သွေးထွက်သံယိုဖြစ်ပေါ်၍ ထိခိုက်တတ်သည် ဟူ၍ ဆိုသည်။ စနေနေ့ဖြစ်သော် ပင်ပန်းနွမ်းနယ်တတ်ခြင်း ရှိမည်။ လုပ်ငန်းတွဲဖက် လုပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အောက်လူများ၊ လက်အောက်ငယ်သားများက အတိုက်အခိုက်ပြုခြင်း၊ မသင့်မတင့်ဖြစ်ခြင်းများနှင့် ကြုံစေသည်ဟု လေ့လာမှတ်သားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အမုန်းစိတ်ကင်းစင် ချစ်စိတ်ဝင်ဖို့

လူမုန်းလျှင် ချစ်ခြင်းမုန်းခြင်းတို့နှင့် မကင်းတတ်ကြသည်မှာ ဓမ္မတာ ဖြစ်သည်။ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေလျှင် အရာအားလုံးသည် ကြည်နူးချမ်းမြေ့ဖွယ်ရာ ကောင်းပေလိမ့်မည်။

ဤတွင် လောကီပညာရပ်ဖြင့် မုန်းသောသူကို ချစ်စိတ်ဝင်လာအောင် လုပ်၍ရသလားဟု အမေးရှိလာပါက လုပ်၍ရသည်ဟု ဆိုချင်ပါသည်။ လုပ်ရမည်မှာ မိမိပေါ် မုန်းတီးစိတ်ဝင်နေသော နေ့နံသား၏ စတုရန်းတစ်ခုခုအား လက်ခလယ်နှင့် လက်တစ်ဆင့်ပိုင်းဖြတ်၍ ဆောင်ထားပါက ထိုနေ့နံသားသည် မိမိအပေါ် မုန်းတီးစိတ် ပြေပျောက်ကာ ချစ်ခင်စိတ်များ ဝင်လာပါလိမ့်မည်။

"မုန်တယ်ဆရာရေ့... မောင်တိုးဆိုတဲ့ စနေသား ကျွန်တော့် အပေါ် မုန်းနေတာသိလို့ ချစ်ခင်စိတ်ဝင်လာအောင် ဆရာဖွင့်ပေးတဲ့ ယတြာစတုရန်းနည်းလေးသုံးကြည့်တာ ... တယ်ဆရာရေ့။ ဟောဒီမှာလေ၊ လက်တစ်ဆစ်ဖြတ်ထားတဲ့ ဆီးသား။ အဲဒါကို ဆောင်ထားတာ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း လှည့်တောင်မကြည့်တဲ့ မောင်တိုးတစ်ယောက် ကျွန်တော့်ကိုတွေ့တာနဲ့ လက်ဖက်ရည်ဆိုင်လိုက်ပြီး ဒါနပြုတော့တာပဲ။ စကားတွေလည်း ဘာပြောသလဲ မမေးနဲ့။ အိမ်တောင် ထမင်းဖိတ်ကျွေးဦးမတဲ့ ဆရာပွင့်ရေ"

ထိုသို့ ကျွန်ုပ်သိရှိလေ့လာထားသမျှ နည်းလမ်းကလေးများကို အသုံးချရင်း ပ ကျုံသွ သူတွေကို တွေ့ရတော့ ဝမ်းသာကြည်နူးရပါ၏။ ထိုနည်းကလေးကား မခက်လှပါ။ မုန်းနေသူ၏ နေ့နံကို မှတ်၍ နေ့နံ၏ စတုတ္ထမြောက်နံသား တစ်ခုခုအား လက်ခလယ်နှင့် လက်တစ်ဆစ်တိုင်းဖြတ်ကာ ဆောင်ထားဖို့ပဲ ဖြစ်ပါ၏။ အောက်ပါဇယားကိုကြည့်လျှင် ရှင်းပါလိမ့်မည်။

| မုန်းနေသူနေနံ | လက်ခလယ်နှင့် လက်တစ်ဆစ်တိုင်းဖြတ်ကာ ဆောင်ရမည့် စတုတ်ရန်နံသား |
|---|---|
| တနင်္ဂနွေ | ရဲယိုမြစ် |
| တနင်္လာ | ပဲမြစ် |
| အင်္ဂါ | သီးမြစ် |
| ဗုဒ္ဓဟူး | ဒန်းသား |
| ကြာသပတေး | အုန်းရွက် |
| သောကြာ | ကြံ |
| စနေ | ဆီးသား |



www.burmeseclassic.com

www.burmeseclassic.com

# အမှုကိစ္စ ကြုံတွေ့ရသော်

အသက်တစ်ရာ မနေရ၊ အမှုတစ်ရာပွေ့ရဆိုသော စကားလေးကို လူတိုင်း ကြားဖူးပါလိမ့်သည်။ အမှန်လည်း လူ့ဘဝသည် ထိုစကားလေးနှင့် လိုက်လျောညီထွေ ရှိလွန်းလှပါဘိ။

အမှုအခင်းများ၊ အပြိုင်အဆိုင် အတိုက်အခိုက်များ တွေ့ကြုံရပါသော် မိမိတို့ ဘယ်လိုရင်ဆိုင် ဖြေရှင်းကြပါမည်နည်း။ တရားကို နတ်ကောင်းသည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် မိမိတို့သည် တစ်ရံတစ်ခါ၌ ကံကြမ္မာဝင်ရောက်ကြွေးဟု သတ်မှတ်ချင်လောက်အောင် ကိုယ်တိုင်မကျူးလွန်ရပါဘဲနှင့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်အဖြစ်မျိုး ကြုံရတတ်ပါသည်။ လောကီနည်းအရ မည်သို့ စီမံဆောင်ရွက်ကြပါမည်နည်း။

သည့်အတွက် အမှုကိစ္စနှင့် ကြုံတွေ့ရသူတိုင်း အတိုက်အခံများကို ရင်ဆိုင်ဖြေရှင်းနေရသူတိုင်း ပြဿနာငြိမ်းအေးစေရန်၊ ပူပင်ကြောင့်ကြစိတ်များ ကင်းဝေးစေရန် အထောက်အကူပေးမည့် နေ့ရာအေးသာတစ်ခုနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တို့အား တင်ပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ အမှုအခင်းများနှင့်ရင်ဆိုင်နေရပြီဆိုလျှင် ရွှေတိဂုံစေတီတော်တုန်းမြေပေါ်ရှိ နောင်တော်ကြီးစေတီတော်၏ အနီးရှိ ဘိုးလှူးထီးဆောင်းရုပ်တုကို သတိရဖို့ နှိုးဆော်ချင်ပါသည်။ ထို ဘိုးလှူးထီးဆောင်းရုပ်တုကို သာမန်အားဖြင့် သွားသူတွေအဖို့ တွေ့ချင်မှ တွေ့ပါလိမ့်မည်။ နေရာ အတိအကျ ညွှန်းဆိုရသော် နောင်တော်ကြီးဘုရား ပရိဂုဏ် ရာဟုထောင့်တည့်တည့်တွင်ရှိပြီး မြောက်ဘက်အခြမ်းမှ ဝိဇ္ဇာတန်ဆောင်းကြီး ကွယ်ထားပြီး အရှေ့ဘက်မှလည်း ရှင်အဇ္ဇဂေါဏ တန်ဆောင်းနှင့် ဘိုးဘိုးအောင်တန်ဆောင်းတို့အကွယ် ထိုတန်ဆောင်းများ၏ အလယ်နေရာလောက်တွင် ရှိပါသည်။

ရုပ်တု၏ ပုံသဏ္ဌာန်မှာ ဒူးတစ်ဖက်ထောက် တစ်ဖက်လှဲထိုင်ပြီး သန်လျက်ကို ထမ်းထားပုံဖြစ်ပါ၏။ သဘောမှာ ရန်စွယ်အပေါင်းကို ဆောင့်ရှောက်ကာကွယ်မှုန် ဖြစ်ပါသည်။ ထီးဆောင်းထားဟန် အေးချမ်းမှုအရိပ်ကို ပေးစေသည့် အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

အကယ်၍တစ္ဆေ စာရှုသူတို့၏ အမှုအခင်းတစ်ခုနှင့် ကြုံတွေ့ရင်ဆိုင်ဖြေရှင်းနေရသည်ဆိုပါက အထက်တွင် ညွှန်ပြသော ဘိုးလှူးထီးဆောင်းရုပ်တုရှိရာသို့သွားကာ ကန်တော့ပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းနံ့သာများ ဆက်ကပ်လှူဒါန်းပြီး...

'အမှုအခင်းများကို အောင်မြင်မှုရရှိအောင် ကူညီစောင့်ရှောက်ပေးတော်မူပါ။ အနိုင်ရရှိပါက အစ်ကိုကြီးဘိုးလှူး၏ ကျေးဇူး ဆက်သပါဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ကတိစကားဆိုလိုက်ပါ။ ထူးခြားအောင်မြင်မှုများကို လက်တွေ့ခံစားရပါလိမ့်မည်။ စာရေးသူ၏ မိတ်ဆွေမှုခင်းသတင်းထောက်တစ်ဦးဆိုလျှင် နံဘေးအိမ်ရှိ လူညာလုကတတ်တစ်ဦး၏ ချောက်ချမှုကြောင့် အမှုအခင်းတစ်ခုနှင့် ရင်ဆိုင်ရကာ ဒုက္ခရောက်မတော့မည့်ကိန်း ဆိုက်ရောက်ခဲ့ရ၏။ ထိုအဖြစ်ကို သိရလျှင် စာရေးသူမှ ဦးဆောင်ခေါ်ယူကာ ဘီလူးထီးဆောင်းရုပ်တုရှေ့သို့ ပို့ဆောင်ပေးပြီး လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်စေခဲ့၏။ သို့ဖြစ်၍ မကြာခင်မှာပင် ရင်ဆိုင်နေရသော အမှုလည်း ပြေငြိမ်းသွား၏။ ချောက်ချသောသူမှာ ထိုနေရာတွင်ပင် မနေရဲတော့ဘဲ ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်ကာ အခြားသို့ ပြောင်းရွှေ့သွားရ၏။

သို့ဖြစ်ပါသောကြောင့် မိမိတို့မှာ အမှုအခင်းကိစ္စတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ဘီလူးထီးဆောင်းရုပ်တုသို့ သွားရောက် သစ္စာဆိုသင့်ပါကြောင်း လောကီအကျိုး မျှော်ရည်လျက်ရေးသားလိုက်ရပါတော့သတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ဆောက်လနှင့် ကောင်းသောရက်

ဖွင့်လဖ်းရာသီသို့ ရောက်လာခဲ့ပေပြီ။

ထိုအခါဗယ် စီးပွားဥစ္စာ ရမိဆောင်းမိကြသူတို့သည် မိမိတို့နေအိမ်ဟောင်းကို ပြန်လည်ဆောက်လုပ်တတ်ကြ၏။ နိုင်ငံခြားတိုင်းပြည်များ၌ အိမ်ဆောက်သည့်ကိစ္စ၌ လောကီရေးရာနှင့် ဆက်နွှယ်မှုရှိသည်၊ မရှိသည်များကို မပြောနိုင်သော်လည်း မိမိတို့ မြန်မာလူမျိုးတို့မှာမူ ရှေးထုံးကိုမပယ်ကြဘဲ သားစဉ်မြေးဆက် ဆိုသလို ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်လေ့ရှိ၏။

လောကီပညာရပ်ဆိုင်ရာ ကျမ်းများ၌ အိမ်ဆောက်ရန်သင့်လျော်ကောင်းမွန်သော လများကို ဖော်ပြခဲ့ပါသည်။ ထိုလများကား...

(၁) တန်ခူးလ၊ (၂) ကဆုန်လ၊ (၃) ဝါခေါင်လ၊ (၄) နတ်တော်လ၊ (၅) ပြာသိုလ၊ (၆) တပေါင်းလ...

ဆိုသည့် ၆ လ ဖြစ်ချေ၏။ ဤလများတွင် ဆောက်လုပ်ပါက ချမ်းသာကြွယ်ဝပြီး စီးပွားလာဘ်ရသော ရှင်လန်း

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ စားနပ်ရိက္ခာနှင့် ပြည့်စုံကြွယ်ဝခြင်း စသော အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါသည်။ သို့ဆိုလျှင် ကျန်သည့် နယုန်လ၊ ဝါဆိုလ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ တပို့တွဲလ စသော ၆ လကား၊ အိမ်ဆောက်ရန် မသင့်သောလများ ဖြစ်ချေ၏။ ထိုလများ၌ ဆောက်လုပ်မိလျှင် စီးပွားရေးထိခိုက်ခြင်း၊ လာဘ် လာဘပိတ်ဆို့ခြင်း၊ ဂုဏ်သိက္ခာကျဆင်းတတ်ခြင်း၊ ဘေးဥပဒ်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ခြင်း၊ စားနပ်ရိက္ခာရှားပါး ခြင်းစသော အကျိုးမဲ့ ဖြစ်ရပ်များနှင့် ကြုံတွေ့ရမည်ဟု အဆို ရှိပါသည်။ သည့်အတွက် အဆိုပါလများ၌ အိမ်ဆောက်ခြင်းအမှုကိုရှောင်ရှားကြစမြဲ ဖြစ်၏။

အိမ်ဆောက်လုပ်သော လများကို ဖော်ပြခဲ့ပြီးဖြစ်ရာ ထိုလများကား ကောင်းမွန်သည့်တိုင်အောင် နေ့ကောင်းရက်ကို ရွေးချယ်ဆောက်လုပ်တတ်ဖို့ လိုပါပေ၏။ သို့မဟုတ်မူဘဲ နေ့ဆိုးတွင် ဆောက်လုပ်မိပါက အကျိုးမဲ့တတ်ချေ၏။

ဤ၌ အိမ်ဆောက်လ ကောင်းသော်လည်း အကျိုးရှိမှု၊ အကျိုးမဲ့မှုရက်များကို သိရှိပြီး ရှောင်နိုင်ရန်၊ ဆောင်နိုင်ရန် တင်ပြရပါလျှင်...

**၁။ တနင်္ဂနွေနေ့**

ထိုနေ့၌ အိမ်ဆောက်လုပ်ပါက ဆင်းရဲဒုက္ခတွေ့ရတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ **တနင်္လာနေ့**

ထိုနေ့၌ အိမ်ဆောက်မိပါက ၂ လကျော်မှ ကောင်းပါမည်။

၃။ **အင်္ဂါနေ့**

ထိုနေ့၌ အိမ်ဆောက်ပါက အရာရာ အဆင်ပြေမည်။ ဥစ္စာစည်းစိမ်တို့ ပေါကြွယ်ဝမည်။

၄။ **ဗုဒ္ဓဟူးနေ့**

ထိုနေ့၌ အိမ်ဆောက်ပါက စီးပွားဥစ္စာ တည်ငြိမ်ခြင်း မရှိတတ်။

၅။ **ကြာသပတေးနေ့**

ထိုနေ့၌ အိမ်ဆောက်ပါက စီးပွားဥစ္စာ တိုးတက်တတ်၏။

၆။ **သောကြာနေ့**

ထိုနေ့၌ အိမ်ဆောက်ပါက အိမ်တွင်း အပူသောက များမည်။ စီးပွားရေး အထူးကောင်းမွန်မည်။

၇။ **စနေနေ့**

ထိုနေ့၌ အိမ်ဆောက်ပါက အိမ်တွင်းရေး အဆင်မပြေတတ်၊ စကားများရခြင်း၊ ဒိုက်ရန်ဖြစ်ပွားခြင်းတို့ ကြုံတွေ့ရတတ်ကြောင်း အိမ်ဆောက်လုပ်လိုသူများအတွက် အကျိုးဖြစ်ထွန်းနိုင်စိမ့်သောငှာ လေ့လာရှာဖွေမိသမျှကို တင်ပြလိုက်ရခြင်း ဖြစ်ပေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## အိမ်မဆောက်ကောင်းသော သစ်များ

ယခုလို ပွင့်လင်းရာသီ ရောက်လာပြီဆိုသည်နှင့် လူတို့သည် မိမိတို့ နေရေးကိစ္စအတွက် အိမ်သစ်များ ဆောက်လုပ်တတ်ကြပါသည်။ ဤသို့ ဆောက်လုပ်ရာ၌ သစ်အိမ်ဆိုပါက သစ်တိုင်းကို အိမ်ဆောက်ကောင်းသည် မဟုတ်ပါ။ သယံဇာတ ပေါကြွယ်ဝလှသည့် မိမိတို့နိုင်ငံအတွင်း သစ်ပင်ကြီးငယ်များ အပြိုင်းအရိုင်း ရှင်သန်ပေါက်ရောက်ကြသည်မှန်သော်လည်း သစ်ပင်တိုင်းကို အိမ်မဆောက်ရကြောင်း ရှေးလူကြီးသူမတွေက ဆိုခဲ့ကြပါသည်။

အထူးသဖြင့် ရှေးဟောင်း လက်မှုပညာပေါင်းချုပ်ကျမ်း၌ အိမ်ဆောက်ခြင်း၌ ရှောင်ကြဉ်ရမည့် အိမ်မဆောက်ကောင်းသော သစ်များကို ဖော်ပြထားပါသည်။ ၎င်းတို့မှာ…

(၁) မအူ၊ (၂) မိကျောင်း၊ (၃) သခွပ်၊ (၄) ညောင်၊ (၅) သျှိသျှား၊ (၆) ဆီး၊ (၇) သပြေ၊ (၈) သစ်ဆိမ့်၊ (၉) ရေတက်၊ (၁၀) ကလောနှင့် (၁၁) လက်ပံတို့ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ၊ ထိုသစ်များကိုရှောင်၍ ကျန်သောသစ်များနှင့် ဆောက်မည်ဆိုပါစို့။ ဤ၌လည်း ရှောင်ကြဉ်စရာတွေရှိပြန်ပါသေးသည်။ ၎င်းတို့ကို ဖော်ပြရပါလျှင်...

**အခေါင်းပါသော သစ်**

အခေါင်းပါသော သစ်ကို အသုံးပြု၍ မဖြစ်ပါ။ လေဝင်နေ၍ အစိတ်အပိုင်းအချို့ ဆွေးမြည့်နေသည့်အတွက် ရှောင်ကြဉ်ရပါသည်။

**အမျက်ပါသော သစ်**

ထိုသစ်များကို အိမ်တိုင်သာမက အခြား၌အသုံးပြုရန်ပါ ရှောင်ကြဉ်ကြပါသည်။ ရှောင်၍ မဖြစ်နိုင်သည့် အဆုံးကျလျှင်မူ တစ်ခုလုံး အမျက်ဖုံးနေသည့် ဆူးပါသော သစ်ပင်ကို အသုံးပြုကြပါသည်။

**တံတားခင်း သစ်**

ချောက်ကမ်းပါးနှင့်နီးသော သစ်ပင် (သို့တည်းမဟုတ်) ချောက်ကမ်းပါးဘက်သို့ လဲရန်အကြောင်းရှိသော သစ်ကို ခုတ်မိပြီး ထိုသစ်သည် ထင်သည့်အတိုင်း တစ်ဖက်နှုတ်ခမ်းသို့လဲပြီး တံတားခင်းသလို လဲသွားပါက ၎င်းသစ်ကို အသုံးမပြုရ၊ ရှောင်ကြဉ်ရပါမည်။

**ကျိုးအာ သစ်**

သစ်ပင်၏ ခွဆုံမှ တက်သွားသော အခက်နှစ်ဖက်သည် ညီညီညာညာမရှိဘဲ တစ်ခုတို၊ တစ်ခုရှည်နေပါက၊ ကျိုးအာ အဖြစ် သတ်မှတ်ပြီး ထိုသစ်ကိုလည်း ရှောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## နတ်သတ်

သူ့အလိုအလျောက် ခြောက်သွေ့ကာ မတ်တပ်သေနေသော အပင်ကို နတ်သတ်အဖြစ် သတ်မှတ်သဖြင့် ရှောင်ကြဉ်ရပါသည်။

## ကော်လဲ

သူ့အလိုအလျောက် အမြစ်မှကော်ပြီး လဲနေသည့် ကော်လဲသစ်ကိုလည်း ရှောင်ကြဉ်ရပါသည်။

## ပုခက်လွှဲ

သစ်ပင်၏ ခွဆုံမှ အခက်များထွက်နေပါက ပုခက်လွှဲဟု ခေါ်သည်။ ထိုသစ်ကိုလည်း အသုံးမပြုရပါ။ ရှောင်ကြဉ်ရပါသည်။

## လင်းတနား

အိမ်တိုင်ခုတ်ရန် သစ်ပင်များကို လိုက်လံကြည့်ရှုနေစဉ် လင်းတနားသော သစ်ပင်ကိုတွေ့ပါက ထိုအပင်ကို ရှောင်ကြဉ်ရပါသည်။

## ဖွဲချ (ဆွဲချ) သစ်

ခုတ်လှဲလိုက်သော အပင်သည် အဖျားက အောက်၊ အရင်းက အပေါ် ဇောက်ထိုးဖြစ်ပြီး ချောက်ထဲကျသွားပါက ထိုအပင်ကို ဖွဲချ (ဆွဲချ) သစ်ဟု သတ်မှတ်ပြီး အသုံးပြုရန် ရှောင်ကြဉ်ရပါသည်။

## သစ်တွဲလဲ

ခုတ်ချလိုက်သော သစ်သည် မြေပေါ်သို့ ကန်းမကျဘဲ

www.burmeseclassic.com

www.burmeseclassic.com



အခြားအပင်တစ်ပင်နှင့် ငြိပြီး တန်းလန်းဖြစ်နေပါက အဆိုပါ သစ်ပင်ကို သစ်တွဲလဲ ဟုခေါ်ပြီး အသုံးပြုရန် ရှောင်ကြဉ်ကြပါသည်။

## သစ်ကြိုတ်

မိမိ၏ ကိုင်းအချင်းချင်းဖြစ်စေ၊ အခြားသစ်ပင်၏ အကိုင်းဖြင့်ပင် ပွတ်တိုက်နေပါက အဆိုပါသစ်ပင်ကို သစ်ကြိုတ်ဟု ခေါ်ပြီး အသုံးပြုရန် ရှောင်ကြဉ်ကြပါသည်။

ဤကား ရှေးလူကြီးသူမများ သတ်မှတ်ထားခဲ့ကြသည့် အိမ်မဆောက်ကောင်းသော သစ်များ ဖြစ်ကြပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စပါးကျီ | ငွေကြေးဥစ္စာ ထားရှိရန် | ဆုတောင်းခန်း |
| သားသမီးများ အတွက်အခန်း | | |
| ဆရာအတွက် အခန်း | ထမင်းစားခန်း | မီးဖိုဆောင် |

## အိပ်ခန်းကို သည်လိုဖွဲ့စည်းပါ

စာရေးသူ၏ ဘကြီးသည် ရှေးထုံးကို လွန်စွာမှလိုက်နာသော ရှေးလူကြီးတစ်ဦးဖြစ်ပါသည်။ ခေတ်လူငယ်ဖြစ်သော စာရေးသူတို့မှာ ဘကြီး၏ ရှေ့မှောက်သို့ရောက်လျှင် များစွာမှ အနေကျုံ့လှပါသည်။ ဘကြီးကလည်း အမြင်မတော်တာများ တွေ့လိုက်ရင်တော့ ဘယ်သူ့မျက်နှာမှ ထောက်မနေ။ ဟောဟော ဒိုင်းဒိုင်းဆိုသလို ပြောချလိုက်စမြဲ ဖြစ်ပါသည်။

အားလျှင်လည်း အလကားနေတတ်သူမဟုတ်ပါ။ ရေနွေးကြမ်းတစ်အိုးဖြင့် ထန်းလျက် (သို့) ဆီစိမ်လက်ဖက်ကို မြုံ့ကာ လောကီရေးရာနှင့်ပတ်သက်သည့် စာ[illegible]တစ်အုပ် ကျမ်းတစ်စောင်စောင်ကို ပက်လက်ကုလားထိုင်၌ ထိုင်ရင်း ဖတ်နေ၊ မှတ်နေ၊ စဉ်စားနေတတ်စမြဲလည်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com



သူ စိတ်လိုလက်ရ ရှိပြီဆိုလျှင် လောကီရေးရာ ဗဟုသုတများ ကို ပြောပြတတ်ပါသည်။ တစ်လောက စာရေးသူတို့ အိမ်ရှေ့ရှိ ခြံတစ်ခြံကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ ဝယ်ယူကာ အဆောက် အအုံ ဆောက်လုပ်ပါသည်။ ထို အဆောက်အအုံကို ကြည့်၍ ဘကြီးမှာ ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"ဒီအဆောက်အအုံပြီးသွားရင် မင်းတို့ သတင်းဆိုးတစ်ခု ကြားရလိမ့်မယ်။ မယုံရင် စောင့်သာကြည့်"

...ဟု ပြောပါသည်။ ဟုတ်သည်။ အဆောက်အအုံ ပြီးစီး သည့်နောက်ပိုင်းမှာ ပိုင်ရှင်၏သားသည် ဆိုင်ကယ်အက်ဆီးဒင့် ဖြစ်လျက် ဆုံးပါးသွားပါသည်။

"အဲဒါ အဆောက်အအုံ ဆောက်တဲ့အခါ နည်းလမ်းမကျ လို့ ခိုက်တဲ့သဘောပဲကွ..."

"ဒါဖြင့် မခိုက်အောင် လုပ်လို့ မရဘူးလား ဘကြီး"

"ရှိတာပေါ့ကွာ။ လောကမှာ အမေးရှိရင် အဖြေဟာ ရှိစမြဲပဲ မဟုတ်လား။ အဲသည်လို အဆောက်အအုံဆောက်တဲ့ အခါ မဟာသမယသုတ်ကို အမြဲတမ်း ရွတ်ဖတ်ပူဇော်ရင် ဘယ် လိုမျိုး ဘေးအန္တရာယ်မှ မကြုံတွေ့နိုင်တော့ဘူး။ သည့်အတွက် အဲဒီဆောက်တဲ့ သူကို ငါ အကြံပေးတယ်။ လက်မခံတဲ့အပြင် သန်လျက်နဲ့တောင် ထုပ်တန်းမှာ ဘီလူးပုံဆွဲပေးလိုက်သေး။ ခံပေါ့ကွာ"

လောကီကိစ္စရပ်များကား ဆန်းပြားလှပါဘိ။ စာရေးသူတို့ မသိသေးသော ကိစ္စရပ်တွေဆိုသည်မှာ တစ်ပုံတစ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လောက အိမ်ခွဲသွားသော စာရေးသူ၏ အစ်မကြီးတို့ လင်မယား အိမ်သစ်တစ်လုံးဆောက်သည်။ ထိုအခါ ဘကြီးနှင့် လာတိုင်ပင်၏။ ဘကြီးက ၎င်းတို့အား အိမ်ဆောက်ပြီးပါက အခန်းဖွဲ့စည်းရမည့်ပုံကို အတိအကျရေးဆွဲပြလိုက်ရာ အစ်မကြီး တို့လင်မယားလည်း လုပ်ဆောင်ပါမည်ဟု ကတိပေးပြီး ပြန် သွား၏။ တကယ်လည်း ဘကြီးပြောသလို အခန်းဖွဲ့စည်းရာ မကြာခင်မှာပင် အံ့သြလောက်အောင် စီးပွားလာဘ်လာဘများ တက်ခဲ့၏။ အိမ်ရှေ့သို့ လာရောင်းသောထီသည်ထံမှ လက်ကျန် ထီတစ်အုပ်ကိုထိုးရာ ယင်းမှ ဆုကြီးတစ်ဆုပေါက်၏။ သည့် အတွက် ၎င်းတို့သည် ဘကြီးအား လာရောက်ကန်တော့ရင်း စနစ်ကျသော အိမ်ခန်းဖွဲ့စည်းပေးမှုအတွက် ကျေးဇူးတင်မဆုံး ဖြစ်ကြလေရာ...

စာရေးသူအနေဖြင့် အိမ်ဆောက်နေကြသူများ စီးပွား လာဘ်လာဘ တိုးပွားရလေအောင် အိမ်ခန်းဖွဲ့စည်းမှုအနေအထား ကို ဘကြီးထံမှ တောင်းယူပြီး လက်ဆောင်၄ ဖော်ပြလိုက်ရပါ သတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## အခါရွေး၍ ယတြာချေပါ၊ ခါတ်ဆင်ပါ

ယတြာချေခြင်းကိစ္စ၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်းကိစ္စတို့၌ 'အခါ' ဟူသည် အရေးကြီး၏။ အခါပေါင်း (၂၆) မျိုးရှိ၏။ ၎င်းတို့မှာ...

(၁) မိတ်အခါ၊ (၂) ရန်အခါ၊ (၃) ဥဒါသိန်အခါ၊ (၄) တေဇောအခါ (အဋ္ဌောအခါ)၊ (၅) အာပေါအခါ (ဝံသေအခါ)၊ (၆) ဝါယောအခါ (စရေအခါ)၊ (၇) ပထဝီအခါ (ဂဗ္ဘေအခါ)၊ (၈) ပရိဝါရအခါ၊ (၉) အာယုအခါ၊ (၁၀) နဂရအခါ၊ (၁၁) ဘုမ္မိအခါ၊ (၁၂) မဟာပတိအခါ၊ (၁၃) တေဇအခါ၊ (၁၄) ဌာနေအခါ၊ (၁၅) သိရိအခါ၊ (၁၆) နဝင်းပေါ်သည့်အခါ၊ (၁၇) အချာအခါ၊ (၁၈) အညွန့်အခါ၊ (၁၉) တြိရန်းအခါ၊ (၂၀) စတုရန်းအခါ၊ (၂၁) ပဥ္စပွတ်အခါ၊ (၂၂) ဆပွတ်အခါ၊ (၂၃) အမြစ်အခါ၊ (၂၄) အဝင်နက္ခတ်အခါ၊ (၂၅) အထွက်နက္ခတ်အခါ၊ (၂၆) ခပါတ် နက္ခတ်အခါတို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုပါက မည်သည့်အခါ၌ မည်သို့သော အမှုကိစ္စများအတွက် ယတြာချေနိုင်သနည်း။ ခတ်ရိုက်ခတ်ဆင် လုပ်နိုင်ပါသနည်း။ သည့်အတွက် လိုရင်းတိုရှင်း ဖော်ပြလိုက်ပါသည်။

**၁။ မိတ်အခါ**

တစ်ဦးဦးကို ခင်မင်လို၍သော်လည်းကောင်း၊ မိမိရှိပစ္စည်းများ ရောင်းချ၍သော်လည်းကောင်း အခန့်မသင့်သည်ကို ပြေလည်လိုပါလျှင်သော်လည်းကောင်း ယတြာချေရန်၊ ခတ်ရိုက်ခတ်ဆင် ပြုလုပ်ရန် ရွေးချယ်ရမည့်အခါ ဖြစ်ပါသည်။

**၂။ ရန်အခါ**

တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားစေလိုလျှင်သော်လည်းကောင်း။ သင့်တင့်အဆင်ပြေနေရာမှ မပြေမလည်ဖြစ်အောင် ဖန်တီးချင်လျှင်သော်လည်းကောင်း လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၃။ ဥဒါသိန်အခါ**

ဘာသိဘာသာနေချင်လျှင်သော်လည်းကောင်း၊ အရောအနှောမရှိစေချင်လျှင်သော်လည်းကောင်း လုပ်ဆောင်ရမည့်အခါဖြစ်ပါသည်။

**၄။ ဘေးဆေးအခါ (အနှောအခါ)**

တစ်ဖက်သားအား ပြင်းပြင်းထန်ထန် လုပ်ချင်သည့်ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**၅။ အာပေါအခါ (ဝံသောအခါ)**

အေးအေးချမ်းချမ်းဖြစ်သွားအောင် ဆိုသည့်ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၆။ ဝါယောအခါ (စရေအခါ)**

လက်ရှိလုပ်ကိုင်နေရသည်များ အမြန်ဆုံးပြီးပြီးပြတ်ပြတ် ဖြစ်စေချင်သည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၇။ ပထဝီအခါ (စရေအခါ)**

လက်ရှိလုပ်ကိုင်နေရသည့်အလုပ်များ တည့်တံ့စေချင်သည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၈။ ပရိဝါရအခါ**

တပည့်မွေးချင်လျှင်သော်လည်းကောင်း၊ အိမ်ဆောက်ချင်လျှင်သော်လည်းကောင်း လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၉။ အာယုအခါ**

လာဘ်ရှင်စေမည့် ဓာတ်သစ်ပင်စိုက်လိုသည့်ကိစ္စ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၀။ နဂရအခါ**

အိမ်ပြင်လိုသည့်ကိစ္စ၊ လမ်းပြင်လိုသည့်ကိစ္စ၊ စိုက်ပျိုး

www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ငန်းများ အောင်မြင်လိုသည့်ကိစ္စများ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၁။ ဘုမ္မိအခါ**

တစ်ဖက်သားအား ဘေးဒုက္ခအန္တရာယ်ဖြစ်စေလိုသည့်ကိစ္စ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၂။ ဂဟာပတိအခါ**

ပစ္စည်းဝယ်ရောင်းလုပ်သည့်ကိစ္စများ၌ အချောင်ရချင်ပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၃။ ဗေဓအခါ**

တိုက်ပွဲများ၌ အောင်မြင်စေလိုသည့်ကိစ္စများ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၄။ ဌာနအခါ**

လက်ရှိနေရာ၌ တည်တံ့ခိုင်မြဲလိုပါက ရွေးချယ်လုပ်ဆောင်ရမည့်ခါ ဖြစ်ပါသည်။

**၁၅။ သိရီအခါ**

ဂုဏ်သိက္ခာရှိသည့်အလုပ် လုပ်ချင်ပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၆။ နဝင်းပေါ်အခါ**

လူအများအပေါ်၌ ဩဇာညောင်းလိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၇။ အချာအခါ**

မည်သည့်အစီအရင်မျှ လုပ်၍မကောင်းသည့်အချိန်၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၈။ အညွန့်အခါ**

ရစရာရှိသည့်အရာများ ပြန်လည် ရရှိစေရေးအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၁၉။ တြိရန်းအခါ**

လျှို့ဝှက်ကိစ္စများ၊ အချစ်ရေးကိစ္စများအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၂၀။ စတုရန်းအခါ**

အပြိုင်အဆိုင်စကားပြောဆိုရမည့် ကိစ္စများ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

**၂၁။ ပဥ္စပွတ်အခါ**

သူတစ်ပါးကိစ္စဖြစ်၍ မကူညီရမည့်ကိစ္စ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၂။ ဆပွတ်အခါ

ဆေးမကုရသည့် အချိန်ကိစ္စအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

## ၂၃။ အမြစ်အခါ

စီးပွားရေးအတွက် ကောင်းလိုသည့်ကိစ္စအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

## ၂၄။ အဝင်နက္ခတ်အခါ

ကာယသိဒ္ဓိနှင့်ပတ်သက်၍ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

## ၂၅။ အထွက်နက္ခတ်အခါ

အမှုအခင်းများနှင့် ပတ်သက်၍ အနိုင်ရ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

## ၂၆။ ခပါတ်နက္ခတ်အခါ

ကာယသိဒ္ဓိနှင့် ပတ်သက်၍ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

သို့ဖြစ်၍ ပြုဖွယ်ကိစ္စအကြောင်းခြင်းရာပေါ် မူတည်လျက် အခါမှန်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း မြန်မာရိုးရာအဘိုးချ အင်္ဂဝိဇ္ဇာဗေဒင်ပညာအပေါ် အခြေပြုရေးသားလိုက်ရပါသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

# အခါရွေး၍ တတ်စားပေးပါ

ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမမာဖြစ်သောအခါမှ သိကြသည်မှာ ဓမ္မတာဖြစ်၏။ လူတိုင်းလူတိုင်းပင် ဂေါတမ ဘုရားရှင်လက်ထက်က ကျန်းမာရေးကောင်းသည့် ဗေဒင်ဘွဲ့ရ ရှင်ဗာကုလ မဟုတ်ကြသဖြင့် နာကြ၊ ဖျားကြ၊ ကျန်းမာရေး ချို့ယွင်းတတ်ကြပါလိမ့်မည်။

နာဖျားပြီး ကျန်းမာရေးချို့ယွင်းပြီဆိုလျှင် အလုပ်အကိုင်တွေ ပျက်ကြပါတော့မည်။ ကာယကံရှင်နှင့်တကွ အိမ်သူအိမ်သားတွေမှာလည်း မနားရတော့။ ငွေကုန်ကြေးကျလည်း ရှိလာပြီဖြစ်သောကြောင့် အဘယ်မှာလျှင် စိတ်လက်ချမ်းသာရာ ရနိုင်တော့မှာနည်း။ အပရိက ဝေဒနာဆိုလျှင် အကြောင်းမဟုတ်ဟု ဆိုနိုင်သော်ငြား သေကောင်ပေါင်းလဲ ခွဲစိတ်ရမည့် ဝေဒနာ နာတာရှည်ဝေဒနာဟုဆိုလျှင် ကာယကံရှင်နှင့်တကွ ပတ်သက်သူ မိသားစုမှာ ကိုယ်ရောစိတ်ပါ အကြီးအကျယ် ဆင်းရဲရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အနာသိလျှင် ဆေးရှိသည်'၊ 'ရောဂါနှင့် ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေးဘာယ်မှာ မခက်ပါ' ဟုဆိုသော်ငြား ယခုကာလ ဆေးဝါးတို့၏ တန်ဖိုးသည် နည်းနည်းနောနော မဟုတ်။ ဆေးစစ်ဆေးမှန်တွေ ရှိသလို ဈေးဝါးအတုတွေက လည်း တစ်ပုံတစ်ပင်။ သည်ကြားထဲ ဆေးမတွေ့သေး၊ မရှိသေး သည့် ရောဂါအချို့ကလည်း ခေါင်းထောင်ထလျက် ရှိသည်။ သည်တော့ မိမိတို့အဖို့ 'ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်' ဆိုသလို အစစအရာရာ ခေတ်မီတိုးတက်လာသော နည်းပညာ တွေအရ အစွမ်းထက်သောဆေးတွေ ပေါ်လာကြပါ၏။ သို့ရာ တွင် ရောဂါတစ်ခုအတွက် ထိရောက်သော်လည်း မလိုလား အပ်သော အကျိုးဆက်တွေ ရှိနေသည်ကို ကြားသိနေရ၏။ စိတ်မချမ်းမြေ့ဖွယ်ပင်။

ဤသို့ မိမိတို့ မြန်မာ့ရိုးရာ မိရိုးဖလာအရ 'အစာလည်း ဆေး၊ ဆေးလည်း အစာ' ဆိုသည်ကို သတိရမိ၏။ မိမိတို့ စားသောက်နေသော အသီးအနှံတွေမှာ ဗီတာမင်ဓာတ်တွေ ပါဝင် ကြ၏။ အာဟာရကို ဖြစ်စေ၏။ သူ့နေရာနှင့်သူ ရောဂါအနာ တို့ကို တားမြစ်နိုင်စွမ်း ရှိကြ၏။ သည့်အတွက် မြန်မာဗိန္ဓော ဆရာတို့က မြန်မာ့ရိုးရာအသုံးချ အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်အပေါ် မှုတည်လျက် လူနာ၏ နေ့နံကို တွက်ချက်ကာ ရောဂါ အခြေ အနေကို အကဲခတ်လျက် သင့်တော်အပ်စပ်မည့် အသီးအနှံ ဓာတ်စာတို့ကို ပေးတတ်ကြချေ၏။

သို့ဖြစ်၍ စာရှုသူတို့အနေဖြင့် ရောဂါဗေဒနာကို မိမိတို့

www.burmeseclassic.com



ကိုယ်တိုင် ခံစားရလျှင်သော်လည်းကောင်း မိမိနှင့် ပတ်သက်သူတစ်ဦးဦး ရောဂါဝေဒနာခံစားနေရလျှင်သော်လည်းကောင်း သက်သာပျောက်ကင်းစေရန် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အကြောင်း တင်ပြလိုပါသည်။ ရောဂါခံစားနေရသူ၏ နေ့နံကို သိရပါမည်။ စားသောက်ရမည့်အခါကို သိဖို့လိုပါသည်။ အခါမှာ ပဌမအခါ ဖြစ်ပါသည်။ ထို့နောက် အသီးအနှံ ယှဉ်ရမည့် အရပ်ကို သိရပါမည်။ စားသောက်ရမည့် အသီးအနှံ ဓာတ်စာကိုလည်း သိထားရပါမည်။ ထိုသို့သော အချက်အလက်ကို သိပြီဆိုလျှင် လူနာအတွက် သင့်တင့်မည့် ဓာတ်စာမှာ မခဲယဉ်းတော့ပါ။ စနစ်တကျ စားသုံးစေပါက ခံစားနေရသော ရောဂါဝေဒနာတို့ သက်သာပျောက်ကင်းသွားပါမည့်အကြောင်း အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုက်ပါ၏။ အသုံးပြုကြည့်ကြပါကုန်။

**တနင်္ဂနွေသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အနောက်တောင်အရပ်မှ ထန်းသီး (သို့) နာနတ်သီးကို ကျွေးလိုက်ပါ။

**အင်္ဂါသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လည် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အရှေ့မြောက်အရပ်မှ အုန်းသီးကို ကျွေးပါ။

**ဗုဒ္ဓဟူးသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အရှေ့အရပ်မှ ကြံကို ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကြာသပတေးသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အရှေ့တောင်အရပ်မှ ဆီးသီးကို ကျွေးပါ။

**သောကြာသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း တောင်အရပ်မှာ ရဲယိုသီး (သို့) ရှောက်သီးကို ကျွေးပါ။

**စနေသားသမီး နာဖျားမကျန်း ဖြစ်ခဲ့သော်**

နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း အနောက်အရပ်မှာ ပိန်းဥ (သို့) ပေါက်ပေါက်ကို ကျွေးပါ။

❒

www.burmeseclassic.com

www.burmeseclassic.com

## အကူအညီပေးမည့် နေ့နံသားများ

'လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ' ဟူသော စကားရှိသည်။ ထို့အတူ 'အသက်တစ်ရာမနေရ၊ အမှုတစ်ရာပွေရ' ဆိုသောစကားလည်း ရှိပြန်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန်တွေ လွှမ်းခြုံနေသည့်လောကဝယ် သောကဖြစ်စရာ အမှုကိစ္စတွေက ပြွမ်းတီးနေမည်သာ ဖြစ်သည်။

သည်အပူတွေ၊ သောကတွေကို အချို့က တရားဓမ္မဖြင့် အေးငြိမ်းသမှု ပြုကြသည်။ ဒါ အမှန်ကန်ဆုံးလမ်းစဉ်ပဲ ဖြစ်သည်။ တချို့ကျတော့လည်း လောကီပညာရပ်အားကိုးဖြင့် အပူတွေ၊ သောကတွေကို ငြိမ်းသတ်ကြသည်။ အခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းကြသည်။ ထိုအခါဝယ် ဗေဒင်ပညာ၏ အခန်းကဏ္ဍသည် တစ်ထောင့်တစ်နေရာမှ ပါဝင်လာရသည်။ စစ်မှန်သောပညာရပ်ဖြင့် တွေ့ကြုံရင်ဆိုင်ရသော အပူတွေ၊ သောကတွေ၊ အခက်အခဲတွေကို ဖြေရှင်းနိုင်သည် ဆိုသော်ငြား အစစ်ကတစ်ထောင်၊ အယောင်ဆောင်ကတစ်သိန်းမက ရှိနေတတ်ပါသည်။ ချင့်ချိန်သတိပြုသင့်သှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com

## အကူအညီပေးမည့် နေ့နံသားများ

'လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ' ဟူသော စကားရှိသည်။ ထို့အတူ 'အသက်တစ်ရာမနေရ၊ အမှုတစ်ရာပွေရ' ဆိုသောစကားလည်း ရှိပြန်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန်တွေ လွှမ်းခြုံနေသည့်လောကဝယ် သောကဖြစ်စရာ အမှုကိစ္စတွေက ပြွမ်းတီးနေမည်သာ ဖြစ်သည်။

သည်အပူတွေ၊ သောကတွေကို အချို့က တရားဓမ္မဖြင့် အေးငြိမ်းသမှု ပြုကြသည်။ ဒါ အမှန်ကန်ဆုံးလမ်းစဉ်ပဲ ဖြစ်သည်။ တချို့ကျတော့လည်း လောကီပညာရပ်အားကိုးဖြင့် အပူတွေ၊ သောကတွေကို ငြိမ်းသတ်ကြသည်။ အခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းကြသည်။ ထိုအခါဝယ် ဗေဒင်ပညာ၏ အခန်းကဏ္ဍသည် တစ်ထောင့်တစ်နေရာမှ ပါဝင်လာရသည်။ စစ်မှန်သောပညာရပ်ဖြင့် တွေ့ကြုံရင်ဆိုင်ရသော အမှုတွေ၊ သောကတွေ၊ အခက်အခဲတွေကို ဖြေရှင်းနိုင်သည် ဆိုသော်ငြား အစစ်ကတစ်ထောင်၊ အယောင်ဆောင်က တစ်သိန်းမက ရှိနေတတ်ပါသည်။ ချင့်ချိန်သတိပြုသင့်လှပါဘိ။



မြန်မာ့ရိုးရာအသုံးချ အင်္ဂဝိဇ္ဇာဗေဒင်ပညာ၌ ခုနစ်နေ့သားသမီးများအတွက် ယတြာကိစ္စ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စ ဒို့ ရှိသည်။ ရှိသည့်အတွက် မိမိတို့နေ့နံနှင့် ပတ်သက်၍ အကူအညီပေးနိုင်သော နံတူနေ့သား၊ ဆပွတ်နေ့သား၊ အပြင်မိတ်နေ့သား၊ အတွင်းမိတ်နေ့သား၊ ဓာတ်မိတ်နေ့သားဆိုတာတွေကို လေ့လာသိရှိထားဖို့ လိုလိမ့်မည် ထင်ပါသည်။ လေ့လာသိရှိထားပါက ယတြာချေရန်ကိစ္စ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စတို့၌ သွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပါလိမ့်မည်။

### (၁) တနင်္ဂနွေနေ့သားဆိုပါက

(က) နံတူနေ့သားမှာ – တနင်္ဂနွေသားဖြစ်၏။
(ခ) ဆပွတ်နေ့သားမှာ – သောကြာသားဖြစ်၏။
(ဂ) အပြင်မိတ်နေ့သားမှာ – ကြာသပတေးသားဖြစ်၏။
(ဃ) အတွင်းမိတ်နေ့သားမှာ – သောကြာနေ့သားဖြစ်၏။
(င) ဓာတ်မိတ်နေ့သားမှာ – စနေသားဖြစ်၏။

### (၂) တနင်္လာနေ့သားဆိုပါက

(က) နံတူနေ့သားမှာ – တနင်္လာနေ့သားဖြစ်၏။
(ခ) ဆပွတ်နေ့သားမှာ – စနေသားဖြစ်၏။
(ဂ) အပြင်မိတ်နေ့သားမှာ – ဗုဒ္ဓဟူးသားဖြစ်၏။
(ဃ) အတွင်းမိတ်နေ့သားမှာ – ရာဟုသားဖြစ်၏။
(င) ဓာတ်မိတ်နေ့သားမှာ – ကြာသပတေးသားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၃) အင်္ဂါနေ့သားဆိုပါက**

(က) နံတူနေ့သားမှာ – အင်္ဂါသားဖြစ်၏။
(ခ) ဆပွတ်နေ့သားမှာ – တနင်္ဂနွေသားဖြစ်၏။
(ဂ) အပြင်မိတ်နေ့သားမှာ – သောကြာသားဖြစ်၏။
(ဃ) အတွင်းမိတ်နေ့သားမှာ – ကြာသပတေးသားဖြစ်၏။
(င) ဓာတ်မိတ်နေ့သားမှာ – ရာဟုသားဖြစ်၏။

**(၄) ဗုဒ္ဓဟူးနေ့သားဆိုပါက**

(က) နံတူနေ့သားမှာ – ဗုဒ္ဓဟူးသားဖြစ်၏။
(ခ) ဆပွတ်နေ့သားမှာ – တနင်္လာသားဖြစ်၏။
(ဂ) အပြင်မိတ်နေ့သားမှာ – တနင်္လာသားဖြစ်၏။
(ဃ) အတွင်းမိတ်နေ့သားမှာ – စနေသားဖြစ်၏။
(င) ဓာတ်မိတ်နေ့သားမှာ – အင်္ဂါသားနှင့် သောကြာသား တို့ဖြစ်၏။

**(၅) ကြာသပတေးနေ့သားဆိုပါက**

(က) နံတူနေ့သားမှာ – ကြာသပတေးသားဖြစ်၏။
(ခ) ဆပွတ်နေ့သားမှာ – အင်္ဂါသားဖြစ်၏။
(ဂ) အပြင်မိတ်နေ့သားမှာ – တနင်္ဂနွေသားဖြစ်၏။
(ဃ) အတွင်းမိတ်နေ့သားမှာ – အင်္ဂါသားဖြစ်၏။
(င) ဓာတ်မိတ်နေ့သားမှာ – တနင်္လာသားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၆) သောကြာနေ့သားဆိုပါက**

(က) နံတူနေ့သားမှာ – သောကြာသားဖြစ်၏။

(ခ) ဆပွတ်နေ့သားမှာ – ဗုဒ္ဓဟူးသားဖြစ်၏။

(ဂ) အပြင်မိတ်နေ့သားမှာ – အင်္ဂါသားဖြစ်၏။

(ဃ) အတွင်းမိတ်နေ့သားမှာ – တနင်္ဂနွေသားဖြစ်၏။

(င) ဓာတ်မိတ်နေ့သားမှာ – ဗုဒ္ဓဟူးသားဖြစ်၏။

**(၇) စနေနေ့သားဆိုပါက**

(က) နံတူနေ့သားမှာ – စနေသားဖြစ်၏။

(ခ) ဆပွတ်နေ့သားမှာ – ကြာသပတေးသားဖြစ်၏။

(ဂ) အပြင်မိတ်နေ့သားမှာ – ရာဟုသားဖြစ်၏။

(ဃ) အတွင်းမိတ်နေ့သားမှာ – ဗုဒ္ဓဟူးသားဖြစ်၏။

(င) ဓာတ်မိတ်နေ့သားမှာ – တနင်္ဂနွေသားဖြစ်၏။

ဤကဲ့သို့ အစစအရာရာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီပေးမည့် နံတူနေ့သား၊ ဆပွတ်နေ့သား၊ အပြင်မိတ်နေ့သား၊ အတွင်းမိတ်နေ့သား၊ ဓာတ်မိတ်နေ့သားတို့ကို သိကျွမ်းနားလည်ထားခြင်းအားဖြင့် ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင် ကိစ္စများဝယ် အထောက်အကူများစွာ ပြုပါကြောင်း ဗဟုသုတအလို့ငှာ လေ့လာတင်ပြလိုက်ရပါ၏။

ပ

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ပေါ်သစ်ပင် ပိခဲ့လျှင်

"ညက အမှတ်မထင် လေနီကြမ်းလမ်းကြောင်း မိသွားလို့ထင်ပ။ ကျွန်တော်တို့အိမ်ကို သစ်ပင်ပိသွားတယ် ဆရာ"

"ဟယ်... ဟုတ်လား... အာတွေ ဘယ်လိုဖြစ်သွားကြသလဲကွယ်"

"အိမ်သားအားလုံး ညောင်ချောင်း သရက်တောက စာပေဟောပြောပွဲကို ရောက်နေလို့ အထိအခိုက် မရှိပါဘူး။ ဒါပေမယ့်လို့ အမြစ်ကျွတ်ပြီး ပိကျတဲ့ သရက်ပင်ကြောင့် အိမ်အမိုး၊ ခေါင်တိုင်၊ နံရံကြမ်းတွေ ပျက်စီးသွားတယ်ဆရာ"

တပည့်ဖြစ်သူ သပြုရွာသားကလေး မောင်တင်ထွန်း၏ စကားကြောင့် ကျွန်ုပ်အဖို့ အတော်ကလေးကို စိတ်မသက်မသာဖြစ်မိလေတော့သည်။ စီးပွားဥစ္စာ တောင့်တင်းခိုင်မာသူ့မထောင်းသာလှသော်လည်း နေအိမ်ပြန်လည်ဆောက်လုပ်ဖို့ရာတော့ အလုပ်တွေ ပိုလာဦးမည်။ သဘာဝ ရာသီဥတုဘေးဒဏ်သည် မည်သူ့မျက်နှာကိုမှ မထောက်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကတော့ ပြန်ဆောက်မှ ကောင်းလိမ့်မယ်ထင်တာပဲ။ အဲဒါ သစ်ပင်ပိလို့ ထိခိုက်ပျက်စီးသွားတဲ့ ပစ္စည်းတွေကို ပြန်သုံးသင့် မသင့် ဆရာ့ကို လာပြီး တိုင်ပင်တာပဲ"

"ဒါဆိုရင်တော့ ဆရာ အပြတ်ပဲ ပြောလိုက်မယ်။ အဲဒီ ပစ္စည်းတွေကို ပြန်သုံးဖို့ လုံးဝ စိတ်မကူးပါနဲ့ကွယ်။ အများ အသုံးပြုလို့ရတဲ့ နေရာတွေမှာ လှူလိုက်ပါ။ ဘုန်းကြီးကျောင်း ကို လှူလည်း ရတာပါပဲ"

"မလှူဘဲ ကိုယ့်ဘာသာပြန်သုံးမယ်ဆိုရင်ကော ဆရာ"

"အဲသလိုဆိုရင်တော့ အနိဋ္ဌပစ္စည်းတွေ ဖြစ်သွားခဲ့တာမို့ အိမ်မှာရှိတဲ့ လူကြီးသူမတွေကို ထိခိုက်တတ်တယ်။ ကျန်းမာရေး ချို့တဲ့တတ်တယ်"

"အများအတွက် လှူခဲ့ရင်ကော ဆရာ"

"အဲဒါဆိုရင်တော့ မိသားစုကျန်းမာရေး ကောင်းမွန်ပြီး အညံ့တွေလည်း ကွယ်ပျောက်သွားပါလိမ့်မယ်"

"ဒါဆို ကျွန်တော် အများအတွက် လှူလိုက်ပါတော့မယ် ဆရာ"

"သာဓုကွယ်... သာဓု... သာဓု"

□

www.burmeseclassic.com

www.burmeseclassic.com

## အောင်စေ ပိုင်စေ နိုင်ကြစေဖို့

တဟိ တဟိ ပါရမိသဋ္ဌဟံ စယံ၊
ဂတံဂတံ သတ္တိ သုခပ္ပဒံ ဖဒံ။
နာရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊
နမာန မာနံ ဇိနပုင်္ဂဝံ ဂဝံ။

အဆိုပါဂါထာမှာ ဘဝ၌ အောင်စေ၊ ပိုင်စေ၊ နိုင်ကြစေရန်အတွက် ထောက်ကူပေးမည့် အစွမ်းထက် ထူးခြားလှသော ဂါထာတော်ဖြစ်ပါသည်။ ဘဝ၌ လူတိုင်း အောင်မြင်မှုတွေ ရရှိချင်ကြပါသည်။ စည်းစိမ်ဥစ္စာများကိုလည်း ပိုင်ဆိုင်လိုကြပါသည်။ ထို့အတူ ဘေးရန်စွယ်အပေါင်းကိုလည်း နိုင်နင်းချင်ကြပါသည်။ သည့်အတွက် အဆိုပါဂါထာတော်က ဘဝကို ထူးခြားစွာပြောင်းလဲသွားရအောင် ကူထောက်ပေးပါလိမ့်မည်။

လုပ်ဆောင်ရန်မှာကား...

အဆိုပါဂါထာကို မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ရင်း လေးနေ့လျှင် ပုတီးတစ်ပတ် (၁၀၈ လုံးပုတီး) ရအောင် စိပ်ပါ။ ဂါထာတစ်ခေါက်ရွတ်ပြီး ပုတီးတစ်လုံးချပါ။ ဘုရားကျောင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ သူ့နံအရ သတ်မှတ်ထားသော ပစ္စည်းကို ခင်းလျက် ၎င်းအပေါ်တွင်ထိုင်ပြီး ပုတီးစိပ်ပေးဖို့ ဂါထာတော်ကို ရွတ်ဖတ် သရဇ္ဈာယ်ဖို့ ဖြစ်ပါသည်။ သို့ဖြစ်၍...

တနင်္ဂနွေသားသမီးဖြစ်ပါက စောင်းလျားရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းရှေ့တွင် ပုတီးစိပ်ပါ။

တနင်္လာသားသမီးဖြစ်ပါက လက်ပံရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

အင်္ဂါသားသမီးဖြစ်ပါက ဖက်သန်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

ဗုဒ္ဓဟူးသားသမီး (ရာဟုအပါအဝင်) ဖြစ်ပါက သနပ်ရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

ကြာသပတေးသားသမီးဖြစ်ပါက ထအောင်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

သောကြာသားသမီးဖြစ်ပါက အင်ကြင်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

စနေသားသမီးဖြစ်ပါက ကန်စွန်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

တတ်နိုင်ပါက အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်စေချင်ပါသည်။ ရက်ပေါင်း (၁၀၈) ရက်တိတိ ဖြစ်ပါသည်။ အပျက်မခံပါနှင့်။ (၁၀၈) ရက် မပြည့်ခင်မှာသော်လည်းကောင်း၊ ပြည့်ပြီးသည့် အခါ၌လည်းကောင်း လာဘ်ပိတ်နေပါက လာဘ်ပွင့်ခြင်း၊ ကျန်းမာရေး ချူချာနေပါက အမြန်ဆုံးကောင်းလာနိုင်ခြင်း၊ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



အပေါ် လက်အောက်ငယ်သားများအပေါ်၌ ကြင်ဖော်တည်လာခြင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ချောမွေ့လာခြင်း၊ စိတ်ဆင်းရဲမှုများ လွင့်ပျောက်သွားပြီး စိတ်ချမ်းသာမှုများ ရရှိလာနိုင်ခြင်းတို့ တွေ့ကြုံခံစားရလိမ့်မည်ဖြစ်ပါကြောင်း အောင်ကြစေ၊ ပိုင်ကြစေ၊ နိုင်ကြစေရန် ရေးသားတင်ပြလိုက်ပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ဣတ္ထိယတို့ လက္ခဏာ

လူ့မှုလောက၌ သွေးမတော်သားမစပ် တစ်မိသားစုနှင့် တစ်မိသားစုတို့မှာ မေတ္တာကိုအရင်းခံလျက် တွေ့ဆုံပေါင်းဖက်ကြရင်း လူနေမှု အသိုက်အအုံ မိသားစုဖြစ်တည်လာခြင်းမှာ သဘာဝကျပါသည်။ သို့ရာတွင် အိမ်ထောင်ရေးသည် သာယာစိုပြေဖို့ လိုပါသည်။ သည့်အတွက် မျက်ကန်းအချစ်ကို မခံယူဘဲ နှလုံးသားနှင့်သာမက ဦးနှောက်ဖြင့်ပါ ရွေးချယ်နိုင်စေရန် အောင်ဖြလိုက်ပါသည်။ အင်္ဂဝိဇ္ဇာပညာရပ်ကို အခြေခံ၍ ဣတ္ထိယတို့၏လက္ခဏာကို လေ့လာကောက်ချက်ချလိုက်ပါလျှင်

အ။ အကြင်မိန်းမသည် ခြေမွေး၊ လက်မွေးများမှု၊ မြင်းခေါင်းကဲ့သို့ရှိမှု၊ သလုံးမြင်းခေါင်းကြီးမှု၊ လက်ကတီးကြြား မှ ချွေးနံ့များ ထွက်မှု၊ ရယ်ရွှင်ငိုကြွေးတတ်မှု၊ မှုတ်ခမ်း ကျယ်မှု ဤမိန်းမမျိုးသည် လင်ယောက်ျား၏ အတင်း အဖျင်းကို ပြောတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ အကြင်မိန်းမသည် အသူရာ၏ အသံကဲ့သို့ရှိမူ သွားကြီးမူ ဤမိန်းမသည် ဘီလူးနှင့်တူသော မိန်းမတည်း။ လင်ယောကျ်ားလည်း သေတတ်၏။

၃။ အကြင်မိန်းမသည် လင်ယောကျ်ားကို ငြင်းခုံဘက်မပြုတတ်မူ၊ အမျိုးယုတ်လျက် မြတ်လေဟန်ရှိမူ၊ အသံကြီးမူ ဤမိန်းမတို့ကို သား တစ်ရာပင်ရှိသော်ငြား စွန့်ပစ်အပ်၏။

၄။ အကြင်မိန်းမသည် လက်ညှိုး လက်မ စိမ်းမူ၊ သွားမြဲမူ၊ ခြေကား ဟင်းသပဒါးကဲ့သို့ နီသောအဆင်းရှိမူ အကြီးအကဲ ဥက္ကဋ္ဌမယားဖြစ်တတ်၏။

BURMESE CLASSIC

၅။ အကြင်မိန်းမသည် ထန်းသီးမှည့်၏ အညှာရင်းကဲ့သို့ နီသောနှုတ်ခမ်းရှိမူ၊ မျက်နှာလပြည့်ဝန်းကဲ့သို့ရှိမူ ရှုချင်စဖွယ် ငြိမ်သက်သော မိန်းမတည်း၊ လင်ယောကျ်ားကို ရိုသေတတ်အံ့၊ အိမ်ထောင်ပြုထိုက်၏။

၆။ အကြင်မိန်းမသည် ခြေမွေး၊ လက်မွေးများမူ၊ မြင်းခေါင်းကြီးမူ၊ လက်ကတီးကြားမှ ချွေးနံ့ထွက်မူ၊ မျက်ရည်ခံမှဲ့ရှိမူ၊ နှုတ်ခမ်းကြီးမူ၊ ဝမ်းမွေးရောက်မူ၊ မျက်တောင်မွေးမရှိ၊ မျက်စိကန်းသကဲ့သို့ရှိမူ၊ တင်ဆုံကြီးမူ ထိုမိန်းမမျိုးသည် လင်ယောကျ်ားကို သတ်သည်နှင့်တူ၏။

၇။ အကြင်မိန်းမသည် လက်ဖဝါးစကြာကဲ့သို့ရှိမူ၊ ဇလပ်ပန်းအရောင်ကဲ့သို့ရှိမူ၊ ညောင်ခေါင်းအရောင်ကဲ့သို့ရှိမူ ထိုမိန်းမမျိုးကား မြတ်သောမိန်းမတည်း၊ အကြီးအကဲဥက္ကဋ္ဌမယား ဖြစ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



၈။ အကြင်မိန်းမသည် သားမြတ်ကြီး၊ သားမြတ်ကြားစိပ်မှု၊ လည်ကျယ်မှု၊ ရင်ကြားမှု၊ ကြာသွပ်အိုးကဲ့သို့ရှိမှု ထိုမိန်းမသည် စည်းစိမ်ကြီးသော လက္ခဏာတည်း။

၉။ အကြင်မိန်းမသည် လင်ယောကျ်ားကိုရိုသေမှု၊ ကိုယ်နှုတ်နှလုံးစောင့်ထိန်းမှု၊ ဂုဏ်ကြီးသူ အသက်ကြီးသူများကို ရိုသေမှု၊ ဥစ္စာပစ္စည်းကိုစောင့်မှု ထိုမိန်းမမျိုးကို အိမ်ထောင်ပြုထိုက်လှ၏။

BURMESE CLASSIC

၁၀။ အကြင်မိန်းမသည် မျက်နှာအောက်သိုမှု၊ သူတစ်ပါးတို့ ရှေ့ ရှုံ့ရှုံ့ရှဲရှဲ ပြုံးစုမှု၊ မျက်ဆံနီမှု၊ မျက်နှာထားဆိုးမှု၊ ခရီးသွားရာ လင်နှင့်သားသမီးကို ရင်တီးလက်ခတ် ရယ်ရွှင်ပြတတ်၏။ လင်ယောကျ်ားမသိဘဲ ပစ္စည်းဥစ္စာခိုးယူတတ်၏။ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အသံကျယ်လောင်စွာ ပြောတတ်၏။ ကျီးမျက်နှာကဲ့သို့ချွန်မှု ထိုမိန်းမမျိုးသည် မကောင်း။ လင်ယောကျ်ားသေတတ်၏။ လူမုန်းများအံ့။ မကောင်း၊ ရှောင်ကြဉ်ထိုက်၏။

၁၁။ အကြင်မိန်းမသည် အလုပ်မလုပ်ဘဲ ခြေလက်ပေါက်သော်၊ လက်ဆီ ခြေဆီထွက်သော် ထိုမိန်းမမျိုးသည် ချမ်းသာ၏။ အိမ်ရှင်မပြု၍ ပေါင်းဖော်ရာ၏။

၁၂။ အကြင်မိန်းမသည် သဘာဝအလျောက် နှုတ်ခမ်းနီမှု၊ မျက်စိညိုမှု၊ ရယ်လျှင် ရှုချင်စဖွယ်ရှိမှု၊ စကားပြောဆိုရာတွင် နူးညံ့သိမ်မွေ့သာယာမှု၊ ကိုယ်ဝန်ရှိသော်လည်း ပြေပြစ်သောစကားကို ဆိုတတ်မှု လင်ယောကျ်ားကို ရိုသေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ အကြင်မိန်းမသည် သွားလာလျှင် ဝမ်းဘဲဟန်ကဲ့သို့ သွားမူ၊ ခြေသည်း လက်သည်း ဒါန်းဖြင့်ဆိုးထားသကဲ့ရှိမူ၊ ယောကျ်ားကို မြကတွေ့အတိုင်း ချစ်တတ်၏။ ဆောင်းလ အခါ ကိုယ်ငွေ့နွေးနွေးရှိတတ်၏။ နွေလအခါ အေးသော ကိုယ်ငွေ့ရှိတတ်၏။ ထိုမိန်းမမျိုးသည် ဘုန်းရှိသော မိန်းမမည်၏။

၁၄။ အကြင်မိန်းမသည် ပေါင်ကြီးမူ၊ လက်ရိုးတိုမူ၊ လက်ဖျား ဖြောင့်ချွန်မူ၊ နှာခေါင်းရှည်မူ တဏှာအရသာကို တပ်မက် ခင်တွယ်၏။ ငိုယောင်ရယ်ယောင်များသော မိန်းမမျိုးတို့ သည်ကား ဘီလူးမနှင့်တူ၏။ မကောင်း၊ ရှောင်ကြဉ် အပ်၏။

၁၅။ အကြင်မိန်းမသည် မျက်မှောင်နက်မူ၊ စကားသာယာ နာပျော်ဖွယ်ရှိ၏။ ထိုမိန်းမမျိုးကား ကောက်ကျစ်စဉ်းလဲ တတ်၏။

BURMESE CLASSIC

၁၆။ အကြင်မိန်းမသည် သခွားသီးမှည့်ကဲ့သို့ အသားနီမူ၊ လင် ယောကျ်ားနှင့် ကွဲအံ့။ သားသမီးအကျိုး မခံစားရ၊ သားသမီးနှင့် ကွေကွင်း၍နေတတ်၏။

၁၇။ အကြင်မိန်းမသည် နဖူးကျယ်မူ၊ မျက်စိမှေးမူ၊ နှာခေါင်း ရှည်မူ၊ ထိုမိန်းမမျိုး လင်ယောကျ်ားနှင့် မမြဲရှိတတ်၏။

၁၈။ အကြင်မိန်းမသည် နားရွက်ချွန်မူ၊ မျက်စိကျယ်မူ၊ လည် ချောင်းရှည်မူ၊ နဖူးပြင်တိမ်မူ ထိုမိန်းမမျိုးကား လင် သုံးယောက်ယူတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ အကြင်မိန်းမသည် ခြေတိုအံ့၊ ကျောကုန်းရှည်အံ့၊ ထိုမိန်းမ မျိုးကား ချစ်သောလင်ယောကျ်ားကို ရတတ်၏။

၂၀။ အကြင်မိန်းမသည် ကိုယ်နေချိုင့်ချိုင့် ပါးပြင်ညိုညို ရှိတတ်မူကား ပစ္စည်းဥစ္စာနှင့် မပြတက်။

၂၁။ အကြင်မိန်းမသည် မှဲ့ရှိရင်မူ၊ အင်္ဂါစပ်၌ မှဲ့ရှိရင်မူ၊ နားရင်း၌ နားရိပ်ခိုမူ၊ ထိုမိန်းမမျိုးကား ကာမဂုဏ်ကြူး၍ လျှပ်ပေါ်လော်လီတတ်သည်။ သူ့လင်သားကို ဖျက်ဆီးတတ်သည်။ ပရိယာယ်မာယာကြွယ်ဝတတ်သည်။ မြင်သမျှ ယောကျ်ားများကို တပ်မက်ခင်တွယ်တတ်သည်။ ထိုမိန်းမမျိုးကား မိန်းမယုတ်တည်း။

သို့ဖြစ်၍ ပုရိသယောကျ်ားသားများအဖို့ မိမိတို့ အိမ်ထောင်သာယာရေးအတွက် ဣတ္ထိယ အိမ်ထောင်ဘက်ကောင်းကို ရွေးချယ်နိုင်စေခြင်းငှာ အင်္ဂဝိဇ္ဇာပညာရပ်ကို အခြေခံလျက် တင်ပြ ရေးသားလိုက်ရပါသည်။

**ကြီးပွားတိုးတက်ကြပါစေ**

**သုတေသီဆရာငြိမ်း**

□

www.burmeseclassic.com